# မင်းဘူး အရှင်ကဉ္စန

၏

# ဘာသာရေးပြဿနာ

## အဖြေလွှာများ



ပန်းချီ မောင်မောင်ဝင်း

၁၇၅၀၈

# မင်းဘူးအရှင်ကဿပ

# ၏

# ဘာသာရေးပြဿနာ

# အဖြေလွှာများ

သာသနာ—၂၅၂၀၊ ကောဇာ—၁၃၃၈၊ ၁၉၇၆—ခု၊ မတ်လ

H 702—A [ဟံသာဝတီ]

# ဘာသာရေးပြဿနာအဖြေလွှာများ
## ပုံနှိပ်ခြင်း

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် (၉၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၇၄)

ပထမအကြိမ်

အုပ်ရေ – ၃၀၀၀

တန်ဖိုး – (၁၅)

[၁၉၇၅-ခု၊ မတ်လ]

ပုံနှိပ်သူ။ ။ ဦးဇော်ဝင်း [၀၁၄၇၅]
ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊
၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ။ ဒေါ်ထွားရီ [၀၁၁၀၃] အောင်ငွေ့ စာအ
အမှတ် ၂၉/တိုက်-၃၊ ၅၀-လမ်း၊ ရန်ကုန်မြို့။

ပန်းချီ ။ ။ မောင်မောင်ဝင်း။

ဘလောက်။ ။ စံချိန်မီ။

မျက်နှာဖုံးရိုက်။ ။ ကာလာကြည်သိန်း။

ဖြန့်ချိရေး ။ ။ အောင် မိသားစုစာပေ၊ အမှတ်–၉/၃၂
(အောင်ဆန်းဘုတာအနီး)
စဉ့်ကူ – အင်းစိန်မြို့။

# မာတိကာစဉ်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မင်္ဂလာ၏အမြင် | .... | ၁ |
| ရှင်ရာဟုလာ၏အမှာစာ | .... | ၁၁ |
| နိဒါန်းနှင့်မှတ်တမ်း | .... | ၁၇ |
| အာစရိယဝန္ဒနာ | .... | ၂၀ |
| ကျေးဇူးတင်မှတ်တမ်း | .... | ၂၃ |
| သမန္တာဂတံပုဒ် | .... | ၂၅ |
| စူဠသောတာပန် | .... | ၂၇ |
| မန်းစက်တော်ရာအစစ်သာ | .... | ၂၈ |
| အင်္ဂုနှစ်ပါးထပ်ဆင့်မေးဖြေ | .... | ၂၉ |
| အာကာသခေတ်နှင့်ဝိသယခေတ်တို့၌ ၃၁-ဘုံရှိသည် | .... | ၃၁ |
| ရဟန္တာဟူကမပုပ်ရ | .... | ၃၃ |
| တရားအားထုတ်တဲ့အခါ | .... | ၃၅ |
| လောင်းဘော်ပျိုစဉ်မြို့င်မခိုဝင်တာ | .... | ၃၈ |
| နတ်သားတယောက်နတ်သမီးကညာဘာဘက်ငါးရာ | .... | ၃၉ |
| ဒါနပြုရာဝိပဿနာရှုသင့်မရှုသင့် | .... | ၄၀ |
| ငါးပါးသီလနှင့်အာဇီဝဋ္ဌမကသီလ | .... | ၄၁ |
| ငါးပါးသီလယူကအာဇီဝဋ္ဌမကသီလရ–မရ | .... | ၄၃ |
| ဘဒန္တနှင့်ဘဒ္ဒန္တ | .... | ၄၅ |
| ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုပယ်သတ်ရာဝယ် | .... | ၄၇ |
| ဝိရောဓိနှင့်ပဋိပက္ခအဓိကနှင့်ပဓာနတာဝန်နှင့်ဝတ္တရား | .... | ၄၉ |

(ဃ) မာတိကာစဉ်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မိန်းမများသင်္ကန်းဝတ်ထိုက်မဝတ်ထိုက် | .... | ၅၁ |
| ကျောင်းကဘုရားအိမ်ကိုပင့်ပြီးပူဇော်ရန်သင့်-မသင့် | .... | ၅၂ |
| ဘဒ္ဒကမ္ဘာမရှိခင်ကသုညကမ္ဘာရှိ-မရှိ | .... | ၅၆ |
| ဘုရားအသစ်ပြုပြင်သူသို့ | .... | ၅၈ |
| ဘုန်းကြီးများစာအုပ်အလှူခံထိုက်မခံထိုက် | .... | ၆၀ |
| ဘုန်းကြီးနှင့်ယပ် | .... | ၆၃ |
| သိကြားသာသနာ | .... | ၆၅ |
| ဇာတိအာဏာဝိသယာသုံးဖြာလောကခေတ် | .... | ၆၉ |
| ဥပုသ်နေ့ | .... | ၇၂ |
| ဘုရားဆုပန်နှင့်ဝိပဿနာ | .... | ၇၄ |
| ရဟန်းသာမဏေများကမိဘကိုရှိခိုးထိုက်သလား | .... | ၇၇ |
| ဘုရားတည်လျှင်အဘယ်အကျိုးရပါမလဲ | .... | ၇၈ |
| လူဝတ်ကြောင်နှင့်ရဟန္တာဖြစ်လျှင် | .... | ၈၀ |
| သာသနံဟူသောပုဒ် | .... | ၈၂ |
| ရဟန်းတော်များဘုရားတည်ခြင်းကိစ္စ | .... | ၈၄ |
| အာဟုနေယျပါဟုနေယျ | .... | ၈၅ |
| နမောဗုဒ္ဓါယ | .... | ၈၈ |
| ဘုရားပွဲတော်နှင့်ဇာတ်ပွဲ | .... | ၈၉ |
| ဇမ္ဗူပတိချွတ်ခန်း | — | ၉၀ |
| ဟောန္တုလား-ဟောထလား | .... | ၉၃ |
| ယမှိလား-ယဉှိလား | .... | ၉၅ |
| ရဟန္တာမလိင်ပြန်-မပြန် | .... | ၉၆ |

# မာတိကာစဉ် (င)

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| အခမဲ့သုံးထွေနှင့်အဖြေသုံးပါး | .... | ၉၇ |
| ကမ္ဘာ့ဦးအစမိန်းမနှင့်ယောကျ်ားဘယ်သူကစ | .... | ၁၀၂ |
| ယောကျ်ားဖြစ်ရန်မည်သို့ကျင့် | .... | ၁၀၅ |
| ဆံပင်၌အပြစ် ၁၆-ပါး | .... | ၁၀၇ |
| အရက်သောက်လျှင် | .... | ၁၀၈ |
| သူငယ်နှင့်သေရည် | .... | ၁၁၃ |
| လူ့သေလျှင်ပရိတ်ရွတ် | .... | ၁၁၅ |
| လူ့သေလျှင်ပရိတ်ရွတ် အဖြေ | .... | ၁၂၀ |
| လူ့သေလျှင်ပရိတ်ရွတ် အဖြေ | .... | ၁၂၅ |
| လူ့သေလျှင်ရေစက်ချအလျှင်လား-နောက်လား | .... | ၁၂၉ |
| တသင်္ချိုင်းနှင့်တကမ္ဘာ | .... | ၁၃၂ |
| အလောင်းတော်ဘာကြောင့်တိရစ္ဆာန်ဖြစ်ရ | .... | ၁၃၃ |
| မာရ်နတ်ဘာကြောင့်ဖျက် | .... | ၁၃၄ |
| ခန္ဓာမာရ် | .... | ၁၃၇ |
| လက္ခဏာတော်ကြီးငယ်နှင့်ဗုဒ္ဓ | .... | ၁၃၈ |
| ဗိမ္ဗိသာရခေါင်းခွဲခံရတဲ့အကြောင်း | .... | ၁၄၁ |
| ခွေးရိုက်ကြောင်သေအပြစ်ဘယ်လိုနေ | .... | ၁၄၂ |
| စူဠသောတာပန် | .... | ၁၄၄ |
| မယ်တော်မာယာနှင့်နိဗ္ဗာန် | .... | ၁၄၅ |
| သဲပုံစေတီ | .... | ၁၄၇ |
| ရင့်မာတကျိပ် | .... | ၁၄၉ |
| ဖလသမာပတ် | .... | ၁၅၁ |

# မာတိကာစဉ်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စေတနာသုံးတန်ကျိုးပေးဟန် | .... | ၁၅၃ |
| ဣဿာနှင့်မစ္ဆရိယတရားကို မည်သည့်မဂ်က ပယ်သတ်ပါသနည်း | .... | ၁၅၆ |
| အကုသလဝိပါက် | .... | ၁၅၉ |
| မစ္ဆရိယဖြစ်မဖြစ် | .... | ၁၆၀ |
| အနတ္တ ၂-ပါး | .... | ၁၆၃ |
| ဥတုသည်အဘယ်ပစ္စည်းတွင်ပါဝင် | .... | ၁၆၅ |
| မြတ်စွာဘုရား၏စိတ်နှင့်လူတို့၏စိတ်အနှေးအမြန် | .... | ၁၆၇ |
| ဂေါတြဘူဝေါဒါန်နှင့်နိဗ္ဗာန် | .... | ၁၆၈ |
| ဆဠင်္ဂိကမဂ် (သို့) အဋ္ဌင်္ဂိကမဂ် | .... | ၁၇၄ |
| အာပတ်နှင့်ငရဲကွာခြားပုံ | .... | ၁၇၇ |
| ဒွန်ကမ္မဝါစာဧကဝုစ်-ဗဟုဝုစ် | .... | ၁၇၉ |
| ရဟန်းသိက္ခာချသင့်မချသင့် | .... | ၁၈၃ |
| ဘုန်းကြီးကျောင်း၌လူများနေထိုက်ပါသလား | .... | ၁၈၆ |
| အာဂန္တုကရဟန်းနှင့်ယာဉ်စီးမှု | .... | ၁၈၈ |
| သံဃိကသည်ပုဂ္ဂလိကဖြစ်-မဖြစ် | .... | ၁၈၉ |
| ရှင်ရဟန်းပြုရာမှာ | .... | ၁၉၁ |
| လက်ဖက်ရည်ကြမ်းအပ်-မအပ် | ... | ၁၉၄ |
| ရှင်သာမဏေနှင့်ပရိက္ခရာ | .... | ၁၉၅ |
| ပါရာဇိကကျသောသာမဏေ | .... | ၁၉၈ |
| သိမ်ထပ်ခြင်း | .... | ၂၀၁ |
| ကမ္မဝါရွတ်ဖတ်ပုံ | .... | ၂၀၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိနည်းဆိုင်ရာပြဿနာ | .... | ၂၁၀ |
| ယာမကာလိကနှင့်သတ္တာဟကာလိက | .... | ၂၂၀ |
| ခမတိနှင့်ခမ္မတိ | .... | ၂၂၁ |
| ထိုပုဂ္ဂိုလ်ရဟန်းခံအပ်-မခံအပ် | .... | ၂၂၄ |
| ပါရာဇိကကျသောရဟန်း | .... | ၂၂၆ |
| မိုးရေခံသင်္ကန်း | .... | ၂၂၇ |
| ရှင်ရဟန်းနှင့်ခင်ဗျားကျွန်တော် | .... | ၂၂၈ |
| ရဟန်းနှင့်လူအတူအိပ်သည့်အခါ | .... | ၂၃၀ |
| ဘုန်းကြီးဝယ်သောပစ္စည်းအပ်မအပ် | .... | ၂၃၂ |
| မှောင်ခိုပစ္စည်းနှင့်ရဟန်းတော်များ | .... | ၂၃၅ |
| ပုစ္ဆာလေးချက်အမေးထွက် | .... | ၂၃၆ |
| ရဟန်းသာမဏေများနေလွဲသောအခါ၌ ချင်း ကြက်သွန်ကို စားအပ်-မစားအပ် | .... | ၂၄၀ |
| ရဟန်းသာမဏေနှင့်ရွှေသွား | ... | ၂၄၁ |
| ပါရာဇိကပြဿနာ | .... | ၂၄၃ |
| ဝါပန်ခြင်းနှင့်စပ်အမေး ၃-ရပ် | .... | ၂၄၅ |
| ဝါကျွတ်နေ့ | .... | ၂၄၈ |
| ပဝါရဏာရွတ်ဆိုပုံ | .... | ၂၅၀ |
| ပဝါရဏာနှင့်ပါတိမောက် | .... | ၂၅၃ |
| ဝါပန်သောရဟန်းနှင့်ကထိန် | .... | ၂၅၅ |
| အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောရဟန်းနှင့်ကထိန် | .... | ၂၅၇ |
| ကထိန်အမေးအဖြေ | .... | ၂၆၀ |

# မာတိကာစဉ်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကထိန်အာနိသင်သက်နှင့်သာမကောမျှား | .... | ၂၆၆ |
| ကထိန်အကျိုးရမရ | .... | ၂၆၉ |
| သိမ်ပြဿနာ | .... | ၂၇၂ |
| ဗိုင်နယ်သိမ်းသိမ်သမုတ်လျှင်အာပ်မအာပ် | .... | ၂၇၅ |
| ရေသိမ်နှင့်စိတ်ဒွိဟ | .... | ၂၇၈ |


**မာတိကာစဉ်ပြီး၏။**

# မင်္ဂလာ၏အမြင်

ဘဝတု သဗ္ဗမင်္ဂလံ–

"မသိလျှင်မေး၊ မစင်လျှင်ဆေး" ဟူသော စကားပုံသည် လူ့အဆင့်အတန်း မီလိုသောသူတို့အတွက် လိုက်နာ ကျင့်သုံးကြရမည့် စကားပုံဖြစ်ပါသည်။

လူသည် တိရစ္ဆာန်တို့ထက် အကြောင်းအကျိုးကို သိတတ်သော အသိဉာဏ် ရှိသောကြောင့် "ဇန-လူ" ဟု ခေါ်ကြပါသည်။ သို့သော်-သိသင့်သိထိုက်သော အကြောင်းအရာ တို့ကို သိဖို့ရာ ပညာရှိတို့ထံ နည်းခံကြရပေဦးမည်။

အမှန်ကတော့ လူသည်တိရစ္ဆာန်တို့ကဲ့သို့ အိပ်ကာ၊စားကာ၊ ကာမဂုဏ်ခံစားကာမျှဖြင့် အချိန်ကို ဖြုန်းတီးပစ်ရန် မဟုတ်ပါချေ။ အရွယ်အားလျော်စွာ အတတ်ပညာရှာခြင်း၊ စီးပွားဥစ္စာရှာခြင်း၊ ကိုယ်ကျန်းမာစိတ်ချမ်းသာအောင် မိမိကိုယ်ကိုစောင့်ထိန်းခြင်း၊ ကိုးကွယ်ဆည်းကပ်ထိုက်သူတို့ကို ဆည်းကပ်၍ ဘဝ သံသရာခရီးလမ်းကြောင်း သာယာရေးအတွက် ကြားနာမှတ်သား လေ့လာကျင့်သုံးခြင်း-စသော ကိုယ်မှု, နှုတ်မှု,တွေးတော ဆင်ခြင် လေ့လာမှုတို့ကို ပြုလုပ်တတ်ကြရပေဦးမည်။

ဥပမာ-စာရေးဆရာလုပ်လိုသူသည် အကြားအမြင်ဗဟုသုတ ကြွယ်ဝဖို့ များစွာလိုအပ်သည်ဖြစ်ရာ ကျောင်းမှသင်ကြားပေးလိုက်သော စာမျှဖြင့် လုံလောက်ပြီဟု မဆိုနိုင်သေးပါ။ လက်လှမ်းမီသမျှ စာပေအမျိုးမျိုးတို့ကို ဖတ်ရှုခြင်း၊ ဒေသန္တရ

ဗဟုသုတ လေ့လာမှတ်သားခြင်းတို့နှင့် လောကီ လောကုတ္တရာ ပညာရှိအမျိုးမျိုးကိုထံ ချဉ်းကပ်၍ သိသင့်သိထိုက်သမျှ ဗဟုသုတ တို့ကို မေးတတ်၊ စုဆောင်းတတ်ဖို့လည်း လိုအပ်ပါသည်။

စီးပွားဥစ္စာရှာဖွေရာမှာလည်း ထိုနည်းအတိုင်းပင် လုပ်ရမည့် လုပ်ငန်းနှင့်စပ်သော အကြောင်းအခြင်းအရာ အမျိုးမျိုးတို့ကို ကြိုတင်သိထားဖို့ရာ တတ်ကျွမ်းနားလည်သူပညာရှိတို့ထံ နည်းခံသင်ကြားကြရပေဦးမည်။

လူဆိုသည်မှာ စကားများများမပြောတတ်လျှင် ရှိပါစေဦး၊ သိလိုသည့် လိုအပ်သည့် အချက် အလက်တို့ကို မေးတတ် ဖို့နှင့် အမေးခံရသူက ဖြေကြားသမျှတို့ကို မှတ်ယူတတ်ဖို့ မှတ်ယူထားသည့် ဗဟုသုတတို့ကို အကွက် ကျကျ အသုံးချတတ်ဖို့ လိုအပ်ပါသည်။

ကျုပ်တို့သည် ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြသော ဗုဒ္ဓသာသနာ(ဗုဒ္ဓဘာသာ) ဝင်များဖြစ်ကြသည့် အားလျော်စွာ ဗုဒ္ဓ ဓမ္မနှင့် မဆန့်ကျင်သော ဗဟုသုတတို့ကို မေးမြန်းလေ့၊ စုဆောင်းလေ့ရှိရမည့်အပြင် ဘဝသံသရာ၏ အဆင့် မြင့်မားမှု၊ ကူးပြောင်းမှုတို့ကိုလည်း လေ့လာဆည်းပူးကြရ၊ ကျင့်သုံးကြရပေဦးမည်။

ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြသူတို့မည်သည်မှာ-အောက်အောက်ဖြစ်သော အပါယ်လေးဘုံသို့မဆင်းလိုကြ။ အထက်အထက်ဖြစ်သော နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်သို့ မတက်ရောက်နိုင်သေးလျှင်ရှိပါစေဦးတော့၊ ဤလူ့ဘုံ၌ပင်

လူပြန်ဖြစ်လိုကြပါသည်။ အကယ်၍များ အထက်အထက်ဘုံတို့သို့ တက်ရောက်နိုင်ကြမည်ဆိုလျှင် "အတိုင်းထက်အလွန်-တံခွန်နှင့်ဘုရား၊ သိကြားနှင့်သုဘကိ၊ တာဝတိံသာနှင့်နတ်ပြဟ္မာ" ဆိုသကဲ့သို့ အကြိုက်ဆုံး, အမြတ်နိုးဆုံးဖြစ်ကြပါမည်။

ထိုမှတပါး-ဗုဒ္ဓပူပါဒဒုလ္လဘခေတ်ကြီးနှင့် ကြုံကြိုက်သည့်အခါဝယ် အခွင့်ကောင်းတရပ်အနေအားဖြင့် လက်မလွှတ်ထိုက်သော အို, နာ, သေရေး ဒုက္ခဘေးတို့မှ ကင်းလွတ်ရာ မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာမှန်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ရေးအတွက် မသိသေးသောလမ်းစဉ်ကိုလည်း သိအောင်မေးကြရ နာကြားကြရပေမည်။ မစင်ကြယ်သေးသောကိလေသာတို့ကို စင်ကြယ်အောင်လည်း ကျင့်ဝတ်ပဋိပတ်ဖြင့် ကျင့်သုံးဆေးကြောကြရပေမည်။

ဗုဒ္ဓမြတ်ဘုရား ရှေ့လက်ထက်တော်က လက်ဝဲတော်ရံ၊ လက်ယာတော်ရံနှင့် အဂ္ဂသာဝက၊ မဟာသာဝက တေဒဂ်အထပ်ထပ်ရတော်မူကြသည့် အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်အနုရုဒ္ဓါ, အရှင်ဥပါလိ, အရှင်မဟာကဿပ, အရှင်အာနန္ဒာ–စသော ရဟန္တာမထေရ်မြတ်ကြီးတို့သည်လည်းကောင်း၊ သုဒ္ဓေါဒန, ဗိမ္ဗိသာရ, ကောသလ–စသော မင်းတို့သည်လည်းကောင်း၊ အနာထပိဏ်, နန္ဒိယ, ဝိသာခါ-စသော ကျောင်းဒါယကာ, ကျောင်းအမတို့သည်လည်းကောင်း၊ မိထွေးဂေါတမီ, ဓမ္မဒိန္နာ, ကုဏ္ဍလကေသာ, ကိသာဂေါတမီ–စသော ဘိက္ခုနီမတို့သည်လည်းကောင်း တဘဝတည်းဖြင့်ကျွတ်

တမ်းဝင်နိုင်အောင် မဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာမှန်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ရေးအတွက် မသိသေးသောကျင့်ဝတ်-ပဋိပတ် လမ်းစဉ် တို့ကိုလည်း မေးမြန်းကြရ နာကြားကြရပေသည်။ မစင်ကြယ်သေးသော ကိလေသာတို့ စင်ကြယ်လေအောင်လည်း ကျင့်ဝတ်ပဋိပတ်ဖြင့် ကျင့်သုံး၍ ကိလေသာအညစ်အကြေးတို့ကို ဆေးကြောခဲ့ကြရပေပြီ။

ထိုမှတပါး နတ်, သိကြား,ဗြဟ္မာ-မြောက်မြားစွာတို့သည်လည်း ဗုဒ္ဓမြတ်ဘုရား၏ မျက်မှောက်တော်၌လည်းကောင်း၊ အဂ္ဂသာဝက,မဟာသာဝက-အစရှိသော ရဟန္တာမြတ်ကြီးတို့၏ မျက်မှောက်တော်၌လည်းကောင်း၊ အမျိုးမျိုး သော ပြဿနာ, အဖြာဖြာသောကျင့်ဝတ်ပဋိပတ်တို့ကို မေးမြန်းလျှောက်ထားကြရ, ကျင့်ဝတ်ပဋိပတ်ဖြင့် မစင်ကြယ်သေးသော ကိလေသာအညစ်အကြေးတို့ကို ဆေးကြောခြင်းအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ကြရပေပြီ။ မသိသည်ကိုမေး၍ မစင်သည်ကို ဆေးကြောခဲ့ရသော သာဓကတို့ကား များပြားလှပါ၏။ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်စသည်တို့၌ များစွာ တွေ့နိုင်ပါသည်။

တခုသောသာဓကထုတ်၍ပြရသော် ဒီဃနိကာယ် မဟာဝဂ္ဂ သက္ကပဉ္စသုတ်လာ သိကြားမင်းသည် ရာဇဂြိုဟ်မြို့အရှေ့ဘက် အမ္ဗသဏ္ဍာရွာမြောက်ဘက်၌ရှိသော ဝေဒိယတောင် ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာဘုရားထံ နတ်

အခြံအရံတို့နှင့်အတူ သွားရောက်ဖူးမြော်၍ ဤသို့မေးလျှောက် ပါ၏။

သိကြားမင်းမေး။ ။နတ်,အသူရာ, နဂါး, ဂန္ဓဗ္ဗ-စသော သတ္တဝါတို့သည် ရန်မရှိပါပဲ ပျော်ပျော် ပါးပါး နေလိုကြပါသော်လည်း ရန်ရှိနေကြသည်မှာ အဘယ် အကြောင်း အဘယ်အနှောင်အဖွဲ့ သံယောဇဉ်တို့ကြောင့်ပါလဲ- ဘုရား။

ဗုဒ္ဓဘုရားအဖြေ။ ။ဣဿာ(သူတပါးကြီးပွားတာ မနာလိုမှု)၊ မစ္ဆရိယ (ကိုယ့်ပစ္စည်းကိုပေးရမှာ ဝန်တိုမှု) သံယောဇဉ်တို့ကြောင့်ဖြစ်သည်။

သိကြားမင်းအမေး။ ။ဣဿာ, မစ္ဆရိယ-သည် အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း- ဘုရား။

ဗုဒ္ဓအဖြေ ။ ။ချစ်ခြင်း, မုန်းခြင်းကြောင့် ဖြစ်သည်။

သိကြားမင်းအမေး။ ။ချစ်ခြင်း, မုန်းခြင်းသည် အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း- ဘုရား။

ဗုဒ္ဓဘုရားအဖြေ။ ။ချစ်ခြင်း, မုန်းခြင်းသည် ကြံတွေးမှု- ဝိတက်ကြောင့်ဖြစ်သည်။

သိကြားမင်းအမေး။ ။ကြံတွေးမှု – ဝိတက်သည် အဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း- ဘုရား။

**ဗုဒ္ဓဘုရားအဖြေ။** ။ကြံတွေးမှု-ဝိတက်သည် ခွဲထွင်တတ်သော (တဏှာ၊ မာန၊ ဒိဋ္ဌိ) ပပဉ္စတရားသုံးပါး ကြောင့်ဖြစ်သည်။ (တဏှာ-တပ်မက်မှု၊ မာန-တက်ကြွမှု၊ ဒိဋ္ဌိ-အမြင်မှားမှု။)

**သိကြားမင်းအမေး။** ။ပပဉ္စတရားသုံးပါး ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်ရပါမည်နည်း-ဘုရား။

**ဗုဒ္ဓဘုရားအဖြေ။** ။မှီဝဲသင့်သော သောမနဿ၊ မမှီဝဲသင့်သော သောမနဿ-ဟု နှစ်မျိုး၊ မှီဝဲသင့်သော-ဒေါမနဿ၊ မမှီဝဲသင့်သောဒေါမနဿ-ဟု နှစ်မျိုး၊ မှီဝဲသင့်သော ဥပေက္ခာ၊ မမှီဝဲသင့်သောဥပေက္ခာ-ဟု နှစ်မျိုး။

ဝမ်းမြောက်မှု - သောမနဿဝေဒနာကို မှီဝဲသောသူအား အကုသိုလ်ပွားက မမှီဝဲအပ်၊ ကုသိုလ်ပွားက မှီဝဲအပ်သည်။

ဝိတက်,ဝိစာရနှင့်တကွဖြစ်သော သောမနဿ ဝေဒနာသည် မြတ်သည်။ (ဒေါမနဿ ၂-မျိုး၊ ဥပေက္ခာ ၂-မျိုးတို့၌လည်း နည်းတူဖြစ်သည်။)

ဤဆိုခဲ့သည့်အတိုင်း ကျင့်သောရဟန်းသည် သံသရာကိုခွဲ ထွင်တတ်၊ (နယ်ချဲ့) ပပဉ္စတရားသုံးပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်သည်။

ဗုဒ္ဓမြတ်ဘုရားက ဤသို့ဖြေကြားပြီးသည်နှင့် တပြိုင်နက် သိကြားမင်းက ဗုဒ္ဓမြတ်ဘုရား .... ဖြေကြားတော်မူအပ်သော တရားတော်သည် ကောင်းမြတ်လှပါ၏။ အဖြေတို့ကို ကြား-

နာရပါသောကြောင့် တပည့်တော်အား သို့လောသို့လော တွေးတောယုံမှားခြင်းမှ ကူးမြောက်နိုင်ပါပြီဘုရား-ဟု နှစ်သက်ဝမ်းမြောက်စွာ လျှောက်ထားလေသည်။

သိကြားမင်းသည် ပါတိမောက္ခသံဝရအကျင့်, ဣန္ဒြိယသံဝရအကျင့်-စသည်တို့ကို မသိ၍ မေးလျှောက်လေသော် ဗုဒ္ဓမြတ်ဘုရားက ဖြေကြားတော်မူသောကြောင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ပြီး၍ တပည့်တော်သည် ဗုဒ္ဓမြတ်ဘုရား၏ တပည့် သောတာပန်ပုဂ္ဂိုလ်တဦးပါ။ အပါယ်လေးပါးသို့ မကျရောက်တော့ပါ။ မြတ်သောသုဂတိဘဝသာ ရောက်ဖို့ရာရှိပါတော့သည်-ဟု ဗုဒ္ဓမြတ်ဘုရားအား လျှောက်လေသည်။ (အကျယ်ရှုလိုက သိကြားဥဒါန်းစာအုပ်ကိုဖတ်ပါ။)

ဗုဒ္ဓဓမ္မလောက စာစောင်ထွက်စ ၁၃၁၄-ခုနှစ်လောက်ပင် စာရှုသူဓမ္မမိတ်ဆွေတို့ ဗဟုသုတကြွယ်ဝရေးကို ရှေးရှု၍ မေးလိုရာပြဿနာတို့ကို မေးမြန်းနိုင်ရန် ဗဟုသုတပညာရှင်တို့လည်း ဖြေကြားနိုင်ကြရန် "မေးပါ-ဖြေပါ" ဟူသော အခန်းတခန်းကို ဖွင့်ခဲ့ပါသည်။ ယင်း မေးပါ-ဖြေပါဟူသော အခန်း၌ မေးကြသူ သုတေသီတို့ထံမှ မေးခွန်းများ တစ-တစ အပို့များလာသလို ဗဟုသုတကြွယ်ဝကြသော ပညာရှင်တို့ထံမှလည်း အဖြေလွှာများ အပို့များလာပါ၍ ဗုဒ္ဓဓမ္မလောက စာစောင်မှာလည်း စိုစိုပြည်ပြည်ဖြစ်လာပါသည်။

အဖြေလွှာများကို အများဆုံးပို့ကြသော ဆရာတော်များမှာ-ရွှေထီးဣန္ဒရ (ဟည်တောဆရာတော်)၊ မင်းဘူးအရှင်

ကဋ္ဌန (မှန်ကင်းကျောင်း တိုက်) ဆရာတော်၊ ပခုက္ကူအရှင် ကောသလ (မြသိန်းတန်ကျောင်းတိုက်) ဆရာတော်တို့ဖြစ်ပါသည်။ ယင်းဆရာတော် သုံးပါးသည် မဂ်လာနှင့်ငယ်ရွယ်စဉ်ကပင် သိကျွမ်းပြီးဖြစ်ပါ၍ ဖြေရန်ခက်သော မေးခွန်းများကို စာစောင်၌ကိုတင် ဖော်မပြပဲ ယင်းဆရာတော်များထံ ခွဲဝေ၍ တိုက်ရိုက်ပို့ပေးလေ့ရှိပါသည်။ ဆရာတော်များထံမှ အဖြေလွှာများရလာမှပင် အမေးရောအဖြေပါ တပါတည်း စာစောင်၌ ဖော်ပြခဲ့ပါသည်။

ဗုဒ္ဓမမ္မလောက စာစောင်တိုက်မှ (၁၉၈၄-ခု စက်တင်ဘာလ)က ထုတ်ဝေခဲ့သော "ဗုဒ္ဓမမ္မလောက အမေးအဖြေများ" စာအုပ်မှာ ပညာရှင်အမျိုးမျိုးတို့ ဖြေကြားခဲ့သော စာမူများကို စုစည်း၍ ထုတ်ဝေခဲ့သောစာအုပ်ဖြစ်ပါသည်။ "ဤဘာသာရေးပြဿနာ အဖြေလွှာများ" စာအုပ်မှာ မင်းဘူး-အရှင်ကဋ္ဌန (မှန်ကင်းကျောင်းတိုက်) ဆရာတော်တပါးတည်း ဖြေခဲ့သောစာမူများကို စုစည်း၍ ထုတ်ဝေသောစာအုပ် ဖြစ်ပါသည်။

ပုဂ္ဂိုလ်တိုင်းလိုလိုပင် သာသနာရေး၊ ဘာသာရေးနှင့်စပ်၍ မသိသောအရာများ ရှိတတ်ပါသည်။ လူဆိုသည်မှာ "မသိလျှင်မေး၊ မစင်ဆေး" ဟူသော စကားပုံအရ မသိသောအရာရှိက သိလာအောင် မေးကြရမည်မှာ ကိုယ့်အလုပ်ဖြစ်သလို မစင်ကြယ်သေးသော အညစ်အကြေးရှိနေပါက ယင်းအညစ်အကြေးတို့ကို စင်ကြယ်အောင် ဆေးကြောရသည်မှာလည်း ကိုယ့်အလုပ်ပင်ဖြစ်ပါသည်။

ဤအမေးအဖြေစာအုပ်၌ မေးမြန်းကြသော မေးခွန်းများမှာ အများအားဖြင့်(သာသနာရေးဆိုင်ရာ အခြေခံမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင် လွယ်ကူသောအကျင့်၊ လျင်မြန်သော အသိဉာဏ် တိုးပွားလာရေးအတွက် မေးမြန်းကြသောမေးခွန်းတို့ကို "မင်းဘူး-အရှင်ကဥ္စန (မှန်ကင်းဆရာတော်)"က တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းတို့ကိုသာ ဖြေကြားထားသောအဖြေတို့ဖြစ်ပါသည်။ )

ဤစာအုပ်ကို မင်းဘူး အရှင်ကဥ္စန၏တပည့် ဗုဒ္ဓဓမ္မလောကလက်ထောက်အယ်ဒီတာ ဦးမျိုးသက်အောင် (ဓမ္မာစရိယ) က ဆရာတော်၏အမိန့်အရ စုစည်း၍ထုတ်ဝေသော စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုကြရသော ဓမ္မမိတ်ဆွေအပေါင်းတို့သည်(ဗုဒ္ဓသာသနာတော်နှင့်စပ်သော မသိသေးသည့်ဗဟုသုတများကိုသိကြရ၍ အသိဉာဏ်ပညာ စင်ကြယ်အောင် ကိလေသာအညစ်အကြေးတို့ကို ဆေးကြောနိုင်ကြပါစေသော်။

မင်္ဂလာပါခင်ဗျာ-

မင်္ဂလာ-အောင်မြင့်
ဗုဒ္ဓမ္မလောကအယ်ဒီတာချုပ်၊
အမှတ်-၈၊ခ/အောင်ချမ်းသာလမ်း၊
ကိုယ်မင်းကိုယ်ချင်းရပ်၊ ဗဟန်း၊ ရန်ကုန်မြို့။
(၁၃၄၆-ခု၊ တော်သလင်းလပြည့်ကျော် (၅)ရက်
(၁၄-၉-၈၄) မင်္ဂလာအသက် ၇၂-နှစ်၊ တလပြည့်နေ့။)

# ရှင်ရာဟုလာ၏-အမှာစာ

ဗုဒ္ဓဓမ္မလောကစာစောင်၌ ဘာသာရေးဆိုင်ရာမေးမြန်းချက်များအနက် ဝိနည်းအကြောင်းဆိုင်ရာမေးခွန်းများကို အဓိက ထား၍ နှစ်ပေါင်းအတန်ကြာမျှ ကြိုးပမ်းဖြေဆိုလာသူ မင်းဘူး-အရှင်ကဥ္စနက "ဗုဒ္ဓဓမ္မလောကမေးခွန်းများအဖြေ"ကို စာအုပ်အဖြစ်ရိုက်နှိပ်တော့မည်ဖြစ်ကြောင်း ကြိုတင်သိရှိရသောအခါ ကျွန်ုပ်များစွာဝမ်းမြောက်မိသည်။ ဗုဒ္ဓဓမ္မလောကစာဖတ် ပရိသတ်များကိုကျော်ဖြတ်၍ တိုင်းပြည်သို့ ဘာသာရေးဆိုင်ရာ ကလောင်ကောင်းတချောင်း ချီတက်လာလေပြီဟု တွေးမိပြီး ဂုဏ်ယူရပါသည်။ ထိုထက်—

ယင်းစာအုပ်၌ အမှာစာမိတ်ဆက်ရေးပေးရန် အရှင်မြတ်၏တိုက်တွန်းချက်ကိုကြားသိရသောအခါ ပို၍ဝမ်း မြောက်ရသည်။ သို့သော်—

ဝိနည်းကြောင်းဆိုင်ရာကိုဖြေဆိုထားသော ဤစာတမ်းစာအုပ်၌ ကျွန်ုပ် မိတ်ဆက် ရေးပေးရန် နေရာမရှိဟု ထင်မြင်ယူဆမိသည်။ အကြောင်းသော်ကား-ဤစာအုပ်စာတမ်း၏ စာမျက်နှာတိုင်း၌ မေးခွန်းများ-အဖြေများသာဖော်ပြထားရာ မေးခွန်းနှင့်အဖြေကိုဖတ်ကြည့်လိုက်ရုံမျှဖြင့် စာဖတ်သူသည် တရွက်ပြီးတရွက် ဖတ်ချင်စိတ်ပေါက်လာမည်သာဖြစ်ရကား ကျွန်ုပ်၏အမှာစာမိတ်ဆက်သည် အပိုသက်သက်သာဖြစ်လိမ့်မည် ဖြစ်သောကြောင့်ပါတည်း။

သို့ရာတွင်—ဤ၌ ကျွန်ုပ်ပြောချင်သောအချက် လေးခုရှိပါ၏။ ယင်းမှာ—

(က) ဝိနည်းဆိုတာခက်သလား၊

(ခ) ဝိနည်းကြောင်းအရ ဆုံး ဖြတ် ရ သည်မှာလွယ်သလား၊

(ဂ) ဝိနည်းအရ ဆုံးဖြတ်သူ၏တာဝန်ဝတ္တရား၊

(ဃ) ဝိနည်းသည်သိမ်မွေ့၏ ဆိုသည် အဘယ်နည်း—ဟူသော အချက်များပင်ဖြစ်၏။

(က) အဘိဓမ္မာဆိုသည်မှာ အလွန်အလွန်ခက်ခဲနက်နဲပါသည်။ သဒ္ဒါဆိုသည်မှာ သမုဒ္ဒရာကဲ့သို့ ကျယ်ဝန်းပါသည်-ဟု အမေးခံရသူတိုင်းက အသံတမျိုးတည်းထွက်ကြမည်ဖြစ်၏။ သို့သော် ဝိနည်းဆိုသည်မှာခက်သလားဟု စာသင်သားရဟန်းငယ်ဘပါးကို မေးကြည့်လျှင် ဝိနည်းဆိုသည်မှာ မခက်ပါ။ စာမေးပွဲဖြေဆိုရာ၌ အလွယ်ဆုံးဘာသာဖြစ်ပါသည်။ လက်ညှိုးကိုနံကြားထောက်၍ဖြေဆိုလျှင်ပင် အောင်မှတ်ရနိုင်ပါသည်-ဟု ဖြေကြားပေလိမ့်မည်။ ဝိနည်းကိုလေးစားသော ဆရာတော်ကြီးတပါးအား ဝိနည်းဆိုသည်မှာခက်ခဲသလား—ဟု မေးလျှောက်ထားကြည့်ပါက— "ဟ—ဝိနည်းဆိုတာ ရဟန်းသံဃာအတွက် အခက်ခဲဆုံးပေါ့—မောင်ပဥ္စင်း" ဟု မိန့်ကြားပေလိမ့်မည်။ ယင်းသို့လျှင် ဝိနည်းနှင့်ပတ်သက်၍ အဖြေများသည် မတူညီပဲ တဦးတမျိုးစီ အဖြေထွက်နေကြောင်း နားလည်ရတော့သည်။ ယင်းသို့ အဖြေမတူညီခြင်းသည် ဝိနည်း၌ ပုဂ္ဂိုလ်

တဦးစီ၏ သုံးသပ်မှုမှဖြစ်ပေါ်လာသော သံသယစိတ်ကြောင့်ပင် ဖြစ်သည်။ ထို့ပြင် ရဟန်းပုဂ္ဂိုလ်တဦးဦးသည် ဝိနည်းနှင့်ပတ်သက်၍ အာပတ်သင့်သလား-မသင့်သလား၊ အပြစ်ရှိသလား-အပြစ်မရှိသလား-စသည့် ဒွိဟများ တမျိုးမဟုတ် တမျိုး သံသယရှိနေတတ်သည်။ ထို့ကြောင့် ရှေးဟောဝိနည်း၌ကျွမ်းကျင်သော ဆရာတော်ကြီးများသည် ''ကင်္ခါဝိတရဏီ အဋ္ဌကထာ၊ ဝိမတိဝိနောဒနီဋီကာ''စသော ကျမ်းများကို ရေးသားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

(ခ) မြက်ပင်ကလေးကို နုတ်မိသော ရဟန်းကို တခြားရဟန်းတော်တပါးက မြက်ပင်နုတ်သည်မှာ အာပတ် သင့်၏-ဟု စွပ်စွဲသောအခါ မြက်ပင်နုတ်သော ရဟန်းက အဘယ်ကြောင့် မြက်ပင်မျှကိုနုတ်မိသော ရဟန်းအား အာပတ် သင့်မည်နည်း-ဟု ပြန်လှန်၍စောဒနာတက်၏။ ဤဝိဝါဒအမှုသည် ဘုရားရှင်ထံသို့ တိုက်ရိုက်ရောက်သောအခါမှ ကိစ္စပြီး၏။ ယင်းသို့လျှင် ဝိနည်းကြောင်းအရ ဆုံးဖြတ်ရသည်မှာ ခက်ခဲကြောင်းထင်ရှား၏။ ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်က တိုက်ရိုက် ဆုံးဖြတ်ပေးသူ ရှိနေသော်လည်း ယခုလိုသာသနာနောက်ဆွယ် ခေတ်၌မူ ထိုထို ဝိနည်းကြောင်းဆိုင်ရာကျမ်းများ ဆရာစဉ်ဆက် အဆိုအမိန့်များ စသည်တို့ကို အားကိုးအားထား ပြုကြရ၏။ ထို့ကြောင့်ဝိနည်းအရ ဆုံးဖြတ်ရသောကိစ္စများ၌ ဆုံးဖြတ်သူပုဂ္ဂိုလ်အဖို့ မိမိကိုယ်နှိုက်က ဆရာသမားကောင်းထံ နည်းနာနိဿယ ခံယူးသူဖြစ်ရမည့်အပြင် ဝိနည်းကြောင်းဆိုင်ရာကျမ်းများကိုလည်း မွှေနှောက်ထားသူဖြစ်ရပေလိမ့်မည်။

(ဂ) ဝိနည်းကြောင်းအရ ဆုံးဖြတ်ပေးသူကို "ဝိနယဓရ (=ဝိနည်းမိုရ်) ပုဂ္ဂိုလ်"ဟု ခေါ်၏။ ဝိနယဓရ ပုဂ္ဂိုလ် တပါးသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဝိနည်းကိစ္စ အမျိုးမျိုးကို ဆုံးဖြတ်သည့်အခါ အချက်အလက်ပေါင်းများစွာကိုစုဆောင်းရှာဖွေပြီးမှ ဆုံးဖြတ်ရသည်မှန်၏။ သို့ရာတွင် ပုဂ္ဂိုလ်နှင့် မပတ်သက်သော အဆုံးအဖြတ်မျိုးဖြစ်ပါက ကြီးလေးသော သံသယစိတ်များ မကျရောက်နိုင်သော်လည်း ပုဂ္ဂိုလ်နှင့်ပတ်သက်သော အဆုံးအဖြတ်မျိုး၌မူ မိမိ(ဝိနည်းမိုရ်ပုဂ္ဂိုလ်)တွင် ကြီးလေးသော သံသယစိတ်များ ဝင်ရောက်လာတတ်သည်။ သို့ဖြစ်၍လည်း ရှေးဆရာတော်ကြီးများသည် ကြီးလေးသော ပုဂ္ဂိုလ်နှင့် ပတ်သက်သောအမှုမျိုး၌ ဝိနည်းကြောင်းအရ အထောက်အထားမည်မျှတိကျမှန်ကန်နေစေကာမူ ကာယကံရှင်များကိုယ်တိုင် ဝန်ခံမှသာ ဆုံးဖြတ်ပေးလေ့ရှိသည်။ ယင်းသည် သူများအမှု မိမိ သံသယစိတ် ပိလာမည်စိုးရသောကြောင့်တည်း။

(ဃ) ဝိနည်းသည် ကြမ်းတမ်း၏။ ထိုကြောင့် သိမ်မွေ့သည်။ ဤမျှဆိုလျှင် ဝိနည်းကိုသင်ကြားဖူးသောရဟန်းတော်တိုင်း သဘောပေါက်မိလောက်၏။ ဝိနည်းစာဝါပို့ချစဉ် ဒကာဒကာမများလာလျှင် ရပ်ထားရ၏။ ဝိနည်းသိက္ခာပုဒ်များသည် အသေးစိတ်ပို့ချလေ နက်နဲလေ၊ ရှန့်ရင်းလေဖြစ်၏။ မရှန့်ရင်း မကြမ်းတမ်းပဲ အလွန်သိမ်မွေ့ သည်လည်းရှိ၏။ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ မဓု၊ ဂဏ္ဌိ-စသော ဝိနည်းဆိုင်ရာတို့ကို ပါဠိတော်နှင့်တွဲဖက်၍ ဆရာသမား ကျမ်းတတ်ပုဂ္ဂိုလ်ကြီးများ

ထံတွင် တက်ရောက်သင်ကြားလေ ဝိနည်း၏နက်နဲကြောင်း သိရလေဖြစ်၏။

သို့ဖြစ်ရာ ဝိနည်းကြောင်းဆိုင်ရာ အဆုံးအဖြတ်များ ဖြစ်သော ဤစာတမ်းစာအုပ် ဖြစ်ပေါ်လာရေးအတွက် စာပြုသူပုဂ္ဂိုလ်သည် ဤစာအုပ်၌ အချိန်ယူ၍ မည်မျှကြိုးပမ်း ထားကြောင်း ရိပ်စားမိနိုင်သည်။

သို့ရာတွင် ဤစာအုပ်၌ ဖော်ပြထားသော (ဗုဒ္ဓ ဓမ္မ လောက အမေးအဖြေများသည်) ပုဂ္ဂိုလ်တဦးတယောက်၌ ဖြစ်ပွားသော အဓိကရုဏ်းတချို့မျိုးကို ဆုံးဖြတ်ထားသော အကြောင်းများမဟုတ်သဖြင့် စာပြုသူ၌ မိမိအဆုံးအဖြတ် အပေါ် သံသယဖြစ်လာစရာအကြောင်းမရှိချေ။ ထို့ပြင် ဤစာအုပ်ပါ အကြောင်းအရာများသည် တစုံတယောက်သော ပုဂ္ဂိုလ်အတွက် ကိုးကားဆုံးဖြတ်ရန်ကျမ်းလည်း မဟုတ်ပါချေ။ ဤစာအုပ်ပါ အဖြေများကို ဖြေကြားသူ၏ ရည်ရွယ်ချက်မှာ ဝိနည်းဓိုရ်ပုဂ္ဂိုလ် (သို့မဟုတ်) ဝိနည်းကို လိုက်စားနေကြရသော ရဟန်းပုဂ္ဂိုလ် တဦးဦးသည် ဤစာအုပ်ကို ဖတ်ရှုလေ့လာပြီး မိမိ သင်ကြားသိရှိထားသော ဝိနည်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် နှီးနှော လျက် ပိုမိုတိကျ မှန်ကန်သော အဆုံးအဖြတ်များကို ချမှတ်ဆောင်ရွက်နိုင်စေရန်အလို့ငှာ အထောက်အကူပြု စာတမ်းအဖြစ်သာ ရည်ရွယ်ရင်းဖြစ်ပေလိမ့်မည်။

ထိုကြောင့် ဤဗုဒ္ဓဓမ္မဝိနည်းဆိုင်ရာ အမေးအဖြေကို ပြုစုသော ဆရာတော်၏ ဆန္ဒနှင့် နှလုံးသွင်းကိုသည်းကောင်း၊ ဤစာတမ်း

စာအုပ်ပါအချက်များမည်မျှတိကျခိုင်မာသည်ကို လည်းကောင်း ဤစာတမ်းစာအုပ်ကို ဖတ်ရှုကြည့်ခြင်းဖြင့် သိရှိပါလိမ့်မည်-ဟု ကြိုတင်၍ သဘင်းကောင်းပါးလိုက်ပါရစေ။

# နိဒါန်းနှင့်မှတ်တမ်း

ဘုန်းကြီးသည် ၁၃၃၂-ခုနှစ်မှ ၁၃၄၆-ခုနှစ်တိုင် ဗုဒ္ဓဓမ္မလောကမှာပါရှိသည့် အမေးများ၏ အဖြေလွှာများကို ရေးသားပေးပို့ခဲ့ပါသည်။

ရေးသားပေးပို့ခဲ့သည့် အကြောင်းရင်းမှာ ဘုန်းကြီးသည် (၁၄) နှစ်သားမှ (၂၅) နှစ်သားအထိ စာသင်ပြီး (၂၆)နှစ်သားမှ (၃၀) ထိ စာသင်စာချကာ (၃၁) မှအသက် (၅၀) တိုင် စာချအလုပ်ဖြင့် ပခုက္ကူဂိုဏ်း ဂဏနိကာယ ပင်မတိုက်ကြီးနှင့် တိုက်ခွဲများ၌ အထူးသဖြင့် ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက်၌ ၁၀-နှစ်တိတိ အဆက်မပြတ် ပရိယတ်ကို သင်အံပို့ချ နေထိုင်လာခဲ့ပါသည်။

၁၃၂၀-ခုနှစ်မှာ မူလ ငယ်ဆရာ၏အရိပ်အရာ စာသင်သားပရိသတ် (၅၀) မျှပတ်ဝန်းကျင်ရှိနေသော မင်းဘူးမြို့ မှန်ကင်းကျောင်းတိုက်၌ ကိုယ်ပိုင် ပဓာနနာယကအဖြစ် နေထိုင်ရသောအခါ စာမေးပွဲခေတ်ဖြစ်သည့်အတိုင်း စာမေးပွဲအောင်မှ စာတတ်သည် - ဟု အများကယူဆနေကြသည်ကို ထောက်ရှုပြီး တနည်းဆိုရသော် စာမေးပွဲဝင်သူများမှ စာကြိုးစားကြသည်များကိုလည်း ကိုယ်တွေ့ဖြစ်နေရ၍ တပည့်များစာကြိုးစားကာ နောင်တခေတ်မှာ ပရိယတ္တိဝန်ဆောင် သာသနာ့သူရဲကောင်းများ ဖြစ်လာကြစေရန် ရည်ရွယ်ကာ ငယ်,လတ်, ကြီး-ဆိုင်ရာ စာမေးပွဲစာများကိုပို့ချပြီးနေထိုင်လာခဲ့ရာ (၁၀)

နှစ်မျှကြာသွား၏။ ထိုသို့ကြာသောအခါ "ငါသည် ယခင်က သင်ကြားပို့ချလာခဲ့သော စာကြီးပေကြီးများကို ပြန်လည် လေ့လာခွင့်မရတော့ပဲ ဤအတိုင်းသာသွားနေလို့တော့ မတော် ဘူး၊ စာကြီးပေကြီးများကို ပြန်လည် လေ့လာခွင့်ရအောင် မည်သို့ ပြုလုပ်ရပါမည်နည်း" ဟု အကြံပြုစဉ်းစားနေမိ၏။ ထို အခိုက်မှာ ရန်ကုန်မြို့ရှိ ဘုန်းကြီး၏ ကျောင်းဒါယကာကြီးဦးဘ မောင်မှ ဗုဒ္ဓဓမ္မလောကစာစောင် တနှစ်တွက် ဓမ္မဒါနလှူဒါန်း သည့်စာစောင်များအနက် ပထမဆုံးရောက်လာသည့်စာစောင်မှာ ရွှေထီး-ဣန္ဒရာအမည်ခံ (ပင်တိုင်ဆောင်းပါးရှင်) ဆရာတော်က လူများဉပုသ်သီလ ခံယူဆောက်တည် ကြသည့်အခါ ရွတ်ဆို ရသည့် "သမနာဂတံ" ပုဒ်သည် ပါဠိတော်, အဋ္ဌကထာ, ဋီကာ တို့၌ "သမနာဂတံ" ဟူ၍လည်းကောင်း၊ "သမ္မန္နာဂတံ" ဟူ၍ လည်းကောင်း၊ "သမန္နာဂတံ" ဟူ၍လည်းကောင်း အသီးသီး ပါရှိနေရာ မည်သည့်ပါဌ်က အနေအထားမှန်သည်ကို သဒ္ဒါ ပုဒ်ပါဌ် ခတ်ပစ္စည်း အနေအထားဖြင့်လည်းကောင်း၊ ပါဠိ တော်, အဋ္ဌကထာ, ဋီကာ အထောက်အထား များဖြင့်သော် လည်းကောင်း ကိုးကားဖြေဆိုတော်မူကြပါရန်-ဟူသောအမေး ကိုဖတ်ရှုရပါသည်။ ဤအမေးကို တွေ့ရသောအခါ အဖြေရေး သားရပါမူကား ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို ပြန် လည်ကြည့်ရှုဖြစ်မည်။ ရရှိထားသည့် အာစရိယဝါဒများကို လည်း တဆင့်ဖြန့်ဖြူးခွင့်ရမည်-ဟု ဉာဏ်ဝ၌ ထင်လာပါသည်။ ထို့ကြောင့် ၎င်းအမေးကို ပါဠိတော်, အဋ္ဌကထာများ, ဋီကာ များကို ကိုးကားပြီး အာစရိယဝါဒနှင့်တကွ ပထမဦးဆုံး

အဖြေ ရေးသားပေးပို့ခဲ့ပါသည်။ မကြာမီ ၎င်းအဖြေ စာစောင်မှာ ပါလာသည်။ အဖြေပါစာစောင်များ ရောက်သည့်နေ့မှာပင် မင်းဘူးမြို့ရှိ စာစောင်ကြည့် ပရိသတ်အချို့ ဘုန်းကြီးထံသို့ စာစောင်ကိုင်လျက် ဤအဖြေ ဘုန်းကြီး ရေးတာလားလို့မေးကြပါသည်။ ဖြေသူအမည်မပါဘူးလား-ဟု ဘုန်းကြီးက စာစောင်ကိုမကြည့်ပဲ ပြန် မေး လိုက် ပါသည်။ ပါပါသည်-ဟု ဖြေကြပါသည်။ ပါလျှင်မေးစရာလိုသေးသလား-ဟု ထပ်ပြီးမေးလိုက်ပါသည်။ ထိုအခါ မေးလာသူများထဲမှ ဓမ္မစရိယအောင်ပြီးသူ ရဟန်းတော်တပါးက တပည့်တော်ဤစာစောင်၌ (၁၀) ကြိမ်ထက်မနည်း ဆောင်းပါးများ ရေးသားပေးပို့ခဲ့ဖူးပါသည်။ တခါမျှ စာစောင်မှာမပါဖူးပါ။ အရှင်ဘုရားအနေဖြင့် ဘယ်နှစ်ကြိမ် ရေးသားပေးပို့ဖူးပါသလဲ-ဟု မေးပြန်ပါသည်။ ဘုန်းကြီးအနေဖြင့် ယခုတကြိမ်သာ ရေးသားပေးပို့ဖူးပါသည်-ဟု ဖြေလိုက်ရာ....ထိုအခါ ဆက်လက်ရေးသားတော်မူပါ။ မြို့အနေဖြင့် ဂုဏ်ယူပါသည်။ ဒုတိယမင်းဘူး ဦးဩဘာသဖြစ်ပါစေ... စသည်ဖြင့် တော်တော်များများပြောကြားပြီး ပြန်သွားကြပါသည်။

ထိုနောက်မှာလည်း သာရေးနာရေးကိစ္စတို့၌ သက်ကြီးဝါကြီးဆရာတော်ကြီးများနှင့် တွေ့တဲ့ ကြုံတဲ့ ဆုံတဲ့အခါ တွေ့တိုင်း ကြုံတိုင်း ဆုံတိုင်းလိုလို ဆရာတော်ကြီးများက အဆက်မပြတ် အခွင့်ရတိုင်း ရေးသားဖို့ရန် တိုက်တွန်းစကား မိန့်ကြားတော်မူကြပါသည်။ ထိုဆရာတော်ကြီးများမှ လိုအပ်သောစာအုပ်

တော်တော်များများ ချီး မြှင့် ပေး သ နား တော်မူကြပါသည်။ တိုက်တွန်းတော်မူကြသည့်အတိုင်း အ ခွင့် အ ခါ ရ တိုင်းလည်း အဖြေများရေးသားပေးပို့ခဲ့ပါသည်။ လွန်ခဲ့သည့် (၅) နှစ်တာ ကာလလောက်ကပင် ၎င်းအဖြေများကို စုပေါင်းပြီး စာအုပ်ဖြစ် အောင်အားထုတ်သင့်ကြောင်း အကြံပြုလာသူများ မနည်းလှ ပါ။ ထိုပုဂ္ဂိုလ်များထဲတွင် ဗုဒ္ဓမ္မလောကအယ်ဒီတာချုပ် မင်္ဂလာ–ဦးအောင်မြင့်နှင့် (စားရေးဆရာ) ရှင်ရာဟုလာတို့ လည်း ပါဝင်ပါသည်။ ထိုစဉ်က အကြံပြုလာကြသော်လည်း ဘုန်းကြီးအနေဖြင့် မစွမ်းဆောင်နိုင်၍ ဤအတိုင်းပဲနေလာခဲ့ရာ ယခုအခါမှ ဘုန်းကြီး၏တပည့်ဖြစ်သူ (ဗုဒ္ဓမ္မလောကစာစောင် တိုက်) လက်ထောက်အယ်ဒီတာ မောင်မျိုးသက်အောင်က စာ အုပ်ဖြစ်အောင်တာဝန်ပေးလျှင် ဆရာတော်၏ပါရမီ ကူညီသော အနေဖြင့် အစစတာဝန်ယူဆောင်ရွက်ပါမည်-ဟု လျှောက်ထား လာ၍ တာဝန်ပေးအပ်လိုက်ပါသည်။ ဤကား စာအုပ်ဖြစ် ပေါ်လာရခြင်း၏ အကြောင်းရင်း နိဒါန်းစကားရပ်များဖြစ် ပါသတည်း။

# အာစရိယဝန္ဒနာ

ဤသို့ အဖြေလွှာများရေးသားနိုင်ရန် မင်းဘူး (စကု) မြို့နယ် မုန်တောင်ရွာကျောင်းဆရာတော်ဦးသံဝရ (သင်ပုန်းကြီး၊ ဆယ်စောင်တွဲ၊ ဇာတ်ကြီးဆယ်ဖွဲ့၊ သဒ္ဒါသုတ်ပြီး ရုပ်ပြီး၊ သင်္ဂဟသရုပ်ခွဲနှင့် စတုတ္ထတန်းအောင်သည်အထိ) ထံတွင်လည်းကောင်း၊ ရေနံချောင်းမြို့ တွင်းကုန်းပုဗ္ဗာရုံကျောင်းတိုက်၌ သာမဏေဘဝဖြင့် (၅) ဝါတိတိနေခဲ့ရာတွင် ဆရာတော်ဦးကုသလ (သဒ္ဒါ-ရူပသိဒ္ဓိ၊ သင်္ဂဟ-ဋီကာကျော်၊ ပါတိမောက်-ကင်္ခါ၊ ပုဒ်စစ်၊ မာတိကာဓာတုကထာ၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝစ္စဝါစက)၊ ဦးကောဝိဒ (သဒ္ဒါ၊ သင်္ဂဟ၊ ဝိသုဒ္ဓိမဂ်)၊ ဦးသာဂရ (ဆန်း၊ အဘိဓာန်၊ အလင်္ကာ)၊ ဦးဇဝန (သုတ်သီလက္ခန်၊ မဟာဝါပါ-ဋ္ဌ)၊ ဦးလာဘိက (သုတ်ပါထေယျပါ-ဋ္ဌ) တို့ထံတွင်လည်းကောင်း၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၌ ၄ - ဝါတိတိ နေခဲ့ရာတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးပညာ (သင်္ဂဟ-ဋီကာကျော်၊ ပါတိမောက်-ကင်္ခါ၊ အဋ္ဌသာလိနီ၊ မူလဋီကာ)၊ အဂ္ဂါဘိဓဇဆရာတော်ဦးသုန္ဒရ (အင်္ဂုတ္တရ၊ သံယုတ္တနိကာယ)၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးဂန္ဓမာ (ဝိနည်းငါးကျမ်း ပါ-ဋ္ဌ) တို့ထံတွင်လည်းကောင်း၊ မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးနာရဒ (ဉာသ)၊ အမရပူရမြို့ တူးမောင်းတိုက်ဆရာတော် ဦးနန္ဒိယ (ဆန်း)၊ မင်္ဂလာတိုက်ဟောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဝိမလ (ပဋ္ဌာန်း-ဆိုဝါ)၊ မင်္ဂလာတိုက်သစ်ဆရာတော် ဦးမေဓာသာမိ

၁၇၅၀၈

(ပဋ္ဌာန်းဆိုဝါ)၊ ဆရာတော်ဦးဥက္ကံသ (ယမိုက်ဆယ်ကျမ်း-ဆိုဝါ) တို့ထံတွင်လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး မှန်ကျောင်း (ယခု သုံးခွပါဠိကာရီ) ဆရာတော်ဦးဝရသာမိ (သီလက္ခန္ဓ ပါ-ဋ္ဌ ဆိုဝါ) ထံတွင်လည်းကောင်း စာပေကျမ်းဂန်တို့ကို သင်ကြား ခဲ့ပါသည်။ ၎င်းကျောင်းတိုက်တွင် စာသင်စာချအဖြစ် (၂)နှစ် သီတင်းသုံးခဲ့ပါသည်။

ထို့ပြင် မင်းဘူးမြို့၊ မှန်ကင်းတိုက်ဆရာတော်ဦးသာသန (သက္ကတ၊ အင်္ဂလိပ်၊ သင်္ချာ) ထံတွင်လည်းကောင်း၊ ရန်ကုန် မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ညောင် တုန်းဆရာတော် ဦးနန္ဒဝံသ (နေတ္တိ ပါ-ဋ္ဌ)၊ အဂ္ဂမဟာပဏ္ဍိ တ ဆရာတော်ဦးကောဏ္ဍည (သံယုတ္တနိကာယ)၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးအာစိဏ္ဏ (ဝိသုဒ္ဓိမဂ်-ဋ္ဌ) တို့ထံတွင်လည်းကောင်း ထပ်မံသင်ကြားဆည်းပူးခဲ့ပါသည်။ ၎င်းတိုက်၌လည်းဆယ်ဝါ တိတိ စာချခဲ့ပါသည်။

အထက်ပါ ဓမ္မာစရိယဆရာတော်ကြီးတို့အား ဤစာတမ်း ဖြင့် ကျေးဇူးတဖန် တုံ့ပြန်ပေးဆပ် ရှိခိုးဝန္ဒနာ ပူဇော်အပ် ပါသည်။

# ကျေးဇူးတင်မှတ်တမ်း

အနန္တကျေးဇူးရှင်မိဘနှစ်ပါး ရဟန်းဒါယကာ, ရဟန်းဒါယိကာမ၊ ကျောင်းဒါယကာ, ကျောင်းဒါယိကာမ၊ ပစ္စည်းလေးပါးလှူဒါန်းခဲ့ကြဖူးသော ဒါယကာ, ဒါယိကာမများနှင့် စာအုပ်ဖြစ်အောင် စာမူများကိုလက်နှိပ်စက်ဖြင့် ကူးယူပေးကြသည့် အောင်လံမြို့၊ တောင်ပေါ်ကျောင်း(ဒီဃဘာဏက ဓမ္မာစရိယ) ဦးဇောတိကနှင့် (ဓမ္မာစရိယ) ဦးပုညတို့အားလည်းကောင်း၊ မိတ်ဆက်စာလွှာအမှာစာများ ရေးသားပေးပို့ခဲ့ကြသော အယ်ဒီတာချုပ်မင်္ဂလာဦးအောင်မြင့်နှင့် ရှင်ရာဟုလာတို့အားလည်းကောင်း၊ ဦးသိန်းအောင် (ဗုဒ္ဓဓမ္မလောက-အုပ်ချုပ်ရေးမှူး) အားလည်းကောင်း၊ မျက်နှာဖုံးပန်းချီ-မောင်မောင်ဝင်း(မောင်ဝင်းမောင်)အားလည်းကောင်း၊အစစတာဝန်ယူဆောင်ရွက်ပေးသော လက်ထောက်အယ်ဒီတာ-တပည့် (မင်းဘူး-မျိုးသက်အောင်) မောင်မျိုးသက်အောင်အားလည်းကောင်း၊ စာအုပ်ဖြစ်ရေးအတွက် အဘက်ဘက်မှကူညီအားပေးကြသောပုဂ္ဂိုလ်တို့အားလည်းကောင်း ဘုန်းကြီးအနေဖြင့် အထူးပဲကျေးဇူးဥပကာရတင်ရှိပါကြောင်း စေတနာကောင်းဖြင့် မှတ်တမ်းတင်အပ်ပါသတည်း။

ဆရာတော်-ဦးကဥ္စန
မှန်ကင်းကျောင်းတိုက်
မင်းဘူးမြို့။

မင်းဘူး

အရှင်ကဉ္စန၏

# ဘာသာရေးပြဿနာ

## အဖြေလွှာများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁—သမန္တာဂတံပုဒ်

(ရွှေထီးဋ္ဌနှုန်ရာ၏ အတွဲ (၁၅) အမှတ် (၄၈) အမေးကို ဖြေသည်)

သံပုဗ္ဗ-ပဒ ဓာတ်၊ အာ ပုဗ္ဗ-ဂမုဓာတ်၊ တ-ပစ္စည်းဖြင့်ပြီးသော သမ္ပန္တာဂတ-ပုဒ်။ သံ+အနု+အာပုဗ္ဗ- ဂမုဓာတ်၊ တ-ပစ္စည်းဖြင့်ပြီးသော သမန္တာဂတ-ပုဒ်ဟူ၍ သဒ္ဒါအနေဖြင့် ပါဠိနှစ်ထွေ မဂဓဉ်ထင်သည်။

ထိုတွင်—သမ္ပန္တာဂတ-ဟု ရှိသောပါဠိကား မသင့်မြတ်။ သဂါထာဝဂ္ဂ-ဝဂ္ဂိသသံယုတ်၊ သုဘာသိတသုတ်-အဋ္ဌကထာနှင့် ဋီကာကို သတိမပြုမိပဲ ဆိုမိန့်ဟန်ရှိသည်။ သမန္တာဂတ-ပုဒ်သာ သင့်မြတ်၏-ဟု ပခုက္ကူနိကာယ မဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ ညောင်ဦးဆရာတော်ဘုရားကြီး အမိန့်ရှိသည်ကို မှတ်သားရဖူးပါသည်။

ဋင်းဆရာတော်ကပင် ဝမောဒုဒန္တာနံ-သုတ် အစီအရင်ဖြင့် ဝ-အက္ခရာနှင့် သမန္တာဂတာ-ဟု အချို့သော ဝဂ္ဂိသံယုတ် သုဘာသိတသုတ်-ဋီကာမှာရှိလေသေးရဲ့။ ဋင်းလည်း ကောင်းပါ၏။ သို့သော်-မဂဓ၌ မထင်ဟုမိန့်ဖူးပါသည်။

(အမေး၌ပါသော သမနာဂတကိုကား ပါ-ဠိတွင်၌ သတိမမူမိပါ။) သမန္နာဂတပုဒ်သာ သင့်မြတ်၏-ဟု ယူဆနိုင်ရန် အကိုးကျမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘောဇနေမတ္တညူ သတိသမ္ပဇညေန သမန္နာဂတော သန္တု-ဋ္ဌော-ဟူသော (သီလက္ခန်ပါဠိတော်)၊

သမန္နာဂတာတိ သမနုအာဂတပဝတ္တာ ယုတ္တာစ-ဟူသော (သဂါထာဝဂ္ဂ-ဝဂ္ဂိသံယုတ်၊ သုဘာသိတသုတ်၊ အဋ္ဌကထာ)၊

ဝါစာဟိ သဟဇာတာယ ဝိရတိယာ သမ္မာ အနုရူပတော အာဂတာ ပဝတ္တာတိ သမန္နာဂတာတိ ဝုစ္စတိ၊ သဟဇာတာပိ ဟိ စေတနာယထာ သမ္မာ ဒိန္နာယ ဝိရတိယာ သမ္မာ အနုရူပတော ယုတ္တာတိ ဝတ္တုံ အရဟတိ-ဟူသော ဋင်းဋီကာလာ စကားတို့ပင် ဖြစ်ပါသည်။

ဤ၌ သဒ္ဒါအနေသာ ပဓာနမို့ ရှင်းချက်မထုတ်တော့ပဲ ဤမျှဖြင့် နိဂုံးခါးပတ် အဆုံးသတ်ပါသတည်း။

(ဗုဒ္ဓဓမ္မလောကအတွဲ ၁၆၊ အမှတ်-၂)

## ၂-စူဠသောတာပန်

**အမေး။** ။စူဠသောတာပန်သည် ဂတိမြဲ-မမြဲ၊ အပါယ်ကျနိုင်-မကျနိုင် သိလိုပါသည်။ ဖြေကြားပေးပါရန် ပညာရှိအပေါင်းတို့အား လေးစားစွာဖြင့် မေတ္တာရပ်ခံပါသည်။

မောင်ညွန့်မောင်

**အဖြေ။** ။စူဠသောတာပန်သည် မြဲသောဂတိရှိ၏။ အပါယ်သို့မကျနိုင်ဟု မှတ်ယူရပါမည်။

**(သာဓက)။** ။ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ။
(ဝိသုဒ္ဓိမဂ္ဂ)

**(အဓိပ္ပာယ်)။** ။ဤ နာမရူပပရိစ္ဆေဒ-ဉာဏ်, ပစ္စယပရိဂ္ဂဟ-ဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ ရအပ်သော သက်သာရာ ထောက်ရာတည်ရာ ရှိသည်ဖြစ်၍ အပါယ်လေးပါးသို့ မကျမရောက်မူ၍ သူတော်ကောင်းတို့ လားအပ်သော မြဲသောဂတိရှိသော စူဠသောတာပန်မည်၏။

နောက်တမျိုးကား....အပါယ်ပဋိသန္ဓေကို တကယ်ပေးနိုင်တာက အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိပဲ။ ရုပ်နှင့်နာမ်ကို အဟုတ်အမှန်သိနေသော စူဠသောတာပန် ပုဂ္ဂိုလ်သည် အတ္တဒိဋ္ဌိနှင့်

သဏ္ဍာသဒိဋ္ဌိ ပြုတ်နေပြီဖြစ်သောကြောင့် အပါယ်သို့မကျနိုင်တော့ပြီ။

(သာဓက)။ ။သဗ္ဗာနိ အပါယဂါမိက ကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယေဝ ဝိပစ္စန္တိ၊ အသတိယာ န ဝိပစ္စန္တိ။(အဘိဓမ္မာမဟာဋီကာ။)

(ဗုဒ္ဓမ္မလောက)

---

## ၃–မန်းစက်တော်ရာအစစ်သာ

မင်းဘူး မန်းစက်တော်ရာသည် အောက်ဖော်ပြပါ ကျမ်းဂန်များကိုဘောက်သော် "အစစ်သာ" ဟု မှတ်ယူသင့်ပါသည်။

နမ္မဒါနဂါးမင်းတောင်းပန်၍ အောက် စက် တော် ရာ ကို "ဘဂဝါ နမ္မဒါနဒီတီရေ ပဒစေတိယံ ဒဿေသိ" ဟူ၍လည်းကောင်း၊ (ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် နမ္မဒါမြစ်(ချောင်း)နား၌ ပဒစေတီတော်ကို ပြထားတော်မူခဲ့သည်။)

သစ္စဗန္ဓရသေ့သည် သို့မဟုတ်-ရဟန္တာသည် တောင်းပန်၍ အထက်စက်တော်ရာကို "သတ္ထာ ဃနပိဋ္ဌိပါသာဏေ အလ္လမတ္တိကပိဏ္ဍမှိ လဉ္ဆနံဝိယ ပဒစေတိယံ ဒဿေသိ" ဟူ၍လည်းကောင်း၊ (နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဘုရားရှင်သည် တခဲနက်သော ကျောက်အပြင်၌ စိုစွတ်သောမြေစိုင်ခဲ၌ ရိုက်နှိပ်အပ်သော အမှတ်တံဆိပ်ကဲ့သို့ ပဒစေတီတော်ကို ပြထားတော်မူခဲ့သည်။)

(ဥပရိပဏ္ဏာသ-ဋ္ဌ၊ ၂၃၉။ သဠာယတနသံယုတ်-ဋ္ဌ၊ ၂၅)

ထို့ပြင်-ပုဏ္ဏောဝါဒသုတ်ပါဠိတော်လာ စကားရပ်များနှင့်လည်းကောင်း၊ အဋ္ဌကထာလာ စကားရပ်များကို နှိုးနှောပေါင်းစပ်၍ မင်းဘူး–မောင်သော်ရေးသားပြုစုသည့် ရွှေစက်တော်သမိုင်းသည်လည်း ကျမ်းဂန်အခေါ်အဝေါ် ဌာနအမည်များနှင့် ယခုမျက်မှောက်ခေတ် အခေါ်အဝေါ်များသည် ဌာနအလိုက် အကွာအဝေး ယုတ္တိယုတ္တာ ရှိလှပါပေသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၄–အဂ္ဂ ၂-ပါးထပ်ဆင့်မေးဖြေ

မန္တလေး ဦးဘစံ ထံမှ၊ မင်းဘူး အရှင်ကဥ္စန-သို့

မေး။ ။အသီတိမဟာသာဝကစာရင်း၌ အဂ္ဂသာဝက နှစ်ပါးပါ-မပါ ဦးသောမဒတ္တ-မင်းလှက မေးရာတွင် (စာစောင် အတွဲ-၁ဂ၊ အမှတ် ၃၆-၌) အဂ္ဂသာဝက နှစ်ပါးလည်း ပါဝင်ကြောင်းကို အရှင်ဘုရား၏အဖြေတွင် ဖတ်ရှုရပါသည်။ နောက်အဖြေ၏နိဂုံး၌ ဝါဒကွဲရှိမည်ထင်၍ ကျမ်းပေါင်း (၆၅) ကျမ်းတိုင်အောင် ပြန်လှန်ရှာဖွေရာ မတွေ့ရကြောင်းကိုလည်း ဖတ်ရှုရပြန်ပါသဖြင့် မန္တလေးမြို့၊ နန္ဒိသေနကျောင်းတိုက်မှ အရှင်ပဏ္ဍိတ ကိုယ်တော်နှင့် ဆွေးနွေး နှိုးနှောကြရာတွင် အရှင်ဘုရား ဆန္ဒရှိနေသောမူကွဲကို ယခုသင်ကြား ပို့ချဆဲဖြစ်သော ဝိနည်းကျမ်းတွင် အသီတိမဟာသာဝကစာရင်း၌ အဂ္ဂသာဝကနှစ်ပါး မပါဝင်ကြောင်းကို တွေ့သိရ၍ အရှင်ဘုရား ကျမ်းညှိ၍ ဝေဖန်ပေးပါရန် အောက်ပါအတိုင်း တင်ပြအပ်ပါသည် ဘုရား။

သာဝကေသု ပန အသီတိမဟာသာဝကာ ကပ္ပ-
သတသဟဿံ သရန္တိ၊ ဒွေ အဂ္ဂသာဝကာ ဧကမသင်္ချေ-
ယျံ သတသဟဿဉ္စ။
(ပါရာဇိကဏ်-ဌ၊ ပ-အုပ်၊ ၁၃၀)

သို့-
ဦးဘစံ

ဦးဘစံထံမှပေးပို့စာကို စာစောင်တိုက်မှတဆင့် (၂၆-၂-
၇၃) နေ့စွဲ ဖြင့်ပေးပို့ရာ ဘုန်းကြီးထံသို့ (၃-၃-၇၃) နေ့က
ရောက်ရှိပါသည်။ ကျမ်းညီ၍ ဝေဖန်ပေးပါရန် ဦးဘစံ တင်ပြ
လိုက်သော (ပါရာဇိကဏ်-ဌ၊ ပ-အုပ်၊ ၁၃၀) ၌ လာသော
စကားရပ်များသည် အသီတိမဟာသာဝကစာရင်းတွင် အဂ္ဂ
သာဝကနှစ်ပါး မပါဝင်ကြောင်းကိုပြသော စကားရပ်များ
မဟုတ်ပါ။ အသီတိမဟာသာဝကနှင့် အဂ္ဂသာဝက နှစ်ပါးတို့
ဆုတောင်းဆုယူပြုခဲ့ရသည့် (ပါရမီဖြည့်ခဲ့ရသည့်)သင်္ချေကပ္ပာတို့
ကို ပြန်လည်အောက်မေ့ နိုင်ကြောင်းကို ပြဆိုသော စကားရပ်
များသာဖြစ်ပါသည်။

**အထောက်သာဓက**။ ။ (ပဏ္ဍ ၂၊ ပါ-၃၃၈၊ ၎င်း ၌၊
၂၆၂-မှာ) လက္ခဏာ တော်ကြီး
၃၂-ပါးကို ရေတွက်ပြရာ၌ စတ္တာလီသဒန္တော-ဟု(၂၃) ပါး
မြောက်လက္ခဏာတော်၌ ပြဆိုပြီး ဖြစ်ပါလျက်-တဖန်စွယ်တော်
၄-ဆူကို သုသုက္ကဒါဌော-ဟု ၂၆-ပါးမြောက် လက္ခဏာတော်

၌ ဆိုပြန်ပါသော်လည်း သွားတော် ၄၄-ချောင်းဟု မယူမူ၍ ၄၀-သာ ယူရသကဲ့သို့ ဤ၌လည်း ဂုဏ်ကြီးရှင်များ ဖြစ်တော်မူကြသည့် အဂ္ဂသာဝကနှစ်ပါးကို အသီတိမဟာသာဝကနှစ်ပါး တွင်လည်း ပါ၊ သီးခြားလည်းရေတွက်ယူပါမူ ၈၂-ပါး ဖြစ်နေပါမည်။ ၈၂-ပါး ယူသော် တပါးသော ပါဠိတော်- အဋ္ဌကထာ-ဋီကာတို့နှင့် ဆန့်ကျင်နေပါမည်။ ၈၀-ယူမှသာတပါးသော ပါဠိတော်-အဋ္ဌကထာ-ဋီကာတို့နှင့် သံသန္ဒနဝါဒမပြားတသားတည်းဖြစ်ပါမည်။

ဤကား ဘုန်းကြီး၏အမြင် အယူအဆကို ကျမ်းညို၍ ပြလိုက်ခြင်းဖြစ်ပါသည်။ သဘောမကျသေးက တပါးသောပညာရှင်များနှင့် ဆွေးနွေးနှိုးနှောကြည့်ပါဦး။

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၈၊အမှတ်—၁၈)

---

၅-အာကာသခေတ်နှင့် ဝိသယခေတ်တို့၌ ၃၁-ဘုံ ရှိသည်

(က) ဘဂဝါ ဝေဒဝေါစ၊ ယာဝတာ အာနန္ဒ စန္ဒိမ-သူရိယာ ပရိဟရန္တိ။ပ။သဟဿံ ဗြဟ္မလောကာနံ။ အယံ ဝုစ္စတာနန္ဒ သဟဿီ စူဠနိကာလောကဓာတု။ (အင်္ဂုတ္တရ-ပါ-၂၂၈။)

ဤပါဠိတော်စကားရပ်သည် စကြဝဠာတခု၌ လတခု၊ နေတခု၊ မြင်းမိုရ်တောင်တခု၊ ကျွန်းကြီးလေးကျွန်း၊ မဟာသမုဒ္ဒရာလေးစင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်နှစ်ဆယ်ရှိကြောင်းကို ညီတော်

အာနန္ဒာအား အဘိညာဉ်ရ-သာဝကတို့၏ အသံပျံ့နှံ့ရာ တထောင်အရေအတွက်ရှိသော ငယ်သော လောကဓာတ်ကို မိန့်ကြားတော်မူသော စကားရပ်ဖြစ်ပါသည်။

ဤစကားတော်အရ ပရိတ်တော်၏ အာဏာစက်ပျံ့နှံ့ရာ အာဏာခေတ်နှင့် အဆုံးမရှိသော သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ အာရုံဖြစ်သော အဆုံးမရှိသော အနန္တစကြဝဠာ ဝိသယခေတ်တို့၏အတွင်း၌လည်း တခုတခုသော စကြဝဠာ၌ တခုတခုသော နေ၊ တခုတခုသော လ၊ တခုတခုသော မြင်းမိုရ်တောင်၊ လေးခုလေးခုသောကျွန်းကြီး၊ လေးစင်းလေးစင်းသော မဟာသမုဒ္ဒရာ၊ လေးယောက် လေးယောက်သော မဟာရာဇ်နတ်မင်းကြီးများ၊ ခြောက်ထပ်ခြောက်ထပ်သော နတ်ပြည်၊ နှစ်ဆယ်နှစ်ဆယ်သော ဗြဟ္မာပြည်များ အသီးသီးရှိနေကြမည် ဖြစ်ပါသည်။ သို့ပါ၍ "အာဏာခေတ်နှင့် ဝိသယခေတ်တို့၌ လည်း (၃၁) ဘုံရှိသည်"ဟု မှတ်ယူရပါမည်။

(ခ) နောက်တမျိုးကား ဘုရားရှင်သည် ရှေးရှေးသော ဘုရားရှင်တို့၏ တံထွာ ဓမ္မတာအတိုင်း မဟာဝုန်တောကြီး၌ မဟာသမယသုတ်ကို ဟောတော်မူစဉ်က မဟောမိတသောင်းသော စကြဝဠာမှ လာရောက်ကြကုန်သော များပြားလှသည့် နတ်ဗြဟ္မာအပေါင်းတို့၏ စိတ်အကြံကိုသိတော်မူ၍ (အတ္ထိ ပန ကတ္ထစိ အညော ဗုဒ္ဓေါတိ အနန္တာသု လောကဓာတူသု အနန္တံ ဉာဏံ ပတ္ထရိတွာ ဩလောကေန္တော န အညံ ဗုဒ္ဓံ အဒ္ဒသ။ (သုတ်မဟာဝါနှင့် သုတ္တနိပါတ-ဋ္ဌ)

တစုံတခုသောစကြဝဠာ၌ တပါးသောဘုရားရှိသေးလလော ဟု-အကြံဖြစ်တော်မူ၍ အဆုံးမရှိသော စကြဝဠာ အနန္တ လောကဓာတ်တို့၌ အဆုံးမရှိသော သဗ္ဗညုတဉာဏ်တော်ကို ဖြန့်တော်မူ၍ ကြည့်ရှုတော်မူသည်ရှိသော် မိမိမှတပါးသောဘုရားကို မြင်တော်မမူဟု ဖွင့်ပြတော်မူသည်။

ဤစကားရပ်၌ "ကြည့်ရှုတော်မူသည်" ဟူသော စကားတော်ကိုထောက်သော်-အနန္တစကြဝဠာတို့၌ အကြည့်အရှုခံ အာရမ္မဏိကဖြစ်ထိုက်သည့် ၃၁-ဘုံသားတို့သည် ရှိ၏ဟူ၍ပင် မှတ်ယူရပါမည်။

မှတ်ချက်။ ။ (က) အမှတ်ပြအဖြေသည် ဝိနိစ္ဆယကျမ်းလာ မိုင်းခိုင်းဆရာတော်၏ အဖြေကိုမှီး၍ ဖြေဆိုလိုက်ပါသည်။

(ဗုဒ္ဓဓမ္မလောကအတွဲ-၁၈၊ အမှတ်-၄၄)

## ၆—ရဟန္တာဟူကမပုဝ်ရ

(အတွဲ-၁၆၊ အမှတ်-၄၀၊ မျက်နှာ-၁၀၊ ဦးသောမဒတ္တ (မင်းလှ)၏အမေးကို....ဖြေဆိုသည်။)

နိက္ကိလေသာနံ မတသရိမ္ဗိ ဒုဂ္ဂန္ဓိ န ဟောတိ။
(သုတ္တနိပါတ ဋ္ဌ၊ ပ-၃၀၃၊ အာမဂန္ဓသုတ်)

ကိလေသာမရှိကုန်သော၊ကိလေ သာမှကင်းကုန်သောပုဂ္ဂိုလ်တို့၏ အလောင်းကောင် (အလောင်းတော်သည်) မကောင်းသောအနံ့(ပုပ်သောအနံ့)မဖြစ် (မရှိ)ဟု ဖွင့်ပြတော်မူသည်ကို

ထောက်သော် ကိလေသာကင်းစင် ရဟန္တာအရှင်တို့၏အလောင်းတော်ဟူက မပုပ်ရဟု မှတ်ယူရပါမည်။

ထို့နောက် မျက်မြင်ပုဂ္ဂိုလ်များ ရှိသေးသောကြောင့် မျက်မှောက်ခေတ်ဟုပင်ဆိုထိုက်သော ဘုန်းတော်ကြီးဦးသီလ၏ ထေရုပ္ပတ္တိ၊ စွန်းလွန်းထေရုပ္ပတ္တိ၊ မိုးကုတ်ထေရုပ္ပတ္တိများကို ဖတ်ရှုရခြင်းနှင့် အလောင်းတော်များကို ကိုယ်တိုင်ဖူးတွေ့ရသူတို့၏ ထံမှသုတစကား တဆင့်ကြားသိရသည်များကို ထောက်သော် အဋ္ဌကထာလာစကားတော်နှင့်မပြား တသားတည်း ဖြစ်နေသည်ကို မှတ်သိရပါသည်။ အထူးသဖြင့် မိုးကုတ်ဆရာတော်၏အရိုးဆက်များသည် ချိတ်ဆက်များဟု သိရပါသည်။ (ဒီဃနိကာယ်နှင့် မဇ္ဈိမပဏ္ဏာသ ပါ-ဌတို-ဌ) ဘုရားရှင်တို့မှာ သံကွင်းဆက်၊ ပစ္စေကဗုဒ္ဓါတို့မှာ ချိတ်ဆက်၊ ကျန်ပုဂ္ဂိုလ်တို့မှာ တွေ့ဆက် ဆက်ကြောကြောင်းကို မိန့်ဟာဖွင့်ပြသည်များကို ထောက်သော် မိုးကုတ်ဆရာတော်မှာ ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း မှတ်သိရပါမည်။

ဘုန်းတော်ကြီး ဦးသီလ၏ ထေရုပ္ပတ္တိမှာ ၁၂၆၉-ခု၊ ကဆုန်လဆုတ် ၄-ရက်၊ တနင်းလာနေ့ နံနက် ၇-နာရီ ခန့်မှာ စံလွန်တော်မူ၍ တပို့တွဲလဆုတ် ၃-ရက်နေ့ နံနက် ၈-နာရီခန့်မှ ၁၁-နာရီဘွင် ဈာပနကိစ္စပြီးစီးသည်။ အညှော်နံ့၊ အပုပ်နံ့၊ မရ။ နံ့သာနံ့သာရသည်ဟူ၍သည်းကောင်း။ (ဤလတရက်သျှော့ချ ဘာလကြာအောင်) အလောင်းတော်ကို စောင့်ရှောက်ကြသူများက သွားဘော် လက်သည်းတော် များကို အဖူးအမြော်သာသူများ ချွတ်ယူခွာယူမည်စိုးသောကြောင့် နဝရတ်

ဖြင့်ပြီးသော မှန်ခေါင်းကို ကြေးသေတ္တာခေါင်း၌ ထည့်ပြီးလျှင် သံတိုင်တံခါးအတွင်း ညောင်စောင်းသလွန်ထက်၌ တင်တယ်စွာ ထားကြရလေသည်။ လေးဘက်လုံး တံခါးတို့၌ ယောက်ျားကြီး ၄-ယောက် တယောက်ယောက် အမြဲ စောင့်ရလေသည်-ဟူ၍ လည်းကောင်း၊ အခလောင်းတော်မှာ ခေါင်းလဲစတွင် မူလရုပ်ပုံမှ ချွတ်ယွင်းချက်မရှိ၊ နောက်၌ ရွှေချလိုသူတို့ကြောင့် ရွှေတုံးကြီး သဖွယ် ဖြစ်နေ၏-ဟူ၍လည်းကောင်း ဖတ်ရှုရသဖြင့် ထို အရှင်မြတ်တို့သည် အဋ္ဌကထာလာ စကားတော်နှင့်အညီ မပုပ်သော ရဟန္တာအရှင်မြတ်တို့ပါပေတည်း-ဟု ဝမ်းမြောက် ဝမ်းသာ ယုံကြည်စွာနှင့် မှတ်ချက်ချရမည်သာတည်း။

[ဗုဒ္ဓဓမ္မလောက]

---

## ၇-တရားအားထုတ်တဲ့အခါ

(အတွဲ-၁၀၊ အမှတ်-၁၂၊ စာမျက်နှာ-၂၊ အရှင်ဉာဏ (သာယာကွင်း)၏ အမေးကို....ဖြေဆိုသည်။)

အခမေး၌(၁)''ခန္ဓာကိုယ်ကိုသက်သာသလိုနေ၍ တရားနှလုံးသွင်း ဆင်ခြင်သူ''ဆိုရာတွင်-ကာမသုခလ္လိကာနုယောဂ-အစွန်းမလွတ်လောက်အောင် သက်သာခိုလှုန်းသူသည် လည်းကောင်း၊ (၂) ''ခန္ဓာကိုယ်ကိုအပင်ပန်းခံပြီး တရားနှလုံးသွင်း ဆင်ခြင်သူ'' ဆိုရာတွင်လည်း-အတ္တကိလမထာနုယောဂ-အစွန်းမလွတ်လောက်အောင် အပင်ပန်းခံလှုန်းသူသည်လည်းကောင်း သမာဓိကို မရနိုင်ပါ။ သမာဓိကိုမရက သမာဓိရမှ ဖြစ်ပေါ်လာမည့်

ဝိပဿနာဉာဏ် မဖြစ်ပေါ်နိုင်ပါ။ ဝိပဿနာဉာဏ်မှ မဖြစ်ပေါ်လျှင် ထိုသူနှစ်ဦးလုံး တရားမပေါက်ရောက်နိုင်–ဟု ဖြေဆိုရပါမည်။

ထိုအစွန်းနှစ်ပါးမှလွတ်အောင် တရားနှလုံးသွင်း နေသူများ ဖြစ်ပါမူ (ယုန်နှင့်လိပ်ကို ပုံပြဆို ထိုထိုများ ကျမ်းဂန်–ဆိုတဲ့ ယုန်နှင့်လိပ်ဥပမာလို) ၁-နံပါတ်လူသည် တရားပေါက်ရောက်စေကာမူ ဖြည်းဖြည်းမှ ပေါက်ရောက်ပါမည်။ ၂-နံပါတ်လူသည် ၁-နံပါတ်လူထက်စောပြီး (မြန်ပြီး) တရားပေါက်ရောက်နိုင်မည်–ဟု ဖြေဆိုရပါမည်။

ခဲ့ပါရစေ။ ။တရားအားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ သဒ္ဓါ, အာရဒ္ဓဝီရိယ, ပညာဝါ–ဟူသော ပဓာနိယင်္ဂ (၅) ပါးနှင့်ပြည့်စုံရမည်ဟူ၍ (ဒီဃ ၃၊ ပါ-၁၉၀၊ ၎င်း ၄–၂၁၂။ အံ ၅၊ ပါ-၅၆၊ ၎င်း ၄ ၂၆-၃၁) မိန့်ဟာ မွှင့်ပြတော်မူပါသည်။ ၎င်း ၅–ပါးကိုပင် ပညာရှင်များက–

> ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်ကာဖြင့်၊ လွန်စွာ အားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါး အင်၊ မှန်ပင်မဂ်ရကြောင်း။ –

ဟုစပ်ဆိုတော်မူကြသည်။

ဤအခေါ မှာ အာရဒ္ဓဝီရိယ-လွန်စွာ အားထုတ်မှု ဆိုသည့် အင်္ဂါနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ဤ အာရဒ္ဓဝီရိယ-ဟူသည် ''မလျော့မတင်း စောင့်ကြိုးညင်း'' ဟူသကဲ့သို့ တရား

အားထုတ်ရာ၌ အားကြီးသောလုံ့လ၊ မြဲမြံသောလုံ့လ၊ ဝန်မချသောလုံ့လရှိစေပြီး မဇ္ဈိမပဋိပဒါကျအောင် ခန္ဓာကိုယ်ကို အလွန်လည်းသက်သာမခိုး၊ အလွန်လည်းပင်ပန်းမခံပဲ အားထုတ်ဆဲ ဣရိယာပုထ်၏ အတော်အတန် တောင့်တင်း ပြောင်းညာကိုက်ခဲ နာကျင် ထုံထိုင်းမှုစသည့် ဆင်းရဲကို သည်းခံပြီး(ဘုရား, တရား, သံဃာ-ရတနာသုံးပါးအပေါ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းဟူသော) သဒ္ဓါတရားကို မွေးမြူလျက် ကိုယ့်ကိုကိုယ် မစဉ်းလဲ မလှည့်စားပဲ အားထုတ်ဆဲတရားကို ဆက်လက်အားထုတ် ရှုမှတ်ပွားများ၍ နေရပါမည်။

သို့မဟုတ်"တောင့်လျှင်တောင့်တယ်၊တင်းလျှင်တင်းတယ်" စသည်ဖြင့် ပေါ်လာသည့်ဝေဒနာကိုပင် ရှုမှတ်ပွားများ၍ နေရပါမည်။ မခံသာသည့်အဆုံးမှ သက်သာမည်ထင်သည့် ဣရိယာပုထ်တပါးသို့ ပြောင်းလဲ၍ ဆက်လက်ပြီး ပေါ်လာရာအာရုံကို ရှုမှတ်ပွားများ၍နေရမည်-ဟု ဆိုလိုပါသည်။ သို့မှသာ မိမိတို့လိုလားသည့်တရားအဆင့်သို့ ရောက်နိုင်ပါမည်။ ဤသည်ကိုရည်၍ (အနာခံမှ အသာစံရမည်၊ သုခလို ဒုက္ခနှင့်ရင်းနှီးရမည်၊ အရိပ်မလာခင် နေပူမှစောင့်ရမည်) ဟူသော စကားပုံများကို ပညာရှင်တို့ မိန့်ဆိုတော်မူခဲ့သည်။

ထိုမှတပါး....

သုခံ ဒုက္ခေန ကိနန္တိ၊ ဒုက္ခာ ဘီတာ သုခံ နေဝ။
အဘီတာဝ သုခံ လဒ္ဓါ၊ တေန ဒုက္ခေန ကိနာထ။
(လာဘမေဓနီကျမ်းမှ)

သုခံ၊ ချမ်းသာကို။ ဒုက္ခေန၊ ဆင်းရဲဖြင့်။ ကိစ္စန္တိ၊ ဝယ်ယူကြရကုန်၏။ ဒုက္ခာ၊ တရားကိုအားထုတ်ရာ၌ ဖြစ်ပေါ်၍လာသော ဆင်းရဲခြင်းမှ။ ဘီတာ၊ ကြောက်ရွံ့၍ နောက်တွန့်ကာ နေကြပါကုန်မူကား။ သုခံ၊ စျာန်, မဂ်, ဖိုလ်-ဟူသော ချမ်းသာကို။ နေဝ လဒ္ဓါ၊ မရကြကုန်သည်သာတည်း။ အဘီတာဝ၊ ပမာဒိယံ ဝဋ်ဆင်းရဲခြင်းမှ မကြောက်မရွံ့ နောက်မတွန့်ကြကုန်သော သူတို့သည်သာလျှင်။ သုခံ၊ စျာန်, မဂ်, ဖိုလ်-ဟူသော ချမ်းသာကို။ လဒ္ဓါ၊ ရကြကုန်သည်သာတည်း။ တေန၊ ထို့ကြောင့်။ ဒုက္ခေန၊ ပမာဒိယ အာရဒ္ဓဝီရိယဟူသော ဆင်းရဲဖြင့်။ သုခံ၊ စျာန်, မဂ်, ဖိုလ်-ဟူသော ချမ်းသာကို။ ကိနာထ၊ မရမနေ ဝယ်ယူကြကုန်လော့။

(ဗုဒ္ဓဓမ္မလောက)

---

## ၈ – လောင်းတော်ပျိစဉ် မြိုင်မခိုဝင်တာ နတ်,သိကြား,ဗြဟ္မာ စိုးထင်မှာကြောင့်

(အတွဲ – ၁၇၊ အမှတ် – ၃၊ စာမျက်နှာ – ၁၊ အရှင်ကောသလ္လ၊ (ရေးမြို့) ၏အမေးကို....ဖြေဆိုသည်။)

ဘုရားလောင်းဟူက သားတယောက်ရမှ တောဝမြိုင်လယ် ခိုကြတယ်။ အကြောင်းသော်ကား-နုထွားပျိစဉ် တောသို့ဝင်လျှင် မယားနှင့်သား ထင်ရှားလူ့ရွာ မရှိပါမူ ဤသည့်သူကား နတ်လား? သိကြားလား? ဗြဟ္မာလား?ဟု ထင်မှားစရာ ကြောင်းပေါ်လာမည်။ နတ်လား? သိကြားလား?

ဖြဟ္မာလား?ဟု ထင်မှားစရာ ကြောင်းပေါ်လာမူ အံ့ချီး ခြင်းငှာ မထိုက်ရာဟု ဗိုလ်လူအများ အထင်မှားမည်။ ထင် မှားပါမူ နာယူမပြု ယုံကြည်မှုမှာ ကင်းသည်တကြောင့် သစ္စာလေးပါး မြတ်တရားကို သိထားခြင်းငှာ မစွမ်းရာဘူး။ သစ္စာလေးပါး မြတ်တရားကို သိထားခြင်းငှာ မစွမ်းပါမူ ဘုရားဖြစ်ရ နိရုတ္တမို့ ဝဋ်မှထွက်ရာ မဟုတ်လာဘူး-အကြောင်း ထူးကို လောင်းထူး (တော်) ဟူသမျှ ကြံသိကြ၍ ကြင်ယာ သက်လယ် မဆက်သွယ်မိ မြိုင်ဆိတောဝ မခိုကြဟု မှတ် ကြလေပါ မဟာဝါ-ဌ သုတ်မှာပြသည် နောင်လာ့နောင် လာအစဉ်တည်း။ (သုတ်မဟာဝါ ဌ ၁၅- ကို မှီးသည်။)

(ဗုဒ္ဓမ္မလောက)

---

## ၄—နတ်သားတယောက်နတ်သမီးကညာ တဘက်ငါးရာ

(အတွဲအမှတ်-၂၆၊ အမှတ်-၂၆၊ မှ အရှင် ဝါသဝ၏ အမေးကို .... ဖြေဆိုသည်။)

တာဝတိံသာနတ်ပြည်၌ မာလာဘာရီမည်သော နတ်သား တယောက်သည် နတ်သမီးတထောင် ခြံရံလျက် ဉယျာဉ်သို့ ဝင်ရာ ငါးရာသောနတ်သမီးတို့က ပန်းပင်ပေါ်တက် ပန်းခူး၊ ကျန်ငါးရာသောနတ်သမီးတို့က ကြွေကျလာသော ပန်းတို့ကို ကောက်ယူပြီး နတ်သားကို တန်ဆာဆင်ကြကြောင်း (ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ပတိပူဇိကာဝတ္ထု၌) လာသည်ကို ထောက်၍လည်း ကောင်း၊

နတ်သားတယောက်လျှင် အချို့မှာ တထောင်မက ပဲ နတ်သမီး အခြံအရံ ၂-ကုဋေ-၂၊ သန်း၊ အချို့မှာ ၉-ကုဋေမျှပင်ရှိကြောင်း (မဇ္ဈိမနိကာယ ၃-ဌ ၁၁၁-၅) မိန့်ဆိုထားသည်ကိုထောက် ၍လည်းကောင်း အမှန်ကိုမြင် ဒေမှားပြင် ဉာဏ်တွင်ရှင်းကြ ပါစေသတည်း။

(ဗုဒ္ဓဓမ္မလောက)

---

## ၁၀ ဒါနပြုရာ၌ ဝိပဿနာရှုသင့်-မရှုသင့်

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၈၊ အမှတ်-၃၆၊ ဦးအောင်သန်း၊ (အောင်လံမြို့)၏ အမေးကို....ဖြေဆိုသည်။)

ဒါနပြုရာ၌ အလှူခံပုဂ္ဂိုလ်၏ဂုဏ်ကို ကြည်ညို၍ မွန်မြတ်သော စေတနာဖြင့် လှူဒါန်းခြင်းထက် အလှူပေးပုဂ္ဂိုလ်ဟု ဆိုအပ်သော မိမိကိုယ်ကို လည်းကောင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းကို လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ကို လည်းကောင်း ရုပ်တရား, နာမ်တရားတို့ကို ဖြစ်ပျက်ထင်အောင် ရှုမှတ်၍လှူဒါန်းခြင်းက ပို၍မြတ်သောအကျိုးကို ဖြစ်စေနိုင်ပါသည်။

သာဓက။ ။စိတ္တာလင်္ကာရစိတ္တပရိက္ခာရဒါနမေဝ သေဋ္ဌန္တိ။

လှူဒါန်းတဲ့အခါမှာ သမထဝိပဿနာ ဘာဝနာတို့ဖြင့် ခြံရံ၍ လှူဒါန်းအပ်သော အလှူသည်သာ အမြတ်ဆုံးအလှူဖြစ်၏-ဟူ၍ (အင်္ဂုတ္တရ-အဋ္ဌကနိပါတ်၌) မြတ်စွာဘုရားသည် ဟော ကြားတော်မူသောကြောင့်ပါတည်း။

မှာထားချက်။ ။ဒါနနှင့်စပ်၍ တော်တော်ကလေး စုံစုံလင်လင် ကြည့်ရှုလိုပါလျှင် အင်္ဂုတ္တရမြန်မာပြန် တတိယအုပ်၊ စာမျက်နှာ ၇၀-မှ ၇၆-အထိ ကြည့်ရှုပါလေ။

(ဗုဒ္ဓဓမ္မလောက)

---

## ၁၁-ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလ

(အဘဲ့-၁၆၊ အမှတ်—၄၄၊ ဦးသောမဒတ္တ (မင်းလှ)၏ အမေးကို....ဖြေဆိုသည်။)

ငါးပါးသီလ ယူကာမျှဖြင့် အာဇီဝဋ္ဌမကသီလ မရပါ။ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးကိုပယ်၍ ကာယ, ဝစီသုစရိုက်တရား ၂-ပါးကို ဖြည့်ကျင့်မှသာ အာဇီဝဋ္ဌမက သီလကို ပြည့်စေ၏။ (ဒီ-၁၊ သီလက္ခန္ဓ ၄-၂၈)

အာဇီဝဋ္ဌမကသီလသည် ဒွါရ ၂-ပါး၌ဖြစ်၏။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလကို ပြခြင်းငှာ သီးခြားဟောတော်မူ၏။ ဒီဃ-၂၊ မဟာဝဂ္ဂ ၄-၃၂၅-တို့၌ ဖွင့်ပြထားသည်ကို ထောက်၍ လည်းကောင်း၊ အဋ္ဌသာလိနီ-စသော အဘိဓမ္မာကျမ်းများ၌လည်း ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာတို့ကို ကမ္မပထမြောက်—မမြောက် အင်္ဂါလက္ခဏာဖြင့် ဖွင့်ပြထားသည်ကိုထောက်၍ လည်းကောင်း သိခြားမယူပဲ ငါးပါးသီလကို ယူကာမျှဖြင့် အာဇီဝဋ္ဌမကသီလကို မရနိုင်—ဟု မှတ်ယူရပါမည်။

ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော် ၄၀–၌ သမ္မာဝါစာကို ပြရာတွင် ငါးပါးသီလ၌ပါသော မုသာဝါဒလည်းပါနေ၍ တနည်းဆိုသော် ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာတို့သည် မုသာဝါဒ၏ အသင်းအပင်းများ ဖြစ်နေပါ၍ ငါးပါးသီလ၌ အကျုံးဝင်သည်ဟု သာမညအားဖြင့် မှတ်ထင်သောကြောင့် ဤအဖြေလွှာရေးသူ အရှင်သည်ပင်လျှင်.... (၁၂၉၆-ခုနှစ် လောကက ပခုက္ကူနိကာယ၊ ရေနံချောင်းမြို့၊ တွင်းကုန်းပုဗ္ဗာရုံ ကျောင်းတိုက်၌ နေစဉ်က ဓမ္မာစရိယ ဖြစ်တော်မူသော စာချ အကျော် ဆရာတော် ဦးကုသလသည် သီတင်းနေ့များ၌ ဒကာ ဒကာမများကို ၉-ပါးသီလကိုမပေးမိ အာဇီဝဋ္ဌမကသီလကို စ၍ပေးလေ့ရှိပါသည်။)

—ဆရာတော်ဦးကုသလအား တနေ့သောည၌ ဝတ်ပြုစဉ် လျှောက်ထားမိသည်မှာ....၉-ပါးသီလထဲမှာ မုသာဝါဒ-ပါပြီးဖြစ်ပါလျက် ရှေ့ဦးစွာ အာဇီဝဋ္ဌမကသီလပေးသည်ကို သိလိုပါသည်—ဘုရားဟု လျှောက်ထားရာ....မုသာဝါဒပါပေမယ့် ပိသုဏဝါစာ-စတဲ့သုံးပါက မပါသေဘူး၊ သူတို့ကလဲ အင်္ဂါသီးခြားရှိတယ်။ ဒါကြောင့် သီးခြားခွဲပြီးပေးရတာပေါ့။ စင်စစ်တော့ အာဇီဝဋ္ဌမကသီလဆိုတာ ငါးပါးသီလ၏အမွမ်းတင် တန်ဆာဆင်သီလပါပဲ။ လောကလူများမှာ ငါးပါးသီလသည် ဝတ်မြဲအဝတ်နှင့်တူ၍ အာဇီဝဋ္ဌမကသီလသည် ပိုမိုတင့်တယ်အောင် ဝတ်စားဆင်ယင်ခြင်းနှင့်တူ၏-ဟု အမိန့်ရှိဖူးပါသည်။ (ဗုဒ္ဓဓမ္မလောက)

## ၁၂—ငါးပါးသီလယူက အာဇီဝဋ္ဌမကသီလ ရ—မရ

**အမေး။** ။ပဉ္စသီလ ဆောက်တည်ကလျှင် အာဇီဝဋ္ဌမက ရ-မရကို သာဓကဆောင် ပညာရောင်နှင့် မြန် ဘောင်လမ်းစည် အာဇာနည်တို့ ပြည်သူပြည်သား မဒေယောင် ဝါးအောင် ဘုရားပါဠိ လိုတော်သိသား နုမတိဆရာ အဋ္ဌက ထာကို ယထာဘူတ အာဘော်ချ၍ ပြရန်နက်လေး ယခုမေး၏။ တွေးဆမြန်ဘောင် ဤစာစောင်သည် တပေါင်သိုက်စာ မဟုတ်ပါပဲ ဗုဒ္ဓဝါဒ သုတ်ဓမ္မနှင့် ဝိနယအဘိ နှစ်အတိမို့ မသိဝိုးဝါး ရှင်လူများ၏ လေးစားယုံကြည် ခံတရည်သည် မြန်ပြည်ဇောတိရသရှင့်။

ဦးသောမဒတ္တ—မင်းလှ
(ဗုဒ္ဓဓမ္မလောက)

**အဖြေ။** ။ငါးပါးသီလ ယူခါမျှဖြင့် အာဇီဝဋ္ဌ ရ—မရ ကို တင်ပြဖြေလှာ ဤရွေစာဖြင့် မြန်ဘောင် အတွင်း ဉာဏ်ရောင်လင်းသည့် အချင်းထိုထို မြတ်ပုဂ္ဂိုလ်တို့ သို့လားသို့လား မဝိုးဝါးပဲ အမှန်ကိုမြင် အမှားပြင် ဉာဏ် တွင်ရှင်းကြပါစေသတည်း။

အဘယ့်ကြောင့်ဆိုသော်—ငါးပါးသီလမှာပါသည့် မုသာဝါဒနှင့် အာဇီဝဋ္ဌမကသီလမှာပါသည့် ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာတို့သည် ကိစ္စအားဖြင့်လည်းကောင်း၊ ဌာနအားဖြင့်လည်းကောင်း၊ အင်္ဂါအားဖြင့်လည်းကောင်း၊ မဂ္ဂဝဇ္ဇအားဖြင့်လည်းကောင်း၊ သိက္ခာပဒအားဖြင့်လည်း

ကောင်း၊ အဓိပ္ပာယ်အားဖြင့်လည်းကောင်း မတူကွဲပြား ခြားနားကြပါသောကြောင့်တည်း။

## ရှင်းလင်းချက်

(ကိစ္စ, ဌာန, အင်္ဂါအားဖြင့်တော့ ရှင်းစရာလိုအံ့မထင်ပါ။) မဂ္ဂဝဇ္ဈအားဖြင့်-မုသာဝါဒကိုသောတာပန်ကပယ်သည်။ပိသုဏာဝါစာနှင့် ဖရုသဝါစာကို အနာဂါမ်ကပယ်သည်။ သမ္ဖပ္ပလာပဝါစာကို ရဟန္တာကပယ်သည်။ ဝိသုဒ္ဓိမဂ် ဋ္ဌ-ဋ္ဌ အကုသလကမ္မပထေသု ပါဏာတိပါတော။ ပ။ သမ္ဖပ္ပလာပါ-ဘိဇ္ဈာ စတုတ္ထဉာဏဝဇ္ဈာ-ဟူ၍ ဖွင့်ပြတော်မူသည်ကို လည်းကောင်း၊ အဓိပ္ပာယ်အားဖြင့် မုသာဝါဒသည် ဝိသံဝါဒနပုရေက္ခာရ၊ ပိသုဏာဝါစာသည် ဘေဒနာဓိပ္ပာယ၊ ဖရုသဝါစာသည် အက္ကောသာဓိပ္ပာယ၊ သမ္ဖပ္ပလာပဝါစာသည် နိရတ္ထကာဓိပ္ပာယ-ဤသို့ အဓိပ္ပာယ်ကွဲပြား ခြားနားသည်ကိုလည်းကောင်း၊ သိက္ခာပဒအားဖြင့် ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာတို့ကို ပြောဆိုကာမျှဖြင့် မုသာဝါဒသိက္ခာပုဒ် မပျက်သည်ကို လည်းကောင်း၊ မုသာဝါဒါဝေရမဏီ၊ပိသုဏာဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပဝါစာ ဝေရမဏီ....ဤသို့အားဖြင့် အသီးအသီး တခုစီ တခုစီ ဒွါရသုံးပါးတွင် တပါးပါးဖြင့် ဆောက်တည်ရမည်ကို ဓမ္မသင်္ဂဏီ ဋ္ဌ-ဋ္ဌ မုသာဝါဒါ ဝေရမဏီ တိအာဒိစတ္တာရိ သိက္ခာပဒါနိ။ပ။ သမုဋ္ဌာတိ-ဟူ၍ ဖွင့်တော်မူသည်ကို လည်းကောင်း-ထောက်ဆပြီး ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလ တူ-မတူ ငါးပါးသီလ

ယူခါမျှဖြင့် အာဇီဝဋ္ဌမကသီလ ရ-မရကို ပညာရှင်များ စဉ်းစားဆင်ခြင် ဉာဏ်သက်ဝင်၍ ဆုံးဖြတ်တော်မူနိုင်ကြပါစေရန် ထပ်မံ၍တင်ပြအပ်ပါသတည်း။

**အမှာ။** ။ဤအဖြေရှင်သည်ပင် ဤအမေးကို အတွဲ (၁၇) အမှတ် (၈)၌ ဖြေဆိုခဲ့ဖူးပါပြီ။ အာဇီဝဋ္ဌမကသီလနှင့်စပ်၍ အောက်ဖော်ပြပါကျမ်းများ၌ အကျဉ်းအကျယ် မိန့်ဟဖွင့်ပြထားသည်များလည်း ရှိပါသေးသည်။

(ဒီဃ ၁၊ ဋ္ဌ-၂၀၁။ ဒီဃ ၂၊ ပါ-၂၂၃၊ ဋ္ဌ-၃၂၅။ သုတ္တ ဋ္ဌ၊ ဒု-၁၁၁။ ဝိသုဒ္ဓိ ပ-၁၂။ နေတ္တိ ပါ-၁၆၂၊ ဋ္ဌ-၂၆၆။ ပဋ္ဌိသံ ပါ-၄၀။ အဘိ ၂၊ ပါ-၂၅၅၊ ဋ္ဌ-၁၀၉၊ ၃၁၈။)

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၈၊ အမှတ်-၄၊)

## ၁၃-ဘာဒန္တနှင့်ဘဒ္ဒန္တ

(ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ-၂၆၊ အမှတ်-၃၀၊ ကုမာရ (မင်းလှ)၏အမေးကို....ဖြေဆိုသည်။)

ရဟန်းတော်တို့ ဘွဲ့အမည်၏ရှေ့မှာ အရှင်ဟူသော မြန်မာစကားမှာ ဘဒန္တ,ဘဒ္ဒန္တ,ဘန္တေ—ဟူသောပါဠိသဒ္ဒါတို့၏အနက်ဟု မှတ်ပါ။ ဘဒန္တနှင့်ဘဒ္ဒန္တ ၂-ပုဒ်ကို ကစ္စည်းသဒ္ဒါကျမ်း၌ မတွေ့ရပါ။ ဘန္တေကိုသာ ဘောဂေတု—ဟူသောသုတ်၌ တုသဒ္ဒါဖြင့် ဘဝန္တသဒ္ဒါကို ဘန္တပြုစီရင်တာ တွေ့ရပါသည်။

ရူပသိဒ္ဓိ၌ ဘဒန္တဿ ဘဒ္ဒန္တ ဘန္တေ-ဟူ၍ သုတ်တည်ရှိပါသည်။

(အနက်)ဂေ၊ ဂ—အမည်ရှိသော သိဝိဘတ်ကြောင့်လည်း ကောင်း။ ယောသု၊ ယော၊ဝိဘတ်တို့ကြောင့်လည်းကောင်း။ ဘဒန္တဿ၊ ဘဒန္တသဒ္ဒါ၏။ ဘဒ္ဒန္တဘဒန္တေ၊ ဘဒ္ဒန္တအပြု ဘဒန္တေ အပြုတို့သည်။ ဝါ၊ အချို့သဖြင့်။ ဟောန္တိ၊ ဖြစ်ကုန်၏—ဟူ၍ လည်းကောင်း၊

သဒ္ဒနီတိ၌ ဘဒ္ဒန္တဿ ဝါ ဘဒန္တေ ဂေ—ဟူ၍ သုတ်ရှိပါ သည်။

(အနက်) ဂေ၊ ဂ—အမည်ရှိသော သိဝိဘတ်ကြောင့်။ ဘဒ္ဒန္တဿ၊ဘဒ္ဒန္တသဒ္ဒါ၏။ဘဒန္တေ၊ဘဒန္တအပြုသည်။ဝါ၊ အချို့ သဖြင့်။ ဟောတိ၊ ဖြစ်၏။—ဟူ၍လည်းကောင်း ပြဆိုတော်မူ ကြသည်ကိုထောက်သော် ဘဒန္တနှင့် ဘဒ္ဒန္တသဒ္ဒါတို့သည် သဒ္ဒါ အနေကွဲပြားသော်လည်း (ရှေ့နောက်အပြန်အလှန် ကာရီ— ကာရီယပြုနိုင်ကြသည်ဖြစ်ပါ၍) အနက်သဘောအားဖြင့် မကွဲ ပြားဟု မှတ်ရပါမည်။

၎င်းဘဒန္တပုဒ်ကို ဘဒန္တောတိ ဂုဏဝိသေသယုတ္တော-ဟူ၍ (ထေရ ဌ၊ ဒု-၁၆၉—၌) ဖွင့်ပြတော်မူသည်ကို ထောက်သော် ဂုဏ်ထူး ဝိသေသရှိသော ပုဂ္ဂိုလ်များ၏ ဘွဲ့အမည် ရှေ့မှာသာ ဘဒန္တ, ဘဒ္ဒန္တ=အရှင်ဟူသော ပုဒ်များကို ထည့်၍ (ထား၍) သုံးသင့်ကြောင်း ဖြေကြားအပ်ပါသည်။

(ဗုဒ္ဓမ္မလောက အတွဲ—၂၆၊ အမှတ်-၃၄)

## ၁၄-ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုပယ်သတ်ရာဝယ်

(အတွဲ-၁၇၊ အမှတ်-၁၉၊ စာမျက်နှာ-၃၊ (ပန်းတနော်) အရှင်သီလာစာရ၏ အမေးကို....ဖြေဆိုသည်။)

**အမေး၌ ၂-ပိုင်းပါ၍ (က-ခ) ၂-ပိုင်းခွဲ၍ ဖြေဆိုပါမည်။**

(က) ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ပယ်သတ်ရာ၌ ယောဂီပုဂ္ဂိုလ်တို့သည် ကွေးခြင်း, ဆန့်ခြင်း-စသော ကိုယ်အမူအရာတခုတခုကို ရှုမှတ်ရာတွင် ခန္ဓာငါးပါးတို့သည် တပြိုင်နက် တချက်တည်း ပါဝင်ကြကုန်၏။ (ပါဝင်ပုံမှာ) ကွေးသောအမူအရာ သဘောတခုကို ကွေးတယ်ဟု ရှုမှတ်ရာ၌-

၁။ ကွေးတာ-ရူပက္ခန္ဓာ။

၂။ ကွေးလို့ကောင်းတာ မကောင်းတာ-ဝေဒနာက္ခန္ဓာ။

၃။ ကွေးတယ်လို့မှတ်တာ-သညာက္ခန္ဓာ။

၄။ ကွေးမယ်လို့အားထုတ်တာ-သင်္ခါရက္ခန္ဓာ။

၅။ ကွေးဘယ်လို့သိတာ-ဝိညာဏက္ခန္ဓာ။

ဤကဲ့သို့ကွေးသောအခါ ကွေးတယ်လို့မှတ်ရာမှာ ခန္ဓာငါးပါးတို့သည် တပြိုင်နက် တချက်တည်း ပါဝင်လေသောကြောင့် ခန္ဓာငါးပါးကို ကျမ်းဂန်များ၌လာသည့်အတိုင်း တပါးစီခွဲ၍ ရှုမှတ်နေရသည် မဟုတ်ပါ။ ခေါင်းစီးခွဲ၍ ရှုမှတ်နေရသည် မဟုတ်သောကြောင့် ခန္ဓာငါးပါးလုံးပေါ်မှာရှိတဲ့ အတ္တဒိဋ္ဌိကိုလည်း တပါးစီခွဲ၍ ပယ်သတ် နေရသည် မဟုတ်ပါ။

## အကြောင်းပြ၍ရှင်းလင်းချက်

(ကျမ်းဂန်များမှာ ရုပ် ၂၈–ခုသည် ရူပက္ခန္ဓာ၊ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာ စေတသိက်သည် သညာက္ခန္ဓာ၊ ကြွင်းသော စေတသိက် ၅၀–သည် သင်္ခါရက္ခန္ဓာ၊ စိတ် ၈၉ (၁၂၁) ပါးသည် ဝိညာဏက္ခန္ဓာဟူ၍ ပြဆိုကုန်၏။ ဤသို့ သချ်ာကို ရေတွက်ခြင်းသည် ဒေသနာ ပရိယတ်မည်၏။ ဝိပဿနာအလုပ်ကို အားထုတ်ရာ၌ ဒေသနာနည်းကို လိုက်နာ၍ မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဒေသနာတိ ပညတ္တိ–ဟူသော စကားတော်အရ ဒေသနာဟူသည်မှာ ပညတ်မျှသာဖြစ်၏။ ပရမတ်ကို ဉာဏ်ဖြင့် ထိမိအောင် ရှုမှတ်နိုင်မှ ဝိပဿနာ–ဟု ဆိုရလေသည်။ ပရမတ်အရာ၌ သဘောမျှကိုသာ ယူရ၏။ ပရမတ်ကို သိဖို့ရာ သဘောမျှသာဖြစ်၍ ပညတ်မျိုးကဲ့သို့မဟုတ်။ မိမိကမသိသော်လည်း ကွေးသောအခိုက်, ဆန့်သော အခိုက်–စသည်တို့၌ ခန္ဓာငါးပါး တို့သည် မိမိတို့ သဘော အတိုင်း တပြိုင်နက် တချက်တည်း ပါဝင်ကြလေသော ကြောင့်တည်း။

(ခ) ခန္ဓာငါးမှာရှိတဲ့ အတ္တဒိဋ္ဌိကိုပယ်သတ်ရာမှာ မဂ်တခုစီ အတွက်ပယ်သတ်ရမည့်တရားကား တမျိုးစီရှိနေသည်မဟုတ်ပါ။ မည်သည့်မဂ်အဆင့်မှာပဲရှိရှိ–မရှိရှိ–ပယ်သတ်ရှုမှတ်ရမည့် တရားကတော့ (က)အဖြေမှာပြခဲ့သည့်အတိုင်း ကွေးခြင်း, ဆန့်ခြင်းစသော ရုပ်နာမ်တို့၏ဖြစ်ခြင်း ပျက်ခြင်း အမူအရာတခုခုကို အစဉ်မပြတ် ရှုမှတ်ပွားများ ပယ်သတ်နေရပါမည်။ ဤသို့ရှုမှတ်ပွားများပယ်သတ်နေရပါလျှင် ဘဝပါရမီဓာတ်ခံရှိပါက ယခု

ဘဝမှာပင်၊ သို့မဟုတ် ဒုတိယဘဝမှာပင်၊ သို့မဟုတ် အလွန်ဆုံး ၃-ဘဝမြောက်မှာ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့် မြင့်ထက်မြင့်ပြီး နိဗ္ဗာန်တိုင်မြောက် မုချရောက်ရမည်သာတည်း။

(သတိပဋ္ဌာန်-ပါ၊ ဝိသုဒ္ဓိမဂ်-ဋ္ဌ၊ ဒ.ဂုံတ် ၄-ပါး၊ အင်္ဂုတ် ၁-ဋ္ဌ)

(ဗုဒ္ဓဓမ္မလောက)

---

**၁၅—ဝိရောဓိနှင့်ပဋိပက္ခ၊အဓိကနှင့် ပဓာန၊ တာဝန်နှင့်ဝတ္တရား**

(အတွဲ-၁၇၊ အမှတ်-၂၂၊ စာမျက်နှာ-၁၁၊ အကျိုးတော်ဆောင်၏အမေးကို....ဖြေဆိုသည်။)

**၁-ဝိရောဓိနှင့် ပဋိပက္ခအထူး**

(က)လောက၌ သဘောအားဖြင့် မဖြစ်နိုင်သည့်အရာကို **စကားအား**ဖြင့် ဆန့်ကျင်ဘက်ပြောဆိုသုံးနှုန်းခြင်းသည် ဝိရောဓိမည်၏။ (ပုံစံ .... တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်-စသည်တည်း။)

(ခ) လောက၌ ဖြစ်နိုင်သည်ကို သဘော**အား**ဖြင့်လည်းကောင်း၊ စကားအ**ား**ဖြင့်လည်းကောင်း ဆန့်ကျင်ဘက်ဖြစ်ခြင်းသည် ပဋိပက္ခမည်၏။ (ပုံစံ .... မီးနှင့်ရေ၊ လူတယောက်နှင့်တယောက်၊တဖွဲ့နှင့်တဖွဲ့-ဆန့်ကျင်ဘက်ဖြစ်ခြင်း စသည်တည်း။)

(အလင်္ကာ)

**၂-အဓိကနှင့်ပဓာနအထူး**

(က) အဓိကပုဒ်ကို လွန်ကဲသော, ပိုသော—ဟုမြန်မာပြန်။ ၎င်းပုဒ်ကို **အများအား**ဖြင့် သချာ်အရာမှာ သုံးနှုန်းသည်ကို

တွေ့ရပါသည်။ (ပုံစံ....သတသဟဿာဓိကာနိ စတ္တာရိအသင်္ချေ-ယာနိ(ဗုဒ္ဓဝင်) -ကမ္ဘာတသိန်း အလွန်ရှိသော လေးသင်္ချေတို့ ပတ်လုံး။)

(ခ) ပဓာနပုဒ်ကို ပြင်းထန်စွာအားထုတ်ခြင်း၊ မြတ်သော လုံ့လ၊မဂ်နှင့်ယှဉ်သောဝီရိယ၊ ပြုနိုင်ခဲသောအကျင့်၌အားထုတ် ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ စိတ်ကို ဆောက်တည်ခြင်း၊အကြီး ဖြစ်သော–ဟု မြန်မာပြန်။ ၎င်းပုဒ်ကို အများအားဖြင့် ကမ္မဋ္ဌာန်း နှင့် ယှဉ်ရာမှာ သုံးနှုန်းသည်ကို တွေ့ရပါသည် (အဘိဓာန်)။ သို့သော် ယခုမျက်မှောက်ခေတ် သုံးနေကြသည်မှာ ကိစ္စတခု အစည်းအဝေးတခု၌သူအဓိကပဲ သူပဓာနပဲ၊သူမပါလျှင်မပြီးနိုင်၊ မဖြစ်နိုင်သည်ကိုအဓိက-ပဓာန–ဟု အတူပြု၍ သုံးနှုန်းနေကြ ပါသည်။

## ၃-တာဝန်နှင့်ဝတ္တရားအထူး

ဝန်ကြီး, ဝန်လေးမှအစ လခစား, လက်ခစားဟူသမျှသည် မိမိတို့လုပ်ရမည့် အလုပ်တာဝန်များကို မလုပ်မနေ လုပ်ရမည်ကို တာဝန်ဟုဆိုသည်။ မိဘဝတ်, သားသမီးဝတ်, ဆရာဝတ်, တပည့်ဝတ် ၅-ပါးစီရှိရာ ထိုဝတ်များကို ပြုလိုမှပြုရသည်။ မပြုလိုကမပြုပဲနေနိုင်သည်။ ၎င်းကို ဝတ္တရားဟုဆိုသည်။ (သိင်္ဂါလောဝါဒ)

(ဗုဒ္ဓဓမ္မလောက)

## ၁၆–မိန်းမများသင်္ကန်းဝတ်ထိုက်မဝတ်ထိုက်

(အတွဲ-၁၇၊ အမှတ်-၁၂၊ စာမျက်နှာ-၉၊ ရဟန်းပြုလိုသူ မသံဝေဂ၏အမေးကို....ဖြေသည်။)

ဘိက္ခုနီ ၁၂-မျိုးရှိပါသည်။ ၎င်း ၁၂-မျိုးတွင် ၁-မှ၊ ၁၁-အထိ ဘိက္ခုနီများမှာ အာဏာပါတိမောက်ခေါ်သည့် ဘုရားရှင်၏ပညတ်ချက် သိက္ခာပုဒ်တော် (ဥပဒေ) နှင့် မသက်ဆိုင်၍ ချန်လှပ်ခဲ့သည်။

ဘိက္ခုနီသာသနာ၌ နောက်ဆုံးသက်ဆိုင်ခဲ့သည်မှာ ၁၂-နံပါတ်မြောက် ဘိက္ခုနီပင်တည်း။ ၎င်းမှာ စိတ်တူကိုယ်မျှ ညီညွတ်ကြသည်၏ အဖြစ်သို့ရောက်သော ဘိက္ခုနီသံဃာ, ဘိက္ခုသံဃာနှစ်မျိုးက ၁-ဝတ္ထု၊ ၂-ဉတ္တိ၊ ၃-အနုဿာဝန၊ ၄-သီမာ၊ ၅-ပရိသာ-ဟူသော ဤငါးမျိုးစင်ကြယ်သန့်ရှင်း ပြည့်စုံခြင်းရှိခဲ့လျှင် ဘယ်သူဖျက်ဖျက် မပျက်စီးနိုင်သော ဘုရားရှင်၏ အဆုံးအမတော်တည်းဟူသော အကြောင်းအားထိုက်သော ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ဘိက္ခုနီမ (ရဟန်းမ) ၏ အဖြစ်သို့ ရောက်စေနိုင်သည်။

ဤကဲ့သို့ သိက္ခာပုဒ်ပညတ်သည့်ဥပဒေထဲမှာ ပါဝင်သည့် ဘိက္ခုနီမ (ရဟန်းမ) ဖြစ်လိုလျှင် ပထမ ဘိက္ခုနီသံဃာ့ထံမှာ တကြိမ်ရဟန်းခံရမည်။ ဒုတိယ ဘိက္ခုသံဃာ့ထံမှာ တကြိမ် ရဟန်းခံရမည်။ ဤသို့ နှစ်ကြိမ်ရဟန်းခံပြီးမှသာလျှင် ဥပဒေဝင်–ဘိက္ခုနီမ (ရဟန်းမ) ဖြစ်နိုင်သည်ဟု ဘုရားပညတ်ချက်

ရှိသည်။ (ဘိက္ခုနီဝိဘင်၊ ပါစိတ္တိယ ပါ-၂၇၆) ဤသို့ပညတ်တော်မူချက်များကို ထောက်သောအားဖြင့် ယခုအခါသာသနာမှာ ဘိက္ခုနီမျိုးဆက် (၄-၅) ပါးမျှမရှိတော့၍ မိန်းမများသက်နိုးမဝတ်ထိုက်ဟု ဖြေဆိုလိုက်ရပါသတည်း။

**မှာထားချက်။** ။ထက်သန်ပြင်းပြမှုသာပဓာနပါ။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်မှာ လူဦးရေ ၇-ကုဋေရှိသည့်အနက် ၅-ကုဋေဟာ အရိယာတဲ့။ ယခုအခါမှာလည်း တကယ်တမ်းအားထုတ်လိုပါက-

ပထမ-သံယောဇဉ်ကိုဖြတ်၊

ဒုတိယ-သံယောဇဉ်ကိုဖြတ်ပြီး ဆရာကောင်းထံ နည်းကောင်းခံလျက် တကယ်တမ်းလုပ်က အဟုတ်တမ်းရနိုင်သည့်ခေတ် ရှိပါသေးတယ်ဆိုတာ မှာထားပါရစေ။

(ဗုဒ္ဓဓမ္မလောက)

---

## ကျောင်း၊ ကဘုရား အိမ်ကိုပင့်ပြီး ပူဇော်ရန်သင့်မသင့်

**အမေး။** ။အိမ်မှာပူဇော်ရန်အတွက် ဘုန်းကြီးကျောင်းတကျောင်းမှ ဘုရားတဆူကို ပင့်ယူပူဇော်လိုပါသည်။ ထိုကျောင်း၌ ဆင်းတုတော်တွေကလည်း အဆူများစွာရှိနေ၍ ဘုန်းကြီးကလည်း ပင့်ယူပူဇော်ခွင့် ပြုပါသည်။ သို့ပါသော်လည်း အတွဲ (၁၉) အမှတ် (၄၇)၌ပြည်မြို့ မောင်မြလင်း၏အမေးကို ရွှေမန်းဆရာတော်-ထီလာ အရှင်ရေဝတဖြေဆိုထားသော ကျောင်းမှာထားသော ကျောင်းပစ္စည်း ပန်းကန်

တွေ့ စေတီထိုက်သဖြင့် လူ တွေ့ မသုံး ဆောင်ကောင်းကြောင်း ဖြေဆိုထားသဖြင့် တကယ်စေတီထိုက်သော ရုပ်ပွားတော်အား မိမိအိမ်သို့ ပင့်ယူပူဇော်ရန် စိတ်လေးနေပါသည်။ သို့ပါ၍- ကျောင်းပစ္စည်းဖြစ်သော ရုပ်ပွားတော်အား အိမ်သို့ပင့်ယူ ပူဇော်ခြင်းငှာ သင့်-မသင့် ဖြေကြားပေးပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

မောင်စိုးသွင်၊ တိုက်ကြီးမြို့။

အဖြေ။ ။ဘုရားနှင့် တရားဓမ္မက္ခန္ဓာတို့သည် အခြား သပိတ်, သင်္ကန်း, ပန်းကန်-ခွက်ယောက်စသော ပစ္စည်း များကဲ့သို့ ဘုန်းကြီးများအနေဖြင့် ရေစက်ချအလှူခံ၍ ကိုယ် ပိုင်ကိုယ်ဆိုင် အနေအားဖြင့် သိမ်းဆည်းထားအပ်သော ပစ္စည်း များ မဟုတ်ပါပေ။ ပူဇော်ဖို့ရန်၊ ကြည့်ရှုသရဇ္ဈာယ်ဖို့ရန်၊ သင်အံပို့ချဖို့ရန်၊ မပျက်မစီးရအောင် စောင့်ရှောက်ဖို့ရန် ဒါန ရှင်ဒကာ ဒကာမများက ကုသိုလ်ပွားအောင် အပ်နှံထားသော ပစ္စည်းများသာ ဖြစ်ပါသည်။ ဘုန်းကြီးပစ္စည်း ကျောင်း ပစ္စည်း မဆိုနိုင်ပါ။

သို့ပါသောကြောင့် စောင့်ရှောက်နေသူ ဘုန်းကြီးက ခွင့် ပြုပါလျှင် စိတ်လေးမနေပါနှင့် ဒကာမောင်စိုးသွင်။ ရုပ်ပွား တော်အား အိမ်သို့အမြန်ပင့်ယူ ပူဇော်သင့်ပါသည်။ အပြစ် မရှိနိုင်ပါ။ အကျိုးရှိမည်သာ ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ရုပ်ပွားတော်သည် ဘုန်းကြီးပစ္စည်း ကျောင်းပစ္စည်း ပင်ဖြစ်လင့်ကစား ပန်းကန်များကဲ့သို့ အယုတ်သဖြင့် အသုံးပြု

ရန်မဟုတ်။ အမြတ်တနိုးထား၍ ကိုးကွယ်ပူဇော်ရန် ဖြစ်သော ကြောင့်ပါတည်း။

**ရှင်းလင်းချက်**။ ။ပန်းကန်စသော ပစ္စည်းများကိုလည်း ရဟန်းတော်များအတွက် သက်သက်သုံးလျှင် ငွားရမ်း၍ အသုံးပြုကောင်းပါသည်။ လူများအတွက် သုံးလျှင်သာ အပြစ်ရှိကောင်း ရှိနိုင်ပါသည်။ ဤနေရာ၌ ဋီကာဆရာ အလိုအားဖြင့် ပန်းကန်တိုင်းမဟုတ်ပါ။ ကြေးဖြင့်ပြုလုပ်ထားသော သံဃိကပန်းကန်များကိုသာ ဆိုလိုပါသည်။

**ထပ်ဆင့်ရှင်းလင်းချက်**။ ။ဤအထက်ပါ စကားရပ်များနှင့် စပ်၍ ဗုဒ္ဓသာသနာဝင် ဒကာ ဒကာမများအနေဖြင့် ဘယ်အသုံးအဆောင် ဘယ်ပစ္စည်းများ စေတီထိုက်သည်ကို သိလိုကြပါလိမ့်မည်။ သိလည်း သိထားသင့်ပါသည်။ အဋ္ဌကထာဆရာများက ရဟန်းတို့၏ အသုံးအဆောင်သည် လူတို့၏စေတီအရာ၌ တည်သည်မည်၏ဟု သာမန်သာ ဖွင့်ပြတော်မူကြပါသည်။ ဘယ်အသုံးအဆောင် ဘယ်ပစ္စည်းများဟု ခွဲခြားမပြခဲ့ပါ။ မပြသောကြောင့် ပရိက္ခရာ ၈-ပါး၊ သို့မဟုတ် ၁၂-ပါးနှင့်တကွ အသုံးအဆောင်တိုင်း စေတီထိုက်သလိုအဓိပ္ပာယ်ရောက်နေပါသည်။

ဤနေရာ၌ အဋ္ဌကထာဆရာတို့ ဖွင့်ပြတော်မူခြင်း အကြောင်းရင်းမှာ ပဋိသန္ဓာရ အသုံးအဖြတ်နှင့်စပ်၍ ဖွင့်ပြတော်မူခြင်းဖြစ်ပါသည်။ ဖွင့်ပြတော်မူပုံမှာ—ရဟန်းတော်များ အနေဖြင့် မသုံး

သပ်အပ်သေးသော အနာမဠ္ဌဆွမ်းကို အဘယ်သူအား ပေးအပ်သနည်း၊ အဘယ်သူအား မပေးအပ်သနည်း ဟူ၍ စိစစ်ရာ၌—

၁။ အမိအဖတို့အားလည်းကောင်း၊

၂။ အမိအဖတို့ကို လုပ်ကျွေးသော သူတို့အား လည်းကောင်း၊

၃။ မိမိ၏ အမှုကြီးငယ်ကို ဆောင်ရွက်သော သူအား လည်းကောင်း၊

၄။ သာမဏေလောင်းအားလည်းကောင်းပေးအပ်၏။

ထိုသူအပေါင်းတို့တွင် သာမဏေလောင်းအားခွက်၌ (ဝါ) သပိတ်၌ထည့်၍သော်လည်း ပေးခြင်းငှာအပ်၏။ ထိုသာမဏေလောင်းကိုထား၍ တပါးကုန်သော အိမ်၌နေသော လူတို့အား အမိအဖတို့ပင်ဖြစ်သော်လည်း ခွက်၌ (ဝါ) သပိတ်၌ ထည့်၍ ပေးခြင်းငှာ မအပ်။ အဘယ်ကြောင့်ဆိုသော် (ရဟန်းတို့၏အသုံးအဆောင်သည် လူတို့၏ စေတီအရာ၌ တည်သောကြောင့်တည်း) ဟု သာမညဖွင့်ပြတော်မူ၏။

ဋီကာ၌ကား ဝိမတိဋီကာဆရာက (ပ ၂၃၇-၌) ထာလကေတိ သံဃိကေ ကံသာဒိမယေ ထာလကေ၊ ပတ္တောပိ ဧတ္ထ သင်္ဂယှတိ—ဟု ဖွင့်ပြတော်မူ၏။ ဋီကာစကားရပ်ကို ဝိနယာသာရဂဏ္ဌိကျမ်းဆရာက (သုဓမ္မ ၅၈—၌) သံဃိကကြေးဖြူစသော ခွက်, သပိတ်, သင်္ကန်း, ဤမျှသော လူတို့၏ အသုံးအဆောင်နှင့် မတူသော ရဟန်းတို့၏ အသုံးအဆောင်သည်သာ လူတို့၏ စေတီယိုက်သည်ဟု ဆရာတို့ယူကြကုန်၏ဟု မိန့်တော်မူ၏။

**ထင်မြင်ချက်။** ။ဤနေရာ၌ ဤစာရေးသူ၏ အနေဖြင့် ဋီကာ ဆရာ ဂဏ္ဌိဆရာတို့၏ အယူဝါဒ သည်သာ လျော်ကန် သင့်မြတ်လိမ့်မည် ဟု ထင်မြင်မိပါသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၁၈။ ဘဒ္ဒကမ္ဘာမရှိခင်က သုညကမ္ဘာရှိ-မရှိ

**အမေး။** ။ယခုဘဒ္ဒကမ္ဘာနောက် သုညကမ္ဘာ၊ သုညကမ္ဘာ နောက် အဘယ်မည်သော ကမ္ဘာနှင့် ဘဒ္ဒကမ္ဘာ မရှိခင်က သုညကမ္ဘာရှိခဲ့ မရှိခဲ့၊ အကယ်၍ရှိခဲ့သျှင် သုညကမ္ဘာ မည်မျှ ပြီးခဲ့ကြောင်းကို အရေအတွက်နှင့်တကွ ကျမ်းခိုင်လုံစွာ ဖြင့် ဖြေကြားပါရန်။

မောင်စိုးမြင့် (မန်း)

**အဖြေ၊** ။(အမေးမရှင်းလှ) ဤဘဒ္ဒကမ္ဘာကို ချန်ထား၍ ဤဘဒ္ဒကမ္ဘာမှ နောက်ဆုတ်ပြန်၍ ရေတွက်သော် ကမ္ဘာဘသိန်းသွန်ခြင်းရှိသော လေးသင်္ချေဆက်တွင် ပထမဦး သင်္ချေ သာရမဏ္ဍကပ်ကမ္ဘာ၌ တဏှင်္ကရာစသော ဘုရားလေးဆူ ပွင့်တော်မူ၏။ ဒုတိယသင်္ချေ သာရကပ်၌ ကောဏ္ဍညဘုရား တဆူ ပွင့်တော်မူ၏။ တတိယသင်္ချေ သာရမဏ္ဍကပ်၌ မင်္ဂလ စသော ဘုရားလေးဆူ ပွင့်တော်မူ၏။ စတုတ္ထသင်္ချေ ဝရကပ် ၌ အနောမဒဿီ-စသော ဘုရားသုံးဆူ ပွင့်တော်မူ၏။ ကမ္ဘာ တသိန်းထက် သာရကပ်၌ ပဒုမုတ္တရဘုရားတဆူ ပွင့်တော်မူ၏။ ကမ္ဘာသုံးသောင်းထက် မဏ္ဍကပ်၌ သုမေဓ, သုဇာတာ

ဘုရားနှစ်ဆူ ပွင့်တော်မူ၏။ တရာ့ဘဆယ့်ရှစ် (၁၁၈) ကမ္ဘာထက် ဝရကပ်၌ ပိယဒဿီ-စသော ဘုရားသုံးဆူ ပွင့်တော်မူ၏။ ကိုးဆယ့်လေးကမ္ဘာထက် သာရကပ်၌ သိဒ္ဓတ္ထဘုရားတဆူ ပွင့်တော်မူ၏။ ကိုးဆယ့်နှစ်ကမ္ဘာထက် မဏ္ဍကပ်၌ တိဿ, ဖုဿ ဘုရားနှစ်ဆူ ပွင့်တော်မူ၏။ ကိုးဆယ့်တကမ္ဘာထက် သာရကပ်၌ ဝိပဿီဘုရားတဆူ ပွင့်တော်မူ၏။ သုံးဆယ့်တကမ္ဘာထက် မဏ္ဍကပ်၌ သိခီ, ဝေဿဘူ ဘုရားနှစ်ဆူ ပွင့်တော်မူ၏။ ထို့နောင်၌ကား ဘုရားပွင့်တော်မူသည် မရှိတော့ပြီ။ ယခုဘဒ္ဒကပ်သို့ရောက်မှသာ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဘုရားရှင်တို့ ပွင့်တော်မူကြောင်း (ဗုဒ္ဓဝင် ပါ+ဋ္ဌ၊ အပဒါန် ပါ+ဋ္ဌ၊ အဋ္ဌသာလိနီ ဋ္ဌ-တို့၌) မိန့်ဟ ဖွင့်ပြတော် မူသည်များကို ထောက်၍ ဖြေဆိုရသော်-ဘုရားပွင့်သည့် အသုညကမ္ဘာ (၁၁) ကမ္ဘာမှတပါး ဘုရားမပွင့်သော ကမ္ဘာပေါင်း လေးအသင်္ချေနှင့် ကိုးသောင်း ကိုးထောင် ကိုးရာ ရှစ်ဆယ့်ကိုး (၉၉၉၈၉) ကမ္ဘာသည် သုညကမ္ဘာမည်၏။ ထိုသုညကမ္ဘာများနောင် ဤဘဒ္ဒကမ္ဘာသည်ရှိခဲ့၏။ ထို့ကြောင့် ဤဘဒ္ဒကမ္ဘာ မရှိခင်က သုညကမ္ဘာပေါင်း လေးအသင်္ချေနှင့် (၉၉၉၈၉) ကမ္ဘာ ရှိပြီးခဲ့ပြီဟု ဖြေဆိုရပါမည်။

**မှတ်ချက်**။ ။အချို့သောဆရာတို့က (ဂုဏဝန္တပုဂ္ဂလ-သုညတ္တာ သုညကပ္ပေါတိ ဝုစ္စတိ-ဟူ၍ ပဒုမုတ္တရဗုဒ္ဓဝံသဝဏ္ဏနာ၌လာသော စကားရပ်ကိုထောက်၍ ဂုဏ်ကြီးရှင်ဖြစ်တော်မူသည့် သမ္မာသမ္ဗုဒ္ဓဘုရား မပွင့်သော်လည်း

ပစ္စေကဗုဒ္ဓါဘုရားငယ်ပွင့်သော ကမ္ဘာ၊ စကြဝတေးမင်းတို့ဖြစ်သော ကမ္ဘာများကိုလည်း အသုညကမ္ဘာဟု ဆိုကြသေး၏။
(ဗုဒ္ဓဓမ္မလောက)

---

## ၁၉ – ဘုရားအသစ်ပြုပြင်သူတို့

**အမေး။** ။ဘုရားစေတီဟောင်းကိုဖြိုပြီး အသစ်ထပ်မံ၍ တည်ကောင်းပါသလား၊ (သို့မဟုတ်) စေတီဟောင်းကိုမဖြိုပဲ မျို၍တည်ရပါမည်လား။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများဖြင့်ညွှန်းနိုင်း၍ ဖြေကြားပါရန်။

အညာမြေဝင်းဝင်း
(ဗုဒ္ဓဓမ္မလောကအတွဲ – ၁၈၊ အမှတ် – ၃၈၊)

**အဖြေ။** ။(က) ဝေရိစိတ္တဿ ဒေဝဒတ္တဿ ရုဟိရုပ္ပါဒကမ္မံ အာနန္တရိကံ အဟောသိ၊ မေတ္တစိတ္တဿ ဇီဝကဿ ဂဏ္ဍဖာလနံ ပုညမေဝ အဟောသိ။
(ဗုဒ္ဓအပဒါန ဋ္ဌ-၁၃၈)

ရန်ငြိုးဖွဲ့သောစိတ်ထားရှိသော ဒေဝဒတ်အား သွေးစိမ်းတည်စေသောအနာသည် အနန္တရိယကံထိုက်၏။ မေတ္တာစိတ်ဖြင့်ပြုပြင်ကုသသော ဆရာဇီဝကအား ကောင်းမှုကုသိုလ်သာလျှင်ဖြစ်ပြီ-ဟု မိန့်ဆိုအပ်သော စကားရပ်နှင့်အညီ ပြစ်မှားလိုသောစိတ်ရှိမှ မကောင်းမှုဖြစ်ရသည်။ မေတ္တာ၊ သဒ္ဓါပြင်းသန်းသောစိတ်ဖြင့် ပြုသောသူအား မကောင်းမှုမဖြစ်၊ ကောင်းမှုသာ ကေန်ဖြစ်ရသည်။

(နောက်တမျိုးကား) ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန ဧမ္ဘံ ဆိန္ဒိတွာ တမှာ ဌာနာ လောဟိတံ နီဟရိတွာ ဖာသုကံ အဟောသိ၊ တထာ ကရောန္တဿ ပုညကမ္မမေဝ ဟောတိ။ (သာရတ္ထသင်္ဂဟ)

ဆရာဇီဝကသည် မြတ်စွာဘုရား၏အလိုတော်အတိုင်း ဓားဖြင့် အရေတော်ကိုခွဲ၍ ထိုအရပ်မှ ခဲသောသွေးစိမ်းကိုထုတ်၍ ချမ်းသာအောင်ပြု၏။ ထို့အတူပင် ကောင်းသောစိတ်ဖြင့် ပြုသောသူအား ကောင်းမှုသာလျှင်ဖြစ်ရာသည်။ ဤအထက် ပါဠိကားတော်များကို ထောက်သော် ပဒုဋ္ဌစိတ်ထားမရှိမူ၍ ပသန္နစိတ်ထားဖြင့် ကောင်းသည်ထက်ကောင်းအောင် ကြည်ညိုဖွယ်ရှိသည်ထက်ရှိအောင် ဘုရားစေတီဟောင်းကို ဖြိုပြီး (မူလထက်ကြီးအောင်) အသစ်ထပ်မံ၍တည်သော် တည်ကောင်းသည်ဟု မှတ်ယူရပါမည်။

**မျက်မှောက်သာဓက။** ။၁၃၁၉-ခုနှစ်က ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး၊ ဘုရားကြီးကျောင်းတိုက် အတွင်းရှိ(အတောင် ၁၀၂-တောင်ခန့်ရှိ)ဘုရားကြီးမှာကြည်ညိုဖွယ်မရှိအောင် ပုံသဏ္ဌာန်တော်ရှိနေပါ၍ ကြည်ညိုဖွယ်ရှိအောင် အသစ်ဝဖန်တည်လိုသောကြောင့် မူလဘုရားကြီးကို ဖျက်သင့် မဖျက်သင့်၊ ဖျက်ကောင်း-မဖျက်ကောင်း၊ ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များအဖွဲ့သို့ တင်ပြဆွေးနွေးတော်မူခဲ့ကြရာတွင်—

မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမနွေတိ၊ စက္ကံဝ ဝဟတော ပဒံ–ဟူ၍
လည်းကောင်း။

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမနွေတိ၊ ဆာယာဝ အနုပါယိနီ–ဟူ၍
လည်းကောင်း ဓမ္မပဒ၌လာရှိသည့် ဂါထာများအရ ပဓာန
အားဖြင့် ကိုးကားတော်မူကြပြီးလျှင် ဖျက်ဆီး၍ အသစ်တဖန်
တည်ဆောက်သင့်ကြောင်း ဆုံးဖြတ်တော်မူခဲ့ကြပါသည်။ ထို
အဆုံးအဖြတ်အတိုင်း ဖျက်ပြီးအသစ်တဖန်တည်ခဲ့ရာ ယခုအခါ
(၁၄၄-တောင်ခန့်ရှိ) ဘုရားကြီးမှာ ပြီးလုနီးပါးရှိနေပါပြီ။

(ခ) ရွှေတိဂုံဘုရား ရွှေမော်ဓောဘုရား့တို့မှာ ရှေးမင်းအ
ဆက်ဆက်တို့ ငုံ၍ခြုံ၍ တည်ထောင်တော်မူခဲ့ ကြပုံများကို
မှန်နန်းရာဇဝင်, မဟာရာဇဝင်, မှန်ရာဇဝင်, ရွှေတိဂုံသမိုင်း,
ရွှေမော်ဓောသမိုင်းတို့၌ ကြည့်ရှုတွေ့သိရပါသည်။ ထိုသို့ ငုံ၍
ခြုံ၍ တည်ကြသည့်အတွက် ရှေးပညာရှိတို့အနေဖြင့် အပြစ်ရှိ
သည်ဟု အဆိုအမိန့်အဆုံးအဖြတ် တစ်စုံတစ်ခု မတွေ့မသိရ
ပါ။ သို့ပါသောကြောင့် စေတီဟောင်းကိုမဖြိုပဲ ငုံ၍မျို၍တည်
ကောင်းသည်ဟု မှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောကအတွဲ–၁၉၊ အမှတ်–၃၊)

---

## ၂၀–ဘုန်းကြီးများစာအုပ်အလှူခံထိုက်မခံထိုက်

အမေး။ ။ပိဋကသုံးပုံ စာပေလှူဒါန်းရာ၌ ဘုန်းကြီးများ စာ
အုပ် အလှူမခံထိုက်၊ အလှူမခံကောင်း၊ ပူဇော်ရုံသာ

ပူဇော်ရသည်ဟု ကြားသိနေရပါသည်။ သို့ပါ၍ တိကျစွာ စာပေ အထောက်အထားနှင့် ဖြေကြားပေးပါရန်။

မောင်စိုးမြင့်(မန်း)
(ဗုဒ္ဓမေ့လောက)

**အဖြေ။** ။တရားရတနာကို ပူဇော်လိုသော ပုဏ္ဏားက ဘုရားရှင်အား လျှောက်ထားရာတွင် ဘုရားရှင်က ဗဟုသုတရှိသော ရဟန်းကို ပူဇော်လေ-ဟု မိန့်ကြားတော်မူကြောင်းကို (ပဏ္ဏာသ ၁-၂၇၃။ ရင်း ၄-၂၇၅။ ဒီ ၃-၄၊ ၉၁-တို့၌ မိန့်ဟု ဖွင့်ပြတော်မူသည်ကိုလည်းကောင်း၊

ဓမ္မံ ပူဇေဿာမီတိ ဓမ္မဓရေ ဘိက္ခူ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ ဓမ္မံ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိ နာမ။ (အံ-၄)

တရားတော်ကို ပူဇော်အံ့-ဟု အာရုံပြု၍ တရားတော်ကို ဆောင်ရွက်ကုန်သော ရဟန်းတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပြုစု ပူဇော်ကုန်သော သူတို့သည် လည်းကောင်း။ တရားတော်ကို ကြာမြင့်စွာ တည်အောင် လက်ခံကျွေး ပေး၍ ရေးကူးစေသော သူတို့သည် လည်းကောင်း၊ ပိဋကသုံးပုံ၌ အကျုံးဝင်သော စာအုပ်စာဘမ်း လှူဒါန်းသော သူတို့သည်လည်းကောင်း၊ တရားတော်အား လှူဒါန်းပူဇော်သည် မည်၏-ဟူ၍ ဖွင့်ပြတော်မူသည်ကိုလည်းကောင်း၊

ရှေးရှေးသော ဆရာတော်များမှအစ ယခုအခါကျအောင် ဓမ္မဒါန ကျမ်းစာအုပ်များ လှူဒါန်းကြရာတွင် ရေစက်ချရာ၌-

"ဓမ္မဂေါတိယဉ္စ၊ အက္ခရာ တပါး မြတ်ဘုရားဟု စိတ်ထားစွဲမှတ် ယုံကြည်အပ်သော ပိဋကတ်ကျမ်းစာ အင်္ဂါအညီ ဓမ္မစေတီကိုလည်း။ ကရောမ၊ စွမ်းနိုင်သမျှ လက်ခကံကျေး ထိုက်လျောက်ပေး၍ ကူးရေးကိုးကွယ်ခြင်းကို ပြုပါကုန်၏။ ဣမံ ဓမ္မစေတိယံ၊ ဤဓမ္မစေတီတော်ကို။ အာယသ္မတော၊ အရှင်ဘုရားအား။ နိယျာဒေမ၊ ဆောင်နှင်းပေးအပ်ပါကုန်၏။ အာယသ္မာ၊ အရှင်ဘုရားသည်။ အမှာကံ၊ တပည့်တော်တို့၏။ ပုညဿ၊ ကောင်းမှု၏။ ဥဋ္ဌာရာယ၊ မြတ်သောအကျိုး ပွားတိုးပါစေခြင်းငှာ။ ပတိသရဏံ၊ ကိုးကွယ်ခြင်းကို။ ကရောတု၊ ပြုတော်မူပါစေသတည်း" ဟူ၍လည်းကောင်း၊

"ပိဋကတ္တယေ၊ ပိဋကတ်သုံးပုံ၌။ ပရိယာပန္နံ၊ အကျုံးဝင်သော။ ဣမံ ပကရဏံ၊ ဤကျမ်းစာအုပ်ကို။ အာယသ္မတော၊ အရှင်ဘုရားအား။ ပတိသရဏတ္ထာယ၊ ကိုးကွယ်စေခြင်းအကျိုးငှာ။ နိယျာဒေမ၊ မပျောက်မပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းဖို့ရန် ဆောင်နှင်းပေးအပ်ပါကုန်၏။ အာယသ္မာ၊ အရှင်ဘုဆားသည်။ ဣမံ ပကရဏံ၊ ဤကျမ်းကို။ ဩလောကေန္တေန၊ ကြည့်ရှုသဖြင့် လည်းကောင်း။ ဝါစေန္တေန၊ ပို့ချသဖြင့် လည်းကောင်း။ သဇ္ဈာယန္တေန၊ သရဇ္ဈာယ်သဖြင့် လည်းကောင်း။ မနသိကရောန္တေန၊ နှလုံးသွင်းသဖြင့် လည်းကောင်း။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရောတု၊ ပြုတော်မူပါ

လော့။'' ဟူ၍ လည်းကောင်း လာရှိသည် များကို ထောက်၍ဖြေဆိုရသော်—

တရားတည်းဟူသော ကျမ်းစာအုပ်များသည် ဘုရားကဲ့သို့ပင် အလွန်ခံအပ်သော အရာဝတ္ထုမဟုတ်ကြောင်း သိသာလှပါသည်။ ထိုကြောင့် ဘုန်းကြီးများအနေဖြင့် ဒကာဒကာမတို့က ဓမ္မဒါန ပူဇော်ကြရာတွင် ကျမ်းစာအုပ်များကို ဘုရားကဲ့သို့ကိုးကွယ်ဖို့ နှလုံးသွင်းဖို့ရန်သာ လက်ခံသိမ်းဆည်း ထားအပ်ပါသည်။ အဓိဋ္ဌာန်ဝိကပ္ပနာပြုအပ်သော သပိတ်၊ သင်္ကန်း—စသည့် ဝတ္ထုပစ္စည်းများကဲ့သို့ ကိုယ်ပိုင်ကိုယ်ဆိုင်အနေအားဖြင့် အလှူမခံအပ်၊ အလှူမခံကောင်းပါ—ဟူ၍ ဖြေဆိုရပါမည်။

---

## ၂၁- ဘုန်းကြီးနှင့်ယပ်

**အမေး။** ။သံဃာသုံးပရိက္ခရာ ၈-ပါးထဲမှာမပါသော ယပ်တောင်များကို ဘယ်ခေတ်လောက်ကစ၍ သံဃာတော်များ သုံးစွဲလာကြောင်းကို သိလိုပါသည်။

ဆင်ကျုံး ရှင်ကုမ္ဘာပိန္ဒ၊ ရမည်းသင်း။

၁။ ရဟန်းသာမဏေများသည် မြို့ရွာအတွင်းသို့ သွားလာသည့်အခါ ယပ်မကိုင်လျှင် မည်သည့်အပြစ်ရှိပါသနည်း။

၂။ ယပ်မကိုင်ပဲသွားကောင်းပါသလား။

၃။ ဗုဒ္ဓရှင်တော်မြတ်သည် ယပ်ကိုင်ဆောင်၍ သွားရမည်ဟု ပညတ်ချက်ရှိပါသလား။

၄။ ကြည်ညိုဖွယ် တင့်တယ်ဖွယ်ဖြစ်သော ကိုင်ဆောင်ရခြင်း သဘောမျိုးလား။ ပညာရှင်များဖြေကြားပါရန်။

အရှင်ဇနက–ကသစ်မြေ။

**အဖြေ။** ။ယပ်တောင်ကို မြတ်စွာဘုရားလက်ထက်တော်ကပင် သံဃာတော်များ သုံးစွဲ၍လာခဲ့ပါသည်။ ခဲ့ဦးအံ့၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝိသာခါသည် လေးထောင့်ရပ်ကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း လှူ၏။ ဘုရားရှင်သည် အလှူခံပြီးနောက် တရားဟောတော်မူ၏။ တရားဟောတော်မူပြီးနောက် ရဟန်းတို့အားလည်း လေးထောင့်ယပ်ကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း ခွင့်ပြု၏-ဟု မိန့်တော်မူ၏။ ထို့နောက် ခြင်နှင်ယပ်ငယ်ကို သုံးစွဲကြ၏။ ထိုအကြောင်းကိုသိတော်မူသောအခါ ရဟန်းတို့အား ခြင်နှင်ယပ်ကိုခွင့်ပြု၏-ဟု မိန့်တော်မူပြန်၏။

ထို့နောက် ရဟန်းတို့က စာမရီသားမြီးယပ်ကို သုံးစွဲကြပြန်၏။ ထို အကြောင်းသိတော်မူသောအခါ ရဟန်းတို့… စာမရီသားမြီးယပ်ကို မဆောင်အပ်။ ဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ– ဟုပညတ်တော်မူ၏။ ထို့နောက် လျှော်ဖြင့်ပြီးသောယပ်၊ ပန်းရင်းမြက်ဖြင့်ပြီးသောယပ်၊ ဥဒေါင်းမြီးဖြင့်ပြီးသော ယပ်–ဟူ၍ ယပ်သုံးမျိုး ခွင့်ပြုတော်မူကြောင်းကို (ဝိ ၄၊ ပါ-၂၆၈) ၌ မိန့်တော်မူသည်။

(ဌင်း ၄၅–၅၂–၌လည်း)ဝါးဖြင့်ပြုလုပ်သောယပ်၊ ဆင်စွယ်ဖြင့် ပြုလုပ်သောယပ်၊ နီးဖြင့်လုပ်သောယပ်၊ သားရေအထူဖြင့်ပြုလုပ်သောယပ်အားလုံးသည်အပ်၏။ ခြင်နှင်ယပ်ငယ်ကိုကား ဆင်စွယ်ရိုး၊ သားဦးချိုရိုးဖြင့်လည်း အပ်၏။ လျှော်ဖြင့်ပြုလုပ်သောယပ်၊ ဆပ်သွားပါးပျဉ်းတန်း နှန်းရွက်-စသည်တို့ဖြင့် လုပ်သော ယပ်များကိုလည်း ထည့်သွင်းရေတွက်အပ်၏—ဟု ဖွင့်ပြတော်မူသည်။

အထက်ပါ ပါ—ဌ၊ တို့၏စကားကိုထောက်သော်–

၁။ မည်သည့်အပြစ်မှမရှိပါ။

၂။ သွားကောင်းပါသည်။

၃။ ပညတ်ချက်မရှိပါ။

၄။ ကြည်ညိုဖွယ်တင့်တယ်ဖွယ်ဖြစ်အောင်ကိုင်ဆောင်ရခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။မှက်,ခြင်, ယင်, နေ, လေ-တို့ကို ကာကွယ်ရန်အလို့ငှာလည်းကောင်း၊ ဝိသဘာဂ အာရုံများနှင့် တွေ့ကြုံသည့်အခါ မိမိကမကြည့်လိုသော် မမြင်ရအောင် သူတပါးကကြည့်လိုသော်လည်း မမြင်ရအောင် ကာကွယ်ရန်အလို့ငှာလည်းကောင်း ကိုင်ဆောင်ခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။

(ဗုဒ္ဓဓမ္မလောကစာစောင်အတွဲ–၁၉၊ အမှတ်–၃၃-မှ။)

---

## ၂၂–သိကြားသာသနာ

**အမေး။** ။ဘုရားသာသနာတော်အနှစ် (၅၀၀၀) ထားခဲ့ရာ၌ အချို့သောပုဂ္ဂိုလ်များက ဘုရားသာသနာ

ကုန်ဆုံး၍ သိကြားသာသနာသာကျန်တော့သည်-ဟု ပြောကြသည်မှာ မှန်ပါသလား။

အရှင်ဥက္ကံသမာလာ(ပြည့်ဝကျောင်း)။

အဖြေ။ ။ဘုရားရှင်အနေဖြင့် "သာသနာတော်အနှစ် (၅၀၀၀) ထားခဲ့သည်" ဟု မိန့်ကြားတော်မူသောအရာများ ပါဠိတော်များ၌ မတွေ့မိပေ။ ဘုရားရှင် ဝါတော်ငါးဝါအရမှာ မိထွေးတော်ဂေါတမီအား ဂရုဓမ်ရှစ်ပါးတို့ကို ဝန်ခံစေသဖြင့် ရဟန်းအဖြစ်ခွင့်ပြုတော်မူအပြီးမှာညီတော်အာနန္ဒာအား ငါဘုရား၏သာသနာတော်၌ မာတုဂါမသည် အကယ်၍ ရဟန်းအဖြစ်ကို မရပါလျှင် မြတ်သောအကျင့် သာသနာတော်သည် ကြာမြင့်စွာ တည်တံ့ရာ၏။ အနှစ်တထောင်ပတ်လုံး သူတော်ကောင်းတရားသည် တည်တံ့ရာ၏။

အာနန္ဒာ .... မာတုဂါမသည် ငါဘုရား၏သာသနာတော်၌ ရဟန်းအဖြစ်ကိုရသောကြောင့် ယခုအခါ၌ မြတ်သောအကျင့်သာသနာတော်သည် ကြာမြင့်စွာတည်တံ့မည် မဟုတ်တော့။ အနှစ်ငါးရာတို့သာလျှင် သူတော်ကောင်းတရားသည် တည်တံ့လတ္တံ့-ဟု (ဘိက္ခုနီခန္ဓက၊ စူဠဝါပါဠိတော်-၄၄၆) ၌ မိန့်ကြားတော်မူသည်ကိုတွေ့မိပါသည်။

အဋ္ဌကထာများ၌သာ အောက်ပါအတိုင်း သာသနာ (၅၀၀၀) ကို ဝါဒနှစ်မျိုးဖြင့်ဖွင့်ပြတော်မူကြပါသည်။

၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် နှစ်ပေါင်း–၁၀၀၀။
၂။ ဆဠဘိညရဟန္တာခေတ် နှစ်ပေါင်း–၁၀၀၀။
၃။ တေဝိဇ္ဇကရဟန္တာခေတ် နှစ်ပေါင်း–၁၀၀၀။
၄။ သုက္ခဝိပဿကရဟန္တာခေတ် နှစ်ပေါင်း–၁၀၀၀။
၅။ ပါတိမောက္ခသံဝရသီလခေတ် နှစ်ပေါင်း–၁၀၀၀။

ပေါင်း (၅၀၀၀) ဟူ၍ ဒီဃ–၁၊ ဋ္ဌ–၂၆+၄၀။ ဒီဃ–၃၊ ဋ္ဌ–ဝ၃–၌ ဖွင့်ပြထားပါသည်။

၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် နှစ်ပေါင်း–၁၀၀၀။
၂။ သုက္ခဝိပဿကရဟန္တာခေတ် နှစ်ပေါင်း–၁၀၀၀။
၃။ အနာဂါမိပုဂ္ဂိုလ်ခေတ် နှစ်ပေါင်း–၁၀၀၀။
၄။ သကဒါဂါမိပုဂ္ဂိုလ်ခေတ် နှစ်ပေါင်း–၁၀၀၀။
၅။ သောတာပန်ပုဂ္ဂိုလ်ခေတ် နှစ်ပေါင်း–၁၀၀၀။

ပေါင်း (၅၀၀၀) ဟူ၍ ဝိ–၄၊ ဋ္ဌ–၁၂၇။ ဝိ–၂၊ဋ္ဌ–၁၄၅။ အဘိ–၁၊ ဋ္ဌ–၂၀။ အံ–ဝ၊ ဋ္ဌ–၂၃၀ တို့၌ ဖွင့်ပြထားပါသည်။

အထက်ပါအတိုင်း ဘုရားရှင်၏အလိုကိုသိတော်မူကြသည့် ဗုဒ္ဓမတညူကျမ်းပြုဆရာတို့ ဖွင့်တော်မူသည့်အတိုင်း ယခုအခါ သာသနာတော်သည် ထင်ရှားရှိနေပါသေးသည်။ မကုန်မဆုံးသေးပါ။ ဝိနယေ ဌိတေ သာသနံ ဌိတံ–ဆိုသည့်အတိုင်း ဝိနည်းသည်း တည်လျက်ရှိပါသေးသည်။

သိကြားသာသနာဆိုသည်ကား အသီးအခြားမဟုတ်ပါ။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူစ ဗောဓိပင်အနီး၌ပင်လျှင်

ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဖြင့် နှောင်သောအခါ သီဟိုဠ်ကျွန်း၌ အရှင်မဟာမဟိန္ဒမထေရ်သည် သာသနာပြုလတ္တံ့။ ထိုအခါမှာ သာသနာတော်ကို ကူညီစောင့်ရှောက်ရန် ဘုရားရှင်က သိကြားမင်းအား မိန့်ကြားတော်မူခဲ့ပုံကို (ဝိ-၁-၄၁၊ ပ-၅၃)၌ ဖွင့်ပြတော်မူသည်ကိုလည်းကောင်း၊ နောက်(ဒီဃ-၁၊ ၄-၂၃၆)၌ မြတ်စွာဘုရားက အမ္ဗဋ္ဌလုလင်အား ပြဿနာကိုမေးရာ မဖြေပဲနေ၍ သိကြားမင်းက မြတ်စွာဘုရားဘက်မှနေပြီး ကြောက်မက်ဖွယ်သောအဆင်းကိုဖန်ဆင်း၍ ခြိမ်းခြောက်ခဲ့ပုံနှင့် မြတ်စွာဘုရားက ငါဘုရား တရားဟောသော်လည်း ငါဘုရား၏တရားကို တပါးသောသူတို့မသိကုန်ရာ။ ထို့ကြောင့် တရားမဟောပဲ အပေါဿုက္က—ကြောင့်ကြမဲ့နေတော့အံ့—ဟု အကြံဖြစ်တော်မူ၏။ ထိုအခါမှာ သိကြားမင်းသည် သဟမ္ပတိဗြဟ္မာမင်းနှင့်အတူလာ၍ မြတ်စွာဘုရား....တရားကိုဟောတော်မူပါ။ အရှင်ဘုရားတို့က ဓမ္မစက်သည်သာဖြစ်ပါစေ၊ တပည့်တော်တို့က အာဏာစက်ဖြစ်ပါစေမည်-ဟု ဝန်ခံလျှောက်ထားပုံများကို အကြောင်းပြု၍ သို့မဟုတ် ကိုးကား၍ သိကြားသာသနာ—ဟု ခေါ်ဝေါ်ပြောဆိုနေကြခြင်းသာ ဖြစ်ပါလိမ့်မည်။

ကဿပမြတ်စွာဘုရား၏ သာသနာတော် နောက်ပိုင်းမှာ ရဟန်းရှင်လူတို့ အကျင့်သီလပျက်ပြား ဒုစရိုက်မှုတွေများလွန်း၍ သိကြားမင်းက မုဆိုးယောင်ဆောင်စေပြီး ခြိမ်းခြောက်ရတဲ့ အဆင့်မျိုးရောက်နေလျှင်တော့ သိကြားသာသနာ—ဟု ခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပါသည်။ ယခုမူ ထိုအဆင့်မျိုးသို့မရောက်

တတ်သေး—ဟု ယူဆပါသဖြင့်လည်းကောင်း၊ သာသနာတော်သည် အဋ္ဌကထာဆရာများအလို တဝက်သာရှိသေး၍ နောက်ပိုင်းဟု မဆိုနိုင်သေးသဖြင့်လည်းကောင်း မြတ်စွာဘုရား၏ သာသနာဟုပင် မှတ်ယူကြပါမည့်အကြောင်း စေတနာကောင်းဖြင့် ဖြေကြားအပ်ပါသည်။

(ဗုဒ္ဓဓမ္မလော အတွဲ—၁၉၊ အမှတ်—၃၆၊)

## ၂၃-ဇာတိ အာဏာ ဝိသယာ သုံးဖြာလောကဓာတ်

**အမေး**॥ ॥(က) ဇာတိခေတ် ဉ်ာစကြဝဠာမှ အပ **အနန္တ** စကြဝဠာတိုက်တိုင်းမှာ (၃၁)ဘုံ ရှိပါသလား॥

(ခ) ဇာတိခေတ်—ဉ်ာစကြဝဠာမှ အပ အခြားသော လောကဓာတ် **အနန္တစကြဝဠာတို့တွင်** တဆူသောဘုရား ပွင့်ပါသေးသလား॥

(ဂ) အမေး နှစ်ရပ်၏ အဖြေလွှာကို သိလိုသည့် အတိုင်းဉ်ာစာစောင်အတွဲ-၁ဂ၊ အမှတ်—၁၊၌ဖတ်ရပါသဖြင့် ဝမ်းသာစွာဖြင့် သာဓုခေါ်မိပါသည်॥

ဦးဘစံ (မန္တလေး)

### ထပ်ဆင့်၍မေးပါရစေ

အကယ်၍ အနန္တစကြဝဠာ တိုက်တိုင်းမှာ (၃၁) ဘုံရှိခဲ့သော် သောဘာပန်မှစ၍ အနာဂါမ်, ရဟန္တာတို့သည် ဆိတ်သုဉ်းခြင်းမရှိပေရာ။ သို့ဖြစ်ရကား အရိယာစခန်းရောက်အောင်

ထိုဝိသယခေတ်သို့ မြတ်စွာဘုရားကိုယ်တော်တိုင်ကြွရောက် တရား ဟောပါသလား။ သို့မဟုတ် ထိုဗြဟ္မာတို့ပင် ဤစကြဝဠာတိုက်သို့ လာရောက် တရားနာသဖြင့် အနာဂါမ်, ရဟန္တာအဖြစ်သို့ ရောက်ပါသလား၊ အသို့ရမှတ်မည်နည်း။

ဦးဘစံ (မန္တလေး)

ဝိသယခေတ်(၃၁)ဘုံမှာ ပုထုဇဉ်တို့သာ

အဖြေ။ ။ဦးဘစံ၏အမေးကို ၂-ပိုင်းခွဲ၍ဖြေပါမည်။

၁–အဖြေ။ ။မြတ်စွာဘုရားသည် ဝိသယခေတ်ဟု ဆိုအပ်သော စကြဝဠာတပါးသို့ ကိုယ်တော်တိုင် ကြွရောက်၍ တရားဟောတော်မူပါသည်။ ထိုသို့ကြွရောက်ရာမှာ ခတ္တိယ, ဗြာဟ္မဏ, ဂဟပတိ, သမဏ, စာတုမဟာရာဇိက, တာဝတိံသာ, မာရ, ဗြဟ္မ–ဟူသောပရိသတ် ၈–မျိုးသို့ချဉ်းကပ်၍ ထိုချဉ်းကပ်သော ပရိသတ်၏ အဆင်း, အသံ, ဘာသာစကားအတိုင်း ဖြစ်စေတော်မူသောကြောင့် ချဉ်းကပ်ခံရသော ပရိသတ်က နတ်လော၊ သို့မဟုတ် လူလေလော၊ မည်သူမည်ဝါ ဟူ၍ ခွဲခြားပြီးမသိနိုင်ကြကြောင်းကိုလည်းကောင်း၊ ဟောကြားတော်မူအပ်သော တရားတော်၏ အနက်အဓိပ္ပာယ်ကို မသိကြကြောင်းကိုလည်းကောင်း၊ မသိပါပဲလျက် ဝါသနာ (အထုံ) ပါစေရန် ဤသို့တရားတော်ကို ကြားနာရသဖြင့် နောင်အခါအကျောက်အပံ့ အစွဲအမှီ ရစေရန်ရည်သန်၍ ဟောကြားတော်မူကြောင်းကိုလည်းကောင်း၊ (မူလပဏ္ဏာသ ဋ္ဌ၊ ၃၃၉ ၌အလားတူပင် ပဋိသမ္ဘိဒါ ဋ္ဌ၊ နိဒါနသံယုတ် ဋ္ဌတို့၌)ဖွင့်ပြတော်မူသည်။

၂။ အဖြေ။ ။တပါးသော စကြဝဠာမှ နတ်ဗြဟ္မာတို့သည် ဤစကြဝဠာသို့တရားနာလာရောက်ကြသည်ကို မတွေ့မိသေးပါ။တွေ့မိသည်ကား—သမန္တာ၊ ဝန်းကျင် ပတ်ချာ ရပ်ဒိသာမှ။ စက္ကဝါဠေသု၊ ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သည့်စကြဝဠာတောင်ရစ်ဝိုက် တသောင်းသောလောကဓာတ်တိုက်တို့၌။ ဝသန္တာ၊ ကြည်သာချမ်းမြ နေထိုင်ကြကုန်သော။ ဒေဝတာ၊ ရောင်ဝါတန်ခိုး ကဲမိုးကြီးမား နတ်ဗြဟ္မာအများတို့သည်။ အတြ၊ ပရိတ်တော်မြတ် ရွတ်ဖတ်နေကြ ဤဌာနသို့။ အာဂစ္ဆန္တု၊ညီညာဖျဖျ စည်းဝေးကာ လာရောက်ကြကုန်လော့။ —ဟူ၍လည်းကောင်း၊ (ကျောင်းသားအရွယ် ခပ်ငယ်ငယ်က နှုတ်တက်ရသည့်ပရိတ်ကြီးအနက်။)

"စက္ကဝါဠေ ဇာနန္တိ၊ အညဌာနေ န ဇာနန္တိ" ဤစကြဝဠာ၌ ဖြစ်ကြကုန်သောသူတို့သည်သာ ကုသိုလ်–အကုသိုလ်, သုခ–ဒုက္ခ, ဝဏ္ဏ–ဝိဝဏ္ဏမှန်းသိကြကုန်၏။ ဤစကြဝဠာမှတပါးသော စကြဝဠာ၌ ဖြစ်ကြကုန်သောသူတို့သည် စိုးစဉ်းမျှမသိနိုင်ကြကုန်—ဟူ၍လည်းကောင်း၊ "ဣမ ဒီပေဝ ဇာနန္တိ၊အည—ဒီပေ န ဇာနန္တိ" ဤဇမ္ဗူဒိပ်ကျွန်း၌ဖြစ်ကြရကုန်သောသူတို့သည်သာလျှင် ကုသိုလ်–အကုသိုလ်, သုခ–ဒုက္ခ, ဝဏ္ဏ–ဝိဝဏ္ဏမှန်းသိကုန်ကြ၏။ တပါးသောကျွန်း၌ဖြစ်ကြကုန်သောသူတို့သည် မသိကြကုန်-ဟူ၍လည်းကောင်း၊ (သောဏ္ဏဂူဆရာတော်ဘုရားကြီးစီရင်တော်မူသော အဃာသလာဘမေဒနီကျမ်းမှ။)

ဤသို့ အ ထက် ပါ ကျမ်း လာ စကားတို့ကိုထောက်သော် အမေးရှင်ဒါယကာကြီး ဦးဘစံထင်မြင်သည့်အတိုင်း ဤစကြ

ဝဋ္ဋာမှ တပါးသော ဝိသယခေတ် အနန္တစကြဝဠာတို့၌ ၃၁-ဘုံရှိပါသော်လည်း ထို ၃၁ ဘုံတို့သည် ဘုရားကိုပင် ဘုရားမှန်းမသိကြ။ ဘုရား၏တရားကို နာကြားရသော်လည်း အနက်အဓိပ္ပာယ်ကိုမသိကြ၍ တရားထူးမရကြ။ ပုထုဇဉ်တို့မျှသာတည်း-ဟု မှတ်ယူရပါမည်။ တနည်းဆိုရသော် ဤစကြဝဠာမှတပါးသောစကြဝဠာတို့၌ သောတာပန်-စသော အရိယာပုဂ္ဂိုလ်များဆိတ်သုဉ်းသည်-ဟု မှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ-၁၈၊အမှတ်-၁၆)

---

## ၂၄-ဥပုသ်နေ့

**အမေး။** ။ဥပုသ်သီတင်းဆောင်တည်ကြရာဝယ် (၈) ရက်၊ (၁၄) ရက်မစုံ၊ (၁၅) ရက်စုံတို့ကိုသာ အဘယ်ကြောင့်ဥပုသ်နေ့ (ဝါ) သီတင်းနေ့ခေါ်ဆိုရကြောင်းနှင့် ၎င်းနေ့တို့ကိုသာ အဓိကထားကာ ဥပုသ်သီတင်းနေ့ဟု သတ်မှတ်ပြီး သီလဆောက်တည်ကြရခြင်းကိုအထောက်ပြ၍ ဖြေဆိုတော်မူကြပါ။

(သိလိုသူ)

(ဗုဒ္ဓဓမ္မလောကစာစောင်အတွဲ-၁၈၊ အမှတ်-၂၃ )

**အဖြေ။** ။(က) နှင့် (ခ) နှစ်ပိုင်းခွဲ၍ ဖြေဆိုပါမည်။

(က) ၈-၁၄-၁၅ ရက်တို့၌ ရှစ်ပါးသီလဖြင့်လည်းကောင်း၊ အစာအာဟာရကို မရှာမှီးသဖြင့်လည်းကောင်း၊ ရဟန္တာသုံးပါးတို့၏အထံသို့ချဉ်းကပ်ပြီး သီတင်းသုံး၍နေတတ်

သောကြောင့် (နေ ရာ ဖြစ် သော ကြောင့်) လည်းကောင်း (၈–၁၄–၁၅) ရက်တို့ကိုပင် ဥပေါသထ-ဥပုသ်နေ့ဟု ခေါ်ဆိုရပါသည်။ (ဝါ) သီတင်းနေ့ဟု ခေါ်ဆိုရပါသည်။

**အထောက်သာဓက**

ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော၊ ဥပဝသန္တီတိ စ သီလေန ဝါ အနသနေန ဝါ ဥပေတာ ဟုတွာ ဝသန္တီတိ အတ္တော။ သော ပနေသ **ဥပေါသထဒိဝသော** အဋ္ဌမီစာတုဒ္ဒသီပန္နရသီဘေဒေန တိဝိဓော။

(သဂါထာဝဂ္ဂသံ ဋ္ဌ၊ ပဝါရဏာအဖွင့်။ အံ ၃–ဋ္ဌ၊ မဟာဝဂ်အဖွင့်။)

**တနည်း**

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အလုံးစုံသောနေ့တို့၌ လူတို့သည် စောင့် သုံး အပ် သော သီ လ ကို ပင် ဥပေါသထ-ဥပုသ်ဟု ခေါ်ဆိုရပါသည်။

**သာဓက**

ဥပေါသထံ ပဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗသီလံ။ (သုတ်မဟာဝါဋ္ဌီကာ)

(ခ) လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်ဥပုသ်နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ အမတ်၊ ၁၄–ရက်ဥပုသ်နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့၏သား၊ ၁၅–ရက် ဥပုသ်နေ့၌ စတုမဟာရာဇ်နတ်မင်းကြီးတို့ကိုယ်တိုင် လူ့ပြည်သို့ဆင်း၍ ထိုထို

မြို့ရွာတို့ကိုလှည့်လည်ကာ ကောင်းမှုစာရင်းတို့ကို ရေးသားပုရပိုက် ပေါ်တွင် ဆေးဒန်းမြင်းသီလာဖြင့် ရေးမှတ်ကောက်ယူကြ ကြောင်းကိုအကြောင်းပြု၍ လဆန်း, လဆုတ်–၈၊ ၁၄၊ ၁၅- ရက်တို့ကိုသာ အဓိကထားကာ ဥပုသ်သီလဆောက်တည်ကြသည် ဟု မှတ်ယူရပါမည်။

**သာဓက**

အဋ္ဌမိယံ ပက္ခဿ စာတုဒ္ဒသိံ ပဉ္စဒသိံ ယာ စ ပက္ခဿ အဋ္ဌမီ။ ပါ။ အနုဝိစရန္တိ။ (အံ-၃၊ ပါ–၁၄၁။ ရင်း ၄-၁၂၂။ သုတ်မဟာဝါ-၄၊ သုတ္တသင်္ဂဟ-၄တို့၌လည်း နည်းတူ ဖွင့်ပြ တော်မူသည်။)

---

## ၂၅-ဘုရားဆုပန်နှင့်ဝိပဿနာ

**အမေး**။ ။ဘုရားဆုပန်သည်ဆိုသူ အချို့လူတို့ တရား အား မထုတ်ပဲနေ၍ မေးကြည့်ရာ တရားထူးရသွားလျှင် ပန်ထားသောဆု ပျက်သွားမည်ကြောက်၍ အားမထုတ်ပါဟု ပြောကြပါသည်။ ထိုသူတို့ပြောသည့်အတိုင်း မှန်-မမှန်ကို ကျမ်း ဂန်နှင့်အညီ ဖြေကြားပါရန်။

အဘိုးဦးသိုက်ထွန်း (ယောဂီ)
(ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ-၁၈၊ အမှတ်-၄၉)

**အဖြေ**။ ။ဘုရားအလောင်းတို့ ဖြည့်ကျင့်ရသော ပါရမီ(၁၀) ပါး အပြား ၃၀-တို့တွင် ပညာပါရမီအရာ၌ ပရမတ္ထရုပ်နာမ်နှင့်စပ်သော ဝိပဿနာပညာသည်သာ အကြီး

ဆုံး အမြတ်ဆုံး ဖြစ်လေသည်။ ပညာပါရမီကို မဖြည့်သော ဘုရားအလောင်းတို့မှာ ပညာပါရမီသည် အလိုလိုပြည့်လာလိမ့် မည်မဟုတ်ပေ။ ဘုရားဆုပန်သော ပုဂ္ဂိုလ်များသည် ဝိပဿနာ ဘာဝနာအလုပ်ကို အစွမ်းကုန်အားထုတ်ကြသော်လည်း မိမိတို့ပန် ဆင်ထားအပ်သော ဘုရားဆုက တားမြစ်နေသဖြင့် မဂ်ဖိုလ်သို့ မဆိုက်မရောက်နိုင်ပေ။ လွန်စွာ့အဆုံး အနုလောမဉာဏ်, ဂေါ တြဘုဉာဏ်–သို့ ဆိုက်ရောက်ရုံသာ (ဝါ) သင်္ခါရုပေက္ခာဉာဏ် သို့ ဆိုက်ရောက်ရုံသာ ဆိုက်ရောက်နိုင်လေသည်။ ရှေ့သို့မတက် တော့ပဲ ၎င်းဉာဏ်တို့၌ပင် တန့်နားရပ်ဆိုင်း၍ နောက်သို့ပြန်နစ် ရလေတော့သည်။

## အထောက်သာဓကများ

၁။ တတော ပုရိမပုရိမေသု ဟိ ဘဝေသု သဗ္ဗညုတပ္ပဗောဓိ သတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တီဏိပိဋကာနိ ဥဂ္ဂဟေတွာ ဂတပစ္စာဂတဝတ္တံ အာရုယှ ကမ္မဋ္ဌာနံ အနုလောမ ဂေါတြဘုံ အာဟစ္စ ဌပေန္တိ။ (ပုဂ္ဂလပညတ်-ဋ္ဌ)

၂။ သမဏဓမ္မံ ကရောန္တော ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမဉာဏံ အာဟစ္စ တိဋ္ဌတိ။ (ပဋ္ဌိမပဏ္ဏာသ-ဋ္ဌ)

၃။ ပုဗ္ဗယောဂေါ နာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ ယောဂါ-ဝစရတာ ဂတပစ္စာဂတိကဘာဝေန ယာဝ အနုလောမဂေါ-တြဘုသမီပံ ပတ္တဝိပဿနာနုယောဂေါ။ (ပဋိသမ္ဘိဒါ၊ ဂ်-ဋ္ဌ)

၄။ အနုလောမဂေါတြဘုသမီပန္တိ အနုလောမဂေါတြဘူ နံ သမီပေ အာသန္နေ သင်္ခါရုပေက္ခံ။ (ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ)

ဤအထက်ပါကျမ်းဂန်လာ သာဓကစကားများအရ ဘုရားဆုပန်ဆင်ကြသော ပုဂ္ဂိုလ်များသည် အမှန်ကိုသိကြရပြီး ဖြစ်သည့်အားလျော်စွာ ရှေးအခါက မိမိတို့၏အယူအဆ ဝါဒအမှားများကို စွန့်လွှတ်ပြီး ပါရမီဉာဏ်ရင့်သန်ရန်အတွက် ဝိပဿနာတရားအလုပ်ကို ကြိုးစား၍ အားထုတ်ကြကုန်ရာသည်။ မဂ်, ဖိုလ်–ရမည့်အတွက် စိုးရိမ်ဖက်၍ မကြောက်သင့်ကြတော့ပေ။ အကယ်၍များ ဝါဒမှားကို မစွန့်မလွှတ်ပဲ ကြောက်မြဲကြောက်နေကြပါမူကား....

၁။ မြေကြီး ကုန်သွားမှာကြောက်၍ မြေကိုမစားသော တီကောင်။

၂။ မြေကြီးပြိုမှာကြောက်၍ ခြေတဘက်သာ ထောက်လျှက်ရပ်သော ကောန္တမည်သောငှက်။

၃။ မိုးပြိုလာမည်ကြောက်၍ ခြေကိုထောင်ကာ ပက်လက်အိပ်သော ဘစ်တီတူးငှက်။

၄။ လောကကြီးမှာ လူပြတ်သွားမှာကြောက်၍ တရားကျင့်သော ပုဏ္ဏား။

ဤလေးဦးသားတို့သည့် မကြောက်သင့်သောအရာကို ကြောက်ကြကုန်၏–ဟူ၍ (ဥပရိပဏ္ဏာသ ဋ္ဌ ၁၄-၁၅)ဖွင့်ပြတော်မူခဲ့သည်။ ၎င်းအဋ္ဌကထာစကားကိုထောက်၍ (ဗုဒ္ဓကိုရှော ဗောဓိသတ္တော ဘယာ ဝိပဿနံ န အာရဗ္ဘတိ 'မာ မဂ္ဂဖလံ လဘိ'ဟူ၍ များ ဖြည့်စွက်ဖွင့်ပြပြီး) မဂ်ဖိုလ်ရသွားမှာကြောက်၍ ဝိပဿနာတရားအလုပ်ကို အားမထုတ်ပဲနေသော ဘုရားလောင်းကိုပါ သည့်သွင်းရေတွက်ခဲ့သော် မကြောက်သင့်သောအရာ၌ ကြောက်

သူငါးဦးဖြစ်၍နေရာ၏။ ဖြစ်ကားမဖြစ်သင့်ပေ။ မကြောက်ကြပါလေနှင့်ဟုသာ တိုက်တွန်းလိုက်ပေ၏။ (မှာထားချက်)

---

## ၂၆ – ရဟန်းသာမဏေများက မိဘကိုရှိခိုးထိုက်သလား

**အမေး။** ။ဘုရားဝတ်ပြုရာ၌ အနန္တောအနန္တ ငါးပါးတို့၌ ဘုရား, တရား, သံဃာ–ဟူသော ရတနာသုံးပါးကို ရှိခိုးပြီးသည်နောက် မာတာပိတုဂုဏော–အရ အမိအဖတို့အား ရဟန်းသာမဏေများသည် ရှိခိုးထိုက်ပါသလော။ ကြောင်းကျိုးသိမြင် ပညာရှင်များ ဖြေကြားပေးပါရန်။

(ထီလာ၊ ညီညီနိုင်)

(ဗုဒ္ဓဓမ္မလောကအတွဲ–၂၀၊ အမှတ်–၂၄)

**အဖြေ။** ။ရဟန်း သာမဏေများ မိဘကိုရှိမခိုး ထိုက်ပါ။

(သာဓက) မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူခိုက် အရိယာဖြစ်သည့် လူပုဂ္ဂိုလ်များက ပုထုဇဉ်ရဟန်းသာမဏေများကို ရှိခိုးထိုက်-မထိုက်ကို ပုထုဇဉ်များဖြစ်ကြသည့် သာကီဝင်မျိုးတို့ အငြင်းပွားကြသည်များကို ဆွမ်းခံယင်း ကြားသိရသူ ရဟန်းတော်အချို့ကလျှောက်ထားလို့ မြတ်စွာဘုရားက "အနာဂါမိပိစေ ဘိက္ခဝေ ဂိဟီ ဟောတိ၊တေန တဒဟု ပဗ္ဗဇိတဿ သာမဏေရဿ အဘိဝါဒနာဒီနိ ကတ္တဗ္ဗာနေဝ" ဟု (မူနိသုတ္တန်မှာ)

ဟောတော်မူခဲ့သည်ကိုထောက်သော် ရဟန်းသာမဏေများက မိဘကိုရှိမခိုးထိုက်ပါ။ မိဘများကသာ(သား) ရဟန်းသာမဏေကို ရှိခိုးထိုက်ပါသည်။

ဘိက္ခုဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဂိဟိ၊ အိမ်ရာတည်ထောင် လူ့ဘောင်၌နေသောသူသည်။ အနာဂါမိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးသည်။ စေ ပိ ဟောတိ၊ အကယ်၍ပင်ဖြစ်စေကာမူ။ တေန၊ ထိုအနာဂါမ်တည်ပြီးသော ပုဂ္ဂိုလ်ကြီးသည်။ တဒဟု ပဗ္ဗဇိတဿ၊ ဒီယနေ့ရှင်ပြုသစ်စဖြစ်သော သာမဏေလေးအား။ အဘိဝါဒနာဒီနိ၊ ရှိခိုးခြင်း, အရိုအသေပြုခြင်း, ခရီးဦးကြိုဆိုခြင်း, နေရာထိုင်ခင်းပေးခြင်း .... စသည်တို့ကို။ ကတ္တဗ္ဗာနေဝ၊ မုချမသွေ ပြုအပ်, ပြုသင့်, ပြုထိုက်လှပေသည်သာတည်း။

(ဗုဒ္ဓ မေ့လောက)

---

## ၂၇–ဘုရားတည်လျှင် ဘယ်အကျိုးရပါမလဲ

**အမေး**။ ။ဘုရားတည်ခြင်း၊ ဌာပနာထည့်ခြင်းသည် ပစ္စည်းများကို အလဟဿ ဖြုန်းတီးသည်-ဟု အချို့သောလောကီကျောင်းမှ ကျောင်းသားများက ဆိုကြလေရာ ၎င်းတို့၏ယူဆချက်သည် မှန်–မမှန်၊ ဘုရားတည်သဖြင့် အဘယ်သို့သောအကျိုး၊ ရွှေငွေအစရှိသည်တို့ကို ဌာပနာသည့်သဖြင့် အဘယ်အကျိုးများရရှိပါသနည်း။ ပညာရှင်အပေါင်းတို့ ဖြေကြားတော်မူပါ။

မောင်ဝင်းညွန့်ဦး (ရဘနာမြေ)

**အဖြေ။** ။ကဿပမြတ်စွာဘုရား၏ ခေတ်တော်များ ကိန်းဝပ်တော်မူရန် ရွှေအုတ်တို့ဖြင့် စေတီတည်ထားခဲ့ခြင်း၊ ကုဋေနှင့်ချီ၍ငွေများကိုဌာပနာခဲ့ခြင်း-စသောကောင်းမှုကြောင့် နှစ်ဆူသောဘုရားရှင်တို့၏ တခုသောအကြားကာလပတ်လုံး နတ်ပြည်၌သာ ကျင်လည်ကြရကုန်လျက် ဂေါတမဘုရားရှင်၏လက်ထက်၌ သဌေးသမီး-သဌေးသမက်၊ သဌေးမြေး၊ သဌေးချွေးမ များဖြစ်ကြကုန်လျက် ၁၆-ဦးသားတို့မဂ်ဖိုလ်သို့ မျက်မှောက်ပြုကြရကြောင်းကို (ဓမ္မပဒ ဋ္ဌ၊ ဒု-၁၅၅၊ ကုက္ကုဋမိတ္တနေသာဒဝတ္ထု၌) အကျယ်ဖွင့်ပြသည်ကိုလည်းကောင်း၊

နောက်တမျိုးကား-မဟာကစ္စာနထေရ်အလောင်းသည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော ကဿပမြတ်စွာဘုရား၏ ရွှေစေတီတည်ရာဌာနသို့ အဖိုးတသိန်းထိုက်သောရွှေအုတ်ဖြင့် လှူဒါန်းပူဇော်ပြီး၍ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ ရွှေ၏အဆင်းကဲ့သို့သောအဆင်းရှိရပါလို၏-ဟု ဆုတောင်းခြင်းပြုခဲ့ဖူး၏။ နှစ်ဆူသောဘုရားရှင်တို့၏ တခုသောအကြားကာလပတ်လုံး လူ့ပြည်နတ်ပြည်တို့၌သာလျှင်ကျင်လည်ရပြီး ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်မှာ ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ်၏သားဖြစ်လာ၏။ သူ၏ဆုတောင်းအတိုင်း ရွှေ၏အဆင်းကဲ့သို့သော အဆင်းရှိသည်ဖြစ်၍ ကဥ္စနမာဏဝ-ဟူသော အမည်ကိုမှည့်ကြကုန်၏။ နောက်တွင် အနွယ်၏အစွမ်းဖြင့် ကစ္စာန-ဟုတွင်၏။ ထို့နောက် မြတ်စွာဘုရား၏တရားကိုနာကြားရ၍ တရားတော်၏အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ၏အဖြစ်သို့ရောက်၏။

ထိုနောက် မြတ်စွာဘုရားက ဗေဟိဘိက္ခုဒေါ်တော်မူ၍ အဝါ ၆၀–ရပြီး မထေရ်ကြီးကဲ့သို့ဖြစ်၏–ဟူ၍ (အပဒါန် ဋ္ဌ၊ ဒု– ၅၃–၄–၅) အကျယ်ဖွင့်ပြသည်ကိုလည်းကောင်း ထောက်သော် ဘုရားတည့်ရခြင်း၊ ရွှေငွေစသည်ကိုဌာပနာရခြင်းသည် အပါယ် လေးပါးမှလွှတ်၍ လူနတ်တို့၏စည်းစိမ်ကိုခံစားရပြီး နောက်ဆုံး ဘဝ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုရ ခြင်းအကျိုးများ ရရှိနိုင်သည်ဟုမှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောက အတွဲ–၁၉၊အမှတ်–၃၉၊)

## ၂၈–လူ့ဝတ်ကြောင်နှင့် ရဟန္တာဖြစ်လျှင်

**အမေး။** ။လူ့ဝတ်ကြောင်နှင့် ရဟန္တာဖြစ်လျှင် ၇-ရက်နေ နိုင်ပါသလား။

သုတေသီတဦး၊ ပဲခူး။

(ဗုဒ္ဓဓမ္မလောကအတွဲ–၁၈၊ အမှတ်–၁၊)

**အဖြေ။** ။လူ့ဝတ်ကြောင်နှင့် ရဟန္တာဖြစ်ခဲ့သော်–နေ့ချင်း ရဟန်းပြုလျှင်ပြု–မပြုလျှင်ပရိနိဗ္ဗာန်စံရကြောင်းနှင့် လူ ဝတ် မှာ ယုတ် ညံ့သောကြောင့် ရဟန္တာဖြစ်ခဲ့သော်–လူ၏ အဝတ်ဖြင့်မတည်နိုင်ကြောင်းကို(မဇ္ဈိမပဏ္ဏာသ–ပါ–ဋ္ဌ။မိလိန္ဒ –ပါ–ဋ္ဌ–။ အပဒါန်–ဋ္ဌ–။ အင်္ဂုတ်–၁–ဋ္ဌ။ ဒီဃ–ပါထိ က–ဋ္ဌ။ အဘိ–ဝိဘင်္ဂ-ဋ္ဌ။ ဇာတက-ဋ္ဌ-တို့၌) မိန့်ဟဖွင့်ပြတော် မူသည်များကိုလည်းကောင်း၊ ဗာဟိယဒါရုစီရိယသည် မြတ်စွာ

ဘုရား သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွစဉ် လမ်းခရီးအကြား၌ တရားဟောတော်မူပါရန် သုံးကြိမ်မြောက်အောင် လျှောက်ထားရာတွင် ဘုရားရှင်က-ယသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ-စသည်ဖြင့် အနည်းငယ်မျှသောတရားစကားကို ဟောကြားတော်မူစဉ်မှာပင် (ကဿပဘုရားရှင်လက်ထက်က ၇-ချက်မျှ တောင်ကလပ်ပေါ်သို့တက်၍ ဆွမ်းမစား ရေမသောက်ပဲ ရဟန်းတရားကို ပြင်းပြင်းထန်ထန် အားထုတ်ခဲ့ဖူးသော အကျိုးဆက်ကြောင့်) အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ရောက်ခဲ့၏။ ရဟန္တာဖြစ်သောခဏ၌ပင် ရဟန်းအဖြစ်ကိုတောင်းပန်၏။ ထိုအခါ-ဘုရားရှင်က (ဗာဟိယသည် ရှေးရှေးသောဘုရားရှင်တို့၏သာသနာတော်မှာ သပိတ်သင်္ကန်း လှူဒါန်းခဲ့ဖူးသူ ဟုတ်-မဟုတ် ကြည့်ရှုဆင်ခြင်တော်မူရာ တလုံးသောသပိတ်၊ တထည်သောသင်္ကန်းကိုမျှ လှူဒါန်းခဲ့ဖူးသူမဟုတ်၍ "ဧဟိဘိက္ခု" ရဟန်း မဖြစ်နိုင်ကြောင်းကို မြင်တော်မူသဖြင့်)"သင့်အား သပိတ်,သင်္ကန်းပြည့်စုံပြီလော"ဟု မေးတော်မူရာ "မပြည့်စုံသေးပါဘုရား"ဟု လျှောက်ထား၏။ ဒါဖြင့် သပိတ်, သင်္ကန်းရှာချေဦးလော့-ဟု မိန့်တော်မူပြီး ဆွမ်းခံဆက်၍ကြွတော်မူသည်။

ဗာဟိယသည်လည်း သပိတ်,သင်္ကန်းရှာခြင်းငှာ လှည့်အလာတွင် (အတိတ်ဘဝက မိမိပြုခဲ့ဖူးသော မကောင်းမှုကံကြောင့် ရန်ငြိုးဖွဲ့ခဲ့သော ဘီလူးမတယောက်က နွားမယောင်ဆောင်၍ (သို့မဟုတ် နွားမသို့ပူးဝင်၍) လက်ဝဲပေါင်ကို ဝှေ့သတ်သဖြင့်

အသက်၏ကုန်ခြင်းသို့ ရောက်စေ၏-ဟူ၍ (ဓမ္မပဒ-ဌ-၃) ဖွင့်ပြတော်မူသည်ကိုထောက်သော် လူ၀တ်ကြောင်နှင့်ရဟန္တာ ဖြစ်သောသူများသည် ၇-ရက်မဆိုထားဘိ တရက်မျှပင် အချိန်ပြည့်အသက်ရှင်လျက်မနေရတော့ကြောင်းကို အထက်ပါ ကျမ်းလာစကားတို့ဖြင့် မှတ်သားကြကုန်ရာသတည်း။

(ဗုဒ္ဓဓမ္မလောက)

## ၂၉-သာသနံ-ဟူသောပုဒ်

**အမေး။** ။ပတိဋ္ဌာပိတမတ္တိကံ သာသနံ ရာဇမုဒ္ဒါယ လဋ္ဌနေ္တာ ဝိယ-ဟူသော ဓမ္မပဒ-အရှင် စက္ခုပါလထေရ်၏ ဝတ္ထု၌လာသောစကားရပ်တွင် သာသနံ-ဟူသောပုဒ်၏အနက် အဓိပ္ပာယ်မှန်ကို သိလိုပါသည်။

ဓမ္မသောတဇနတစု။

(ဗုဒ္ဓဓမ္မလောကအတွဲ-၁၇၊ အမှတ်-၈)

**သဖြေ။** ။ပတိဋ္ဌာပိတမတ္တိကံ သာသနံ ရာဇမုဒ္ဒါယ လဋ္ဌနေ္တာ ဝိယ-ဟူသောစကားရပ်၌-သာသနံဟူသောပုဒ် ကို နိဿယဆရာတော်, ဘာသာပြန်ဆရာတော်များက နောက်ပုဒ် များကိုကြည့်၍ သာသနာစကားကိုဟူ၍လည်းကောင်း၊ သဝဏ် လွှာကိုဟူ၍လည်းကောင်း အနက်ပြန်ဆိုတော်မူခဲ့ကြတဲ့အတွက် ဘုရားရှင်၏စကားတော်ဖြစ်တဲ့သလို အဓိပ္ပာယ်ကောက်ယူစရာ အကြောင်းရှိနေပါသည်။ ဤဝတ္ထု၌ အရှင်စက္ခုပါလထေရ်

စကြုံလျှောက်၍ ပိုးပရန်များသေခြင်း၊ အရဟတ္တဖိုလ်သို့ရောက်နိုင်ခြင်း၏ အကြောင်းဥပနိဿယရှိပါလျက်နှင့် မျက်စိနှစ်ကွင်းအလင်းမရခြင်း၏အကြောင်းကို ရဟန်းများကလျှောက်ထားကြရာတွင်-ဘုရားရှင်က ပိုးပရန်များကို သေလိုစေသောစေတနာမရှိ၍ အပြစ်မရှိကြောင်း, မျက်စိနှစ်ကွင်းအလင်းမရသည်မှာ ဆေးသမားဘဝက မျက်စိဝေဒနာရှင်မတဦးအား ဆေးဖိုးဝါးခမရ၍ စေတနာနှင့်တကွ မျက်စိကန်းအောင် ပြုခဲ့ဖူးသည့် မကောင်းမှုကံကြောင့် မျက်စိကန်းရကြောင်းကို အရှင်စက္ခုပါလထေရ်၏ အတိတ်,ပစ္စုပ္ပန်ဝတ္ထုများကို အပြည့်အစုံမိန့်ကြားပြီးနောက် စကားအနုသန္ဓေဆက်စပ်လျက် ရဟန်းတို့အား ကုသိုလ်-အကုသိုလ်အရာတို့၌ စိတ်စေတနာသာလျှင် ပြဓာန်းကြောင်း ကို "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" စသောဂါထာဖြင့် အဆုံးအမ ဩဝါဒပေးတော်မူသော အရာဖြစ်၍ "သာသနံ" ဟူသောပုဒ်ကို အဆုံးအမ-ဟု အနက်ပေး မြန်မာပြန်လျှင် အဓိပ္ပာယ်အဖြောင့်ကောက်ယူနိုင်ပါမည်။ ၎င်းအဆုံးအမစကားကို (မင်း၏တံဆိပ်ခတ်နှိပ်၍ထားအပ်သော သက်ရှိသက်မဲ့အရာဝတ္ထုဟူသမျှကို လူအများတို့ လေးစားလိုက်နာကြရကုန်သကဲ့သို့) လေးလေးစားစား လိုက်နာကြရန် မိန့်တော်မူသည့်အရာဖြစ်ပါပေသည်-ဟုသာ ဉာဏ်မီသလောက် အဖြေပေးရေးသားလိုက်ရပါသတည်း။

(ဗုဒ္ဓဓမ္မလောက)

## ၃၀-ရဟန်းတော်များဘုရားတည်ခြင်းကိစ္စ

**အမေး။** ။ယခုခေတ်မှာ ရဟန်းတော်များကိုယ်တိုင် ကြီးကြပ်၍ ဘုရားတည်နေကြပါသည်။ တည်ကောင်းမတည်ကောင်းကို ကျမ်းဂန်အကိုးအကားဖြင့် ဖြေကြားပေးတော်မူပါရန်-

အရှင်ဝါသဝ (ကြာအင်းဆိပ်ကြီး။)

(ဗုဒ္ဓဓမ္မလောကအတွဲ-၁၇၊ အမှတ်-၄၄)

**အဖြေ။** ။မုချတိုက်ရိုက်စေခိုင်းသည်ကိုသာ အဋ္ဌကထာဆရာ ပယ်တော်မူသည်။ တံခါးစောင့်အရုပ်ကို အဘယ်ကြောင့် မပြုလုပ်သနည်း၊ ပြုလုပ်သော်ကောင်း၏။ ဤသို့ စသည်ဖြင့် ပရိယာယ်အားဖြင့်ဆိုအပ်ပါ၏-ဟူ၍ ဝိနယသာရ-၄၁၇၊ ဝိမတိ ဒု-ဇမ္ဗူ့ရိုက်၊ ၁၈၃-၌ပင် မိန့်ဆိုသည်ကိုလည်းကောင်း၊ သူတပါးကိုပြုစေခြင်းငှာရ၏။ ကိုယ်တိုင်ဖြစ်မူ ဘုရားဆင်းတုတော်ကိုပင်သော်လည်း မပြုလုပ်အပ်-ဟူ၍ ဝိမတိ ဒု၊ ၁၈၃-၌ပင် မိန့်ဆိုသည်ကိုလည်းကောင်း၊ ရဟန်းများဘုရားတည်က မိစ္ဆာဇီဝ-ဟူ၍ သမ္မောဟဝိနောဒနီ၊ ဇမ္ဗူ့-၌ ၂၉၃-၌မိန့်ဆိုသည်ကိုလည်းကောင်းထောက်သော်-

ရဟန်းတော်များအနေဖြင့် ဘုရားပုံတော်၊ ဆင်းတုတော်၊ စေတီတော်ကိုပင် မရေးအပ်၊ မထုလုပ်အပ်၊မတည်အပ်-ဟု မှတ်ယူရပါမည်။ ရေးသော်၊ ထုလုပ်သော်၊ တည်သော်-ဒုက္ကဋ်အာပတ်သင့်ရောက်ပါမည်။

(ဗုဒ္ဓဓမ္မလောက)

## ၃၁—အာဟုနေယျ-ပါဟုနေယျ

**အမေး**။ ။ရတနာသုံးပါးဂုဏ်တော် ၂၄—ပါးအနက် ဘုရားဂုဏ်တော် ၉—ပါး၊ တရားဂုဏ်တော် ၆—ပါး၊ သံဃာ့ဂုဏ်တော် ၇—ပါးကို အလေးအနက် သဘောပေါက်ကြည်ညိုနိုင်ပါသည်။

အာဟုနေယျ၊ အဝေးမှဆောင်ယူအပ်, လှူအပ်သော အလှူကိုခံတော်မူထိုက်သည်။ (သပြေကန်ဆရာတော်အနက်။) ပါဟုနေယျ၊ ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သည်။ (သပြေကန်အနက်။) ဟူသော သံဃာ့ဂုဏ်တော် ၂—ပါးကိုမူ အလေးအနက် သဘောမပေါက်ပါ။ ဆရာ့ ဆရာတို့၏ ဂုဏ်တော်အဖွင့်မျိုးစုံကို ဖတ်ရှုပြီးပါပြီ။ ယနေ့တိုင် အလေးအနက် သဘောမပေါက်နိုင်ပါ။

ဂုဏ်ဆိုသည်မှာ-ယေဘုယျထက် ထူးခြားမှု ဟု သဘောပေါက်ပါသည်။ တဖန် တော်ဆင့်၍ ဂုဏ်တော် ဟု ဆိုသော အခါ အများတကာထက် ပိုမိုထူးခြားမှု ဟု သဘောပေါက်ရပါသည်။ အဝေးမှဆောင်ယူအပ်သောအလှူဟူသည် အဘယ်ပုံထူးခြားပါသနည်း?၊ ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုဟူသည် အဘယ်ပုံထူးခြားပါသနည်း?။ ဤဂုဏ်တော် ၂—ပါးကို အခြား ၂၂-ပါးသော ဂုဏ်တော်များကဲ့သို့ အလေးအနက်ကြည်ညိုနိုင်အောင် ဖွင့်ဆိုပေးသနားကြပါရန်—ဟူသော ဥပါသကာတဦး....

(ဗုဒ္ဓဓမ္မလောကအတွဲ—၂၉၊ အမှတ်—၂၄)

**အဖြေ**။ ။၁။ အာဟုနေယျ–အဝေးမှဆောင်ယူလှူအပ်သော အလှူကိုခံတော်မူထိုက်သည်–ဟုဆိုရာမှာ သံဃာ့ဂုဏ်တော် ၉-ပါးရှိသည်တွင် ရှေ့ ၄-ပါးက အကြောင်းဂုဏ်၊ နောက် ၅–ပါးက အကျိုးဂုဏ်များဖြစ်သည်။ အာဟုနေယျသည်(၁) နံပါတ်အကျိုးဂုဏ်တည်း။ (အာ– ဟုန– ဃေျ– ဟု ပုဒ်ဖြတ်။) အာ (အာရကာ) - အဝေးမှ၊ ဟုန (ပူဇာယံ)– ပူဇော်အပ်သောပစ္စည်း၊ ဃေျ–ခံယူထိုက်သည်၊ အနီးအရပ်မှသာမဟုတ်၊ အဝေးအရပ်မှ ဆောင်ယူလာသော ပစ္စည်းများကိုပင် အလှူခံထိုက်သောဂုဏ်နှင့် ပြည့်စုံသည် ဟု ဆိုလိုပါသည်။

ကျမ်းဂန်အရ သာဓက–မှာ (ဓမ္မပဒဋ္ဌ) အခါတပါး အရှင်မဟာကဿပသည် နိရောဓသမာပတ်မှထ၊ ဆင်းရဲသူများကိုချီးမြှောက်ရန်အလို့ငှာ ဆွမ်းခံကြွတော်မူရာမှာ သိကြားမင်းနှင့်သုဇာမိဖုရားတို့က ဝေးလှသည့်တာဝတိံသာနတ်ပြည်မှ ကောင်းကျိုးကေန် အမှန်ပြန်၍ရမည်ကိုသိ၍ သူဆင်းရဲဟန်ဆောင်ပြီး ဆွမ်းလောင်းသောဝတ္ထုနှင့် ယခုမျက်မှောက်လောကဝယ် ဝေဘူ, တောင်ပုလု, မဟာစည်, အရှင်ဝိစိတ္တသာရ-စသော ဆရာတော်များရှိရာ ရောက်ရာအရပ်တွေမှာ ဒါယကာဒါယိကာမများက သူ့ထက်ငါ မိမိတို့ တတ်နိုင်သလောက် အတတ်နိုင်ဆုံး, အကောင်းဆုံး ဆွမ်းနှင့်တကွ ရဟန်းအသုံးအဆောင် လှူဖွယ်ပစ္စည်းများကို ဝေးကွာလှသည့်အရပ်မှ လာရောက်ပြီးလှူကြတာတွေဟာ ထိုအရှင်မြတ်တို့မှာ အာဟုနေယျ

ဂုဏ်ရှိလို့(ရှိတယ်ထင်လို့) လာရောက်ပြီး လှူကြတာ–ဟု မှတ်ယူရပါမည်။

၂။ **ပါဟုနေယျ**–ဧည့်သည်တို့အတွက် စီမံထားသောပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သည်–ဟု ဆိုရမှာလည်း (၂)နံပါတ် အကျိုးဂုဏ်တည်း။ (ပ– အာ– ဟုန– ဧယျ–ဟု ပုဒ်ဖြတ်။) ပ (ပရ)– အရပ်ဘပါးမှ၊ အာ (အာဂန္တုကာနံ)–လာသော ဧည့်သည်တို့အား၊ ဟုန (ပူဇာယံ) –ပူဇော်အပ်သောပစ္စည်း၊ ဧယျ–ခံယူထိုက်သည်။

**သာဓက**။ ။လောကမှာ မိမိတို့၏အိမ်,ကျောင်းသို့ဧည့်သည် အာဂန္တုရောက်လာလျှင် ကျွေးဖို့၊ ပေးဖို့၊ ကပ်ဖို့–လှူဖို့ စားဖွယ်, သုံးဖွယ်ပစ္စည်းများကို တတ်နိုင်သူ အသိတရားနှင့်သဒ္ဓါတရားရှိသူတို့အိမ်မှာ, ကျောင်းမှာ ထားတတ်, ရှိတတ်ကြပါသည်။ ဤသို့ လောကမှာ လာရိုးလာစဉ် မကြာခဏလာတတ် ရောက်တတ်သည့် ဧည့်သည်များအတွက် စီမံချက်ပြုတ်၍ ထားအပ်သောပစ္စည်းများကို ကမ္ဘာများစွာ လွန်လေပါလည်း ဘုရားတဆူပွင့်တော်မူမှ တခါတရံသာ လာရောက်တော်မူကြတဲ့ အရိယာသံဃာ ကမ္ဘာ့ဧည့်သည်တော် အထူးတွေပါပဲကား.... ဟု နှလုံးပြု၍ လှူဒါန်းအပ်သည်ကို ခံယူခြင်းငှာ ထိုက်တန်စွာသော (ပါဟုနေယျ)ဂုဏ်နှင့် ပြည့်စုံသည်ဟုဆိုလိုပါသည်။

ဤမျှဖြင့် ဥပါသကာဒါယကာ အလေးအနက် သဘောပေါက်လောက်ပါပြီ၊ပေါက်နိုင်ပါစေ။

## ၃၂-နမောဗုဒ္ဓါယ

**အမေး။** ။ပရိယတ္တိစာပေထဲမှာ အာသ စတုတ္ထေကဝစနသာ-တု-သုတ်ဖြင့် အာယပြု၍ သ-ဝိဘတ်ဖြင့် အတ္တာယ-ဟိတာယ အစရှိသော ပြယုဂ်များရှိသလို ဗုဒ္ဓါယ-ဟုကား ရဟန်းတော်များ သင်နေတဲ့ စာပေဘာသာထဲမှာ တခါမျှ မတွေ့ရပါ။ တချို့ဆရာတွေ, ဘဝတူစာသင်သားတွေနှင့် နှီးနှော၍ကြည့်ပြန်တော့ ဘုရားဟောကျမ်းဂန်များမှာ ဗုဒ္ဓါယ-ဟု သ-ဝိဘတ်ကို အာယ-ပြု၍ မရှိကောင်းဟု သဒ္ဒနီတိဆရာက အဆိုရှိပါတယ်လို့-အဲဒီလို အဖြေပေးကြပါတယ်။ ရှေးခေတ်လူကြီးများ ဘုရားဝတ်တက်နေသည့် (နမော ဗုဒ္ဓါယ သိဒ္ဓံ-အအာဣဤဥဦဧဩ)ဟူသော ဤပါဠိတော်နှင့် သဒ္ဒနီတိဆရာ အဆိုသည် အလွန်တရာဆန့်ကျင် နေပါမည်လား။ ဗုဒ္ဓါယနှင့် သိဒ္ဓံပုဒ်တို့သည် မကိုက်ညီဲ အနက်လွဲကြပါတယ်။ သို့အတွက်ကြောင့် ဗုဒ္ဓါယ-ဟုလည်းကောင်း၊ ဤဘုရားဝတ်တက်သော ပါဠိသည်လည်းကောင်း သာသနာတော်နှင့် ကိုက်ညီ မကိုက်ညီ အဖြေပေးတော်မူကြပါရန် ဘဝတူ စာသင်သားတို့အား ရှေ့ရှုလျက်....

အရှင်အရိယဝံသ(မြောင်းမြို့။)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၇၊ အမှတ်-၃၃)

**အဖြေ။** ။ဤပုစ္ဆာ၌ အမေးရှင်၏အာဘော်ကျ လိုရင်းကို ဖြေရသော်.... ဗုဒ္ဓါယ၌ ဗုဒ္ဓ-ဟူသော ပုလ္လိင် အကာရန္တနောင် စတုတ္ထီသဝိဘတ်ကို အာယ-ပြု၍ ဗုဒ္ဓါယဟူ

သောပုဒ်မျိုး ဗုဒ္ဓစာပေ၌ မတွေ့မိပေ။ သက္ကတဘာသာစာပေ ၌သာ ပုလ္လိင်အကာရန္တနောင် စတုတ္ထီသဝိဘတ်ကို အာယ-ပြုရိုး ရှိကြောင်းကို ဆရာတော်အရှင်ဇနကာဘိဝံသ၏ သဒ္ဒါအခြေပြု ကျမ်း အာယ စဘုဒ္ဓာကာစနဿဘု-သုတ်၌ ရေးသားထား သည်ကိုထောက်သော် ဗုဒ္ဓါယ-ပုဒ်သည် ဘာသာကျမ်းတပါး ၌သာ လာသည်ဖြစ်၍ သာသနာတော်နှင့် မကိုက်ညီဟု မှတ်သူစရာရှိပါသည်၊ အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဩဟူသော သရရှစ်လုံးတို့ကား ဗုဒ္ဓ၏အလိုကျ သရများဖြစ်၍ သာသနာ တော်နှင့်ကိုက်ညီသည်ဟု မှတ်သူရပါမည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၃၃-ဘုရားပွဲတော်နှင့်ဇာတ်ပွဲ

**အမေး။** ။ဘုရားပွဲတော်များကျင်းပရာတွင် ဇာတ်ပွဲများထည့် ၍ကျင်းပခြင်းသည် အကျိုးရမည်လား၊ သို့မဟုတ် အပြစ်ရမည်လားဆိုတာ သိလိုပါသည်။ ပညာရှင်များ အဖြေ ပေးတော်မူကြပါရန် ...

ဦးဏ္ဍန္ဒဝံသ (ပန်းတောင်းမြို့နယ်။)
(ဗုဒ္ဓဓမ္မလောက အတွဲ-၁၇၊ အမှတ်-၂၁)

**အဖြေ။** ။မြတ်စွာဘုရားသည် အချော်အပါး ကိလေသာ ပွားများခြင်း၏အကြောင်းဖြစ်သော ကျီဇာတ်ပွဲ များကို အပိုဘော်ရှိသောကြောင့်ပင် ...နစ္စ-ကခြင်း, ဂီတ- သီဆိုခြင်း, ဝါဒိတ-တီးမှုတ်ခြင်း, ဝိသူကဒဿန -သာသနာ

တော်၏ ဆူးဖြောင့်သာဖွယ်ဖြစ်သော ထိုကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းကိစ္စများကို တပည့်သာဝကတို့အား သိက္ခာပုဒ်ပညတ်၍ တားမြစ်တော်မူခဲ့သည်။ ဤမျှသာမက လူတို့စောင့်သုံးကြသော ရှစ်ပါးသီလ, ဆယ်ပါးသီလတို့၌ပင် ဤသိက္ခာပုဒ်များ အထင်အရှားပါလျက်ရှိနေပေသည်။ ထိုအချက်တို့ကိုကြည့်ခြင်းအားဖြင့် ဇာတ်ပွဲသဘင်ထည့်၍ ကျင်းပခြင်းကိုမဆိုထားနှင့် ဇာတ်ပွဲသဘင်ထည့်ဖို့ရာ တိုက်တွန်းခြင်း, ချီးမွမ်းခြင်း, သဘောတူခြင်းမျှကိုပင် မပြုအပ်ကြောင်းကို အောက်ပါကျမ်းများ၌ မိန့်ဟဖွင့်ပြထားသည်များကိုထောက်သော် အကျိုးမရ၊ အပြစ်ရမည်သာဖြစ်ပါသည်။

ဝိ-ပါစိတ်၊ ပါ-၃၅၀-၌လည်းကောင်း၊ ဋ္ဌ-၂၀၁။ ဝိနယသင်္ဂဟ ဋ္ဌ-၄၃၉။သဋ္ဌာယတနဝဂ္ဂ၊ ဂါမဏိသံယုတ်ပါဠိတော်၊ ကာလကူဋ္ဌသုတ်နှင့် သံဝေဂဝတ္ထုဒီပနီကျမ်း၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်းတို့မှာ အကျယ်ကြည့်ရှုပါလေ။

---

## ၃၄–ဇမ္ဗူပတိချွတ်ခန်း

**အမေး။** ။မြတ်စွာဘုရားပုံတော်တချို့မှာ မင်းမြောက်တန်ဆာများနှင့်ပုံတွေ ဖူးတွေ့ရပါ၏။ အထင်ရှားဆုံးကိုဆိုရလျှင်...မန္တလေး မဟာမြတ်မုနိရုပ်ရှင်တော် မြတ်စွာဘုရားမှာ ဖူးမြင်နိုင်ပါသည်။ အားလုံးပြောကြတာကတော့–ဇမ္ဗူပတိမင်းချွတ်ခန်းပုံတော်လို့ သိရပါသည်။ ဘယ်စာအုပ်မှာ

ကြည့်လျှင်သိရပါမလဲ၊ ဘယ်ကျမ်းမှာပါတယ်ဆိုတာလေးနှင့် အများဖြေကြားပါရန် မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

အရှင်ပညာဇောတ(မကွေး)
(ဗုဒ္ဓဓမ္မလောက၊အတွဲ–၂၂၊အမှတ်-၁၉)

**အဖြေ။** ။မဟာပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို မိန့်ကြားတော်မူခဲ့သည်မှာ....အာနန္ဒာ-ငါဘုရားသည် ကြွေ၀ဋ္ဌာတပါးသို့ ကြွသွားတော်မူရာ၌ မင်း, ပုဏ္ဏား, သဌေး, သူကြွယ်, ရဟန်း–ဟူသောလူပရိသတ် ၄-ပါး၊ စာတုမဟာရာဇ်, တာဝတိံသာ, မာရ်နတ်, ဗြဟ္မာ-ဟူသော နတ်ပရိသတ် ၄-ပါးပေါင်းပရိသတ် ၈-ပါး အစည်းအဝေးများသို့ တက်ရောက်ခဲ့ဖူး၏။ ငါသည်သူတို့နှင့်အတူ ထိုင်နေဖူး၏။ စကားပြောဆိုဖူး၏၊ ဆွေးနွေးဖူး၏။ ထိုမင်းတို့၏ အဆင်းကဲ့သို့ပင် ငါ၏အဆင်းသည်လည်း ဖြစ်၏။ ထိုမင်းတို့၏အသံကဲ့သို့ပင် ငါ၏အသံသည်လည်း ဖြစ်၏။ ငါသည် ထိုမင်းတို့ကို အကျိုးစီးပွားနှင့် စပ်သော တရားစကားကို ဟောကြားခဲ့၏။ ဤသို့ဟောကြားသော်လည်း သူတို့သည် ငါ့ကို လူလော, နတ်လောဟု မသိကြကုန်-ဟု မိန့်တော်မူ၏။

အဋ္ဌကထာကတော့-မြတ်စွာဘုရားသည် စကြ၀ဠာတပါးရှိ မင်း, ပုဏ္ဏား-တွေ ပရိသတ် အစည်းအဝေးသို့ ကြွတော်မူတဲ့အခါမှာ ပကတိသောအသွင်အပြင်၊ အဆင်း အရောင်၊ ပုံပန်း သဏ္ဌာန်တော်အတိုင်း သက်နှင်းရုံလျက်ကြွသွားတော်မူကြောင်း၊ အဲဒီ မင်း, ပုဏ္ဏား-တွေပုဂ္ဂိုလ်တွေကတော့ သူတို့ရဲ့အသွင်အပြင်

အဆင်းအရောင်၊ ပုံပန်းသဏ္ဍာန်နှင့် တူတယ်လို့ ထင်ကြမြင်ကြ ကြောင်း၊ ဤသို့ ထင်ကြမြင်ကြသော်လည်း မြတ်စွာဘုရား၏ ပကတိသော အဆင်းတော်ကတော့ ရွှေရောင်အဆင်း ဝါဝင်း သော အသရေတော်ရှိဘယ်။ မင်း, ပုဏ္ဏား-စသော သူတို့၏ အဆင်းကတော့ အချို့ကတော့ဖြူတယ်၊ အချို့က မည်းတယ်၊ အချို့ကညိုဘယ်-လို့ ဖွင့်ပြပါတယ်။ ပြီးတော့ မြတ်စွာဘုရား သည် မိလက္ခု လူမျိုးလို ပုံသဏ္ဍာန် ရှိသူလဲမဟုတ်၊ ပတ္တမြား နားတောင်းတွေ ဝတ်ဆင်ထားသူလည်းမဟုတ်ပါ။ (ထိုခေတ်က မင်းများသည် မြန်မာဘုရင် မင်းတုန်းမင်း, သီပေါမင်းတို့ကဲ့သို့ ဘောင်းတော်,နားတောင်းတော်,လက်ဝတ်လက်ကြပ်,စလွယ်စ သည်ဘို့ကို ဝတ်ဆင်ကြဘိသကဲ့သို့(ဇမ္ဗုပတိပုံတော်ကဲ့သို့) ဝတ် ဆင်ကြဟန်တူပါသည်။ ဒါပေမဲ့မင်းပရိသတ် အစည်းအဝေး သို့ ကြွတော်မူဘဲ့အခါ မင်းမြောက်တန်ဆာတွေ ဝတ်ဆင်ထား တဲ့ သူတို့ရဲ့အကြီးအကဲမင်းကဲ့သို့ ထင်ကြမှတ်ကြတယ်။ ပုဏ္ဏား စတဲ့ပရိသတ်ရှိရာသို့ကြွတော်မူတော့လည်း ပုဏ္ဏား စတဲ့ ပရိသတ် က သူတို့ရဲ့အကြီးအကဲလို့ပဲ ထင်ကြမှတ်ကြတယ်လို့ဖွင့်ပြပါ တယ်။ (ဒီဃ ၂၊ ပါ ၉၁။ ဋ္ဌ-၁၅၀) (ဋီ ပြည်၊ ၁၄၆-၇)

ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့မှာတော့ ဇမ္ဗုပတိ ချွတ်ခန်း ရယ်လို့ သီးခြားမတွေ့မိသေးပါ။ သို့သော် ကျမ်းဂန်နှင့်မဆန့် ကျင်အောင် ယူဆမည်ဆိုလျှင်တော့ မြတ်စွာဘုရား စကြဝဠာ တပါးသို့ကြွစဉ်က မင်း, ပုဏ္ဏား-စတဲ့ အစည်းအဝေးပရိသတ် သို့ ကြွဝင်တဲ့အခါမှာ-ပရိသတ်က သူတို့ရဲ့မင်းပဲလို့ ထင်မှတ်တဲ့

ပုံပန်းသဏ္ဌာန်ကို ထုလုပ်ရေးဆွဲ ကိုးကွယ်ကြတယ်လို့-ယူဆကြ လျှင်တော့ ထေရဝါဒကျမ်းဂန်နှင့် မဆန့်ကျင်-ဟု မှတ်ယူရ ပါမည်။

ဇမ္ဗူပတိချွတ်ခန်းပါတဲ့စာအုပ်ကိုကြည့်လိုပါလျှင်-ဒီပဲယင်း ဆရာတော်ရေး တထာဂတဉဒါန်ဒီပနီကျမ်း-တတိယတွဲစာမျက် နှာ (၄၂-မှ ၇၀-အထိ) ကြည့်ရှုပါလေ။

(ဗုဒ္ဓဓမ္မလောက)

---

## ၇၅-(က)။ ဟောဋ္ဌလား-ဟောထလား

**အမေး။** ။ပရိတ်ကြီး ပုဗ္ဗဏှသုတ် အဆုံးဂါထာ "တေ အတ္ထလဒ္ဓါ သုခိတာ ဝိရူဠှာ ဗုဒ္ဓသာသနေ၊ အရောဂါ သုခိတာ ဟောဋ္ဌ (ဟောထ) သဟသဗ္ဗေဟိ ညာတိဘိ-ဂါထာ၌ ဟောထ-ဟု အများရွတ်သည်ကိုကြားရ ပေါင်းများခဲ့ပါပြီ။ မိမိတို့ငယ်စဉ်က သင်ပေးခဲ့သောဆရာက ဟောဋ္ဌ-ဟု သင်ပေးခဲ့ပါသည်။ ဟောဋ္ဌ-ဟောထ-အသုံးနှစ် ရပ်တွင် အဘယ်အသုံးကမှန်သည်ကို ဖြေကြားတော်မူပါရန်၊ အကယ်၍ ဟောဋ္ဌသာမှန်ကန်ပါလျှင် ဟောထ-ဟုရှိနေသော ဆဋ္ဌမူပရိတ်ကြီးကိုလည်း ပြန်လည်သုံးသပ်ကြရန်လိုမည် မဟုတ် လော? ပညာရှင်များ ဖြေကြားကြပါရန်။

အများအကျိုးမျှော်ရှုသူ။

(ဗုဒ္ဓဓမ္မလောက၊အတွဲ-၂၆၊ အမှတ်-၁၆၊)

**အဖြေ။** ။ပရိတ်ကြီး၊ဂါထာ အဆုံး၌ပါသော တေ-ဟူသော တ-သဗ္ဗနာမ်ပုဒ်ကို ရွတ်ဆိုကြရာဝယ် ရွတ်ဆိုသူ၏ အာဘောဂ နှလုံးသွင်းအားလျော်စွာ ဘေ-ဆိုသူတို့သည်လို့ နာမယောဂနှင့်ရွတ်ဆိုခဲ့သော် နောက်ကိရိယာကလည်း ယောဂ လိုက်အောင် အာသိဋ္ဌအနက်၌ ပဉ္စမီဗဟုဝုစ်-နာမယောဂ-အန္တု ဝိဘတ်ဖြင့်''ဟောန္တု''ဟု ရှိရပါမည်။ ရှိမှမှန်မည်။ **အကယ်၍** ရွတ်ဆိုသူက တေ-ဟူသော တ-သဗ္ဗနာမ်ပုဒ်ကို ဘေ-တုမှေ-သင်တို့သည်လို့ တုမှယောဂနှင့် ပြင်၍ရွတ်ဆိုခဲ့သော် - နောက် ကိရိယာကလည်း ယောဂလိုက်အောင် အာသိဋ္ဌအနက်၌ ပဉ္စမီ ဗဟုဝုစ်-တုမှယောဂ-ထ-ဝိဘတ်ဖြင့်''ဟောထ''ဟု ရှိရပါမည်။ ရှိမှမှန်မည်။

**မှာထားချက်။** ပါရာဇိကဏ်စသော ပါဠိတော်များ၌ပင် လျှင် ကတ္တားပုဒ်နှင့် ကိရိယာပုဒ်တို့ ယောဂမကိုက်၍ အဋ္ဌက ထာဆရာများက ယောဂကိုက်အောင် ပြင်၍ဖွင့်ပေးရသော အရာများ ရှိပါသည်။

**ပုံစံကား။** ။သော ဝေဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ။ပ။ သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရာမိ-ဟု (ဝိ-၁၊ ပါ-၅) ဤ၌ သောဟူသော တ-သဗ္ဗနာမ် နာမယောဂပုဒ်ကို အနုဿရာမိက အမှယောဂ မိ-ဝိဘတ်နှင့် ယောဂကိုက်အောင် အဋ္ဌကထာဆရာက သောတိ သော အဟံ-ဟု အမှယောဂပြင်၍ ဖွင့်ပြတော်မူရသကဲ့သို့ မှတ် ပါလေ။

ဤအထက်ဖော်ပြပါစကားရပ်တို့ကို ထောက်သော် အမေးရှင်ဆန္ဒပြုသည့်အတိုင်း ဆဋ္ဌမှုကို ပြန်လည်သုံးသပ်ကြရန် လိုမည်မဟုတ်ပါကြောင်း စေတနာကောင်းဖြင့် ဖြေကြားအပ်ပါသတည်း။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ–၂၆၊ အမှတ်–၂၄)

---

## ၇၅-(ခ)။ ယမှိလား-ယဉှိလား

**အမေး။** ။ပရိတ်ကြီးပါဠိတော် မေတ္တာသုတ်၌ ရတနာ့ဝါဒီ စာအုပ်ဆိုင်မှရိုက်သော ပရိတ်ကြီး စာအုပ်မှာ– 'ယမှိ'ဟု ဆိုထားပါသည်။ဗုဒ္ဓသာသနာ့အဖွဲ့မှရိုက်သော စာအုပ်မှာ'ယဉှိ'ဟု ဆိုထားပါသည်။ ၎င်းနှစ်ပုဒ်သည် မည်သည့်ပုဒ်က အမှန်ဖြစ်သည်ကို ပညာရှိများဖြေကြားပေးစေ လိုပါသည်။

ရှင်ဣန္ဒောဘာသ(သံတွဲ)
(ဗုဒ္ဓဓမ္မလောက၊အတွဲ-၂၁၊အမှတ်–၂၂)

**အဖြေ။** ။'ယမှိ'ကို 'ယံ ဟိ'ဟု ပုဒ်ဖြတ်၍ မဒါသရေသုတ်၌ မဒါ- ဟူသော ယောဂဝိဘာဂဖြင့် နောက် ဟ-ဗျည်းကြောင့် ရှေ့ ယ- ထက်၌ရှိသော နိဂ္ဂဟိတ်ကို မ-ပြု၍ ဟ-ကပ်ပြီး 'ယမှိ' ဟု ရုပ်ပြီးနေသည်။ (ရူ-ရူဋီ။) အနက်ပေးသောအခါ- "ယမှိ စေဝ"ဟုအနိယပုဒ်ထား၍ တံ ပရိညာ-ဟု နိယပုဒ်ထားပြီး ပေးတော်မူကြသည်။

'ယဉှိ' မှာ 'ယံ ဟိ' ဟု ပုဒ်ဖြတ်၍ ဧဟေ ဉံ –သုတ်ဖြင့် နောက် ဟ–ဗျည်းကြောင့် ရှေ့ ယ–ထက်၌ရှိသော နိဂ္ဂဟိတ်ကို

ဥ-ပြု၍ ဥ-ဟာ- သို့ကပ်၊ "ယဥ္ဂိ" ဟု ရုပ်ပြီးသည်။ **အနက်** ပေးသောအခါ ဟိ-**ကို** ဒဋ္ဌိ- အနက်ပေး၍ ယံ ပရိတ္တံ-တံ ပရိတ္တံ ဟု အနိယ-နိယ စွဲပေးတော်မူကြသည်ကို ထောက်သော် "ယမှိ"ထက် "ယဥ္ဂိ"က ပို၍အရင်းကျသည်။ ရုပ်ပြီးရာ၌လည်း-သုတ်ရင်းဖြင့်ပြီးခြင်း, နိယ-အနိယ-**အစွဲညီညွတ်**ခြင်းတို့ကြောင့် "ယဥ္ဂိ"က ပို၍ကောင်းသည်။ မှန်သည်-ဟု ယူစရာရှိပါသည်။ ထို့ကြောင့် ဆင္ဃမူ၌ "ယဥ္ဂိ" ဟု ပြင်ထားတော်မူကြပါသည်။

**မှတ်ချက်**။ ။ရှေးမူများ၌ "ယမှိ" ဟုသာ အများရှိပါသည်။

ဤစာရေးသူလည်း "ယမှိ"ဟုပင် နှုတ်တက်နေပါသည်။ အများစုပုဂ္ဂိုလ်တို့အနေဖြင့်လည်း သာရေး နာရေးတို့၌ ပရိတ်ရွတ်ရာတွင် "ယမှိ"ဟုပင် နှုတ်တက်နေကြကြောင်း သိနေရပါသည်။ ထို့ကြောင့် အမှားကိုမြင် အမှန်ပြင် ဉာဏ်တွင်ရှင်းကြပါစေသတည်း။

(ဗုဒ္ဓဓမ္မလောက)

---

## ၃၆-ရဟန္တာမ လိင်ပြန်-မပြန်

**အဖြေ**။ ။အမေးရှင်သည် ဣန္ဒြိယ ယမက၊ ပဝတ္တိ၊ ဥပ္ပါဒဝါရ-၌ ယဿ ယတ္ထ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ-စသည်ဖြင့် မိန့်ဆိုထားသောစကားရပ်များကိုထောက်၍-ကြည့်၍ ဤအမေးကို ဒမေးဟန်တူပါသည်။ ထိုမှတပါး-

ယခုအခါ အများသုံးနေကြသည့် ထန်းတပင်ဆရာတော်ရေး ယမိုက်နိသယ၌ အရိယာဖြစ်သောမိန်းမတို့သည် ပရိနိဗ္ဗာန် ဝင်စံခါနီး၌ ပုရိသလိင်ပြန်၍ ရိနိဗ္ဗာန်ပြုကုန်၏-ဟူ၍) ဆရာ မြတ်တို့မိန့်မှာတော်မူကြကုန်၏-ဟု (ကေစိ ဝဒန္တိ-ထိုး၍) မှတ် ချက် ရေး ခဲ့ သည် ကို ထောက် ၍-ကြည့် ၍ လည်း မေး စ ရာ အကြောင်းရှိနေ၍ မေးခြင်းလည်းဖြစ်နိုင်ပါသည်။

သို့သော် သုတ္တန်ကျမ်းများ၌ အထူးသဖြင့် ရဟန္တာ ထေရီမများအတွက် သက်သက်ဟောမြွက်ဖော်ပြထားသော ထေရီအပဒါန်၌ကား- မိထွေးတော်ဂေါတမီထေရီ, ယသော ဓရာထေရီ-စသော ထေရီကြီးများသည် ရိနိဗ္ဗာန်စံခါနီးမှာ မြတ်စွာဘုရား၏တိုက်တွန်းမှုဖြင့် ဖြဟ္မာမင်း, သိကြားမင်း, ဆင်, မြင်း, တော, တောင်, သမုဒ္ဒရာ, မြင်းမိုရ်တောင်, နေမင်း, လ-မင်းတို့၏အသွင်သဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းပြ သည်ကိုသာ တွေ့ရ၍ ယုတ်နိမ့်သောဣတ္ထိဘာဝဖြင့် ပရိနိဗ္ဗာန်မစံ ပဲ မြင့်မြတ်သည့် ပုရိသဘာဝဖြင့်သာ ပရိနိဗ္ဗာန်စံရမည်-ဟု (ပရိနိဗ္ဗာန်စံသည်-ဟု) ဖော်ပြ, ဟောပြထားသည် များကို မတွေ့ရ၍ "ရဟန္တာမများလိင်ပြန်" ဟုသာ မှတ်ယူသင့်ပါ ကြောင်း ဖြေကြားအပ်ပါသည်။ (ဗုဒ္ဓမမ္မလောက)

---

## ၃၇-အမေး ၃-ထွေနှင့် အဖြေ ၃-ပါး

**အမေး။** ။(၁) သိက္ခာချ လူထွက်ပြီးသူကို သိမ်ထပ်ပါက (နောက်ထပ်သိမ်ထပ်သောဒကာများသည် ပထမ ရဟန်းဒကာလို) ရဟန်းထပ်ခံရကျိုးကုသိုလ်ထူး ရနိုင်-မရနိုင်။

(၂) ရဟန်းတော်များ ကိုယ့်ကိုယ်ကိုသတ်သေပါက ဖြစ်နိုင်—ရနိုင်သောအပြစ် အာပတ်။

(၃) လူဘဦးတယောက် ကွယ်လွန်မည့်ဆဲဆဲအချိန်၌ နိမိတ်ကောင်းထင်လာစေဖို့ ရဟန်းတော်များက အားပေးစကားပြောကြားသင့်—မသင့်။

ခန္တီပါလ (မင်္ဂလာသုခ)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၈၊ အမှတ်-၄၀)

**အဖြေ-၁။** ။(က) သိမ်ထပ်ရာ၌ဖြစ်စေ၊
(ခ) ပဥ္စင်းသစ် (ရဟန်းလောင်း) သိမ်ဝင်ရာ၌ဖြစ်စေ၊
(ဂ) လူထွက်ပြီး တဖန်ရဟန်းခံရာ၌ဖြစ်စေ သင်္ကန်း, သပိတ်, ပရိက္ခရာစုံလင်စွာလှူဒါန်းပြီး ရဟန်းခံပေးခြင်း ဓမ္မာနုဂ္ဂဟအမှု ပြုလုပ်ပေးသူသည် ပထမ ရဟန်းဒါယကာကဲ့သို့ပင် ဓမ္မာနုဂ္ဂဟအကျိုးကုသိုလ်မျိုး ရရှိနိုင်ပါကြောင်းကို အောက်၌ဖော်ပြသတ္တံ့သော သာဓကဝတ္ထုများဖြင့် သိပါလေ။

**သာဓက**။ ။မြတ်စွာဘုရားသည် တဆယ့်လေးဝါမြောက်ရောက်သောအခါ သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သဒ္ဓါတရားနှင့်

ပြည့်စုံသော ပုဏ္ဏားသူကြွယ်တယောက်က မြတ်စွာဘုရား၏ထံပါးသို့ ချဉ်းကပ်ပြီး အရှင်မြတ်ဘုရား.... လောကမှာ သတ္တဝါတို့၏ကိုးကွယ်ရာ ဘုရား, တရား, သံဃာ-ရတနာသုံးပါးရှိရာတွင် ဘုရားရတနာနှင့် သံဃာရတနာမှာ အလှူခံပုဂ္ဂိုလ်ထင်ရှားရှိသည်ဖြစ်ပါ၍ လှူဒါန်းရပါပြီ။ တရားရတနာမှာ အလှူခံပုဂ္ဂိုလ်ထင်ရှားမရှိ၍ အဘယ်သို့လှူဒါန်းမှ တရားတော်ကို ပူဇော်လှူဒါန်းသည် မည်ပါသနည်း-ဘုရား....ဟု မေးလျှောက်ရာတွင်-

ဘုရားရှင်က ဒါယကာပုဏ္ဏား-ငါဘုရား၏ သာသနာတော်၌ အမျိုးကောင်းသားသမီးတို့သည် တရားတော်ကို ပူဇော်အံ့-ဟု အာရုံပြု၍ သွာက္ခာတတာ အစဖြာသော နိယျာနိက မြတ်ဓမ္မကို နှုတ်တက်ရွရွ သင်အံပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ရဟန်းသံဃာတို့အား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-လေးပါးသော ပစ္စည်းတို့ဖြင့် ကြည်ဖြူရွှင်လန်း လှူဒါန်းသောသူတို့သည် လည်းကောင်း၊ ငါဘုရားဟောကြားတော်မူအပ်သော သုံးပုံပိဋကတ် ပရိယတ်တို့ကို စွမ်းနိုင်သည့်အလျောက် မပျောက်မပျက်စေခြင်းငှာ လက်ခကံကျေး ထိုက်သလောက်ပေး၍ ရေးကူးရိုက်နှိပ် ဝယ်ယူကိုးကွယ် ပူဇော်သောသူတို့သည် လည်းကောင်း ငါဘုရား၏သာသနာတော်ကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့ လှူဒါန်းပူဇော်ကြသောသူတို့ မည်ကုန်၏-ဟု မိန့်တော်မူလေလျှင် ပုဏ္ဏားကြီးသည် ဝမ်းမြောက်ဝမ်းသာဖြင့် တရားတော်ကို ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်တို့တွင် အထူးဆောင်ရွက်နိုင်ပေသော ညီတော်အရှင်အာနန္ဒာအား တရား

ပေါ်ကိုရည်ရော်၍ အသပြာတထောင် ထိုက်တန်သောသက်န်း အစုံဖြင့် ကပ်လှူပူဇော်ကြောင်းကို (ဂေါသိင်္ဂသာလသုတ်နှင့် ၎င်းအဋ္ဌကထာတို့၌ လာရှိသည်ကို) ထောက်သော် အထက် ဖော်ပြပါ (က-ခ-ဂ) သိမ်ထပ်၊ သိမ်ဝင် ကုသိုလ်ရှင် ဒကာ-ဒကာမတို့မှာလည်း တရားတော်ကိုဆောင်သူ၊ ဆောင် မည့်သူများကို လှူဒါန်းသည် မည်ပါသောကြောင့် ဓမ္မာနုဂ္ဂဟ အကျိုးကုသိုလ်မျိုးကို အတူတူပင်ရနိုင်သည်-ဟု မှတ်ယူရပါ မည်။ (ထိုမှတပါး အံ-၌ ဓမ္မပဒ-၌ တို့၌လည်း အကျိုးတရား များကိုပါ အကျယ်ဖွင့်ပြထားပါသည်။)

**အဖြေ-၂။** ။ဝိ ၁ ပါ-စာမျက်နှာ ၉၀၊ အပိုဒ် ၁၆၆-နှင့် ၎င်းဒု-၌ ၃၆-အရ ရဟန်းတို့သည်-

(က) မိမိတို့ကိုယ်တိုင် မိမိ၏အသက်ကိုသတ်ခြင်း၊

(ခ) အချင်းချင်းသတ်ခြင်း၊

(ဂ) တပါးသော မိဂလဏ္ဍိကရဟန်းတို့ကို သပိတ်, သင်္ကန်း ပေး၍သတ်စေခြင်းတို့သည် အာဒိကမ္မိကပုဂ္ဂိုလ်များဖြစ်၍ အနာ ပတ္တိ-အာပတ်မသင့်ဟုမှတ်။

ဝိ ၁၊ ပါ-စာမျက်နှာ ၁၀၄၊ အပိုဒ် ၁၈၃-နှင့် ၎င်း ဒု-၌ ၆၃-အရ ရဟန်းတပါးသည် သာသနာတော်၌ မပျော်ပိုက် ၍ ကိုယ့်ကိုယ်ကို သေကြောင်းကြံပြီး ဂိဇ္ဈကုဋ်တောင်ပေါ်မှ ခုန်ချ၍ ကိုယ်မသေ၊ တောင်အောက်နေသူ နှီးထိုးသမားသေ ၍ ဒုက္ကဋ်ဟုမှတ်။ မူလသိက္ခာ ဂါထာနံပါတ် ၈၆-အရ ကိုယ့် ကိုယ် ကိုသတ်သောက ဒုက္ကဋ်ဟုမှတ်။

**အဖြေ–၃ ။** ။လူတဦးတယောက် ကွယ်လွန်မည့်ဆဲဆဲအချိန်တွင် (သေစေလိုသောစေတနာမရှိပဲ) ကျန်းမာသာစေလိုသောစေတနာ, နိမိတ်ကောင်းထင်လာစေလိုသောစေတနာ–စိတ်ထားမျိုးဖြင့် အားပေးစကားပြောကြားခြင်းနှင့် ဗောဇ္ဈင်္ဂသုတ်၊ သတိပဋ္ဌာနသုတ်–စသည်တို့ကို ရွတ်ဖတ်ပေးခြင်းများ ပြုလုပ်ကောင်းပါသည်။ အပြစ်မရှိနိုင်ပါ။

## သာဓကများကား

ပထမဂိလာန–သုတ်၌ အရှင်မဟာကဿပ၊ ဒုတိယဂိလာနသုတ်၌ အရှင်မဟာမောဂ္ဂလာန်၊ တတိယဂိလာနသုတ်၌ ဘုရားရှင်တို့ မကျန်းမမာဖြစ်စဉ်အခါ ဗောဇ္ဈင်္ဂသုတ်ကို အသီးအသီး နာယူကြသောကြောင့် ရောဂါမှ ကင်းပျောက်တော်မူကြကြောင်းကို (မဟာဝဂ္ဂ-သံ ပါ-ဌ နှင့် ဥဒါန ဌ-တို့မှာ) မိန့်ဆိုထားပါသည်။

ဓမ္မပဒ ဌ-၌လည်း မဟာဓမ္မိကဥပါသကာသည် သေရာညောင်စောင်း လျောင်းစက်နေရစဉ်မှာပင် သတိပဋ္ဌာနသုတ်ကိုနာကြားလို၍ ဘုရားရှင်အထံသို့ ရဟန်းတော် ၈/၁၆–ပါး စေလွှတ်ပေးပါရန် လျှောက်ထားစေပြီး သတိပဋ္ဌာနသုတ်ကို နာကြားနေစဉ်မှာပင် နတ်ပြည်ခြောက်ထပ်က နတ်ရထားခြောက်စင်း ဆိုက်ရောက်လာခြင်း၊ သူတော်ကောင်းအလောင်းတကာတို့နေထိုင်ရာ တုသိတာနတ်ပြည်သို့ လူ့ပြည်မှ စုတိပြီး လိုက်သွားခြင်းကို ဖွင့်ပြထားပါသည်။

ထိုမှတပါး အင်္ဂုတ္တရအဋ္ဌကထာ၌လည်း မဟာဓမ္မိကဥပါသကာနည်းတူ ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း တုသိတာနတ်ပြည်သို့လိုက်သွားကြောင်းနှင့် သီဟိုဠ်ကျွန်း မဓုအင်္ဂဏရွာသား တံငါသည်တံခါးစောင့် ကျေးကုလားလူမျိုး ယောကျ်ားတယောက်သည် သေအံ့ဆဲဆဲ အိပ်ရာထဲမှ မထနိုင်သောအခါ ဂိရိဝိဟာရ၌ သီတင်းသုံးနေတော်မူသော စူဠပိဏ္ဍပါတိကတိဿ မဟာထေရ်သည် တံငါသည်တံခါးစောင့် ယောကျ်ားအား သနားလှ၍ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုဆောက်တည်စေရာ ဆောက်တည်အပြီးမှာ စုတိစိတ်ကျပြီး စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရကြောင်းနှင့် နတ်ပြည်မှသက်ဆင်းလာပြီး ထိုမထေရ်အား ကျေးဇူးတင်စကား လာရောက်လျှောက်ထားကြောင်းကိုသည်း ဖွင့်ပြထားပါသည်။

ရဟန်းတော်များသတိပြုရန်ရှိသည်မှာပါရာဇိကဏ်ပါဠိတော်အပိုဒ် ၁၇၀၊ ဝိနီတဝတ္ထုမှာ သေရခြင်း၏ဂုဏ်ကျေးဇူးကို ချီးကျူးစကားပြောကြားခြင်းကြောင့် (တတိယသိက္ခာပုဒ်အရ) ပါရာဇိကအပြစ်ကြီး ရရှိပါသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၃၇-ကမ္ဘာဦးအစမိန်းမနှင့်ယောကျ်ားဘယ်သူကစ

**အမေး**။ ။၁။ ကမ္ဘာဦးအစ မိန်းမနှင့်ယောကျ်ား ဘယ်သူကစ၍ ဖြစ်ပေါ်လာပါသနည်း။

၂။ မိန်းမများဘုရားဆုပန်နိုင်-မပန်နိုင်။

၃။ မိန်းမများ ယောကျ်ားဘဝရအောင် ဘယ်ကဲ့သို့ ကျင့်ကြံနေထိုင်ရပါမည်နည်း။

မေးသူ မကေ့း-သိင်္ဂီ

(ဗုဒ္ဓဓမ္မလောက အတွဲ ၁၈၊ အမှတ်-၅၀)

**အဖြေ**။ ။၁။ ကမ္ဘာဦးအစ၌မိန်းမကစ-၍ ဖြစ်ပေါ်ပါသည်။

(သာဓက)။ ။ပဌမကပ္ပိကကာလေ ဣတ္ထိလိင်္ဂဿ ပဌမံ ပါတုဘူတတ္တာ၊ ပဌမံ နိဗ္ဗတ္တာတိ အတ္ထော။ (အဿိတိနိပါတ်၊ မဟာဟံသဇာတ်-ဋ္ဌ)

၂။ မိန်းမများဘုရားဆုကိုတိုက်ရိုက်မပန်ဆင်နိုင်ပါ။

အကြောင်းကား....ဘုရားအလောင်းတော်များ ဗျာဒိတ်ခံယူနိုင်သော အင်္ဂါ ၈-ပါးရှိသည်တွင် လိင်္ဂသမ္ပတ္တိအရ ပုမ္ဘာဝ ဟူသော ယောကျ်ား၏အဖြစ်လည်း အင်္ဂါတပါးပါဝင်နေသောကြောင့်ပါတည်း။ထို့ကြောင့် ဘုရားဆုကိုပန်ဆင်လိုသောမိန်းမသည် ပထမဦးစွာယောကျ်ားဆုကိုပန်ဆင်ရပါမည်။ယောကျ်ားအဖြစ်ကိုရသောအခါမှ ဘုရားဆုကိုပန်ဆင်ရပါသည်။

(သာဓက)။ ။လိင်္ဂသမ္ပတ္တိ ပုရိသဘာဝေါ မနုဿေဿပိ မာတုဂါမာဒီနံ ပဏိဓိ န ဣဇ္ဇတိ။ပ။ဇတ္တ ဌတွာ ပဏိဓိ ကာတဗ္ဗာ။ (သာရတ္ထသင်္ဂဟ-ဋ္ဌ)

နောက်တမျိုးကား....ဂေါတမ ဘုရားအလောင်းတော်သည် သင်္ချေနှစ်ဆယ် ကမ္ဘာတသိန်းထက်က မိန်းမဘဝဖြင့် မောင်တော် ပေါရာဏကဒီပင်္ကရာ မြတ်စွာဘုရားထံမှာ ဘုရားဆုကို

တောင်းခဲ့ဖူးသည်။ မောင်တော် ဘုရားက လိင်္ဂသမ္ဘတ္တိ-စသော အင်္ဂါများချို့တဲ့သောကြောင့် အနိယတဗျာဒိတ်မျှကိုသာ ပေး တော်မူကြောင်းကို သင်္ဂါယနာဘင်္ကျမ်း မဟုတ်သော ဇင်းမယ် ပဏ္ဏာသ-ပဒီပဒါနဇာတ်၊ ၄၃၆-၌ တွေ့သိရပါသည်။

၃။ မိန်းမများယောကျ်ားဘဝကိုရလိုပါလျှင်

(၁) ရတနာသုံးပါးကိုဆည်းကပ်ရမည်။

(၂) ငါးပါးသီလမြဲရမည်။

(၃) မိန်းမ၏အဖြစ်၌ ငြီးငွေ့ရှိမုန်းပြီး ယောကျ်ားဖြစ် လိုသောဆန္ဒ ပြင်းပြရမည်။

ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံလျှင် အိမ်ထောင်မရှိသော မိန်းမ များ ယောကျ်ားဖြစ်နိုင်ပါသည်။ အိမ်ထောင်ရှိလျှင် အင်္ဂါ တပါးအနေဖြင့် မိမိ၏လင်ယောကျ်ားအပေါ်၌ မယားဝတ် ငါးပါးကျေပွန်ရပါမည်။ (ဒီဃ-၃၊ ပါ-၂၁၆၊ ရင်း ၄-၂၉၈)

နောက်တမျိုးကား-အိမ်ထောင်မရှိသော မိန်းမသည် မိန်းမ ၏အဖြစ်၌ ငြီးငွေ့ရှိမုန်းသောစိတ်ဖြင့် ဒါန-စသော ကောင်းမှု ကိုပြု၍ ယောကျ်ားဆုကိုတောင်းက ယောကျ်ားဖြစ်နိုင်ပါသည်။ (ဓမ္မပဒ၊ သောရေယျဝတ္ထု၊)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၅၀)

## ၃၉-ယောကျ်ားဖြစ်ရန် မည်သို့ကျင့်

**အမေး။**　။အိမ်ထောင်မရှိသော အမျိုးသမီးများ ယောကျ်ားဖြစ်ရန် အဘယ်ကုသိုလ်ကို ပြုရပါမည်နည်း၊ သိပါရစေ။ အထောက်အထားနှင့်တကွ ပညာရှင်များက ဖြေကြားပေးပါရန် အနူးအညွတ် တောင်းပန်ပါသည်။

(မန်း၊ ရတနာပုံရိပ်သာ၊ ဥမ္မာ)

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၆၊ အမှတ်-၁၂)

**အဖြေ။**　။ရဟန်းတို့....အကြင်မိန်းမသည် (၁) ဣတ္ထိန္ဒြိယ-မိန်းမ၏ဣန္ဒြေ၊ (၂) ဣတ္ထိကုတ္တ-မိန်းမ၏ အမူအရာ၊ (၃) ဣတ္ထာကပ္ပ-မိန်းမ၏အသွင်အပြင်၊ (၄) ဣတ္ထိဝိဓ-မိန်းမ၏မာန်၊ (၅) ဣတ္ထိစ္ဆန္ဒ-မိန်းမ၏အလိုဆန္ဒ၊ (၆) ဣတ္ထိသရ-မိန်းမ၏အသံ၊ (၇) ဣတ္ထာလင်္ကာရ-မိန်းမ၏အဝတ်တန်ဆာဟူသော ဤတရား ၇-ပါးတို့၌ နှလုံးမသွင်း, မတပ်မက်, မနှစ်သက်, မမွေ့လျော်သည်ဖြစ်၍ ယောကျ်ားတပါးတို့အပေါ်၌လည်း မေထုန်မှုဖြင့်အလိုမရှိ။ မေထုန်မှုနှင့် ယှဉ်မှုဟူသော အကြောင်းကြောင့်ဖြစ်သော ချမ်းသာမှု, ဝမ်းမြောက်မှုကိုလည်း အလိုမရှိ။ မိန်းမ၏အဖြစ်၌လည်း မမွေ့လျော်။ ထိုမိန်းမသည် မိန်းမ၏အဖြစ်မှလွန်မြောက်နိုင်၏။

အကြင်မိန်းမသည် ဤတရား ၇-ပါးတို့၌ နှလုံးသွင်းခြင်း, တပ်မက်ခြင်း, နှစ်သက်ခြင်း, မွေ့လျော်ခြင်း ရှိသည်ဖြစ်၍ ယောကျ်ားတပါးတို့ အပေါ်၌လည်း မေထုန်မှုဖြင့်အလိုရှိ၏။

မေထုန်မှုနှင့် ယှဉ်မှုဟူသော အကြောင်းကြောင့် ဖြစ်သော ချမ်းသာမှု၊ ဝမ်းမြောက်မှုကိုလည်း အလိုရှိ၏။ မိန်းမ၏အဖြစ်၌လည်း မွေ့လျော်ငြားအံ့။ ထိုမိန်းမသည် မိန်းမ၏အဖြစ်မှ မလွန်မြောက်နိုင်-ဟု အပြန်အားဖြင့်လည်း ဟောတော်မူသည်။ (အင်္ဂုတ္တရ၊ သတ္တကနိပါတ၊ သံယောဂသုတ်ပါဠိတော်၊ စာမျက်နှာ-၄၄၀)

မိန်းမတို့မည်သည်ကား အလှူပေးခြင်းအစရှိသော ကောင်းမှုတို့ကိုပြု၍ မိန်းမအဖြစ်၌ တပ်နှစ်သက်ခြင်းကင်းစေပြီးလျှင် ဤကောင်းမှုကံသည် ငါတို့အား ယောကျ်ား၏အဖြစ်ကို ရပါစေသတည်း-ဟု စိတ်၌တည်တံ့ခိုင်မြဲစွာထားနိုင်ကြလျှင် စုတေသေလွန်သောအခါ ယောကျ်ားအဖြစ်ကိုရနိုင်ကြကုန်၏။ (ဓမ္မပဒ အဋ္ဌကထာ၊ ပထမအုပ်၊ စာမျက်နှာ-၂၀၈)

အိမ်ထောင်ဖက်ရှိသောမိန်းမများမှာ မိမိ၏လင်ယောကျ်ားအပေါ်၌ အိမ်ဦးနတ်ကဲ့သို့ ရိုရိုသေသေလုပ်ကျွေးလျှင် အကျင့်စာရိတ္တလည်းကောင်းလျှင် ယောကျ်ား၏အဖြစ်ကို ရနိုင်ကြကုန်သည်သာတည်း-ဟု ၎င်းအဋ္ဌကထာ၌ပင် တဆက်တည်းဖွင့်ပြထားပါသည်။

အကြင်မိန်းမသည် ယောကျ်ား၏အဖြစ်ကို အလိုရှိငြားအံ့။ ထိုမိန်းမသည် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ သိကြားမင်း၏ ခြေရင်းအလုပ်အကျွေးကဲ့သို့ မိမိ၏အရှင်သခင်ဖြစ်သော လင်ယောကျ်ားကို လုပ်ကျွေးရာ၏-ဟု ဟောတော်မူသည်။

(ဇာတကပါဠိတော်၊ ဒုတိယအုပ်၊ စာမျက်နှာ-၂၆၈)

အထက်ပါသံယောဂသုတ်-ဋ္ဌ-၁၆၇-နှင့် ဇာတ်(၇)အုပ်၊ ဋ္ဌ-၁၃၂-တို့မှာလည်း မိန်းမများယောကျ်ားဘဝကိုရနိုင်ရန် ညွှန်ပြချက်များကိုလည်း ဖွင့်ပြပါသေးသည်။ ဤမျှဖြင့်လုံလောက်အံ့ထင်၍ မရေးလိုက်တော့ပြီ။

(ဗုဒ္ဓဓမ္မလောက)

---

## ၄၀-ဆံပင်၌ အပြစ် ၁၆-ပါး

အမေး။ ။ကေသဿေဒနံ ကာသာဝဿာဒနံ သရဏာဒါနန္တိ- ဟူရာ၌ ဆံပင်ရိတ်ခြင်း၏ အဓိကရည်ရွယ်ချက်ကို သိလိုပါသည်။ အပြစ် ၁၆-ပါးသက်သာသည်-ဟု သာမညကြားဖူးပါသည်။ ဟုတ်-မဟုတ်၊ မှန်-မမှန်၊ ကျမ်းဂန်ညီ၍ အတိအကျ ရှင်းလင်းဖြေကြားပေးပါရန် တောင်းပန်အပ်ပါသည်။

အရှင်ကုန္ဒာစာရ(ရေစကြိုမြို့)

အဖြေ။ ။အရှင်နာဂသေနထေရ်၏အလောင်း သူငယ်က မေး၍ အရှင်ရောဟနထေရ်က ဖြေကြားသော ဆံပင်၌ပလိဗောဓ-ကြောင့်ကြဖွယ် အပြစ် ၁၆-ပါးရှိသည်မှာ ဟုတ်မှန်ပါ၏။

၁၆-ပါးကား....

၁။ တန်ဆာဆင်ရခြင်း၊

၂။ ပြေပြစ်ချောမွေ့အောင် ပြုပြင်ရခြင်း၊

၃။ ဆီလိမ်းရခြင်း၊

၄။ ခေါင်းလျှော်ရခြင်း၊
၅။ ပန်းပန်ရခြင်း၊
၆။ အမွှေးသုတ်လိမ်းရခြင်း၊
၇။ ခေါင်းလျှော်ရန် ကင်ပွန်းသီး ဆီစသည်တို့ဖြင့်(ထုံးရ) နှံ့ရခြင်း၊
၈။ သဖန်းခါးသီးရှာရခြင်း၊
၉။ သျှစ်သျှားသီးရှာရခြင်း၊
၁၀။ ဆံပင်နက်အောင် ဆိုးရည်ဆိုးရခြင်း၊
၁၁။ ဦးသျှောင်ထုံးရခြင်း၊
၁၂။ ဘီးဖြင့်ဖြီးရခြင်း၊
၁၃။ ပြုရပြင်ရခြင်း၊
၁၄။ ထုံးပြီးဦးသျှောင် ပြန်ပြင်ရခြင်း၊
၁၅။ သန်းရှာရခြင်း၊
၁၆။ ဆံပင်ကျွတ်ခဲ့သော်,ပြတ်ခဲ့သော် စိုးရိမ်ရခြင်း၊ ပင်ပန်းရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်း၊ ရင်ဘတ်စည်တီး ညည်းတွားရခြင်း၊ လွန်စွာတွေဝေရခြင်းတို့ ပါတည်း။

(မိလိန္ဒပဉှာပါဠိတော်–၁၁)

(ဗုဒ္ဓဓမ္မလောက)

---

## ၄၁–အရက်သောက်လျှင်

**အမေး။** ။အရက်သောက်လျှင် အပြစ်ရှိသည်-ဟု သိပါသည်။ ဘယ်လိုအပြစ်ရှိသည်။ ဘယ်ရေသို့ကျ

ရောက်သည်။ ဘုရားရှင်က မည်သည့်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ မည်သည့်ပါဠိတော်မှာ ဟောတော်မူထားကြောင်း အကိုးအကားနှင့် ဖြေကြားစေလိုပါသည်။

(ဦးဘိုးစန်၊ တောင်ညို)
(ဗုဒ္ဓဓမ္မလောကအတွဲ–၁၆၊ အမှတ်–၂၉)

အဖြေ။ ။အမေး၌ အချက် ၃–ချက်ပါရှိ၍ (က-ခ-ဂ)၃-ပိုင်းခွဲ၍ ဖြေဆိုပါမည်။

(က) အရက်သောက်ခြင်း၌ မျက်မှောက်ဘဝမှာ အပြစ် ၆-ပါးရှိပါသည်။

၁။ မျက်မှောက်၌ ဥစ္စာပစ္စည်းဆုံးရှုံး ပျက်စီးတတ်ခြင်း၊

၂။ အငြင်းအခုံ ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊

၃။ အနာရောဂါအနာသစ် ဖြစ်ပေါ်တတ်ခြင်း၊

၄။ မအပ်သောအမူအကျင့်ကိုပြုကျင့်၍ မကောင်းသတင်းထွက်တတ်ခြင်း၊

၅။ အရှက်အကြောက်ကင်းမဲ့တတ်ခြင်း၊

၆။ ပညာအဆင်အခြင် ကင်းမဲ့တတ်ခြင်း-ဟူ၍ ၆–ပါးရှိပါသည်။ (ဒီဃနိကာယ၊ ပါထိကဝဂ္ဂပါဠိတော်–၁၄၈)

(ခ) တမလွန်ဘဝမှာ ငရဲ၌ဖြစ်စေနိုင်၏။ တိရစ္ဆာန်မျိုး၌ဖြစ်စေနိုင်၏။ ပြိတ္တာမျိုး၌ဖြစ်စေနိုင်၏။ အပေါ့ဆုံးအပြစ်ကား လူဖြစ်သော် လူးရူးလူနှမ်းဖြစ်စေနိုင်၏–ဟု ရဟန်း အ များ ကို ဟောတော်မူသည်။ (အင်္ဂုတ္တရပါဠိတော် တ–အုပ်၊ ၇၈)

(မှတ်ချက်။ ။ဘယ်ငရဲ၌ကျရောက်သည်ဟု သီးခြားဟောတော်မူသောအရာကို မတွေ့မိသေးပါ။ မူလဋီကာ၊ အနုဋီကာ၊ ဋီကာကျော်၊ ဝိဘင်းအဋ္ဌကထာဆရာတို့ မိန့်ဟဖွင့်ပြသည်များကိုထောက်ဆသော် အပါယ်ပဋိသန္ဓေကျိုးကိုပေးစွမ်းနိုင်သည်။ ဤ သုတ္တန်ရှာပါနသည် ပါဏာတိပါတ—စသောကံ ၄—ပါးကို ကျူးလွန်ခြင်း၏ အကြောင်း ရင်း ဖြစ် သော ကြောင့် လ ည်း ကောင်း၊ ကာမေသုမိစ္ဆာစာရနှင့် သဘောချင်းတူသောကြောင့် လည်းကောင်း ကံသီးခြားမဆို—ဟု မှတ်ယူရပါမည်။ ကံသီးခြားမဆိုသောကြောင့် ငရဲသီးခြားမဆိုသာ၊ ကျူးလွန်သော ထိုသိုကံ၏အစွမ်းဖြင့် ထိုထိုငရဲဘုံသို့ကျရောက်ရမည်—ဟု မှတ်ယူရပါမည်။)

(ဂ) အရှင်သာဂတကိုအကြောင်းပြု၍ ဟောတော်မူပါသည်။

ဘုရားရှင်လက်ထက်တော်က လောကီစျာန် အဘိညာဉ်ရ တန်ခိုးကြီးလှသည့် ပုထုဇဉ်ရဟန်း အရှင်သာဂတသည် အခါတပါး၌ အမ္ဗတိတ္ထ နဂါးနှင့် တန်ခိုးချင်းပြိုင်ရာ နဂါးကိုအနိုင်ရကြောင်း ကောသမ္ဗီ ပြည်သူအပေါင်းတို့ ကြားသိ၍ ကြည်ညိုလှသဖြင့် ဆွမ်းခံဝင်အလာတွင် ခိုချေးအဆင်းနှင့် တူသော သေရည်ကိုလှူ၍ သောက်လေရာ မူးပြီး မြို့တံခါးဝမှာ လဲနေရှာသည်။ ရရှိပြီးစျာန်အဘိညာဉ်များလည်း ကွယ်ပကုန်သည်။

ထိုအခိုက် ဘုရားရှင်သည် ဆွမ်းခံရာမှ ထွက်ကြွတော်မူအလာတွင် တွေ့မြင်ရ၍ ရဟန်းတို့အား တွဲခေါ်ခဲ့ရန် မိန့်မှာချက်ဖြင့်

တွဲခေါ်လာပြီးနောက် ဘုရားရှင်၏ ရှေ့တော်မှောက်အရောက်တွင် ဘုရားဘက် ဦးခေါင်းထား၍ ချထားကြလေလျှင် ချက်ချင်းပင်ပြန်ထပြီး ဘုရားဘက်ခြေပြုထားပြန်သည်။

ထိုအခါဘုရားရှင်က ရဟန်းတို့....သာဂတသည် ရှေး၌ ငါဘုရားကိုရိုသေ၏' ယခုမရိုသေတော့။ ရှေး၌နဂါးကိုပင်နိုင်ခဲ့၏၊ ယခုရေမြွေကိုပင်နိုင်တော့မည်မဟုတ်။ ရဟန်းတို့....ဤသို့သညာကင်းခြင်းကို ဖြစ်စေတတ်သည့် သေရည်ကို သောက်ခြင်းငှာ သင့်၏လော—ဟု မေးတော်မူရာ....မသင့်ပါဘုရား—ဟု လျှောက်ကြကုန်၏။

ထိုအခါဘုရားရှင်က သာဂတမထေရ်အား ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းတို့ကိုခေါ်တော်မူ၍ ''သေရည်ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ်သင့်စေ''ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။(ဂူထပါန ဇာတက၊ ပါ—၁၉။ ပါစိတ်ပါဠိတော်-၁၄၄)

ဤအမေးရှင်သည် အရက်သောက်မိ၍၊ သို့မဟုတ် သောက်လို၍၊ သို့မဟုတ် သူ့ဘပါးအမေးရှိ၍ ဤစာစောင်မှနေ၍ မေးခြင်းဖြစ်ကောင်းဖြစ်မည်။ မည်သို့ဖြစ်စေ မေးသင့်သောအရာပင်ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော် ဤအရက်သောက်မှုနှင့်စပ်၍ ပညာရှင်များအယူအဆကွဲပြားလျက်ရှိသောကြောင့်တည်။

ကွဲပြားပုံမှာ အချို့က ဆေးဝါးအဖြစ် သောက်လျှင်အပြစ်မရှိ။ အချို့ ဆေးဝါးအဖြစ်ပင် မသောက်အပ်။အချို့ကသောက်ရုံသောက်ပြီး ဒုစရိုက်မှုမပြုက အပြစ်မရှိ၊ ဒုစရိုက်မှုပြုမှ အပြစ်ရှိ

သည်။ အချို့ကဆေးဝါးအဖြစ်သောက်လျှင်အပြစ်မရှိ၊ သောက်လို၍သောက်မှ အပြစ်ရှိသည်–ဟု အမျိုးမျိုး ဆုံးဖြတ်တော်မူကြသည်။

ဤခေတ် ကျမ်းတတ်ကျမ်းရေးအကျော် ဆရာတော် အရှင်ဇနကာဘိဝံသ၏အဆုံးအဖြတ်ကား သုရာပါနသက်သက် ကမ္မပထမမြောက်၊ ကမ္မပထမမြောက်လျှင် အပါယ်ပဋိသန္ဓေကျိုးကို မပေးနိုင်။ အချို့သူ၏သောက်စားမှုသည် အပါယ်ပဋိသန္ဓေကျိုးကို မပေးနိုင်။ အချို့သူ၏သောက်စားမှုကား အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်သည်–ဟု ဆုံးဖြတ်တော်မူသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်၏ အဆုံးအဖြတ်ကား အဘိဓမ္မာကျမ်းများ၏ အဆိုအမိန့်ကို ထောက်၍ ဆေးဝါးအဖြစ် မမူးယစ်လောက်၊ အနည်းငယ်မျှ သောက်ခြင်းကိုပင် မပြုအပ်။ ဝိနည်းကျမ်းများ၏ အဆိုအမိန့်ကိုထောက်၍ ရဟန်းတို့မှာ သေအရက်မှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မသောက်အပ်၊ သောက်လျှင်သိက္ခာပုဒ်ပျက်၏။ လူသာမဏေတို့ကား သိမှသီလပျက်သည်၊ မသိလျှင် မပျက်။ အကုသိုလ်စိတ်ကား ဖြစ်တော့သည်သာ မှတ်ရမည်-ဟု ဆုံးဖြတ်တော်မူသည်။

ထို့ပြင်–သုရာပါနနှင့်စပ်၍ မှတ်သားဖွယ်ရာများကို အကျယ်ရှုလိုကြပါမူ အောက်ပါ ကျမ်းညွှန်းများအတိုင်း ရှုတော်မူကြပါကုန်လော့။

၁။ သိကြားမင်း သူရာရောင်းပုံ = ကုမ္ဘဇာတက ပါ-ပ အုပ် ၃၆၁။

၂။ သေရည်မူး ချေးပိုးစားက ဆင်ပြောင်ကြီးကို စစ်တိုက်ရန်ခေါ်ပုံ=ဂူသပါနဇာတက၊ ပါ-ပ အုပ် ၆၂။

၃။ သေသောက်ကြူး သဋ္ဌေးသားခိုကိုးရာမဲ့ သေရပုံ=ပါဒု အုပ်၊ ၁၃၃။

၄။ သေရည် မူးနေစဉ် **သား**ငယ်ကိုသတ်၍ စားမိသော အရှင်သာရိပုတ္တရာမထေရ်၏အလောင်း ဗာရာဏသီမင်း၊ အမူးပြေ၍ သတိရသောအခါ သေရည်ကို ဘယ်ဘဝမှ မသောက်တော့ပါ–ဟု အဓိဋ္ဌာန်ပြုပုံ=ရင်း ၄၊ ဒု ၁၇၇။

(ဗုဒ္ဓဓမ္မလောကအတွဲ–၁၆၊ အမှတ်–၄၀၊)

## ၄၂–သူငယ်နှင့်သေရည်

**အမေး**။ ။မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ပုဒ်ရေ ၅၂၈–၌

“မွေးစဟူသည်၊ ငယ်မူငယ်ရာ၊ သညာနုံနဲ့၊
အမှတ်မဲ့လည်း၊ သူငယ့်ခံတွင်း၊ မယွင်းမှန်စွာ၊
နို့သာဝင်လျက်၊ **သေ**အန်ထွက်သား”ဟု ပါရှိပါသည်။

မွေးစသူငယ်၏ခံတွင်း သေရည်သွင်းလျှင် အန်ထွက်ကြောင်း ဤလင်္ကာ၏မှီရာ သာဓကကျမ်းဂန်ကို တွေ့ရှိပါက ဤဗုဒ္ဓဓမ္မလောကစာစောင်၌ ဖော်ပြပါရန် လေးစားစွာ မေန်ကြားအပ်ပါသည်။

ရွှေသိမ်းဇူနန္ဒာ(ထီးချိုင့်မြို့)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၆၊ အမှတ်–၄၅)

**အဖြေ။** ။အရိယာပုဂ္ဂိုလ်သည် ဘဝတပါး၌သော်လည်း အသက်မွေးခြင်းဟူသောအကြောင်းကြောင့် မိမိ အသက်ပင်သေစေကာမူ သူတပါး၏အသက်ကို မသတ်ဖြတ်၊ သေ ရည်ကိုလည်း မသောက်တော့ပေ။ အကယ်၍ သေရည်နှင့်နို့ရည် ရောရှ်တိုက်စေကာမူ ကြိုးကြာငှက် နို့ရည်နှင့်ရေ ရောရှ်တိုက် လျှင် နို့ရည်သာဝင်၍ ရေမဝင်သကဲ့သို့ အရိယာတို့မှာ (မသိ သော်လည်း) နို့ရည်သာဝင်၍ သေရည်မဝင်တော့ကြောင်းကို သီလက္ခန္ဓဝဂ္ဂ ဋ၊ ၂၇၃-၌လည်းကောင်း၊

ဘဝပြောင်း၍ မိမိကိုယ်ကို အရိယာမှန်း မသိသော်လည်း အသက်ကို စွန့်ရစေကာမူ ငါးပါးသီလကို လုံးဝမလွန်ကျူး တော့ကြောင်းကို (မူလပဏ္ဏာသ ပါ–၈၂၊ ၎င်း ဋ၊ ပ-အုပ်၃၁၄ တို့၌လည်းကောင်း) မိန့်ဆိုဖွင့်ပြတော်မူသည်များကိုထောက်၍–

မာန်လည်ဆရာတော်ဘုရားသည် တမင်္ဂတဖိုလ်သာရ၍ လူ့ ပြည်သို့ပြန်လာသော သောတာပန်အရိယာသူငယ်များကိုရည်၍ မဃဒေဝလင်္ကာသစ် ပုဒ်ရေ ၅၂၈-၌ စပ်ဆိုတော်မူသည်ဟု မှတ်ယူရပါမည်။

**မှတ်ချက်။** ။ဤအဖြေရှင်းအရေးဖြင့် မည်သည့်ကျမ်း၌ **မည်** သည့်သူငယ်ကို နို့နှင့်သေရည်ရောပေးတိုက်ရာ တွင် နို့သာဝင်၍ သေရည်မဝင်ကြောင်းကို တိုက်ရိုက်မတွေ့မိသေးသောကြောင့် ဤသို့ပင် ဖြေဆိုရပါသည်။

(ဆရာတော်ရေးသားသောလင်္ကာများမှာ အများအားဖြင့် ကျမ်းပေါင်းစုံမှအဓိပ္ပာယ်များ

ကို ပေါင်းစပ်ရေးသားထားသည်ကို စာပေ ဝါသနာရှင်တိုင်း သိပြီးဖြစ်ပါလိမ့်မည်။ ဤ အရှင်သည် မဇ္ဈိမဒေသလက်ာပုဒ်ရေ ၃၇၀-အထိ အကိုးသာဓကကျမ်းများကို လွန်ခဲ့သည့် ၁၀- နှစ်ခန့်က ရှာဖွေမှတ်သားထားဖူးပါသည်။)

---

## ၄၃—လူသေလျှင်ပရိတ်ရွတ်

**အမေး။** ။သေသူကိုဖိတ်ကြားရည်စူး၍ ရက်လည်ဆွမ်းကပ် လှူရာတွင် ရေစက်မချခင် ပရိတ်ရွတ်ခြင်းနှင့် ရေစက်ချပြီး အမျှဝေပြီးမှ ပရိတ်ရွတ်ခြင်းတို့သည် မည်ကဲ့သို့ ဆောင်ရွက်ခြင်းက မှန်ကန်၍ အကျိုးများမည်ကို ဝတ္ထုသက် သေဖြင့် ဖြေကြားပေးပါရန်

ဦးလှဒင်(ပျဉ်းမနားမြို့)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၉၊ အမှတ်-၂၄)

**အဖြေ။** ။သမန္တာ-အစရှိသောပရိတ်သည် ဘေးရန်ကိုဖြစ် စေတတ်သော နတ်ဆိုး နတ်ရွား နတ်ယုတ်မာ များ မလာမကပ်နိုင်ရန် အရံအတားပြုလုပ်ခြင်းနှင့် အန္တရာယ် ကင်းခြင်းစသော ကောင်းကျိုးများကို ပေးစွမ်းနိုင်သည်။ နတ်ကောင်း နတ်မြတ်များကိုလည်း တရားနာရအောင် ဖိတ် ကြားခြင်းပင်ဖြစ်သည်။

ဤသို့သောအနက်သဘောမျှလောက်ကိုသာသိသူ အချို့ လူဘို့က သေသူကိုရည်မှန်း၍ ရက်လည်ဆွမ်းလှူဒါန်းရာ၌ ပရိတ်

ကိုအလျင်ရွှတ်သော် ပရိတ်၏အာနုဘော်ကြောင့်လည်းကောင်း၊ တန်ခိုးကြီးသောနတ်များ တရားနာရန် ရောက်နေကြသောကြောင့်လည်းကောင်း၊ ဘဝတပါးသို့ပြောင်းသွားသောသူသည် အကယ်၍ယုတ်နိမ့်သောဘဝဇာတ်ရှိသော သချိုင်းပြိတ္တာ=ပရဒတ္တူပဇီဝိကပြိတ္တာမျိုးမှာ ဖြစ်၍နေခဲ့သော် အနီးအနားသို့မကပ်မဝင်နိုင်၊ အမျှဝေသော် သာဓုမခေါ်နိုင်မည်စိုး၍ ရေစက်ချအမျှဝေပြီးမှ ပရိတ်ကိုရွှတ်ဖတ်စေလိုကြသည်။

ဤဝါဒကို အများစုကလက်မခံကြပါ။ အကြောင်းသော်ကား... လူများသည် များသောအားဖြင့် သေခါနီးမှာ သံဝေဇနီယဟုဆိုအပ်သော ပစ္စည်းဥစ္စာ, သားသမီး, သားမယား, လင်သား, မိဘ-စသည်တို့အပေါ်၌ သံယောဇဉ်ဟုဆိုအပ်သော လောဘနှင့်ယှဉ်သောစိတ်ဖြင့် တပ်မက်မှုရှိပြီး သေဆုံးတတ်ကြပါသည်။ ဤနည်းဖြင့်သေဆုံးသူသည် ပြိတ္တာပင်ဖြစ်ပါမည်။

ပြိတ္တာဖြစ်ခဲ့သော် ကျန်ရစ်သူ သားသမီး, မိဘ, ဆွေမျိုးများက ဒါနပြု၍ ပေးဝေသော အဖို့ဘာဂအမျှကို သာဓုခေါ်နိုင်ရန် လိုလားတောင့်တပြီး အိမ်၏အနီးအပါး ပတ်ဝန်းကျင်မှာပင် စောင့်မျှော်၍ နေတတ်ခြင်း၊ သေသူကိုရည်မှန်း၍ ပြုလုပ်သော ဒါနပွဲလည်းဖြစ်ခြင်း၊ သေသူကို အထူးတလည်ဖိတ်ခေါ်ထားခြင်းဟူသော အကြောင်းတို့ကြောင့် (သဒ္ဒါနည်းမှာ ဝေ-လည်းသိုင်၊ စ-လည်းထိုင်၊ လုံကိုင်ခွေးခေါ်နည်း ဟူသော နိယံစကားမှာကဲ့သို့) ပရိတ်ကိုအလျင်ရွှတ်သော်လည်း နတ်ကောင်းနတ်မြတ်များ တရားနာရအောင် ရောက်နေသော်လည်း သေသူ

သည် အနှောင့်အယှက် ပေးရအောင် လာသူမဟုတ်၊သာဓုခေါ် ရအောင် လာစေလို၍ ဖိတ်ခေါ်ထားသောသူ ဖြစ်သည်။ ထို့ကြောင့် အနီးအနားမှာပင် လာရောက်နေနိုင်သည်၊ သာဓုခေါ်နိုင်သည် ဟု ယူဆကြသောကြောင့်ပါတည်း။

ထို့ကြောင့် ယနေ့တိုင်အောင် အများအားဖြင့် ပရိတ်ရွတ်မှုကအလျှင်၊ ရေစက်ချအမျှဝေမှုက နောက်ထား၍ ပြုလုပ်နေကြပါသည်။ (နောက်ပိုင်း၌ ထုတ်ပြလတ္တံ့သော ဝတ္ထုသက်သေများဖြင့် ထင်ရှားလတ္တံ့။) ဤနေရာ၌ သေသူကိုရည်မှန်း၍ လှူဒါန်းပြီး အမျှဝေလျှင် အမျှဝေတိုင်း သေသူခံစားရအံ့လော? ဟု မေးဖွယ်ရာရှိပါသည်။

**အဖြေကား။** ။အမျှဝေတိုင်း သေသူမခံစားရပါ၊ အကြောင်းမှာ သေသွားခြင်းတည်းဟူသော ဂတိသည်-

ဒေဝဂတိ = နတ်ဖြစ်သွားခြင်း၊
မနုဿဂတိ = လူဖြစ်သွားခြင်း၊
တိရစ္ဆာနဂတိ= တိရစ္ဆာန်ဖြစ်သွားခြင်း၊
နိရယဂတိ = ငရဲသို့ကျခြင်း၊
ပေတဂတိ = ပြိတ္တာဖြစ်ခြင်း-ဟူ၍ ငါးမျိုးရှိသည်။

၎င်းငါးမျိုးအနက် ပေတဂတိ-ပြိတ္တာဖြစ်သွားသူသည်သာလျှင် ကျန်ရစ်သူ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူတို့ကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတို့က သော်လည်းကောင်း၊ ပေးလှူအပ်သော ကုသိုလ်ဒါနအဖို့ကို သေသူအားရည်မှန်း၍ အမျှဝေမှသာသေသူခံစားရပါသည်။ ခံစားရသည်ဆိုရာ၌လည်း

သေသူကိုရည်မှန်း၍ ဆွမ်းစသော အာဟာရ အစားအစာကို လှူဒါန်းမှ အစာစားရသည်။ သင်္ကန်း-စသော အဝတ်အထည်ကို လှူဒါန်းမှ အဝတ်ဝတ်ရသည်ဟူ၍ ကျမ်းဂန်တို့၌ အဆိုအမိန့် ရှိပါသည်။ 'လှူ' ဆိုရာ၌လည်း ပုဂ္ဂိုလ်တိုင်းအားလှူ၍ သေသူ ခံစားရသည်မဟုတ်ပါ၊ သီလရှိသူကို လှူမှသာ သေသူခံစားရ ပါသည်။

စူဠသေဋ္ဌိ ပေတဝတ္ထု၌ သေသူကိုရည်မှန်း၍ လှူပင်လှူသော်လည်း ဒုဿီလပုဂ္ဂိုလ်တို့အား လှူဒါန်းသောကြောင့် သေသူမခံစားရကြောင်းကို ဖော်ပြထားပါသည်။ ထို့နောက် ထိုဝတ္ထုမှာပင် အဇာတသတ်မင်းသည် ဒေဝဒတ်၏ တိုက်တွန်းချက်ဖြင့် ခမည်းတော်ကိုသတ်၍ နန်းတက်ပြီး နောက်မှ နောင်တကြီးစွာ ရ၍ စက်တော်ခေါ်ပျော်တော်မမူနိုင်ပဲ ရှိနေသဖြင့် ပြာသာဒ်အထက်ဆင့်၌ စကြံသွားနေစဉ် ကောင်းကင်၌ ဦးခေါင်းပြောင်ပြောင် ပြိတ္တာတကောင်သွားသည်ကို ဈာန်ဖြင့် ကြွသွားသော တိတ္ထိရဟန်းတပါးဟု အထင်မှားပြီး လှမ်း၍မေးမိရာ ပြိတ္တာဖြစ်နေသည်ကိုသိရသည်။ ပြိတ္တာက ဗာရာဏသီပြည်ရှိ သူ၏ သမီးထံသို့သွားပြီး ရည်ညွှန်း၍လှူဒါန်းအပ်သော ကုသိုလ်အဖို့ကို ခံယူရန် သွားမည့်အကြောင်း ပြောပြသည်။

အဇာတသတ်မင်းက ဒါဖြင့် အပြန်ဝင်ခဲ့ပါဦးဟု မှာလိုက်သည်။ အပြန်တွင် ဝင်လာသောအခါ ကုသိုလ်အဖို့ကို ရခဲ့ရဲ့လားဟု မေးရာ ဒုဿီလပုဂ္ဂိုလ်တို့ကိုလှူပြီး ရည်ညွှန်းသောကြောင့် ကုသိုလ်အဖို့မရခဲ့ပါဟု ပြောသည်။ ထိုအခါ အဇာ-

တသတ်မင်းက ထိုပြိတ္တာအတွက် ဘုရားရှင်အား လှူဒါန်းပြီး ရည်ညွှန်း၍အမျှဝေမှ အကျိုးခံစားရပုံကိုလည်း ဖော်ပြထားပါသည်။ (ဤသို့ ဖော်ပြထားသည်များကိုထောက်သော် သေသူအား ရည်မှန်း၍လှူဒါန်းရာ၌ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်၍ လှူဒါန်း သင့်ကြောင်း သတိပြုရာသည်။)

အထက်ပါစကားရပ်၌ ပြိတ္တာဟုဆိုသော်လည်း ပြိတ္တာတိုင်း ခံစားရသည်မဟုတ်ပေ။ ပြိတ္တာသည် အကြမ်းအားဖြင့်–

၁။ ပရဒတ္တူပဇီဝိကပြိတ္တာ=သူတပါးတို့ ပေးအပ်သော အစာကို အမှီပြု၍အသက်ရှင်ရသော ပြိတ္တာ။

၂။ ခုပ္ပိပါသိကပြိတ္တာ=ထမင်းငတ်ခြင်း, ရေငတ်ခြင်းဖြင့် မပြတ်အနှိပ်စက်ခံနေရသော ပြိတ္တာ။

၃။ နိဇ္ဈာမတဏှိကပြိတ္တာ=အမြဲ အကြွင်းမဲ့ လောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်းရှိသော ပြိတ္တာ။

၄။ ကာလကဉ္စိကပြိတ္တာ=အသုရကာယ်ဟု အသီးအခြား ခေါ်ဝေါ်အပ်သော ပြိတ္တာဟူ၍ လေးမျိုးရှိသည်။

ထိုလေးမျိုးတွင် ပရဒတ္တူပဇီဝိကပြိတ္တာ တမျိုးတည်းသာ ကျန်ရစ်သူ သား, သမီး, မိဘ, ဆွေမျိုးစသည်တို့က ရည်မှန်း၍ လှူဒါန်းအပ်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်နူမော် သာဓုခေါ်နိုင်လျှင် ခံစားနေရသော ဆင်းရဲဒုက္ခများမှ လွတ်မြောက်၍ တခဏချင်း နတ်တို့၌ဖြစ်သော အစားအသောက် အဝတ်အထည် စသည်တို့ကို ရရှိခံစားနိုင်လေသည်။

ဤ၌ ပရဒတ္တူပဇီဝိဘပြိတ္တာမျိုးနှင့်စပ်၍ ပေတဝတ္ထု အဋ္ဌကထာ၌လာသော တိရောကုဋ္ဋပေတဝတ္ထုကို လိုရင်းထုတ်၍ အကျဉ်းချုပ်အားဖြင့် ရှေ့အပတ်ဖော်ပြပါမည်။ (ဆက်ဖတ်ပါ)

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၉၊ အမှတ်-၂၄၊)

---

## ၄၄–လူသေလျှင်ပရိတ်ရွတ်အဖြေ

## (ယခင်အပတ်မှအဆက်)

ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ၉၂-ကမ္ဘာထက်က ဗိမ္ဗိသာရမင်းကြီးရဲ့အလောင်း အမှုဆောင် အမတ်နှင့် ဆွေမျိုးဘော်ခဲ့ကြဖူးသောပြိတ္တာတို့သည် ကဿပ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ "ကဿပမြတ်စွာဘုရား.... အကျွန်ုပ်တို့အား ဘယ်သောအခါမှ အစားအစာ အဝတ် အသည်းများရပါအံ့နည်း" ဟု မေးလျှောက်ရာ မြတ်စွာဘုရားက "ငါ၏သက်ထက်၌ကား မရသေး၊ ငါ ပရိနိဗ္ဗာန်စံဝင်ပြီးသည် နောက် မြေကြီးအဆ တယူဇနာမျှမြင့်သော အခါမှာ ဂေါ တမမြတ်စွာဘုရားရယ်လို့ ပွင့်တော်မူလိမ့်မည်။ ထိုမြတ်စွာဘုရား လက်ထက်၌ ဗိမ္ဗိသာရမင်းသည် ဖြစ်လတ္တံ့။ ထိုမင်းသည် သင် တို့၏ ၉၂–ကမ္ဘာသက်က အဆွေအမျိုးဖြစ်ခဲ့ဖူးသည်။ ထိုမင်း သည် ဂေါတမမြတ်စွာဘုရားအား ဒါနလှူပေး၍ သင်တို့အား ရည်ညွှန်း၍ အမျှပေးဝေလတ္တံ့။ ထိုအခါမှ သင်တို့အလိုရှိသော အစားအစာ အဝတ်အထည်များ ရလိမ့်မည်" ဟု မိန့်ကြား တော်မူ၏။ ဤသို့ မိန့်ကြားတော်မူသောစကားသည် ပြိတ္တာ

တို့အား ''နက်ဖြန်ပင်ရအံ့၊ ခံစားရအံ့''ဟု ဆိုဘိသကဲ့သို့ အတိုင်းမသိဝမ်းမြောက်ကြလေ၏။

ထိုနောက် မြေကြီးအထု တယူဇနာမျှ မြင့်လတ်သော် ဂေါတမမြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုအခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်း၏ ပင့်ဖိတ်ချက်ဖြင့် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူပြီးလျှင် မင်း၏နန်းတော်၌ ကြီးစွာသောအလှူကို ခံယူတော်မူ၏။ ထိုအခါ ၉၂-ကမ္ဘာထက်က ဆွေမျိုးဟောင်းပြိတ္တာတို့သည် ''ဗိမ္ဗိသာရမင်းကြီးသည် ငါတို့အတွက်လှူ၏၊ ယခုပင်ရည်ညွှန်း၍ အမျှဝေလတ္တံ့''ဟု မျှော်လင့်ခြင်းကြီးစွာဖြင့် မျှော်လင့်ကြကုန်လျက် ကောင်းစွာခံရံ၍ ရပ်တည်ကြကုန်၏။

မင်းကြီးသည် အလှူကိုပေးအပြီးတွင် ''မြတ်စွာဘုရားသည် အဘယ်အရပ်၌ သီတင်းသုံးအံ့နည်း''ဟု ကျောင်းနေရာကိုသာလျှင် တွေးဘောကြံစည်ကာ နေမိလေ၏။ ထိုအလှူ၏အဖို့ကို တစုံတယောက်သောသူအားမျှ မရည်ညွှန်းမိ၊ အမျှမဝေမိ။ ထိုအခါ ကုသိုလ်အဖို့ကို သာဓုခေါ်ရအောင် စောင့်မျှော်နေကြသော ဆွေမျိုးပြိတ္တာတို့သည် မျှော်လင့်ချက် ကင်းမဲ့ကုန်သည်ဖြစ်၍ ညဉ့်အချိန်၌ မင်း၏နန်းတော်သို့ဝင်ပြီးလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကို ပြုကုန်၏။ မင်းကြီးသည် ဘေးဖြင့် ထိတ်သန့်ကြောက်ရွံ့ခြင်းသို့ရောက်၍ နံနက်မိုးသောက်ရောက်သတ်သောအခါ မြတ်စွာဘုရား အထံတော်သို့သွား၍ ''ဤသို့သဘောရှိသော အသံကိုကြားရ၏၊ အသို့ဖြစ်အံ့နည်း''ဟု လျှောက်ထား၏။

မြတ်စွာဘုရားက "မင်းကြီး....မကြောက်လင့်၊ သင်မင်းကြီးအား တစုံတခုသော ဘေးသည်မဖြစ်၊ ဧင်စစ်မှာမူ ၉၂-ကမ္ဘာ ထက်က သင်၏ဆွေမျိုးဟောင်းတို့သည် ပြိတ္တာတို့ဘ၀၌ ဖြစ်ကုန်၏။ ထိုသူတို့သည် နှစ်ဆူသောဘုရားရှင်တို့၏ အကြားကာလ ပတ်လုံး မြတ်စွာဘုရားအား အလှူကိုပေး၍ ငါတို့အား ရည်ညွှန်း၍ အမျှဝေလတ္တံ့ဟု လှည့်လည်စောင့်စား၍ နေကြကုန်သော်လည်း သင်မင်းကြီးသည် ယမန်နေ့က အလှူပေးသော်လည်း မရည်ညွှန်း၊ အမျှမဝေသည့်အတွက်ကြောင့် မျှော်လင့်ချက် ကင်းပြတ်လျက် ထိုသို့သဘောရှိသော အသံကို ပြုကုန်၏"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား....အဘယ်သို့ ပြုရပါအံ့နည်း၊ ယခုနောက်ထပ် ပေးလှူသော် ထိုဆွေမျိုးဟောင်းပြိတ္တာတို့သည် ကုသိုလ်အဖို့ကို ရကုန်အံ့လော"ဟု မေးလျှောက်၏။ "မင်းကြီး....ရပေအံ့" ဟု မိန့်သော်မူ၏။ "ဤသို့ရပါမူ တပည့်တော်သည် ယနေ့ပင်အလှူကို ပေးပါအံ့၊ ထိုပြိတ္တာတို့အား ရည်ညွှန်း၍ အမျှပေးဝေပါအံ့"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ မင်းကြီးသည် နန်းတော်သို့ပြန်သွား၍ ကြီးစွာသော ဒါနကိုစီရင်လျက် မြတ်စွာဘုရားအား လျှောက်ကြား၏။ မြတ်စွာဘုရားသည် မင်း၏နန်းတော်သို့ကြွ၍ ခင်းထားအပ်သော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုပြိတ္တာတို့သည် "ယနေ့ပင် မင်းကြီး၏ ကောင်းမှုအဖို့ကို ရကြကုန်ငြားအံ့လည်းမသိ"ဟု လာကြကုန်၍ တံတိုင်း တဘက်

နံရံတဘက်စသည်တို့၌ ရပ်တည်၍နေကြကုန်၏။ မြတ်စွာဘုရားသည် ပြိတ္တာအားလုံးကို မင်းကြီးအားမြင်အောင် တန်ခိုးဖြင့်ပြတော်မူ၏။ မင်းကြီးသည် အလှူရေစက်ကို ပေး၍ "ဣဒံ မေ ဉာတီနံ ဟောတု=ဤအလှူသည် ငါ၏ဆွေမျိုးဟောင်း ပြိတ္တာတို့အား ဖြစ်စေသတည်း"ဟု ရည်ညွှန်း၍ အမျှဝေလေ၏။ ထိုခဏ၌သာလျှင် ပြိတ္တာတို့အား ကြာနီ, ကြာညို ပန်းတို့ဖြင့် ကောင်းစွာဖုံးလွှမ်းအပ်သော ရေကန်တို့သည် ဖြစ်ကုန်၏။

ထိုပြိတ္တာတို့သည် ထိုရေကန်တို့၌ ရေချိုး၍ လည်းကောင်း၊ ရေသောက်၍လည်းကောင်း ပူလောင်ခြင်း, ပင်ပန်းခြင်းနှင့် မွတ်သိပ်ခြင်းတို့ ငြိမ်းကုန်သည်ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ မင်းကြီးသည် ယာဂုစသော ခဲဖွယ်ဘောဇဉ်တို့ကို ပေးလှူ၍ ရည်ညွှန်းအမျှဝေ၏၊ ထိုပြိတ္တာတို့အား ထိုရည်ညွှန်းအမျှဝေသော ခဏ၌သာလျှင် နတ်၌ဖြစ်သော ယာဂုခဲဖွယ်ဘောဇဉ်တို့သည် ရကုန်–ဖြစ်ကုန်၏။ ထိုပြိတ္တာတို့သည် ထိုခဲဖွယ်ဘောဇဉ်တို့ကို စားသောက်ရ၍ ပြည့်ဖြိုးသောရုပ်ရှိကြကုန်၏။

ထို့နောက် အဝတ်ပုဆိုးအမျိုးမျိုးနှင့် အိပ်ရာ နေရာ တို့ကို ပေးလှူ၍ ရည်ညွှန်း အမျှဝေ၏။ ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်ပုဆိုးအမျိုးမျိုးနှင့် ပြာသာဒ်, အခင်း, အရုံ, အိပ်ရာစသော တန်ဆာတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုဖြစ်ပေါ်လာတိုင်းသော စည်းစိမ်အဆောင်အယောင် တို့ကိုလည်း မင်းကြီးမြင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်ပြုတော်မူ၏။ မင်းကြီးသည် ထိုအခြင်းအရာကိုမြင်၍ အလွန်လျှင် ဝမ်းမြောက်

တော်မူ၏။ ထိုနောက်မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ဗိမ္ဗိသာရမင်းကြီးအား ဆွမ်းအနုမောဒနာ အကျိုးငှာ တိရောကုဋ္ဋပေတဝတ္ထုကို ဟောတော်မူ၏။

**ထင်မြင်ချက်။** ။ဤဝတ္ထု၌ ပြိတ္တာတို့သည် သူတို့၏ကိုယ်ရေး ကိုယ်တာအတွက်သက်တော်ထင်ရှားဘုရားရှင်တို့အထံသို့ပင် ချဉ်းကပ် လျှောက်ထုံသည်များကို ထောက်သော် ယခုခေတ် သံဃာတော်များ ရွတ်ဖတ်သည့် ပရိတ်၏ အာနုဘော်ကြောင့် အနီးကပ် မနေနိုင်စေကာမူ သာဓုခေါ်နိုင်လောက်သည့် မနီးမဝေးအရပ်မှာ နေကြမည်မှာ သေချာပါသည်။ မြတ်စွာဘုရား၏ ပရိတ်ဘော်သည်လည်း (ကံကြီး ငါးပါး မထိုက်သူမှန်သမျှ) ယုံကြည်စွာဖြင့် နာကြားကြပါလျှင် နိယျာနိကဓမ္မ= သံသရာဝဋ်မှ လွတ်ကြောင်းတရားဖြစ်၍ ပြိတ္တာများသည်လည်း နာကြားသင့်ပါသည်။ သို့ကြောင့် "ပရိတ်ရွတ်ပြီးမှ ရေစက်ချ အမျှဝေနည်းက ပို၍အကျိုးရှိမည်" ဟု ထင်မြင်မိပါသည်။

ဤအမေး၌ ပုဂ္ဂိုလ်အလိုက်, အရပ်ဒေသ, ရာထူးစံများရှိနေသဖြင့် လည်းကောင်း၊ ကျမ်းဂန်များ၌လည်း ရှေ့နောက် အစဉ် တိတိကျကျမတွေ့ရသဖြင့်လည်းကောင်း ပရိတ်ရွတ်မှုက အလျင်၊ ရေစက်ချမှုကနောက်လုပ်မှ မှန်ကန်၍အကျိုးရှိမည်ဟူ၍ ကား မဖြေဆိုဝံ့ပါ။ အထက်ပါအတိုင်း တင်မြင်ချက်လောက်သာ ပေးဝံ့ပါသည်။ (ဆက်ဖတ်ပါ)

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၉၊ အမှတ်-၂၅)

# ၄၅–လူသေလျှင်ပရိတ်ရွတ်အဖြေ

## (ယခင်အပတ်မှအဆက်)

ထိုမှတပါး ဝတ္ထုသက်သေတမျိုးကား–

ဂေါတမဘုရားရှင်လက်ထက် အရှင်သာရိပုတ္တရာ၏မယ်တော် ငါးဘဝတိုင်တိုင် ဖြစ်ခဲ့ဖူးသောသူသည် တခုသောဘဝ၌ အယူမှားပြီး ပြိတ္တာဘုံ၌ဖြစ်ရလေသည်။ ထိုမယ်တော်ဖြစ်ခဲ့ဖူးသော သချိုင်းပြိတ္တာမသည် ကမ္ဘာရှည်ကြာ ငတ်မွတ်သည့်ဝေဒနာက ပြင်းစွာနှိပ်စက်သောကြောင့် သည်းမခံနိုင်သည်ဖြစ်၍ အစာနှင့် အဝတ်တောင်းရန် အရှင်သာရိပုတ္တရာအထံသို့လာခဲ့ရာ ကျောင်း မုခ်ဝသို့အရောက်တွင် မုခ်ဝ၌စောင့်နေသောနတ်က ဝင်ခွင့်မပေး။ "သချိုင်းပြိတ္တာမ–သင်ကား ဘယ်အရပ်မှလာခဲ့သနည်း? ဝေးရာအရပ်သို့ ဖဲသွားလေလော့" ဟု နှင်ထုတ်လေသည်။

"အကျွန်ုပ်ကား....ရှင်သာရိပုတ္တရာ၏ မယ်တော်ပါ၊ သား၏ အထံမှာ အစာနှင့်အဝတ်ကို တောင်းရအောင် လာခဲ့တာပါ၊ သားတော်ထံသို့ ဝင်ခွင့်ပြုပါ၊ ဝင်ပါရစေ" ဟု ခွင့်တောင်း သည်။ ထိုမုခ်၌စောင့်သောနတ်က မိမိ၏တန်ခိုးအဘိညာဉ်ဖြင့် ကြည့်ရှုသော် သချိုင်းပြိတ္တာမသည် အမှန်ပင် ငါးဘဝတိုင်တိုင် မယ်တော်ဖြစ်ခဲ့ဖူးကြောင်း သိမြင်လေလျှင် သားတော်ရှိရာသို့ ဝင်ခွင့်ပြုလေသည်။ ထိုသို့ဝင်ခွင့်ရသောအခါ ဘုန်းကံကြီးမားသူနှင့် ဘုန်းကံနည်းပါးသူတို့ အနီးအကပ်မနေအပ်၊ မနေ စကောင်းသောကြောင့် ကျောင်းအောက်မှနေပြီး ညဉ့်အချိန် မှာ ပြင်းစွာသောအသံဖြင့် "သားတော်ရှင်သာရိပုတ္တရာ....ဆင်း

ရဲခြင်းခံနေရသည်ကို အဘယ့်ကြောင့် မကြည့်မရှုပဲနေဘိသနည်း၊ အစာနှင့်အဝတ်ကိုပေးပါ'' ဟု ဘောင်းလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာက ဉာဏ်တော်ဖြင့်ကြည့်ရှုလေသော် အမှန်ပင် ငါးဘဝတိုင်တိုင် မယ်တော်ဖြစ်ခဲ့ဖူးကြောင်းကို သိမြင်တော်မူ၍ ''မယ်တော်....ယခုကား ညဥ့်အခါဖြစ်နေသည်၊ နံနက်မိုးသောက်ရောက်သောအခါမှ လာခဲ့ပါ၊ အစာနှင့်အဝတ် ပေးပါမည်'' ဟု မိန့်ဆိုလေသော် သချိုင်းပြိတ္တာမသည် ပြန်သွားလေသည်။

အရှင်သာရိပုတ္တရာသည်လည်း နံနက်မိုးသောက်ရောက်သောအခါ အရှင်မောဂ္ဂလာန်အထံသို့သွားပြီး အကြောင်းစုံပြောပြလျှောက်ထားရာ အရှင်မောဂ္ဂလာန်ကလည်း ''မယ်တော်ဖြစ်ဖူးသောသူဖြစ်ပေသည်၊ မေ့လျော့၍မနေသင့်ပေ'' ဟု ပြောကြားပြီး မထေရ်နှစ်ပါးတို့သည် ပသေနဒီကောသလမင်းကြီးထံသို့သွားပြီးလျှင် ''ဒကာတော်မင်းကြီး....အရှင်သာရိပုတ္တရာ၏ မယ်တော် ငါးဘဝတိုင်အောင်ဖြစ်ခဲ့ဖူးသောသူသည် တခုသောဘဝ၌ အယူမှားခြင်းကြောင့် သချိုင်းပြိတ္တာမ ဖြစ်၍ ပြင်းစွာသောဆင်းရဲကို ခံနေရသည်။ ထိုအမိဖြစ်သောပြိတ္တာမအားရည်မှတ်၍ ကုသိုလ်ကောင်းမှုပြုပြီးလျှင် ရေစက်ချအမျှပေးဝေမှသချိုင်းပြိတ္တာမအဖြစ်မှလွတ်၍ နတ်၌ဖြစ်သောစည်းစိမ်ချမ်းသာကို ခံစားခံစားရမည်'' ဟု အမိန့်ရှိကြလေသည်။

မင်းကြီးက ''ကိုယ်တော်အရှင်မြတ်တို့နှင့်တကွ သံဃာတော်ငါးရာတို့သည် နက်ဖြန်နံနက် တပည့်တော်၏နန်းတော်သို့

ကြွရောက်ပြီး ဆွမ်းနှင့်သင်္ကန်းကို အလှူခံတော်မူပါ''ဟု လျှောက်ထားလေသောကြောင့် မထေရ်မြတ်တို့သည် သံဃာတော် ငါးရာနှင့်တကွ မင်းကြီး၏နန်းတော်သို့ကြွ၍ ဆွမ်းနှင့် သင်္ကန်းကို အလှူခံတော်မူကြ၏။ မင်းကြီးသည် ဆွမ်းနှင့် သင်္ကန်းလှူဒါန်းပြီးသောအခါ ရေစက်ချ၍ အမျှပေးဝေသော ခဏ၌ပင်လျှင် ထိုသချိုင်းပြိတ္တာမအဖြစ်မှ လွတ်မြောက်၍ တာဝတိံသာနတ်ပြည်၌ ကြီးစွာသော နတ်တို့၏စည်းစိမ်ကို ရရှိခံစားရလေ၏—ဟူ၍ (ပေတဝတ္ထုပါ–ဠ–တို့၌) လာရှိလေ သည်။

**တိုက်တွန်းချက်။** ။သေသူကိုရည်မှန်း၍ လှူဒါန်းကြရသော အလုပ်သည် **အနုမာန**=မှန်းဆ၍လုပ်ရ သော အလုပ်မျိုးဖြစ်ပေသည်။ **အကယ်၍** သေသူသည် အသက်၌ဖော်ပြပါ ဂတိငါးမျိုးတို့တွင် သာဓုမခေါ်နိုင်သည့် ဂတိလေးမျိုးသို့ ကျရောက်၍နေပါမူ သာဓုမခေါ်နိုင်ပေ။ သာဓုမခေါ်နိုင်၍ ထိုသူမခံစားရပါလျှင် သူသူငါငါ ဘဝ သံသရာရှည်လျားလှသဖြင့် တပါးသောဆွေမျိုးဟောင်း ပြိတ္တာ များ မရှိဟူ၍ မဆိုနိုင်ပေ။ ဆွေမျိုးဟောင်းပြိတ္တာများကိုပါ လှူဒါန်းစဉ်က ရည်ညွှန်း၍အမျှပေးဝေပါလျှင် ထိုဆွေမျိုး ဟောင်းပြိတ္တာများ ခံစားရရာ၏။ အကယ်၍ မည်သူမျှမခံ စားရစေကာမူ အလှူရှင်များ အကျိုးမဲ့မဖြစ်နိုင်ပေ။

အလှူရှင်သည် **အကယ်၍** အကုသိုလ်မှုတခုခုပြုမိသောကြောင့် သေလွန်သည့်အခါ တိရစ္ဆာန်ဘဝသို့ရောက်စေကာမူ တိရစ္ဆာန်

တို့၏အစားအစာ အသုံးအဆောင်တို့ကို ရလှယ်ခြင်း၊ လူဖြစ်လျှင်လည်း လူတို့၏အစားအစာ အသုံးအဆောင်၊ နတ်ဖြစ်လျှင်လည်း နတ်တို့၏အစားအစာ အသုံးအဆောင်များ ရလှယ်ပုံများကို (အင်္ဂုတ္တရပါဠိတော်၊ ဒသကနိပါတ်၊ ဇာဏုဿောဏိသုတ်၌) ဇာဏုဿောဏိပုဏ္ဏားကို ဘုရားကိုယ်တိုင်ဟောကြားတော်မူသောအရာ ရှိလေသည်။

သို့ပါသောကြောင့် တဦးတယောက်သေဆုံးသည့်အခါမှာ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း၍နေကြမည့်အစား ဘဝတပါးသို့ပြောင်းသွားသောသူ၏ အကျိုးငှာလည်းကောင်း၊ မိမိတို့၏အကျိုးငှာလည်းကောင်း တတ်အားသမျှ ဒါန-စသောကောင်းမှုကိုပြုပြီး အမျှဝေနိုင်ကြပါစေကုန်သတည်း။

**မှတ်ချက်။** ။ဤအမေးကိုအကြောင်းပြု၍ ရက်လည် ဆွမ်းနှင့်စပ်သော လူတို့သိမှတ်ဖွယ်ရာ အလုံးစုံတို့ကိုပြည့်ပြည့်စုံစုံ ရေးသားပေးပါရန်-ဟူသော ဗုဒ္ဓဓမ္မလောက စာစောင်အယ်ဒီတာ မင်္ဂလာဦးအောင်မြင့်၏ စာရေးလျှောက်ထား ချက်ဖြင့် ဤမျှ ရှည်လျားအောင် ရေးသား လိုက်ခြင်း ဖြစ်ပါသတည်း။

ဤအမေးမျိုးကို အတွဲ ၁၈၊ အမှတ် ၁၅-၌ အကျဉ်းချုပ်ဖြေဆိုခဲ့ဖူးပါပြီ။

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၉၊ အမှတ်-၂၆)

## ၄၆-လူသေလျှင် ရေစက်ချ အလျှင်လား နောက်လား

**အမေး**။ ။ဗုဒ္ဓသာသနာဝင်များ ယုံကြည် ယူဆချက်အရ လူသေလျှင် ရက်လည် ဆွမ်းသွတ်သည့်အခါ ဘုန်းတော်ကြီးများအနေဖြင့် အချို့အရပ်၌ ပရိတ်မရွတ်မီ ရေစက်ချကြပါသည်။ အချို့အရပ်တို့၌ ပရိတ်ရွတ်ဆုံးပြီးမှ ရေစက်ချကြပါသည်။

ၚင်းလုပ်ဆောင်ချက်နှစ်မျိုးတွင် မည်သည်က ပိုမိုတိကျ မှန်ကန် ကောင်းမွန်သည်ကို သိလိုပါသည်၊ ဖြေဆိုတော်မူကြပါ။

ညောင်စာရေး အေးထွန်း။
(ဗုဒ္ဓဓမ္မလောက၊အတွဲ–၁၇၊ အမှတ်–၄၆၊)

**အဖြေ**။ ။ရေစက်ချဟူသည်–

၁။ လှူဒါန်းပုံအစီအစဉ်။
၂။ ဆုတောင်း။
၃။ အမျှဝေ။
၄။ မြေကြီးကိုတိုင်တည် သက်သေထားခြင်းတည်း။

(ဒါနရှင်ကိုယ်တိုင် ပြုလုပ်ရမည့် တာဝန်တည်း။ သို့သော် ယခုခေတ်မှာ ဘုန်းတော်ကြီးများက ကိုယ်စား ပြုလုပ်ပေးနေရသည်) ဤနေရာမှာ အချို့က ရေစက်ချ၍လှူမှ ဒါနမြောက်သည်ဟု ထင်မှတ်နေကြသည်။ ရေစက်မချသော်လည်း (၁)ဒါနရှင်၏ သဒ္ဒါဘာဂနှင့်ပြည့်စုံခြင်း၊ (၂) လှူဖွယ်ဝတ္ထု ငွေညီး

ရှိခြင်း၊ (၃) အသူခံပုဂ္ဂိုလ်ရှိခြင်း၊ ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံလျှင် ဒါန မြောက်ကြောင်းကို ကျမ်းဂန်တို့၌ အဆိုအမိန့်ရှိပါသည်။

ပရိတ်–ဟူသည် အနှောင့်အယှက်ပေးတတ်သည့် နာနာဘာဝ ဝိနာဘာဝ နတ်ဆိုး နတ်ရွား အောက်တန်းစား နတ်ယုတ်မာများ မလာမရောက် မဝင်မကပ်နိုင်ရန် အရံအတား ပြုလုပ်ထားခြင်းတည်း။

အချို့က လူသေ၍ရက်လည်ဆွမ်းသွတ်ရာ၌ ပရိတ်ကိုအလျင်ရွတ်လျှင် ဘဝတပါးပြောင်းသွားသူသည် အနီးသို့ မကပ်ဝင်နိုင်၊ အမျှဝေသော် သာဓုမခေါ်နိုင်မည်စိုး၍ ရေစက်ချ အမျှဝေပြီးမှ ပရိတ်ကိုရွတ်စေလိုကြသည်။ ဤဝါဒကို အများစုက လက်မခံကြပါ။

ဤစာရေးသူတို့၏ မြို့ရွာနယ်ပယ်မှာ သေသူကို ရည်မှန်း၍ ရက်လည်ဆွမ်း ဒါနပြုလုပ်သည့်အခါမှာ သေသူတရားနာနိုင် သာဓု ခေါ်နိုင်အောင် တယောက်ယောက်က သုသာန်သို့ သွားပြီး (အသက်ကောင် ဝိညာဉ်ကောင် လိပ်ပြာကောင်ရှိသည့် အနေဖြင့်) သေသူ၏အမည်ကိုခေါ်လျက် တရားနာဖိတ်ယင်း သစ်ခက်စိမ်းတခုကိုချိုးယူခဲ့ပြီး သေသူကျန်ရစ်ခဲ့သည့် အဝတ်အထည် ဘဲ့ခုပေါ်မှာတင်လျက် ဘုန်းတော်ကြီးများ၏ ရှေ့မှာ ချထားကြသည်။ ဤသို့ အသူတလည် ဖိတ်ခေါ်ထားသူ၊ ကျေနပ်စွာဖြင့် လက်ခံထားသူဖြစ်ရကား (ဧဝန္နင့်စ၊ လုံကိုင်ခွေးခေါ်နည်းကဲ့သို့ဖြစ်၍) ပရိတ်ရွတ်သော်လည်း အနီးအနားမှာပင်

နေနိုင်သည်၊ဟာ ရားနာနိုင်သည်၊ သာဓုခေါ်နိုင်သည် ဟု အများစု ကယူဆပြီး ယနေ့တိုင်အောင် ပရိတ်ရွတ်မှုကအလျင်၊ ရေစက်ချမှု ကနောက် ပြုလုပ်နေကြပါသည်။

(ဓမ္မပဒ ဌ-၃) ၉၁-ကမ္ဘာသက်က ဖုဿဘုရားရှင်လက်ထက် ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပေါင်း ရှစ်သောင်းလေးထောင် သည် သံဃာအားရည်၍ လှူဒါန်းအပ်ပြီးသော ဆွမ်းဦးကို စား မိသောကြောင့် ထိုဘဝမှစ၍ဘိစိတ်ကျ သေလွန်ကြသည့်အခါမှာ အားလုံး အစာမစားရ အဝတ်မဝတ်ရသည့် ပရဒတ္တူပဇီဝိက ပြိတ္တာမျိုးမှာ ဖြစ်ကြပြီး ဤဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူကြသည့် ကကုသန်, ကောဏာဂုံ, ကဿပ မြတ်စွာဘုရားတို့ အထံမှာ ''တပည့်တော်များ ဘယ်သောအခါမှ အစာစားရပါအံ့နည်း၊ အဝတ်ဝတ်ရပါအံ့နည်း ဘုရား''ဟု ကိုယ်ထင်ပြကာ လျှောက် ထားလာကြသည်များကို ထောက်သော် ယခုအခါ သံဃာ တော်များ ရွတ်ဖတ်တော်မူကြသည့် ပရိတ်တော်များ အတွက် အနီးအနားသို့ မကပ်မရောက်နိုင်ပဲ ရှိပါအံ့နည်း၊ ကပ်ရောက် နိုင်ကြမည်မှာ သေချာသည်။

**မှတ်ချက်။** ။ဤအမေး၌ ပုဂ္ဂိုလ်အလိုက် အရပ်ဓလေ့ ရှာထုံးစံများ ရှိနေသဖြင့် လည်းကောင်း၊ ကျမ်း ဂန် များ ၌ လည်း ဆွမ်းလှူလျှင် ဆွမ်းအနုမောဒနာ၊ သင်္ကန်းလှူလျှင် သင်္ကန်းအနုမောဒနာ ပြုတော်မူသည် ဟူ၍မျှ လောက်သာ ပါရှိပြီး သီလခံပေး၊ ပရိတ်ရွတ်၊ ရေစက်ချ-စသည် ဖြင့် ပိုင်းပိုင်းခြားခြား အစဉ်အားဖြင့် မပါသောကြောင့် လည်း

ကောင်း ပရိတ်ရွတ်မှုကအလျင်၊ ရေစက်ချမှုက နောက် ပြုမှသာ တိကျမှန်ကန်သည်ဟု ဖြေဆိုခြင်းငှာ မဝံ့ပါ။

(ဗုဒ္ဓဓမ္မလောက)

---

## ၄၇–တသင်္ချေနှင့် တကမ္ဘာ

**အမေး။** ။ဗုဒ္ဓ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရအောင် လေးသင်္ချေနှင့်ကမ္ဘာတသိန်းကြာအောင် စုဆောင်ဆည်းပူးတော်မူခဲ့ရ၏။

(၁) တသင်္ချေလျှင် နှစ်ပေါင်းဘယ်လောက်ရှိသနည်း။

(၂) တကမ္ဘာလျှင် နှစ်ပေါင်းဘယ်လောက်ရှိသနည်း။

သိလိုပါ၍ ပညာရှင်အပေါင်းတို့ ဖြေကြားပေးတော်မူရန် တောင်းပန်လိုက်ပါသည်။

မေးသူ ဘိုးပု၊ လားရှိုးမြို့။

**အဖြေ။** ။၁။ တသင်္ချေမှာ နှစ်အရေအတွက်ကိုမဆိုထားနှင့် ကပ်ကမ္ဘာအရေအတွက်ကိုပင် ရေတွက်၍မပြနိုင်ပါ။ (ဒီဃ–၂၊ ၄၅-၄-၅)

၂။ လူတို့၏အသက် အသင်္ချေယျတန်းမှစ၍ တဖြည်းဖြည်း လျော့ယုတ်လာခဲ့ရာ အသက် ၁၀–နှစ်တန်းသို့ရောက်၏။ တဖန် ၁၀–နှစ်တန်းမှ တရားကျင့်၍အသက်ရှည်လာပြန်ရာ အသက်အသင်္ချေယျတန်းသို့ ရောက်လေ၏။ ဤသို့ဆုပ်ကပ်–တက်ကပ် နှစ်ခုအစုံသည် "အန္တရကပ်"မည်၏။ ၎င်းအန္တရကပ်

၆၄-ကပ်သည် (တနည်း) အန္တရကပ် ၂၀–သည် "အသင်္ချေယျကပ်တကပ်" ဖြစ်၏။ ၎င်းအသင်္ချေယျကပ် ၄-ကပ်သည် (မဟာကပ်ခေါ်) "တကမ္ဘာ" ဖြစ်၏။ ၎င်းမဟာကပ်ခေါ် တကမ္ဘာ၏သက်တမ်းကို ရေတွက်ပြဖို့ရာကား ပို၍ပင်ခဲယဉ်းလှ၏။

ကျမ်းဂန်များ၌ ပမာပြထားသည်ကား အလျား-အနံ ယူဇနာ ၁၀၀–ကျယ်သော တိုက်ခန်း (ဂိုဒေါင်ကြီး) တခု အတွင်း၌ မုန်ညင်းဖြူစေ့ကလေးများကို အပြည့်အသိပ် ထည့်သွင်းပြီးနောက် အနှစ်တရာမှတစေ့၊ အနှစ်တရာမှတစေ့ ယူ၍ ပစ်သော် မုန်ညင်းစေ့ကလေးများ အားလုံးကုန်သွားသော်လည်း (ထိုမဟာကပ်ခေါ်) တကမ္ဘာ၏သက်တမ်းကား မကုန်ဆုံးသေး ဟုမှတ်ရာ၏။

**သာဓက။** ။အန္တရကပ္ပသာ ဝသေန စတုသဋ္ဌိ အန္တရကပ္ပပမာဏော၊ ဝီသတိအန္တရကပ္ပပမာဏောတိ စ ဝဒန္တိ။ (ဋီကာကျော်)

(ကမ္ဘာနှင့်စပ်၍ ဝိသုဒ္ဓိမဂ်, အဋ္ဌသာလိနီ, သာရတ္ထဋီကာတို့၌ အကျယ်လာ၏။)

(ဗုဒ္ဓမမ္မလောက)

---

## ၄၈–အလောင်းတော် ဘာကြောင့် တိရစ္ဆာန်ဖြစ်ရ

**အမေး။** ။ဘုရားအလောင်းတော်သည် ပါရမီအဆင့် အတော်အတန်မြင့်ကာမှ ဘယ်အတွက်ကြောင့် ဆင်မင်း,

ငှုံးမင်း, ယုန်မင်း, နဂါးမင်း-စသော အဟိတ်တိရစ္ဆာန်မျိုးမှာ ဖြစ်ရသည်ကို သိလိုပါသည်။ ပညာရှင်များ ဖြေကြားတော်မူကြပါရန် တောင်းပန်အပ်ပါသည်။

အရှင်သီရိဣန္ဒဝံသ၊
ရွှေဘုံသာ ဘ/က မူလတန်းကျောင်း၊(ပန်းတောင်း)

**အဖြေ။** ။အလောင်းတော်သည် ပါရမီအဆင့် အတော်အတန်မြင့်ခါမှ တိရစ္ဆာန်မျိုးဖြစ်ရသည်မှာ "ထိုထိုတိရစ္ဆာန်တို့ကို ချီးမြှောက်လိုသောကြောင့်" ဖြစ်ရပါသည်။ (စရိယာ ဋ္ဌ-၁၀၄)

တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ၏ (ကထိန်တရား) တုဏ္ဍိလဇာတ်ကိုဟောတော်မူရာ၌ အလောင်းတော်သည်သံသရာဘဝ ကျင်လည်ရာ၌ အပရာပရိယကံ၏ အကျိုးပေးခွင့်ကြုံ၍ တုဏ္ဍိလဝက်မင်းဖြစ်ရကြောင်းကို ထည့်သွင်းဟောကြားတော်မူသည်ကို ထောက်သော် "အပရာပရိယကံကြောင့် တိရစ္ဆာန်မျိုးမှာဖြစ်ရသည်" ဟုလည်း တနည်းမှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၄၉—မာရ်နတ်ဘာကြောင့်ဖျက်

**အမေး။** ။ဤကမ္ဘာ လောကကြီး၌ အတုမရှိသော ဂုဏ်တော် တန်ခိုးတော်တို့နှင့်ပြည့်စုံတော် မူသော ဘုရားရှင်တို့သည် ဂင်္ဂါသဲလုံးမျှမက ပွင့်ထွန်း ပေါ်ပေါက်

တော်မူကြကုန်၏။ သို့ရာတွင် မာရ်နတ်မင်းသည် မိမိ အတွက် အကျိုးမဲ့ ဖြစ်လျက် အဘယ့်ကြောင့် ထိုဘုရားရှင်တို့အား နှောင့်ယှက်ဖျက်ဆီးပါသနည်း။

(မေးသူ သုတေသီ)
(ဗုဒ္ဓဓမ္မလောကစာစောင်၊ အတွဲ-၁၆၊အမှတ်-၃၆)

**အဖြေ။** ။မာရ်နတ်မင်းသည် ဘုရားရှင်များကိုသာ ဖျက်ဆီးသည်မဟုတ်ပါ၊ တကျောကျော်ကြားသူ့လက်တွင်းမှ လွတ်ပြီး၊ လွတ်ဆဲ၊ လွတ်အောင် အားထုတ်နေတော်မူကြသော အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ ဥပ္ပလဝဏ်ထေရီ၊ သေလာထေရီ စသော ဘိက္ခု၊ ဘိက္ခုနီ များကိုလည်း အနုနည်း၊ အကြမ်းနည်း၊ စကားဖြင့်တမျိုး၊ ဖန်ဆင်း၍တဖုံ၊ နည်းမျိုးစုံတို့ဖြင့် နှောင့်ယှက် ဖျက်ဆီးသည်များကို တွေ့ရပါသည်။

ရဟန္တာဖြစ်မှ သူ့ပိုင်နက်က လွတ်မြောက်နိုင်ကြောင်းကိုလည်း(ဣတိဝုတ် ပါ–၄၅တို့၌) မိန့်ဟာမှင့်ဆိုထားပါသည်။သူ့ပိုင်နက်မှ ဖြတ်မှာတသောင်း လွတ်မြောက်သွား၍ ဘုရားရှင်အပေါ်၌ ဒေါပွဖုံ၊ ဘုရားရှင်အား တရားမဟောရန် တောင်းပန်ပုံများကိုလည်း (မူလပဏ္ဏာသ ပါ ၄၅ တို့၌) မိန့်ဟာဖွင့်ပြထားပါသည်။

အကျိုးမဲ့ဖြစ်လျက် ဘယ်အတွက်ကြောင့် နှောင့်ယှက်ဖျက်ဆီးပါသနည်း ဆိုသည်ကို ကျမ်းဂန်များမှာပြထားသည့် သူ့အမည်များကိုလည်း ကြည့်ပါဦး။ ပါပိမ-အန္တက-ကဏှ-နမုစိ-

ပမတ္တာဗန္ဓု အဓိပတိတဲ့။ ပါဠိမ-အန္တက ဆိုသည့်အတိုင်း မိုက်သောသူသည် အရာရာတိုင်းမှာ အကျိုးရှိ-မရှိကို မကြည့်ပါ၊ မသိပါ။ မကြည့်-မသိသောကြောင့် နှောင့်ယှက်ဖျက်ဆီးသည်ဟုပင် ဆိုရပါမည်။

ယခုမျက်မြင် လောကမှာပင် သက်ရှိ-သက်မဲ့ အရာဝတ္ထုများကို အကျိုးမဲ့ ဖျက်ဆီးသူများကို ကြည့်ပါ။ လောကမှာ လွန်ကဲသည့် ပုဂ္ဂိုလ် လေးဦးရှိသည်။ (၁) ခန္ဓာကိုယ် အလွန်အကဲကြီးရာတွင် ရာဟုအသူရိန်၊ (၂) ကာမဂုဏ်ခံစားမှု၌လွန်ကဲသူတို့တွင် မန္ဓာတုစကြာမင်း၊ (၃) နေရာတိုင်းမှာအကြီးအကဲလုပ်ချင်သူများတွင် မာရ်နတ်မင်း၊ (၄) သတ္တဝါများတွင် ဘုရားရှင်။ (အင်-၄၊ ပါ-၅၃)

ဤလေးပါးတွင် မာရ်နတ်၏ အဓိပတိဟူသောအမည်နှင့်လိုက်အောင် အကြီးအကဲလုပ်ချင်သည့်ဆန္ဒကြောင့် လောကမှာ သူ့ထက်သာ၍ အကြီးအကဲဖြစ်နေသည့် ဘုရားရှင်အပေါ်မှာ ဣဿာတရားကြောင့် နှောင့်ယှက်ဖျက်ဆီးသည်ဟုဆိုလျှင်လည်း ဆိုနိုင်ပါသည်။

ထို့ပြင် ဝေရဉ္စာပြည်တွင် ဝါဆိုစဉ်က ဆွမ်းမရအောင် နှောင့်ယှက်ပုံကို (ပါရာဇိကဏ် ပါ-၅၃ တို့၌) မိန့်ဟဖွင့်ပြထားသည်ကို ထောက်သော် ရှေးကံကြွင်း ဝိပါက်ပေ‌ာ်ကြောင့် နှောင့်ယှက်ခံရသည်ဟုလည်း ဆိုနိုင်ပါသည်။

(ဗုဒ္ဓမွေလောက)

## ၅၀–ခန္ဓာမာရ်

**အမေး။** ။(မြတ်ဇိနံ) မာရ်ငါးတန် အောင်မြင်ပြီးရယ် လို့၊ များလူတို့ဆိုကြရှာ။
(ရုပ်ခန္ဓာ) ကိုယ်တော်မှာ ထင်စွာရှိစဉ်က၊ ခန္ဓာမာရ် အောင်ရန်ခက်ပါဘိ၊ ကျမ်းမြွက်ခါ ဖြေဆိုကြတော့၊ များကဝိသဟာ။

သုခမိန်၊ (ထီလာ)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၁၅)

**အဖြေ။** ။(မြတ်ဇိနံ) ခန္ဓာမာရ် အောင်ရန်ခက်ပါဘု၊ နောင် ဘ ၀ ကံ အမှန်ပျက်မှာမို့၊ ကျိုးအမည် ကြောင်းမှာတင်ကာမြွက်တယ်၊ ကျမ်း ထွက် စကား။
(ရုပ်ခန္ဓာ) နေကဇာထိုပါဌ်မှာလ၊ ပုန ဂေဟံ နကာဟသိကိုကွယ်၊ ဟောမြွက်လို့ထား။

**ရှင်းလင်းချက်။** ။ယခုအခါ အနေကဇာတင်ခေါ်နေကြတဲ့ ပထမဗုဒ္ဓဝစန-စကားတွေထဲမှာ ပုန ဂေဟံ န ကာဟသိ။ ပုန၊ နောက်ထပ်တဖန်။ ဂေဟံ၊ အတ္တဘောတည်း ဟူသော ခန္ဓာအိမ်ကို။ န ကာဟသိ၊ သင်မပြုရ မဆောက်လုပ် ရတော့ပြီ .... ဟူသောစကားတော်ကိုထောက်၍ ဘုရားမဖြစ်မီက ရရှိထားအပ်သော ထင်စွာရှိနေသည့်ခန္ဓာကိုယ်ကို မိန့်ဆိုသည် မဟုတ်။ နောင်ဘဝတဖန် ခန္ဓာပြန်၍မဖြစ်ရတော့ပြီကို ခန္ဓာမာရ်ကို

**အောင်မြင်တော်မူသည်**ဟု မိန့်ဆိုတော်မူခြင်းဖြစ်ကြောင်း မှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ–၁၈၊ အမှတ်–၃၀)

---

## ၅၁–လက္ခဏာတော်ကြီးငယ်နှင့်ဗုဒ္ဓ

**အမေး**။ ။မြတ်စွာဘုရား၏ စက်လက္ခဏာတော်ကြီး ၃၂-ပါး၊ စက်လက္ခဏာတော်ငယ် ၈၀-တို့သည် မွေးမွေးချင်းပေါ်လာပါသလား၊ သို့မဟုတ် ဘုရားအဖြစ်သို့ ရောက်မှ ပေါ်လာပါသလား။

ဦးကေလာသ (မြိတ်မြို့)

**အဖြေ**။ ။(က) ဘုရားအလောင်းတော်၏ စက်လက္ခဏာတို့နှင့်ပြည့်စုံသည်ကိုမြင်၍ မချွတ်ဘုရားဖြစ်လတ္တံ့ဟု အနာဂတံသဉာဏ်ဖြင့်သိ၍ ဤယောကျ်ားကား အံ့ဩဖွယ်ရှိစွတကားဟူ၍လည်းကောင်း၊

(ခ) ဖွားမြင်၍ငါးရက်မြောက်သောနေ့၌ ရာမ-စသော ရှစ်ယောက်သောပုဏ္ဏားပညာရှိတို့ စက်လက္ခဏာကိုကြည့်၍ ဟောကြရာတွင် ခုနစ်ယောက်သောပုဏ္ဏားတို့က လူ့ဘောင်နေလျှင် စကြဝတေးမင်းဖြစ်အံ့၊ ရဟန်းပြုလျှင် ဘုရားဖြစ်အံ့–ဟု လက်နှစ်ချောင်းကိုထောင်၍ စကားနှစ်ခွဟောခဲ့ကြ၏။ အငယ်ဆုံးဖြစ်သော ကောဏ္ဍညပုဏ္ဏားကား–

ဗောဓိသတ္တဿ လက္ခဏဝရသမ္ပတ္တိံ ဒိသွာ တေဿ အဂါမဇ္ဈေ ဌာနကရဏံ နတ္ထိ၊ ဧကန္တေနေဝ ဝိဝဋ္ဋစ္ဆ-

ဒေါ ဗုဒ္ဓေါ ဘဝိဿတိတိ ကေမေ၀ အင်္ဂုလိံ ဥက္ခိပိတွာ ကော်သဗျာကရဏံ ဗျာကာသိ။ (ဗုဒ္ဓဝံသ၊ ဋ္ဌ-၃၂၄)

"ဘုရားအလောင်းတော်၏ မြတ်သော စက်လက္ခဏာတို့နှင့် ပြည့်စုံခြင်းကိုမြင်၍ ဤသူကား လူ့ဘောင်၌နေရန်အကြောင်း မရှိ၊ ကေန်မုချ သံသရာဝဋ်မြစ်ကိုဖြတ်သော ဘုရားဖြစ်လတ္တံ့ဟု တချောင်းတည်းသောလက်ကိုထောင်၍ မှန်သည်ကို ဟောကြားခဲ့၏"ဟူ၍လည်းကောင်း၊

(ဂ) ဘုရားအလောင်းတော်သည် အစာအာဟာရကိုမသုံးဆောင်ပဲ အားလုံးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ကို ဖုံးကွယ်ကုန်၏ဟူ၍လည်းကောင်း။

(ဃ) နောက်ဆုံးစာအာဟာရကိုသုံးဆောင်သောအခါမှာ- အထဿ ဒွတ္တိံသ မဟာပုရိသလက္ခဏာနိ ပါကတိကာနိ အဟေသုံ။ (ဗုဒ္ဓဝံသ ဋ္ဌ-၃၃၆)

"သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့သည်ပြကတေ့အတိုင်းဖြစ်ပေါ်လာကုန်၏"ဟူ၍လည်းကောင်း၊

(င) နောက် ဘုရားဖြစ်၍ တရားဦးဟောမည့် ပဥ္စဝဂ္ဂီတို့ထံသို့ ကြွလာသောအခါ ပဥ္စဝဂ္ဂီတို့က တော်တော်ဝေးဝေးကပင် ကြွလာသည်ကိုမြင်၍ "ဤရဟန်းဂေါတမအား ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း—စသည်ကို မပြုကြစတမ်း၊ နေရာကိုသာ ခင်းပေးကြရမည်"ဟု ကတိကဝတ်ပြုကြကုန်၏ ဟူ၍လည်းကောင်း၊ (ဗုဒ္ဓဝံသ—ဋ္ဌ-၃၄၃)

ဤ၌ ဤသို့ပစ္စေကဗုဒ္ဓတို့ကပြောကြခြင်း ကတိကဝတ်ပြုကြခြင်းမှာ (မူလအသွင်အပြင်လက္ခဏာမှ မထူးခြားသဖြင့်သာ) ဘုရားဖြစ်လာမှန်း မသိကြ၍သာ ဖြစ်သည်။ အကယ်၍သာ ဘုရားဖြစ်မှ စက်လက္ခဏာကြီးငယ်တို့ ပေါ်လာပါလျှင် (လက္ခဏာဖတ်တတ်သူ ကောဏ္ဍညအပါအဝင်ဖြစ်သော) ပစ္စဝဂ္ဂီတို့က ဘုရားဖြစ်လာမှန်းသိကြပြီး ဤကဲ့သို့ပြောကြမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ပဉ္စဝဂ္ဂီတို့သည် မူလအစကပင် အလောင်းတော်ဘုရားဖြစ်လျှင်တပည့်ခံနာရအောင် မျှော်လင့်ချက်နှင့် ဥရုဝေလတောမှာ အတူနေပြီး အလုပ်အကျွေးပြုခဲ့သူများ ဖြစ်သော ကြောင့်ပါတည်း။

(စ) စက်လက္ခဏာတော်ငယ် ၈၀ ကား–

ဣတိ ဣမေဟိ တေသံ ပရိဝါရေဟိ အသီတိ အနုဗျဉ္ဇနလက္ခဏေဟိ သမ္ပန္နာ။ (ပရိတ်ကြီးဋီကာ။ ၎င်းနည်းတူ စက္ကဝတ္တိသုတ် ဋီကာ, ဇိနာလင်္ကာရ ဋီကာ, အနာဂတဝင်ဋီကာ။)

ဤသို့ ထို ၃၂-ပါးသော လက္ခဏာတော်ကြီးတို့၏ အခြံအရံဖြစ်ကုန်သော ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူ၏ဟူ၍လည်းကောင်း၊

ဤ အထက်ပါစကားရပ်များကိုထောက်သော် မြတ်စွာဘုရား၏လက္ခဏာတော်ကြီးငယ်တို့သည် ဗြာဟ္မဏပုဏ္ဏားကြီးနှင့် တပည့်ဥတ္တရလုလင်တို့ ခုနစ်လတိုင်စုံစမ်းမှ သိရှိရသည့်

အတွက် (ဒီဃ-၂၊ ဖြဟ္မာယုသုတ်) ဘုရားဖြစ်မှ ပေါ်လာသည် မဟုတ်ပါ။ "မွေးမွေးချင်းပေါ်လာသည်" ဟု မှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောက၊အတွဲ-၁၈၊ အမှတ်-၃၈)

## ၅၂–ဗိမ္ဗိသာရ ခေါင်းခံရတဲ့အကြောင်း

**အမေး။** ။ဗိမ္ဗိသာရမင်းကြီး ခြေဖဝါး ခေါင်းခံရ တာ ကျောင်းဝိုင်းထဲမှာ ဖိနပ်စီးခဲ့လို့လား၊ စေတီရင်ပြင်မှာ ဖိနပ်စီးခဲ့လို့လား။ ၎င်းမင်းကြီးသေတော့ ငရဲကျသလား၊ ဘယ်ဘဝရောက်သလဲ။ ပညာရှင်များဖြေကြားတော်မူပါရန် တောင်းပန်အပ်ပါသည်။

မောင်ကံရွှေ(ကျောင်းဝိုင်းထဲဖိနပ်စီးလိုသူ)

**အဖြေ။** ။၁။ ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဉပါ-
ဟနော အဂမာသိ။ နိသဇ္ဇတ္ထာယ ပညတ္တ
ကဋသာရကဥ္စ အဓောတေဟိ ပါဒေဟိ အက္ကမိ။
၂။ စာတုမဟာရာဇိက ဒေဝလောကေ ဝေဿဝဏ-
ဿ ပရိစာရကော ဇနဝသဘော နာမ ယက္ခော
ဟုတွာ နိဗ္ဗတ္တိ။(ဒီဃ–၁၊ ဌ–၁၂၆) ဝေဿ-
ဝဏဿ မဟာရာဇဿ သဟဗျတံ ဥပပဇ္ဇာ
မိ။ (ဒီဃ–၂၊ ပါ–၁၆၇)

၁။ အထက်ပါ ဌ–စကားရပ်များကိုထောက်သော် ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးခေါင်းခံရသည်မှာ ကျောင်းဝိုင်းထဲမှာ

ဖိနပ်စီး၍မဟုတ်ပါ။ စေတီရင်ပြင်မှာ ဖိနပ် စီး ခဲ့ မိ ခြင်း နှင့် နေထိုင်ရန်ခင်းထားအပ်သော သံဃိကဖျာအခင်းပေါ်၌ ခြေ မဆေးပဲ နင်းမိခဲ့ခြင်းတို့ကြောင့် ခြေဖဝါးဓားခွဲခံရသည်ဟု မှတ်ယူရပါမည်။

၂။ မင်းကြီးမှာ သေတော့ငရဲသို့မကျပါ။ စာတုမဟာ ရာဇ်နတ်ပြည်၌ ဝေဿဝဏ်နတ်မင်းကြီး၏ အလုပ်အကျွေး၊ (ဝါ) အပေါင်းအဖော် "ဇနဝသဘနတ်သား" သွား၍ဖြစ် ရသည်ဟု မှတ်ယူရပါမည်။

**မှတ်ချက်**။ ။ဘုန်းကြီးကျောင်းဝိုင်းထဲမှာ ဖိနပ်စီးဖို့ရန်မှာ လူဒါယကာများကိုမဆိုထားဘိ ဘုန်းကြီးများပင် အာဂန္တု ကအနေဖြင့် တပါးသောကျောင်းတိုက်–ကျောင်းဝင်းအတွင်း မှာ ဖိနပ်မစီးအပ်ကြောင်းကို ဤအဖြေရှင်သည်ပင် ဤစာ စောင် အတွဲ–၁၇၊ အမှတ်-၂၉၊ စာမျက်နှာ-၈ မှာ ဖြေဆို ခဲ့ဖူးပါပြီ။

(ဗုဒ္ဓမ္မလောက)

---

## ၅၃–ခွေးရိုက်ကြောင်သေ အပြစ်ဘယ်လိုနေ

**အမေး**။ ။ကျွန်မတို့အိမ်မှာ ခွေး နှင့် ကြောင် မွေး ထားပါ သည်။ တနေ့မှာ ခွေးက ကြောင်ကိုကိုက်ရာ အနီးရှိတုတ်ဖြင့် ခွေးရယ်လို့ ရိုက်လိုက်ရာ ကြောင်ကိုရိုက်မိပြီး သေသွားပါသည်။ အဲဒါကျွန်မမှာ အပြစ်ရှိပါသလား၊ ရှိလျှင်

ကြောင်နှင့်ခွေးမည်သူ့ အတွက်ရှိမည်ကို သိလိုပါသည်။ ပညာရှင်များ အဖြေပေးတော်မူကြပါရှင့်။

စိတ်မကောင်းဖြစ်နေသူ
ယဉ်ယဉ် (ရေနံချောင်း)

**အဖြေ။** ။စိတ်မကောင်းမဖြစ်ပါလင့်—

ပါဏာတိပါတစေတနာမှာ—

၁။ သတ္တဝါဖြစ်ခြင်း၊
၂။ သတ္တဝါဟုအမှတ်ရှိခြင်း၊
၃။ သတ်လိုသောစိတ်ရှိခြင်း၊
၄။ လုံ့လပြုခြင်း၊
၅။ ထိုလုံ့လဖြင့် သေခြင်း—ရယ်လို့ အင်္ဂါငါးပါး ရှိတယ်။

၎င်းအင်္ဂါငါးပါးနှင့်ပြည့်စုံသော ပါဏာတိပါတ စေတနာရှိမှသာလျှင် ဇနကသတ္တိဖြင့် အပါယ်ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်သည်။ တပါးပါး ချို့တဲ့လျှင် အပါယ်ပဋိသန္ဓေကျိုးကို မပေးနိုင်ဟူ၍ (အဋ္ဌသာလိနီ၊ မူလပဏ္ဏာသ၊ သံယုတ္တ၊ ပဋိ-သမ္ဘိဒါမဂ် ဋ္ဌ—တို့၌ အညီအညွတ်) ဖွင့်ဆိုတော် မူသည်ကို လည်းကောင်း၊

ယံ ဥဒ္ဒိဿ ပဟရတိ တဿေဝ မရဏေန ကမ္မုနာ ဗဇ္ဈတိ= အကြင်ပုဂ္ဂိုလ်, သတ္တဝါကို ရည်မှတ်၍ ပုတ်ခတ်၏၊ ထိုရည်မှတ်၍ ပုတ်ခတ်အပ်သော ပုဂ္ဂိုလ်သတ္တဝါ၏သာလျှင် သေသဖြင့်

(သေမှသာ) ကံဖြင့်ဖွဲ့၏၊ (ပါဏာတိပါတကံထိုက်၏) ဟူ၍ (ကန်ဒါ နှင့် ခုဒ္ဒက ၄–တို့၌) ဖွင့်ဆိုတော် မူသည်ကို လည်းကောင်း ထောက်သော်....

မိမိတို့အိမ်မှာ မွေးထားသော ခွေးက ကြောင်ကိုကိုက်၍ တုတ်ဖြင့်ရိုက်ရာမှာသေစေလိုသောစေတနာပါမည်လည်းမဟုတ်၊ ရည်မှတ်၍ရိုက်အပ်သော သတ္တဝါသေသည်လည်း မဟုတ်သော ကြောင့် ခွေးနှင့်ကြောင်နှစ်ကောင်လုံးအတွက် အပြစ်မရှိနိုင်ဟု မှတ်ယူပါလေ။

(ဗုဒ္ဓဓမ္မလောက)

---

## ၅၄-စူဠသောတာပန်

**အမေး။** ။စူဠသောတာပန်သည် ဂတိမြဲ-မမြဲ၊ အပါယ်ကျနိုင်- မကျနိုင် သိလိုပါသည်။ ဖြေကြားပေးပါရန် ပညာရှိ အပေါင်းတို့အား လေးစားစွာဖြင့် မေတ္တာရပ်ခံပါသည်။

မောင်မောင်ညွန့်။

**အဖြေ။** ။စူဠသောတာပန်သည် မြဲသောဂတိရှိ၏။ အပါယ်သို့ မကျနိုင်ဟုမှတ်ယူရပါမည်။

**သာဓက။** ။ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿ- ကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိ- ဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ။ (ဝိသုဒ္ဓိမဂ္ဂ)

**အဓိပ္ပာယ်။** ။ဤ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော ဝိပဿနာယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ ရအပ်သောသက်သာရာ, ထောက်ရာတည်ရာ, မှီရာရှိသည်ဖြစ်၍ အပါယ်လေးပါးသို့ မကျမရောက်မူ၍ သူတော်ကောင်းတို့လားအပ်သော မြဲသောဂတိရှိသော စူဠသောတာပန်မည်၏။

နောက်တမျိုးကား....အပါယ်ပဋိသန္ဓေကို တကယ်ပေးနိုင်တာက အတ္တဒိဋ္ဌိနှင့်သက္ကာယဒိဋ္ဌိပဲ။ ရုပ်နှင့်နာမ်ကို အဟုတ်အမှန်သိနေသော စူဠသောတာပန်ပုဂ္ဂိုလ်သည် အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ ပြုတ်နေပြီဖြစ်သောကြောင့် အပါယ်သို့မကျနိုင်တော့ပြီ။

(**သာဓက**) သဗ္ဗာနိ အပါယဂါမိကကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယေဝ ဝိပစ္စန္တိ၊ အသတိယာ နဝိပစ္စန္တိ။ (အဘိဓမ္မာ မဟာဋီကာ။)

(ဗုဒ္ဓဓမ္မလောက)

---

၁၅ · မယ်တော်မာယာနှင့်နိဗ္ဗာန်

**အမေး။** ။မြတ်စွာဘုရား၏ မယ်တော်ကြီးသည် နိဗ္ဗာန်ကို ရောက်ပါပြီလား၊နိဗ္ဗာန်ကိုရောက်-မရောက်၊နိဗ္ဗာန် မရောက်သေးပါက ဘယ်ဘုံမှာရှိသည်၊ ဘယ်အချိန်ရောက်မှ နိဗ္ဗာန်ရောက်မည်ကို အထောက်အထားနှင့်တကွ သိလိုပါသည်။

မောင်တင်သောင်း (အောင်လံမြို့)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၆၊ အမှတ်-၃၀)

အဖြေ။ ။ဘာဝတိံ သဘာဝေန အဘိဓမ္မဒေသနာပရိယောသာနေ။ (ဗုဒ္ဓဝံသ-၄) မဟာမာယာပိ သောတာပတ္တိဖလေ ပတိဋ္ဌာသိ သံတုသိတာဒေဝပုတ္တော (ဓမ္မပဒအဋ္ဌကထာ) စသည်ဖြင့် ပါရှိသည်များကိုထောက်သော် မြတ်စွာဘုရား၏မယ်တော်ကြီးသည်–

၁။ သောတာပတ္တိဖိုလ်၌တည်သည်၊

၂။ တုသိတာနတ်ဘုံမှာ ရှိနေသည်ဟု မှတ်ယူရပါမည်။

(၁)မှတ်ချက်။ ။မယ်တော်ကြီးသည် ၉၁–ကမ္ဘာထက်က ဝိပဿီဘုရားရှင်၏ လက်ထက်တော်မှာ ဗန္ဓုမတီမင်းကြီး၏ သမီးတော်ဖြစ်စဉ် အဖိုးများစွာထိုက်တန်သည့် စန္ဒကူးနှစ်ကို အမွှန်းပြု၍ပူဇော်ပြီး "ဤကောင်းမှုကြောင့် နောင်သောအခါ အရှင်ဘုရားကဲ့သို့သော ဘုရားရှင်၏ မယ်တော်ဖြစ်ရပါလို၏"ဟု ဆုတောင်းသည်ကိုသာ တွေ့ရသည်။ ကျွတ်တမ်းဝင်ဖို့ အထူးဆုတောင်းသည်ကို မတွေ့မိ၍ ဘယ်အချိန်မှာ နိဗ္ဗာန်ရောက်မည် ဆိုတာကိုတော့ အတိအကျမသိရပါ။ သို့သော်....နတ်ဘုံထဲမှာ တုသိတာနတ်ဘုံဟာ သူတော်ကောင်းတရား အားထုတ်ခွင့်အရဆုံးဟု ဆိုသဖြင့် မယ်တော်ကြီးသည် ဆက်လက်အားထုတ်ပါက အနာဂါမ်တည်လျှင် ဗြဟ္မာ့ဘုံသို့၊ ရဟန္တာဖြစ်လျှင် ပရိနိဗ္ဗာန်စံ၍ နိဗ္ဗာန်သို့ကူးနိုင်ပါသည်။ သို့မဟုတ်ပါက နောက်ဆုံး သာသနာငါးထောင်ပြည့်၍ ဓာတုပရိနိဗ္ဗာန်စံလွန်တော်မူသည့် အခါမှာတော့ မယ်တော်ကြီးသည် မုချ နိဗ္ဗာန်သို့ရောက်ရှိပါလိမ့်မည်။ (အနာဂတဝင်)

(၂)မှတ်ချက်။ ။ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသည်မှာ နှစ်ပေါင်း ၂၅၁၄–နှစ်သာ ရှိသေး၍အောက်ဆုံးဖြစ်သည့် စာတုမဟာရာဇ်နတ်သက်နှင့်ပင် တွက်သော် ၅၀–ရက်သာသာရှိသေးသည်။ တာဝတိံသာမှာ ၂၅–ရက်သာသာ၊ ယာမာမှာ ၁၂–ရက်ခွဲသာသာ၊ တုသိတာမှာ ၆–ရက်နှင့် ၆–နာရီသာသာမျှသာ ရှိသေးသည်ကိုရည်၍ မယ်တော်ကြီးသည် တုသိတာဘုံမှာရှိသည်ဟု ဆိုခဲ့ပါသည်။ (စတုဂ္ဂုဏနည်း)

(ဗုဒ္ဓဓမ္မလောက)

---

## ၅၆–သဲပုံစေတီ

**အမေး။** ။ပညာရှိတို့ခင်ဗျား....

၁။ သဲပုံစေတီအစဘယ်တုံးက၊

၂။ တပေါင်းလ၌သာ သဲပုံစေတီတည်ကောင်းပါသလား၊

၃။ သဲပုံစေတီ တည်ရခြင်းအကျိုး– တို့ကိုသိလိုပါသည်၊ ဖြေကြားတော်မူကြပါ။

ကျွဲကျောင်းသား (ပျဉ်းမနား)

အဖြေ။ ။ရှေးဘုရားရှင်တို့၏အထံ၌ တောင်းအပ်ပြီးသောဆုတောင်းခြင်းရှိသော အရှင် သကစိန္တနိယ ထေရ်အလောင်းသည် ၉၁–ကမ္ဘာထက်ကပွင့်တော်မူသော ဝိပဿီဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူအပြီးမှာ ရသေ့ရဟန်းပြု၍ ဟိမ

ဝန္တာတော၌နေစဉ် ဆိတ်ငြိမ်၍မွေ့လျော်ဖွယ်ရှိသော တခုသော တောသို့အရောက်တွင် သဲများကို ဝါးခြမ်းစိတ်တို့ဖြင့် အဆင့်ဆင့်ပုံ၍ သဲပုံစေတီတည်ပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရား၏ မျက်မှောက်၌ကဲ့သို့ ထိုမိမိတည်ထားအပ်သော သဲပုံစေတီကို အလွန်ရိုသေစွာရှိခိုးလျက် အမျိုးမျိုးသောတောပန်းတို့ဖြင့် ကြဲဖြန့်ပူဇော်ခြင်းအမှုကိုပြု၏။

ထိုကောင်းမှုကြောင့် သံသရာဘဝ ကျင်လည်ရာတွင် အပါယ်လေးပါးသို့ မလားမရောက်ရခြင်း၊ လူ့ပြည်, နတ်ပြည်တို့၌သာ ကျင်လည်ရခြင်း၊ လေးကျွန်းသေဌ်နင်း စကြဝတေးမင်းဖြစ်ရခြင်း၊ ဂေါတမ ဘုရားရှင်လက်ထက်၌ ပဋိသမ္ဘိဒါလေးပါး, ဝိမောက္ခရှစ်ပါး, အဘိညာဉ်ခြောက်ပါးတို့နှင့် ပြည့်စုံသော ရဟန္တာဖြစ်ရခြင်း – ဟူသော အကျိုးများကို ခံစားရကြောင်း (အပဒါန်ပါ–၁၂၄၊ ရင်း ၄၊ ဒု–၈၇–တို့၌) မိန့်ဟဖွင့်ပြတော်မူပါသည်။

**အထက်ပါဝတ္ထုကိုထောက်သော်**

၁။ သဲပုံစေတီသည် ၉၁-ကမ္ဘာထက်က စခဲ့သည်ဟုမှတ်ယူရပါမည်။

၂။ တပေါင်းလ၌သာ သဲပုံစေတီ တည်ကောင်းသည် မဟုတ်ပါ။ (သဲပုံစေတီတည်ကြသည်မှာ အများအားဖြင့် တောလက်ကျေးရွာများ၌သာ ပြုလုပ်လေ့ရှိပါသည်။ ကျေးလက်နေ တောင်သူဦးကြီးများသည် တပေါင်းလ၌ အလုပ်

ကိစ္စနည်းပါးသောကြောင့်လည်းကောင်း၊ ရွှေတိဂုံ, မန်းစက်တော်ရာ-စသော တန်ခိုးကြီး ဘုရားပွဲတော်များသည်လည်း တပေါင်းလ၌သာ ကျင်းပကြသည်ကိုလည်းကောင်း၊ ဘုရားရှင်အား ကပိလဝတ်ပြည်သို့ကြွလာပါရန် ဖွားဖက်တော် ကာဠုဒါယီပင့်လျှောက်စဉ်က ခရီးလမ်းပန်းသာယာသည့် တပေါင်းလမှုကြွလာသည်ကိုလည်းကောင်း ထောက်ထားပြီး တပေါင်းလ၌သာ သံပုံစေတီ တည်ထားကိုးကွယ်မှုကို ပြုနေခြင်းဖြစ်သည်ဟူ၍သာ မှတ်ယူရပါမည်။

၃။ အပါယ်လေးပါးသို့ မလားရခြင်း၊ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်ရခြင်း၊ စကြဝတေးမင်း ဖြစ်ရခြင်း၊ ရဟန္တာဖြစ်ရခြင်း–အကျိုးများကို ခံစားရပါသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၅၇–ရင့်မာတကျိပ်

**အမေး။** ။ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားများ၏ ဖြစ်တော်စဉ်များတွင် .... နမော–၅၀၀၊ ရင့်မာတကျိပ်၊ နောင်လာရှစ်သောင်း ဘုရားပေါင်းဟူသော အဆိုအမိန့်ထဲမှ ဘုရား (ရင့်မာတကျိပ်) တို့၏ အမည်တော်များနှင့် ဘုရားလောင်းတော်များ ဗျာဒိတ်ပန်းဆင်မြန်းရာ၌ မည်သည့်အင်္ဂါရပ်တော်များနှင့်ပြည့်စုံမှ ဗျာဒိတ်တော်ခံယူနိုင်ကြောင်း အစရှိသည်တို့ကို ကျွန်တော်မသိရှိပါ။ ကျွန်တော်ကဲ့သို့ပင် မသိရှိသူများလည်း ရှိနေဦးမည်ထင်ပါသဖြင့် အလျဉ်းသင့်သည့်အခါန်

ဤစာစောင်၌ ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံပါသည်။

ဦးစိန်မောင် (ဂွတ္တလစ်၊ ရန်ကုန်)

**ရှင်မာတကျိပ်။** ။မေတ္တေ, ရာမ၊ ကောသလနှင့်၊ ဝင်္ဂ, ဝင်္ဂီ၊ နာဠိ, ဘိဘူ၊ အသူ, ဒေါဒေ၊ တထေပုလဲ၊ မှတ်မြဲရှင့်မာ၊ တကျိပ်သာရှင့်-ဟူသည်နှင့် အညီ....

၁။ မေတ္တေယျ၊
၂။ ရာမမင်း၊
၃။ ကောသလမင်း၊
၄။ ဝင်္ဂပုဏ္ဏား၊
၅။ ဝင်္ဂီကပုဏ္ဏား၊
၆။ နာဠာဂိရိဆင်၊
၇။ အဘိဘူနတ်၊
၈။ အသူရိန်နတ်၊
၉။ ဒေါဒေယျပုဏ္ဏား၊
၁၀။ ပုလလဲဆင်-ဟူ၍ တကျိပ်တည်း။

**ဗျာဒိတ်ရကြောင်းအင်္ဂါ (၈) ပါး**

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊
ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊

အဓိကာရော စ ဆန္ဒတာ။
အဋ္ဌ ဓမ္မသမောဓာနာ၊
အဘိနီဟာရော သမိဇ္ဈတိ။ ဟူသည်နှင့်အညီ....

(၁) လူစင်စစ်ဖြစ်ခြင်း၊ (၂) ယောကျ်ားဟူသောပုလ္လိင်နှင့်ပြည့်စုံခြင်း၊ (၃)တိဟိတ်ပုဂ္ဂိုလ်လည်းဖြစ်ခြင်း၊ (၄) ဘုရားကိုလည်းဖူးမြင်ရခြင်း၊ (၅) ရသေ့ရဟန်းလည်းဖြစ်ခြင်း၊ (၆) ဈာန်သမာပတ်နှင့်လည်းပြည့်စုံခြင်း၊ (၇) ဘုရားဆုကိုလည်းတောင်းယူခဲ့ခြင်း၊ (၈) ဘုရားဆုကိုအလိုရှိသောဆန္ဒလည်းရှိခြင်း-ဟူ၍ ၈-ပါးတည်း။

(ပဏ်-၃၊ ဋ္ဌ-၈၆။ အံ-၁၊ ဋ္ဌ-၃၆၂။ ဥဒါန ဋ္ဌ-၁၁၇။ ဣတိ ဋ္ဌ-၁၁၅။ စရိယာ ဋ္ဌ-၁၆။ ထေရ ပါ၊ ဋ္ဌ-၁၁။ ဗုဒ္ဓ၊ ပါ-၃၁၁။ နေတ္တိ ဋ္ဌ-၁၅၉။ သုတ္တ ပါ၊ ဋ္ဌ-၄၃)

---

## ၅၈-ဖလသမာပတ်

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၃၄၊ ဦးစိန်မောင်၊ (မန္တလေး)၏အမေးကိုဖြေဆိုသည်။)

၁။ ဖလသမာပတ်သည် လောကုတ္တရာသာဖြစ်ပါသည်။
(သာဓက) ကာ ဖလသမာပတ္တိတိ ယာ အရိယဖလဿ နိရောဓေ အပ္ပနာ။ (ဝိသုဒ္ဓိမဂ်)

၂။ အရိယာပုဂ္ဂိုလ်တွေသာ ဝင်စားနိုင်ပါသည်။

(**သာဓက**) အရိယာ ပန သဇ္ဈေပိ **သမာပဇ္ဇန္တိ**။ **ကသ္မာ** အဓိကတတ္တာ။ (ဝိသုဒ္ဓိမဂ်)

**မှတ်ချက်**။ ။ဝင်စားသောအခါမှာ မိမိတို့ရှိဆဲဖိုလ်နှင့်သာ ဆက်ဆံသည်။ အောက်နှင့် အထက်ဖိုလ်များကို မဝင်စားနိုင်ပါ။

(**သာဓက**)။ ။ဥပရိမာ ပန ဟေဋ္ဌိမံ န **သမာပဇ္ဇန္တိ**။ (ဝိသုဒ္ဓိမဂ်)

၃။ ဋ္ဌရိယာပုထ်လေးပါးတွင် မည်သည့် ဋ္ဌရိယာပုထ်နှင့် မဆို ဝင်စားနိုင်ပါသည်။ သို့သော် များသော**အား**ဖြင့် ထိုင်ခြင်းဋ္ဌရိယာပုထ်ဖြင့်သာ ဝင်စားတော် မူကြ**သည်**။ **အကြောင်းကား**....မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်း**သာ စွာ**နေရခြင်းအကျိုးငှာ ဝင်စားတော်မူအပ်သော သမာပတ် ဖြစ်သောကြောင့်ပါတည်း။

(သရူပအနုဝဏ္ဏနာ)

၄။ (က) ဖလသမာပတ်ကို ဝင်စားလိုလျှင် ဝင်စားခါ နီး၌ အနိစ္စ, ဒုက္ခ, အနတ္တ–ဟု ရုပ်နာမ်တခုခုကို ဝိပဿနာရှုမှတ်ရပါမည်။ (သု–သင်္ဂဟ–၁၃၃)

(တနည်း) ဝင်စားလိုလျှင် ဥဒယဗ္ဗယဉာဏ်မှစ၍ **ဝိပဿနာ** ဉာဏ်ကိုးပါး အစဉ်အားဖြင့် သင်္ခါရုပေက္ခာဉာဏ်တိုင်**အောင်** ပထမဦးစွာ ရုပ်နာမ်တို့ကို ရှုမှတ်ရပါမည်။ (သရူပအနုဝဏ္ဏနာ)

(ခ) လူ့ပြည်မှာ ''ထမင်းအသက်ခုနစ်ရက်''ဟု ဆိုသော ကြောင့် ခုနစ်ရက်အတွင်း အလိုရှိသလို အဓိဋ္ဌာန်ပြုရပါမည်။

(သာရတ္ထဒီပနီ)

(တနည်း) နိရောသေမာပတ်ဝင်စားသကဲ့သို့
(၁) နာနာဗန္ဓအဝိကောပန၊
(၂) သံဃပဋိမာနန၊
(၃) သတ္ထုပက္ကောသန၊
(၄) အဒ္ဓါနပရိစ္ဆေဒ-တို့ဖြင့် အဓိဋ္ဌာန်ပြုလုပ်နိုင်ပါသည်။

(ဝိသုဒ္ဓိမဂ်နှင့် ၎င်းဋီကာ)

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၉၊ အမှတ်-၈)

---

## ၆၀-စေတနာသုံးတန်ကျိုးပေးဟန်

**အမေး**။ ။ပုဗ္ဗ, မုဉ္စ, ပရ စေတနာသုံးတန်ရှိရာ ဘယ်စေတနာသည် ပဋိသန္ဓေကျိုး၊ ဘယ်စေတနာသည် ပဝတ္တိကျိုးပေးသည်ကို ကျမ်းဂန်အကိုးအကားနှင့် ဖြေကြားကြပါရန်။

အရှင်ကေသရ (ရွှေတည်မြေ)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၀၊အမှတ်-၁၃)

**အဖြေ**။ ။စေတနာသုံးတန်တို့တွင် မုဉ္စစေတနာသည်သာ မုချအားဖြင့် ပဋိသန္ဓေကျိုးကို ပေးပါသည်။ ပုဗ္ဗစေတနာ, အပရစေတနာနှစ်ပါးတို့ သည်ကား အလွန်အားကောင်းသော ဗလဝ စေတနာဖြစ်ပါမှ ပဋိသန္ဓေကျိုးကို ပေးနိုင်ပါသည်။ စေတနာတပါးက ပဋိသန္ဓေကျိုးကို ပေးပါလျှင် ကျန်နှစ်ပါးသည် ပဝတ္တိကျိုးကိုပေးပါသည်။

**ရှင်းလင်းချက်။** ။ဒါန-စသောကံ၊ ပါဏာတိပါတ-စသော ကံကိုပြုလုပ်ရာ၌ ထမြောက် အောင်မြင်ဖို့ ရာမှာ....

၁။ ပုဗ္ဗ, မုဥ္စ, အပရစေတနာသုံးပါး၊
၂။ ဝီထိတခု၌ပါဝင်သော ဇော ၇-ကြိမ်၊
၃။ ထိုဇော**၏အစွမ်းအား**ဖြင့် အကျိုးပေးရာကာလဟု ဆိုအပ်သော ကံလေးပါး၊ သို့မဟုတ် ကံသုံးပါးတို့ ပါဝင်ရပါသည်။

ပဋိသန္ဓေအကျိုးကိုပေးစွမ်းနိုင်သော မုဥ္စစေတနာမှာ ကံအထမြောက်သည့် တဝီထိ၌ပါသော ဇောစေတနာတည်း။ ကံအထမမြောက်မီ ရှေးအဖို့က ဝီထိပေါင်းများစွာ၌ပါရှိသော စေတနာများသည် ပုဗ္ဗစေတနာ များတည်း။ ကံအထမြောက်ပြီးနောက်အဖို့၌ ဖြစ်သော စေတနာ များသည် အပရစေတနာများတည်း။ ထိုတွင်မုဥ္စစေတနာ၌ပါဝင်သော သတ္တမဇောစေတနာသည် ဒုတိယဘဝမှာပဋိသန္ဓေကျိုးပေးပြီး ပုဗ္ဗစေတနာ, အပရစေတနာတို့တွင် ဝီထိတခုခု၌ပါသော ဇောစေတနာ တခုခုက ပဝတ္တိကျိုးကိုပေးပါသည်။

ဤနေရာ၌ စေတနာကို ''ကံ''ဟူ၍ မြတ်စွာဘုရားသည် (ဆက္ကနိပါတ် အင်္ဂုတ္တိုရ်၌) ဟောတော်မူခဲ့ပါသည်။ ဤသို့ ဟောတော်မူခြင်းဖြင့် စေတနာနှင့်ကံ အတူတူဟူ၍ မှတ်ထင်စရာရှိပါသည်။ စင်စစ်မှာ မတူပါ၊ စေတနာသည် ပုဗ္ဗဘာဂ ရှေ့အဖို့၌ဖြစ်သော တရားသဘောတည်း။ ကံသည် ပစ္ဆာဘာဂ

နောက်အဖို့၌ဖြစ်သော တရားသဘောတည်း။ ဤသို့ငင် မတူခြားနား ရှေ့နောက်ကွဲပြားပါသော်လည်း စေတနာလျှင်အရင်းရှိသော ကံတရားဖြစ်သောကြောင့်သာလျှင် စေတနာကို "ကံ" ဟူ၍ မြတ်စွာဘုရားသည် ကွဲပြားခြားနားသော်လည်း မကွဲမပြား မခြားနားဘိသကဲ့သို့ အဘေဒ-နည်းအားဖြင့် ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့်....

ကသ္မာ စေတနာ ကမ္မန္တိ ဝုတ္တာ၊ စေတနာ မူလကတ္တာ ကမ္မံ-ဟူ၍ (ပဏ် ၂၊ ဌ-ဥပါလိသုတ်၌) ဖွင့်ပြတော်မူပါသည်။ အဋ္ဌသာလိနီ ဋ-၌လည်း ကောယ စေတနာယ ကမ္မေ အာယူဟိတေ-ဟူသောပါဠ်ဖြင့်"စေတနာ"ဟူသည်ဇောနှင့်ယှဉ်သော စေတနာစေတသိက်တည်း။ "ကံ" ဟူသည်ကား ကိုယ်နှုတ်စိတ်တို့၏ အမှုအရာတည်းဟု ဖွင့်ပြထားပါသည်။ (ဤကားကံကို စေတနာဟူ၍လည်းကောင်း၊ ဇောဟူ၍လည်းကောင်း ယူရပုံကို ပြခြင်းတည်း။) ထို့ကြောင့် ကံတခုခုကိုပြုလုပ်ရာ၌ ထိုကံကို ဇောစေတနာတခုတည်းဖြင့် ထမြောက်အောင် အားမထုတ်နိုင်ပါ။ ဝီထိတခုတွင်ပါဝင်သော ဇော ၇-ကြိမ်ဖြင့် အားထုတ်ပါမှ ကံတခု ထမြောက်အောင်မြင်နိုင်ပါသည်။

သို့ပါ၍ အကျိုးပေးရာ၌ ဇောဖြင့်ဆိုးဖြတ်ရသော် ဇော ၇-ကြိမ်တို့တွင် ပထမဇောစေတနာသည်(ဒိဋ္ဌဓမ္မဝေဒနီယ ကံ" မည်၏။) ပစ္စုပ္ပန်မျက်မှောက်သောဘဝ၌ အကျိုးပေးသည်။ ပဝတ္တိအကျိုးကိုသာ ပေးသည်။ သတ္တမဇောစေတနာသည် ("ဥပပဇ္ဇဝေဒနီယကံ"မည်၏။) ဒုတိယဘဝ၌ ပဋိသန္ဓေကျိုး

ကိုပေးသည်။ ပဝတ္တိကျိုးကိုလည်း ပေးပါသည်။ သို့သော် ပဋိသန္ဓေကျိုးမပေးမူ ပဝတ္တိကျိုးကိုပေးပါသည်။ အလယ်ဇောငါးချက် စေတနာသည် (''အပရာပရိယဝေဒနီယကံ'' မည်၏။) တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအကြား ဘဝများ၌ အခွင့်သာသောအခါ ပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးကို ပေးပါသည်။ ပဋိသန္ဓေကျိုးကိုမပေးသော်လည်း ပဝတ္တိကျိုးကိုပေးပါသည်။ အထက်ပါစကားရပ်တို့ကိုထောက်၍ အချုပ်အားဖြင့်ဆိုရသော်....

ပထမဇောနှင့်ယှဉ်သော ပုဗ္ဗ,မုဥ္စ,အပရစေတနာသည် ပဝတ္တိကျိုးကိုသာပေးပါသည်။ သတ္တမဇောနှင့်ယှဉ်သော ပုဗ္ဗ, မုဥ္စ, အပရစေတနာသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးကို ပေးပါသည်။ အလယ်ဇောငါးချက်နှင့်ယှဉ်သော ပုဗ္ဗ, မုဥ္စ, အပရစေတနာသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးကို ပေးပါသည်။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၉၊ အမှတ်-၄၅)

---

## ၆၁-ဣဿာနှင့်မစ္ဆရိယတရားကိုမည်သည့် မဂ်ကပယ်သတ်ပါသနည်း

**အမေး။** ။ဣဿာနှင့် မစ္ဆရိယတရားနှစ်ပါးကို သံယောဇဉ်-၁၀၊ အဘိဓမ္မာနည်း၌ သီးခြားဖော်ပြပါရှိပြီးလျှင်၊ သုတ္တန်နည်းအရ သီးခြားဖော်ပြခြင်းမရှိ၍ ယင်းတရားနှစ်ပါးသည် မည်သည့်သံယောဇဉ်ထဲ၌ ပါဝင်ကြောင်းကို

သုတ-နည်းသူများသိရှိနိုင်ရန် ထည့်သွင်းပေးတော်မူကြပါရန်။ ပရိယတ္တိ - ပဋိပတ္တိ နည်းပါးသူများ ပိပိ ဈာနနှင့် မစ္ဆရိယ တရားနှစ်ပါးကို သောတာပန်ပုဂ္ဂိုလ်က ပယ်သည်၊ အနာဂါမ် ပုဂ္ဂိုလ်ကမှပယ်သည်၊ ရဟန္တာကမှပယ်နိုင်သည်ဟု အမျိုးမျိုး အဖုံဖုံ ပြောဆိုနေကြပါသောကြောင့် ဘုရားဟော ပါဠိတော် အရ ဈာနနှင့် မစ္ဆရိယတရားနှစ်ပါးကို မည်သည့်မဂ်က ပယ် သတ်ကြောင်း ဖြေကြားပေးတော်မူကြပါရန် ရိုသေစွာတောင်း ပန်အပ်ပါသည်။

မောင်သိလို (ချောက်မြို့)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၆၊ အမှတ်-၁၆)

**အဖြေ**။ ။အမေး၌ အချက် ၃-ချက် ပါရှိ၍ (က-ခ-ဂ) ၃-ပိုင်းခွဲ၍ ဖြေဆိုပါမည်။

က။ အဘိဓမ္မာနည်း၌ပါသော ဈာနနှင့်မစ္ဆရိယကို သုတ္တန် နည်း၌ ပဋိဃသံယောဇဉ်၌လည်းကောင်း၊

ခ။ ဈာနနှင့် မစ္ဆရိယတရားတို့ကို ကိလေသာ ၁၀-ပါး တွင် ဒေါသကိလေသာ၌လည်းကောင်း သွင်းယူရပါသည်။

၎င်း (က-ခ)အဖြေများမှာ အောက်ပါ(ဂ)အဖြေဖြင့် ပို၍ ထင်ရှားလတ္တံ့။

ဂ။ ဤ(ဂ) အဖြေမှာ သုတ-နည်းပါးသူတို့ သိရှိနိုင်ရန် မဂ် ၄-ပါးတို့ပယ်သတ်အပ်သော ကိလေသာနှင့်တကွ စိတ်ပြုပါဒ် ဒုစရိုက်တို့ကိုပါ ထည့်သွင်းဖြေဆိုလိုက်ပါသည်။

၁။ သောဘာပတ္တိမဂ်သည် ပယ်သတ်အပ်သောကိလေသာကား.... "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ၂-ပါးဖြစ်သည်။ စိတ္တုပ္ပါဒ်ကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာ ၁-ပါး၊ ပေါင်း ၅-ပါးဖြစ်သည်။ ဒုစရိုက်ကား ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ မိစ္ဆာဒိဋ္ဌိ၊ ဤ ၅-ပါး ဖြစ်သည်။

၂။ သကဒါဂါမိမဂ်သည် ပယ်သတ်အပ်သော ကိလေသာကား .... ကြမ်းတမ်းသော "ရာဂ၊ ဒေါသ၊ မောဟ" ဖြစ်သည်။ စိတ္တုပ္ပါဒ်ဒုစရိုက်တို့မှာ သောတာပတ္တိမဂ်နှင့် အတူတူပင် ဖြစ်သည်။

၃။ အနာဂါမိမဂ်သည် ပယ်သတ်အပ်သော ကိလေသာကား...."ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ" ဤ ၄-ပါး ဖြစ်ပါသည်။ စိတ္တုပ္ပါဒ်ကား.... ဒေါသမူဒွေးဖြစ်သည်။ဒုစရိုက်ကား....ပိသုဏဝါစာ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ ဤ ၃-ပါး ဖြစ်သည်။

၄။ အရဟတ္တမဂ်သည် ပယ်သတ်အပ်သောကိလေသာကား "လောဘ၊ မောဟ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ"တို့ဖြစ်သည်။ဒုစရိုက်ကား....သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ တို့ဖြစ်သည်။

မှတ်ချက်။ အနာဂါမိမဂ်သည် ပယ်သတ်အပ်သောကိလေသာ တို့၌ ဣဿာနှင့်မစ္ဆရိယတို့ပါရှိ၍ စိတ္တုပ္ပါဒ်မှာလည်း ဒေါသမူဒွေးကို ကောက်ယူရသည်ကိုထောက်သဖြင့် (က)အဖြေ

"'အဘိဓမ္မာနည်းမှာပါသည့်' ဂ္ဂလ္လသာနှင့်မစ္ဆရိယကို ''သုတ္တန်နည်း၌'' ပဋိဃသံယောဇဉ်မှာသွင်းယူရပုံ။ (ခ) အဖြေ ဂ္ဂလ္လသာနှင့်မစ္ဆရိယကို ''ကိလေသာ ၁၀–ပါးတို့တွင်'' ဒေါသကိလေသာ၌ သွင်းယူရပုံ ထင်ရှားပါသည်။ အဘယ့်ကြောင့်ဆိုသော် ယှဉ်ဖက်တရားများဖြစ်သောကြောင့်တည်း။

အမေး၌ ဘုရားဟောပါဠိတော်အရ ဖြေကြားရန်ဟု ပါရှိရာ ဤအဖြေများသည် ဘုရားဟောပါဠိတော်နှင့် ဘုရားအလိုတော်ကျ ဖွင့်ပြသည့် အဋ္ဌကထာ, ဋီကာဆရာတို့ ဝါဒကွဲမရှိ၊ အဘိဓမ္မာကျမ်းများစွာမှာ တသဘောတည်း ပါရှိကြပါသည်။ ထို့ပြင် ဂ္ဂလ္လသာနှင့်မစ္ဆရိယကို အနာဂါမ်ပုဂ္ဂိုလ်က ပယ်သတ်ကြောင်းကို ဘုရားကျောင်းတော်မှ အနာဂါမ် စည်လာသည့် ဝိသာခ-သူဌေးကြီးက သဌေးကတော် ဓမ္မဒိန္နာအား ပြောပြပုံများကို သုတ္တန်အပါအဝင် အင်္ဂုတ္တရ ကေကနိပါတအဋ္ဌကထာ (၂၇၈) မှာလည်း ဖွင့်ပြထားပါသေးသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၆၂–အကုသလဝိပါက်

**အမေး**။ ။အဘိဓမ္မာကျမ်းတွင် တခြားစိတ်များမှာ ဝိပါက်ကြီးယာပါရှိပြီး အကုသိုလ်စိတ်တွင် ဝိပါက်မပါရှိသဖြင့် ထိုအကုသိုလ်အတွက် အကျိုးမပေးသယောင် ဖြစ်နေပါသည်။ သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် တောင်းပန်အပ်ပါသည်။

ဦးဘကျော် (မြို့မ-ကြံခင်း)

**အဖြေ။** ။အဘိဓမ္မာကျမ်းပြု အရှင်အနုရုဒ္ဓါမထေရ်သည် ကျမ်းပြုဆရာတို့၏ ထုံးစံအတိုင်း အကုသိုလ်စိတ်၏အခြားမဲ့၌ အကုသလဝိပါက်စိတ်ကို ပြလိုသောကြောင့် ဥပေက္ခာသဟဂုတံ အစရှိသည်ဖြင့် အဟိတ်စိတ်၏အစမှာ မိန့်ဆိုထားပါသည်။ ထို့ကြောင့် အကုသိုလ်စိတ်မှာလည်း ဝိပါက်ရှိသည်ဟု မှတ်ယူရပါမည်။ တနည်းဆိုရသော် အဟိတ်စိတ်၏အစ ဝိပါက် ၇-ပါးသည် အကုသလ ဝိပါက်စိတ်များ ဖြစ်ပါသည်။

**ရှင်းလင်းချက်။** ။ကာမာဝစရစိတ်၏ ကုသလဝိပါက်အဆုံးမှာ " ကုသလဝိပါကာဟေတုကစိတ္တာနိ " ဟု အဟေတုကသဒ္ဒါဖြင့် အထူးပြု၍မိန့်ဆိုထားပါသည်။ အကုသလ ဝိပါက်စိတ်၏ အဆုံးမှာတော့ အဟေတုကသဒ္ဒါဖြင့် အထူးမပြုပဲ "အကုသလဝိပါကစိတ္တာနိ" ဟုသာ မိန့်ဆိုထားပါသည်။ဤသို့ မိန့်ဆိုခြင်းသည် ကုသိုလ်မှာ အခြားဝိပါက်များနှင့် မှားစရာရှိ၍ အဟေတုကသဒ္ဒါဖြင့် အထူးပြု၍မိန့်ဆိုခြင်းဖြစ်ပြီး အကုသိုလ်မှာတော့ အခြားဝိပါက်မရှိ၍ မှားစရာမရှိသောကြောင့် အဟေတုကသဒ္ဒါဖြင့် အထူးမပြုပဲမိန့်ဆိုခြင်းဖြစ်ပါသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၆၃–မစ္ဆရိယဖြစ်–မဖြစ်

**အမေး။** ။၁။ သံဃာငယ်အချို့သည် လူငယ့်ရေးရာည ကျောင်း၌ (၈) တန်း (၉) တန်း (၁၀)

တန်းတို့တွင် ဝင်ရောက်သင်ကြားနေကြပါသည်။ ၎င်းသံဃာ ငယ်အချို့သည် သံဃာ့အလုပ်ဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာ ဓုရအလုပ်မဟုတ်သော လူမှုရေးရာ လောကီပညာသင်နေ၍ အချို့ကျောင်းထိုင်ဆရာတော်ကြီးများက ၎င်းသံဃာငယ်များ ကို မိမိ၏ဘုန်းကြီးကျောင်း၌ နေရန်ခွင့်မပြုခြင်းသည် (အာဝါ သမစ္ဆရိယ ဖြစ်-မဖြစ်)။

၂။ လူတဦးထံမှ အချို့လူများ ငွေလာချေးကြပါသည်။ သို့သော် ထိုလူကပြန်ပြောသည်မှာ "ငွေတော့ရှိပါတယ်၊ မိမိမှာ သုံးရန်ကိစ္စများ အများအပြားရှိသည်၊ ဇစိုးရဥပဒေနှင့်လည်း မလွတ်ဟုထင်သည်၊ ဒါကြောင့် မချေးနိုင်ပါ" ဟုပြောလျှင် ထိုလူသည် (လာဘမစ္ဆရိယ ဖြစ်-မဖြစ်)။

၎င်းပြင် အကယ်၍ အလှူခံသူအား တခါတရံ အကြောင်း မညီမညွတ်၍ဖြစ်စေ၊ စေတနာသဒ္ဓါတရား မရှိ၍ဖြစ်စေ မပေး မလှူလိုက်ခြင်းသည်လည်း (လာဘမစ္ဆရိယ ဖြစ် မဖြစ်)။

အထက်ပါအမေးပုစ္ဆာများကို ဗုဒ္ဓသာသနာရေးနှင့်ပတ် သက်၍ အမှန်တရားသိနားလည်စေရန်ဝိနည်းမှိုရဲ့ဆရာတော်ကြီး များက သော်လည်းကောင်း၊ ဇခြားပညာရှိ ပုဂ္ဂိုလ်ကြီးများ က သော်လည်းကောင်း ဤဘာရားသတင်းစာမှ ဖြေရှင်းပေး ကြပါရန် မေတ္တာရပ်ခံပါသည်။

(အဘိဓမ္မတ္ထ ပေါက်ဇ)

**အဖြေ။** ။၁။ မစ္ဆရိယငါးပါးတို့တွင် အရံတွင်းဖြစ်စေ၊ အိမ်, ကျောင်း, ဇရပ်ဖြစ်စေ၊ ညွှန်သန့်ရာနေ့

သန့်ရာအရပ်ဖြစ်စေ တစုံတခုသောအရိပ်အာဝါသသို့ သီလရှိသောရဟန်းရှင်လူတို့ လာရောက်နေထိုင်ခြင်းကို အလိုမရှိ။ လာရောက်နေထိုင်သော် မနေစေလိုခြင်း၊ လျင်စွာသွားစေလိုခြင်းသည် အာဝါသမစ္ဆရိယဖြစ်၏။ သို့သော်....

ဘဏ္ဍနကာရကာ ဒိန္နံပန တတ္ထ ဝါသံ အနိစ္ဆတော အာဝါသမစ္ဆရိယံ န ဟောတိ-ဟူသော (အဘိ-၁၊ ၄၅-၃၄၆) စကားတော်အရ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း စသည်တို့ကိုဖြစ်စေတတ်သော ရဟန်းဆိုး, ရှင်ဆိုး, လူဆိုးတို့၏ လာရောက်နေထိုင်ခြင်းကို အလိုမရှိခြင်း၊ မနေစေခြင်း၊ နေသော်နှင်ထုတ်ခြင်းသည် မစ္ဆရိယမဖြစ်ဟု မိန့်ဆိုဖွင့်ပြထားသည်ကိုထောက်သော် စာချနှစ်ပါးကိုအားမထုတ်ပဲ လောကီပညာကိုသင်ကြားနေသော သံဃာငယ်များကို ကျောင်း၌ နေထိုင်ခွင့် မပြုခြင်းကြောင့် အာဝါသမစ္ဆရိယ-မဖြစ်ဟု မှတ်ယူရပါမည်။

(မှတ်ချက်) မန္တလေး, ပခုက္ကူ, ရန်ကုန်စသောမြို့များရှိ စည်းကမ်းကြီးသောကျောင်းတိုက်များမှာ လောကီပညာသင်သော ရဟန်းများကို လက်မခံပါ၊သင်မှန်းသိလျှင် ကျောင်းတိုက်မှနှင်ထုတ်ပါသည်။

၂။ မစ္ဆရိယလက္ခဏာ၌ မိမိရပြီး-ရလတ္တံ့သော စည်းစိမ်ဂုဏ်သိန်အချိုးမျိုးကို လျှို့ဝှက်ခြင်း လက္ခဏာရှိကြောင်းကို....

တံ လဒ္ဓါနံ ဝါ လဘိတဗ္ဗာနံ ဝါ အတ္တနော သမ္ပတ္တီနံ နိဂူဟနလက္ခဏံ ဟု (အဘိ ၁-၃၅ပင်) မိန့်ဆိုသည်ကိုထောက်သော်

ယခုအမေး၌ လျှို့ဝှက်ခြင်းလက္ခဏာ မပါမရှိသောကြောင့် လာဘမစ္ဆရိယ မဖြစ်နိုင်ဟု မှတ်ရပါမည်။

၃။ မစ္ဆရိယဟူသည် ကဋုကဉ္စုကတာ ဝုစ္စတိ ကဋုစ္ဆု-ဂါဟာ–ယောက်မဖျားဖြင့်ယူ၍ ဆိတ်ဆွန်းဆိတ်ဆွန်းသာ ပူဇော်ပေးကမ်းတတ်သည်၏ အဖြစ်ဟု ဓမ္မဒ္ဒကာ ရာဖွင့်ပြသည်ကိုထောက်သော် ဓမ္မပဒ၌ သောသည့် မစ္ဆရိယကောသိယသဌေး, အပုတ္တကသဌေး, အဒိန္နပုဗ္ဗကပုဏ္ဏားတို့ကဲ့ မိမိဥစ္စာကို ပေးပါ သောသူတို့နှင့် လုံးဝမဆက်ဆံလို မပေးလိုသည့်သဘော၊ မဖြစ်လို့ဆက်ဆံရ ပေးရပြန်သော် ဘွန့်တွန့်တိုတို စေးစေးနဲ့နဲ့ ဆက်ဆံရ ပေးရသည့်သဘောမျိုးကိုသာ မစ္ဆရိယဆိုရပါမည်။ တခါတရံ အကြောင်းမညီညွတ်၍ ပေးလှူလိုသောစေတနာ သဒ္ဓါတရားမရှိသေး၍ မပေးမလှူခြင်းသည် လာဘမစ္ဆရိယမဖြစ်နိုင်ဟု မှတ်ယူရပါမည်။ (ဗုဒ္ဓဓမ္မလောက)

---

## ၆၃-အနတ္တ ၂-ပါး

**အမေး။** ။အတွဲ-၁၁၊အမှတ်-၃၃၊ ဗုဒ္ဓဓမ္မလောကစာစောင် မျက်နှာဖုံး၌ သဗ္ဗေ ဓမ္မာ အနတ္တာ–အရ ခန္ဓာ ငါးပါးနှင့် နိဗ္ဗာန်ကိုပါ အရကောက်ထားသည်ကို ဖတ်ရှုရပါသည်။ ၎င်းစကားအရ တဆင့်တက်၍ သိလိုသည်မှာ-မြတ်စွာဘုရားသည် အဘယ်ကြောင့် ခန္ဓာကိုလည်း အနတ္တ၊ နိဗ္ဗာန်ကိုလည်း အနတ္တ–ဟု ဟောတော်မူခဲ့ပါသနည်း။ ၎င်းနှစ်ပါးတို့၏ သဘောသွား ခြားနားချက်ကို သိပါရစေ။

စကု-မြတ်ကျော်

**အဖြေ။** ။အနတ္တဟူ၍ဟောတော်မူခြင်းသည်–

(၁) သင်္ခတတရားတို့နှင့်တကွ နိဗ္ဗာန်ကိုသာ ဟောသော အရာ။ (ပဋိသံ-ပါ၊ ၎င်း ဋ္ဌ-ဂဏ္ဌိ)

(၂) လောကီသင်္ခတ သဘာဝတရားတို့နှင့် ပညတ်ကိုသာ ဟောသောအရာ။ (အံ-၁၊ အဋ္ဌာနသုတ် ပါ–ဋ္ဌ၊ သမ္မော–ဉာဏဝိဘင်း ပါ–ဋ္ဌ)

(၃) သင်္ခတ ဓမ္မသဘာဝတို့ကိုသာ ဟောသောအရာ။ (ဓမ္မပဒ–ဋ္ဌ)

(၄) သင်္ခတ တရားတို့နှင့်တကွ နိဗ္ဗာန်, ပညတ် နှစ်ပါး လုံးကိုပင် ဟောသောအရာ။ (ပရိဝါ-ပါ၊ ဝိမတိ-ဋီကာ)ဟူ၍ ၄–မျိုး ၄–ဌာန၊ ၄–ချက်ရှိပါသည်။ ၎င်း အ ထက် ပါ ဟော ဖော် ဖွင့် ပြတော် မူ သည့် အကြောင်းရပ်တို့ကို ပေါင်းစပ်ပြီး အချုပ်အားဖြင့် ဖြေဆိုရသော်....

ခန္ဓာကို အနတ္တဟု ဟောတော်မူခြင်းကား....ခန္ဓာ တရားတို့ သည် ကံ, စိတ်, ဥတု, အာဟာရ-တည်းဟူသော အကြောင်း တရား ၄–ပါးတို့ ပေါင်း၍ပြုပြင် စီရင်အပ်သော သင်္ခတတရား မျိုး ဖြစ်သောကြောင့် ဥပါဒ်, ဌီ, ဘင်နှင့် အနဉ်မပြတ်သဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ စင်စစ်ကေန် အမှန်ဖြစ်ကုန်သောကြောင့် တည်း။

နိဗ္ဗာန်တရားသည်ကား....အကြောင်းတရာ ၄–ပါးတို့ မပြု ပြင် မစီရင်အပ်သော အသင်္ခတတရားမျိုး ဖြစ်သောကြောင့်

ဥပါဒ်, ဌီ, ဘင် အစဥ်ကင်းသဖြင့် အနိစ္စ, ဒုက္ခ, ဟူ၍မဆိုအပ်၊ နိစ္စ, သုခ, ဟူ၍သာ ဆိုအပ်၏။ အတ္တဟူ၍လည်း မဆိုအပ်၊ အနတ္တဟူ၍သာ ဆိုအပ်၏။ထို့ကြောင့် နိဗ္ဗာန်ကိုလည်း အနတ္တဟု ဟောတော်မူခဲ့ပါသည်။ (နက်နဲခက်ခဲလေစွ။)

**မှာထားချက်။** ။ဤအဖြေမှာ အကိုးသာဓက ပါ-ဠ-ဌ္ဌ တို့ များလွန်း၍ အကျဉ်းချုံးပြီး ဖြေဆိုရပါသဖြင့် ပရိယတ်, ပဋိပတ် နှစ်ရပ်ဖြစ်သော ပညာမျက်စိရှိသူတို့သာ သဘောပေါက် လက်ခံနိုင်ဖွယ်ရာရှိပါသည်။

(ဗုဒ္ဓမမ္မလောက)

---

## ၆၄-ဥတုသည်အဘယ်ပစ္စည်းတွင်ပါဝင်

**အမေး။** ။ကံ, စိတ်, ဥတု, အာဟာရ-တည်းဟူသော ရုပ်ကို ဖြစ်စေတတ်သည့် အကြောင်းတရား ၄-ပါးတို့တွင်....

၁။ ဥတုသည် အဘယ်ပစ္စယသတ္တိဖြင့် အဘယ်ရုပ်ကို ဖြစ်ပွားစေပါသနည်း။

၂။ ၂၄-ပစ္စည်းတို့တွင် အဘယ်ပစ္စည်း၌ ပါဝင်သနည်း-

ဤအချက် ၂-ချက်ကို ပဌာန်းကျမ်း၌လေ့လာကြည့်ရာ မတွေ့မသိရပါ၍ တွေ့သိသူပညာရှင်များက အဖြေစကားရေးသားကြပါရန်။

ဖြေလတ်မောင် (မကွေး)

**အဖြေ။** ။သီတဥတု, ဥဏှဥတုဟုဆိုအပ်သော တေဇောဓာတ်သည် ဥတုမည်၏။ ထိုဥတုဟူသည် တေဇောဓာတ်ပင်တည်း။ ထိုတေဇောဓာတ်ဟူသောဥတုသည် မဟာဘုတ်လေးပါးတွင် ပါဝင်၏။ ထို့ကြောင့် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်စည်းများမှာ ပါဝင်သော တေဇောဓာတ်သည် ဥတုမည်၏ဟူ၍လည်းကောင်း၊ (သင်္ဂဟ ရူပသမုဋ္ဌာန) တနည်း၊ ဂဗ္ဘသေယျကပဋိသန္ဓေမှာ ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ် ၃-စည်းမှာပါဝင်သော တေဇောဓာတ်သည် ဥတုမည်၏ဟူ၍လည်းကောင်း၊

သံသေဒဇ, ဩပပါတိကပဋိသန္ဓေတို့မှာ ကလာပ် ၇-စည်းမှာပါဝင်သော တေဇောဓာတ်သည် ဥတုမည်၏ဟူ၍လည်းကောင်း၊

ပဋိသန္ဓိက္ခဏေ ဥပ္ပန္နာနံ သမတိံသကမ္မဇရူပါနံ အဗ္ဘန္တရာ တေဇောဓာတု (သမ္မော-ဋ္ဌ)၊

ဥတုသမုဋ္ဌာနံ ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။ပ။မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ-ဟူ၍လည်းကောင်း(သဟဇာတ-ပါ၊ပဋိစ္စဝါရ-၂၂)၊

ဥတုသမုဋ္ဌာနံ ကော် မဟာဘူတံ တိဏ္ဏံ မဟာဘူတာနံ။ပ။ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော-ဟူ၍လည်းကောင်း (သဟဇာတ-ပါ-ပဥှာဝါရ ၁၄၁)။

ပြဆိုအပ်သော အထက်ပါကျမ်းလာစကားတို့ကိုထောက်သော် တေဇောဓာတ်ဟူသော ဥတုပစ္စည်းတရားက ဥတုဇရုပ်

**တို့အား** ထိုက်သလိုကျေးဇူးပြုနိုင်ကြောင်း ထင်ရှားလှပါသည်။ ထို့ကြောင့်....

၁။ ဥတုသည် သဟဇာတသတ္တိဖြင့် ဥတုဇရုပ်အား ဖြစ်ပွားစေသည်ဟု မှတ်ယူရပါမည်။

၂။ နှစ်ဆယ့်လေးပစ္စည်းတို့တွင် သဟဇာတပစ္စည်းတွင် ပါဝင်သည်ဟု မှတ်ယူရပါမည်။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၃၅)

---

## ၆၅—မြတ်စွာဘုရား၏စိတ်နှင့်လူတို့၏စိတ်အနှေးအမြန်

**အမေး။** ။အခြားသူများ၏စိတ်နှင့် မြတ်စွာဘုရား၏စိတ်သည် အနှေးအမြန်တူပါသလား၊ ပို၍မြန်ပါသလား။ မြန်လျှင် အဘယ်မျှလောက်ပို၍မြန်ပါသနည်း။

မောင်သုတ၊ (မင်းလှ)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၇၊ အမှတ်-၄၃)

**အဖြေ။** ။မျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ်တတွက် ကာလအတွင်း၌ စိတ်သည် ကုဋေတသိန်းမျှ ဖြစ်ပျက်နိုင်သည်။ (ပုံစံ) စိတ္တက္ခဏတခုတခုကို စပါးစေ့တလုံးတလုံးချ၍ ရေတွက်သည်ရှိသော် ငါးပါးတင်းပေါင်း ရှစ်ထောင်ငါးဆယ့်ကိုး (၈၀၅၉) တင်း ၆—ပြည်ရှိ စပါးစေ့ပေါင်းသည် ကုန်ခန်းနိုင်ရာ၏။ ထိုမျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ်တတွက် ကာလအတွင်း၌ ဖြစ်ပေါ်သောစိတ္တက္ခဏကား မကုန်

ခန်းနိုင်ရာ။ ဤမျှသော စိတ္တက္ခဏအပေါင်းသည်လည်း ကေတိသော ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်သောပမာဏဖြစ်သည်။ ထို့ထက်သောတာပန်၊ ထို့ထက် သကဒါဂါမ်၊ ထို့ထက် အနာဂါမ်၊ ထို့ထက် ရဟန္တာ၊ ထို့ထက် ပစ္စေကဗုဒ္ဓါတို့၏ သန္တာန်၌ ဖြစ်သောစိတ်တို့သည် လျင်မြန်စွာ ဖြစ်နိုင်ကုန်၏။ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏သန္တာန်၌ ဖြစ်သောစိတ်မှာ ဆိုဖွယ်ရာ မရှိတော့ပြီ။ ဤထက် အဆအရာ အဆအထောင်မကသာအောင် လျင်မြန်လှသည်သာတည်း။

(မိလိန္ဒ ပါ-၁၀၉၊ နိဒါန သံ ဋ္ဌ-၉၂)

ထိုကဲ့သို့ စိတ်သည်လျင်မြန်သည်ဖြစ်၍ စကားပြောရာ-တရားဟောရာတို့၌လည်း လူတို့တခွန်းပြောချိန်တွင် အရှင်အာနန္ဒာက ၈-ခွန်းပြောနိုင်သည်။ အရှင်အာနန္ဒာက တခွန်း ပြောချိန်တွင် ဘုရားရှင်က ၁၆-ခွန်းပြောနိုင်သည်။

(မူလပဏ္ဏာသ ဋ္ဌ၊ ပ ၃၅၈)

ဤသည်ကို ထောက်၍ ''ယာဂုပါန သောက်ကာလမျှ ဟောပြခပါရယ် နိကာယ်ဒီဃ ပမာဏလောက်'' ဟူသောလင်္ကာစကားရပ်ကို ပညာရှင်တို့ စပ်ဆိုတော်မူခဲ့ဟန်ရှိသည်။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၁၉)

---

## ၆၆–ဂေါတြဘူ ဝေါဒါန်နှင့် နိဗ္ဗာန်

**အမေး။** ။ဂေါတြဘူ, ဝေါဒါန်, အောက်မဂ်, အောက်ဖိုလ် တို့မြင်သော နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်

ဟုတ်-မဟုတ်နှင့် သဥပါဒိသေသ, အနုပါဒိသေသနှစ်ပါးသည် တရားကိုယ် တူ-မတူ သိလိုပါသည်။ ထို့ပြင် အဘာဝပညတ်ကို နိဗ္ဗာန်ဟူ၍ဆုံးဖြတ်သောဝါဒကို လက်ခံသင့်-မခံသင့်လည်း သိလိုပါ၍ အမျှားအကျိုးငှာ ပညာရှိများ ရှင်းပြတော်မူပါရန် တောင်းပန်အပ်ပါသည်။

ကိလေသာမကုန်သေးသူတို့ အလေးပြုထိုနိဗ္ဗာန်၊ သဥပါ
ဟုတ်-မဟုတ် ထုတ်ပြပါရန်၊ သနှင့်အနုထိုနှစ်တန် အမှန်
ကွဲ့တရားကိုယ်ရှင်း၊ အဘာဝဆိုသည့်ထိုနိဗ္ဗာန် ပညတ်
နည်းကိုလ ချီးမြှောက်လျှင် တော်-မတော်ဟု နိုင်ငံ
ကျော် ဆရာကဝိရယ် ယုတ္တိဆောင်နှင်း။

ဦးသြဘာသ(မင်းလှ)

အဖြေ။ ။(က) အောက်မဂ် အောက်ဖိုလ်တို့ မြင်သောနိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်ဟုတ်ပါသည်။

(ရှင်းလင်းချက်)

၁။ မဂ်ဉာဏ်ကိလေသာတို့၏ကုန်ခြင်းသည်သဥပါဒိသေသနိဗ္ဗာန်။

၂။ စုတိ၏အခြားမဲ့၌ ခန္ဓာတို့၏ မဖြစ်ခြင်းသည် အနုပါဒိသေသနိဗ္ဗာန်မည်၏။

တနည်း။ ၁-နိဗ္ဗာန်သည် ကိလေသနိဗ္ဗာန်။
၂-နိဗ္ဗာန်သည် ခန္ဓနိဗ္ဗာန်မည်၏။

တနည်း။ ၁-နိဗ္ဗာန်သည် ဒိဋ္ဌဓမ္မိကနိဗ္ဗာန်။
၂-နိဗ္ဗာန်သည် သမ္ပရာယိကနိဗ္ဗာန်။
တနည်း။ ၁-နိဗ္ဗာန်သည် ပရမတ်နိဗ္ဗာန်။
၂-နိဗ္ဗာန်သည် ပညတ်နိဗ္ဗာန်မည်၏။
(ဒုကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ၁၆၃-၄)

လောကုတ္တရာမဂ်, ဖိုလ်စိတ်သည် ပညတ်ကိုအာရုံမပြု၊ပရမတ်ကိုသာ အာရုံပြုကြောင်းကို သင်္ဂဟနှင့် ဋီကာကျော် စသောအဘိဓမ္မာ ကျမ်းများစွာတို့၏ အဆိုအမိန့်ကိုထောက်၍ သဥပါဒိသေသနိဗ္ဗာန် ဟုတ်သည်ဟု ဖြေဆိုခဲ့သည်။

## ထပ်ဆင့်ရှင်းလင်းချက်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အခါတပါး ရောဟိတနတ်သားက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ ရွေ့လျောရခြင်း၊ တဖန်ပဋိသန္ဓေနေရခြင်းရှိသည့် ဩကာသလောက၏အဆုံးသို့ သွားခြင်းဖြင့် သိခြင်းငှာ, မြင်ခြင်းငှာ, ရောက်ခြင်းငှာ စွမ်းနိုင်ပါသလား-ဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားက "ဒါယကာ ရောဟိတနတ်သား.... ပဋိသန္ဓေမနေရခြင်း၊ မအိုရခြင်း၊ မသေရခြင်း၊ မရွေ့လျောရခြင်း၊ တဖန်ပဋိသန္ဓေမနေရခြင်းသဘောရှိသည့် သင်္ခါရလောက

၏ အဆုံးသို့သွားခြင်းဖြင့် သိအပ်၏, မြင်အပ်၏, ရောက်အပ်၏ ဟူ၍ ငါဘုရားဟောတော်မမူ''ဟု မိန့်တော်မူ၏။

ဤဋ္ဌအမှာ။　။မေးသည်က ဩကာသလောကအဆုံးသို့၊ ဖြေသည်က သင်္ခါရလောကအဆုံးသို့ (မနောရထပူရဏီ-၄)။

ထိုနောက် ဆက်လက်၍မိန့်ကြားတော်မူသည်မှာ ''ရောဟိတနတ်သား....အိုခြင်း,နာခြင်း,သေခြင်း စသောဒုက္ခအပေါင်းဖြစ်ရာ,ရောက်ရာ ဒုက္ခသစ္စာကိုလည်းကောင်း၊ ထိုဒုက္ခသစ္စာ၏ ဖြစ်ကြောင်း တဏှာဟုဆိုအပ်သော သမုဒယသစ္စာကိုလည်းကောင်း, ထိုဒုက္ခသမုဒယချုပ်ရာ အမြိုက်နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာကို လည်းကောင်း၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြောင်း မဂ္ဂင်တရားကိုယ် ရှစ်ပါးဟုဆိုအပ်သော မဂ္ဂသစ္စာကို လည်းကောင်း၊ သညာဝိညာဉ်နှင့်တကွ ဤကိုယ်ဌ်သာလျှင် ငါဘုရားပညတ်တော်မူ၏''ဟု မိန့်တော်မူ၏။ (အံ-၄၊ ပါ-၂၅၅၊ ဇမ္ဗူ။ သဂါထာ သံ၊ ပါ-၃၆)

ဤသို့မိန့်ဆိုရာ၌ ''အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်ကိုလည်း ကိုယ်၌ငါဘုရားပညတ်တော်မူ၏''ဟု မိန့်တော်မူရာတွင် ကိုယ်၌ဖြစ်သော ဒုက္ခသစ္စာ,သမုဒယသစ္စာတို့၏ချုပ်ခြင်းသည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော မဂ္ဂသစ္စာကိုရသဖြင့် ချုပ်ရပေသည်။ ထို့ကြောင့် ''အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်သည် ကိုယ်၌ရှိပေ၏''ဟု ဟောကြားတော်မူသည်ကို လည်းကောင်း၊

ထိုမှတပါး အရိယာပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်သော၊ ပရမတ္ထအစစ်ဖြစ်သော အမြိုက်နိဗ္ဗာန် တရားမြတ်သည် အာရုံအားဖြင့် ကိုယ်ကိုအစွဲအမှီပြု၍ ဖြစ်သောကြောင့် ဂေါစရဇ္ဈတ္တအမည်ရကြောင်းကို မူလဋီကာဆရာ အရှင်အာနန္ဒာသည် မူလဋီကာ ၄၇–၌ ''အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တေ နိဗ္ဗာနေ ရတော''ဟု မိန့်၏။ အဇ္ဈတ္တရတောတိ၊ ဟူသည်ကား။ ဂေါ-စရဇ္ဈတ္တေ၊ မိမိကိုစွဲ၍ဖြစ်သော အာရုံဟုဆိုအပ်သော။ နိဗ္ဗာ-နေ၊ အသခ်ဘနိဗ္ဗာန် တရားမြတ်၌။ ရတော၊ ကာမဂုဏ၀စရ ကုသိုလ်, ကြိယာ ဉာဏသမ္ပယုတ်, မဂ်, ဖိုလ်စိတ်ဖြင့် မွေ့လျော်၏–ဟူ၍ လည်းကောင်း ဤအထက်ပါကျမ်းလာ စကားရပ်တို့ကိုထောက်၍ ဂေါတြဘူ, ဝေါဒါန်, အောက်မဂ်, အောက်ဖိုလ်တို့ မြင်အပ်သော နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်-ဟုတ်၏ဟု ဖြေဆိုခဲ့ပါသည်။

(ခ) သဥပါဒိသေသ, အနုပါဒိသေသနှစ်ပါးသည် တရားကိုယ်အားဖြင့် တူပါသည်။ သို့မဟုတ် မတူ-ထူးပါသည်။

ရှင်းလင်းချက်။ ။အဘယ်သို့ တူပါသနည်းဆိုသော် ထိုနိဗ္ဗာန်နှစ်ခုလုံးမှာ သခ်တတရားဟု ဆိုအပ်သော ဒုက္ခသစ္စာ–တေဘူမကတရား မရှိ၊ ချုပ်ငြိမ်း၍ နေကြသောကြောင့် သန္တိသုခချင်းတူကြပါသည်။

အဘယ်သို့ ထူးပါသနည်းဆိုသော် သဥပါဒိသေသဟု ဆိုအပ်သော ပရမတ္ထနိဗ္ဗာန်ကား ဘယ်သောအခါမှ ဒုက္ခနှင့်မတွေ့

ရပဲ အမြဲပင်သန္တိသုခ ဖြစ်နေရသည်။ အနုပါဒိသေသဟုဆိုအပ်သော ပညတ်နိဗ္ဗာန်သည်ကား သံသရာဒုက္ခ အမျိုးမျိုးကို ခံရပြီးမှ သန္တိသုခနှင့်တွေ့ရသည်။ သန္တိသုခနှင့်တွေ့ပြီးသည့်နောက်၌ကား တဖန် ဒုက္ခနှင့်ဘယ်တော့အခါမှ မတွေ့ရတော့ပြီ။

**တနည်း။** ။သဥပါဒိသေသ ပရမတ်နိဗ္ဗာန်မှာ အစလည်းမရှိ အဆုံးလည်းမရှိပါ။ အနုပါဒိသေသ ပညတ်နိဗ္ဗာန်မှာ ပရိနိဗ္ဗုတပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုပြီးမှ ပေါ်လာသောကြောင့် အစသာရှိသည်၊ အဆုံးမရှိပါ။

(ဂ) သဥပါဒိသေသဖြစ်သော အသင်္ခတနိဗ္ဗာန်ကို အဘာဝပညတ်ဟု ဆိုးဖြတ်သောဝါဒကို လက်မခံသင့်ပါ။ အနုပါဒိသေသ နိဗ္ဗာန်ဟုဆိုအပ်သော ပရိနိဗ္ဗာန်ကိုတော့ အဘာဝပညတ်ဟု ဆိုးဖြတ်သောဝါဒကို လက်ခံသင့်ပါသည်။

**ရှင်းလင်းချက်။** ။"အသင်္ခတဖြစ်သော နိဗ္ဗာန်သည် ပရမတ္ထတရားတည်း"ဟု ဆိုရာ၌ အသင်္ခတနိဗ္ဗာန်သည် စိတ်, စေတသိက်, ရုပ်ဟူသော အသင်္ခတပရမတ်တရားမည်သည့်အခါမျှ မဖြစ်လာပဲ မိမိအလိုအလျောက် အသင်္ခတပရမတ်တရား အဖြစ်ဖြင့် နိစ္စ, ထာဝရ, ဓူဝ–သဘောအားဖြင့် (သင်္ဂဟ၌သည်း "တဒေတံ သဘာဝတော ဧကဝိဓမ္ပိ"ဟု မိန့်ဆိုသည့်အတိုင်း) သန္တိလက္ခဏာကိုဆောင်ကာ ပရမတ်တရားတခုအဖြစ်ဖြင့် တည်နေသောကြောင့် အဘာဝပညတ်ဟု ဆုံးဖြတ်သောဝါဒကို လက်မခံသင့်ဟု ဖြေဆိုခဲ့ပါသည်။

အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော ပရိဗ္ဗာန်ကို ပညတ်ဟူ၍ဆိုရာ၌ မူလကပင် ရှင်းနိဗ္ဗာန်သည် အသင်္ခတအစစ်ကဲ့သို့ အသင်္ခတတရားစစ် မဟုတ်ချေ။ စိတ်, စေတသိက်, ရုပ်ဟူသော ပရမတ္ထခန္ဓာ ၅-ပါး ဒုက္ခသစ္စာတရားအဖြစ်ဖြင့် သံသရာ၌ ကျင်လည်ပြီးမှ အသင်္ခတအစစ်ဖြစ်သော နိဗ္ဗာန်ကိုအာရုံပြု၍ မဂ်ပေါ်လာပြီး မဂ်အစွမ်းကြောင့် ခန္ဓာကုန်ခန်းမှ ပေါ်လာသော နိဗ္ဗာန်ဖြစ်သောကြောင့် ရှင်းနိဗ္ဗာန်ကို အဘာဝပညတ်ဟု ဆုံးဖြတ်သောဝါဒကို လက်ခံသင့်သည်ဟု ဖြေဆိုပါသည်။ (သစ္စယမိုက်ပါဠိ၊ နှင့် ပဉ္စမကြိုက် ယမိုက်-ဋ္ဌ၊ ၂၅၉-ကိုမှီသည်။)

---

## ၆၇-ဆဋ္ဌင်္ဂိကမဂ် (သို့) အဋ္ဌင်္ဂိကမဂ်

အမေး။ ။လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ။ (အဘိဓမ္မတ္ထသင်္ဂဟ)

။အနုပုဗ္ဗေန ဗောဓိပလ္လင်္ကေ နိသိန္နဿ ပုဗ္ဗဘာဂေ အဋ္ဌင်္ဂိကဿ ဝိပဿနာမဂ္ဂဿ ဒဿနံ။ (နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ မဟာဝဂ်၊ ပဉ္စမသုတ်အဖွင့်၊ စာမျက်နှာ-၁၀၀။)

ဆိုလိုရင်းမှာ သင်္ဂြိုဟ်အဋ္ဌကထာက လောကီကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုမှာ ဝိရတီစေတသိက်သုံးခု တပြိုင်နက် မယှဉ်၊တခုသာယှဉ်သည်။

နိဒါနဝဂ္ဂအဋ္ဌကထာက လောကီကုသိုလ်ဖြစ်သော ဝိပဿနာကုသိုလ်မှာ ဝိရတီစေတသိက် သုံးခုလုံး တပြိုင်နက်ယှဉ်သည်။

ဤအဋ္ဌကထာနှစ်ခုကွဲပြားနေသည်ကို ဗဟုသုတဖြစ်လိုသူများအတွက် ပညာရှိများ ဖြေကြားပေးတော်မူကြပါရန် တောင်းပန်အပ်ပါသည်။

(ညောင်တုန်း၊ ကိုကိုကြီး)
(ဗုဒ္ဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၇)

**အဖြေ။** ။(က) သင်္ဂြိုဟ်အဋ္ဌကထာဆရာက လောကီကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုမှာ ဝိရတီစေတသိက်သုံးခု တပြိုင်နက်မယှဉ်၊ တခုသာယှဉ်သည်ဟု ပြတော်မူခြင်းမှာ ဤမျှသောစိတ်သည် ဤမျှသောစေတသိက်တို့နှင့်ယှဉ်၏ဟူ၍ စိတ်စေတသိက်တို့၏အရေအတွက်ကို ပြခြင်းဖြစ်၍ ဒေသနာပရိယာယ်မည်၏။ သံယုတ်အဋ္ဌကထာဆရာက (အနုပုဗ္ဗေန ဗောဓိပလ္လင်္ကေ နိသိန္နဿ ပုဗ္ဗဘာဂေ အဋ္ဌင်္ဂိကဿ ဝိပဿနာမဂ္ဂဿ ဒဿနံ) ဟုပြတော်မူခြင်းမှာ-ဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရား၏ခြေတော်ရင်းမှ ဗောဓိပလ္လင်အထိ ပါရမီဖြည့်ကျင့်တော်မူပုံကို ခရီးသွားယောကျ်ား၏ဥပမာဖြင့် ပြတော်မူသောအရာဖြစ်၍ ဒေသနာပဋိပတ်မည်၏။

ပဋိပတ်ဟုဆိုအပ်သော လက်တွေ့ဝိပဿနာအလုပ်၌ ဒေသနာနည်းကိုလိုက်နေ၍ မဖြစ်။ ဒေသနာတိ ပညတ္တိ-ဟူသောစကားတော်အရ ဒေသနာဟူသည်မှာ ပညတ်မျှသာဖြစ်၏။ ပရမတ်ကို ထိထိမိမိဉာဏ်ဖြင့်သိမှ ဝိပဿနာဟုဆိုရလေသည်။ ပရမတ်အရာ၌သဘောမျှကိုသာယူရ၏၊ ပရမတ်ကိုသိဖို့ရာ၌သဘောမျှသာ

ဖြစ်၍ ပညတ်မျိုးကဲ့သို့ မဟုတ်။ သို့ပါ၍ "မြင်လျှင်-မြင်တယ်" ဟု ဝိပဿနာရှုမှတ်သောစိတ်တချက်၌ အမေးတွင်ပါသည့် ဝိရတီစေတသိက်သုံးလုံးတို့အပါအဝင် မဂ္ဂင်ရှစ်ပါးတရားတို့သည် သဘောအားဖြင့် တပြိုင်နက်ပါဝင် ပြီးစီးကုန်၏။ ထို့ အတူပင် "ကြားလျှင်-ကြားတယ်၊ နံလျှင် နံတယ်၊ ကွေးလျှင်-ကွေးတယ်၊ ဆန့်လျှင်-ဆန့်တယ်" စသည်ဖြင့်မှတ်သော ဝိပဿနာ စိတ်တချက်တချက်၌ **အသီးအသီး** မဂ္ဂင်ရှစ်ပါးတရားတို့သည် တပြိုင်နက်ပါဝင်ပြီး ဖြစ်လေတော့သည်။

ဤသို့ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် "သင်္ဂြိုဟ်အဋ္ဌကထာ ဆရာက ဒေသနာပရိယတ်နည်းကို ပြတော်မူသည်။ သံယုတ် အဋ္ဌကထာဆရာက ဒေသနာပဋိပတ်နည်းကို ပြတော်မူသည်" ဟူ၍ ဆရာနှစ်ပါး အဖွင့်ကွဲပြားသည်ဟု မှတ်ယူပါလေ။

(ခ) တနည်းဆိုသော် ဝိရတီစေတသိက်တို့သည် လွန်ကျူးအပ်သောဝတ္ထုဟုဆိုအပ်သော သတ္တဝါသင်္ခါရစသော အာရုံတို့၏ ဖြစ်သင့်ခြင်းကို ငဲ့ခြင်းရှိသည်ဖြစ်၍ အာရုံပြားသောကြောင့် လောကီနှင့်တပြိုင်နက်မယှဉ်၊ တခုသာယှဉ်သည်။ နိဗ္ဗာန်အာရုံ၏ တခုတည်း၏အစွမ်းဖြင့် အာရုံမပြားသောကြောင့် လောကုတ္တရာ၌ တပြိုင်နက်ယှဉ်သည်ဟူ၍ (ဋီကာကျော်နှင့်အကျော်ရဒ္ဓိဂုဏ်ဆရာတို့) အမိန့်အပ်ရှိသည်ကိုထောက်သော် အာမေး၌ လောကီကုသိုလ်ဖြစ်သော ဝိပဿနာကုသိုလ် ဟုဆိုသော်လည်း လောကုတ္တရာသို့ရှေးရှုနေသောမဂ်၏ ပုဗ္ဗဘာဂအဖို့ရှိသောအရာဌာနဖြစ်၍ အာရုံမပြားသောကြောင့်

သံယုတ်အဋ္ဌကထာဆရာက ဇပြိုင်နက်ယှဉ်ပုံကို ဖွင့်ပြတော်မူသည်ဟု မှတ်ယူရပါမည်။

(မှတ်ချက်) က–အမှတ်ပြအဖြေသည် သထုံမြို့ မူလမင်းကွန်းဆရာတော်ဘုရားကြီး၏တပည့်၊ မကွေးမြို့၊ ကမ်းရင်ရွာ၊ မဟာဂန္ဓာရုံတောရဆရာတော်ဘုရားကြီး၏ ဥပနိဿယကိုမှီး၍ ဖြေဆိုပါသည်။ ။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ–၁၈၊ အမှတ်–၂၀)

## ၆၈-အာပတ်နှင့်ငရဲ ကွာခြားပုံ

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၇၊ အမှတ်-၄၂၊ထိန်တပင် ဉာဏလင်း၏အမေးကိုဖြေဆိုသည်။)

၁။ ဘုန်းကြီးများမှာ ဘုရားရှင်ပညတ်တော် မူအပ်သည့် သိက္ခာပုဒ်တော်များကို လွန်ကျူးလျှင် အာပတ်သင့်သည်ဟုဆိုသည်။ သူများမှာလည်း လူ့ဝိနည်းဟု ဆိုအပ်သော ဒုစရိုက် ၁၀-ပါးကို လွန်ကျူးလျှင် ငရဲကြီးသည်ဟု ဆိုရပါသည်။ ဤမျှသာကွာခြားပါသည်။ သဘောမှာ မကွာခြားလှပါ။ အာပတ်မှာ ပါရာဇိက, သံဃာဒိသိသ်, ထုလ္လစ္စဉ်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ, ဒုရ္ဘပစိတ္တဟူ၍ ရှစ်မျိုးရှိသလို ငရဲမှာလည်း သိဉ္စုဝ်, ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိဟူ၍ အကြမ်းအားဖြင့် ရှစ်မျိုးပင်ရှိပါသည်။ အာပတ်တန်းလန်းနှင့် စုတေ

လျှင် ငရဲသို့ကျရောက်နိုင်၍ ငရဲကြီးသည်ဟု ဆိုရာ၌လည်း ငရဲသို့ကျရောက်နိုင်သည်ကိုပင် ဆိုခြင်းဖြစ်သည်။

၂။ အာပတ်သင့်တိုင်း ဒေသနာကြား၍ မပျောက်ပါ။

အထက်၌ ဖော်ပြထားသည့် အာပတ်ရှစ်မျိုးတွင် လဟုကဖြစ်သော နောက် ၆-မျိုးသော အာပတ်များသည်သာ အာယတိ သံဝရဖြင့် ဒေသနာကြားလျှင် ပျောက်နိုင်ပါသည်။ ဂရုက—ဖြစ်သော သံဃာဒိသိသ်အာပတ်မှာ ဝိနည်းတော်၌လာသည့်အတိုင်း ပရိဝတ်, မာနတ်, အဗ္ဘာန်—အစ, အလယ်, အဆုံး၊ သုံးပါးလုံး၌ သံဃာအကူအညီဖြင့် ကုစားမှ ပျောက်ပါသည်။ ပါရာဇိကအာပတ်သင့်လျှင် လူဝတ်လဲ (သို့မဟုတ်) ရှင်သာမဏေဝတ်နှင့် နေခြင်းဖြင့် ကုစားမှပျောက်ပါသည်။ သတ္တဝါတဦးတယောက် သေသွားလျှင် (မိမိပြုသောကံသည် မိမိနောက်သို့ သွားလေရာအရိပ်ပါသကဲ့သို့ ပါလေသည်ဖြစ်သောကြောင့်) ငရဲကြီးမှုများ ကျန်မနေခဲ့ပါ။ ထိုသူနောက်သို့ ပါသွားသည်သာတည်း။

၃။ ငရဲသည်လည်း အာပတ်ကဲ့သို့ ကုစား၍ ရ—မရ ၂-မျိုးရှိပါသည်။ အမိသတ်, အဖသတ်, ရဟန္တာသတ်, ဘုရားကိုသွေးစိမ်းတည်အောင်ပြု, ဘိက္ခုနီမကိုဖျက်ဆီးခြင်း ဂရုကံဟု ဆိုအပ်သော ပဥ္စာနန္တရိယကံ ၅—ပါးကိုလွန်ကျူးမိသူများကား....ငရဲသို့မကျအောင် ကုစား၍မရနိုင်ပါ။ ကျန်ကံများကို လွန်ကျူးမိသူများကား ကလျာဏမိတ္တ=အဆွေခင်ပွန်းကောင်းကိုရလျှင် ငရဲသို့မကျနိုင်ပါ၊ ကုစား၍ရနိုင်ပါသည်။ (ပုံစံကား) အဇာတသတ်မင်းသည် အဖကို သတ်ပြီးနောက်

ဆရာဇီဝကဟူသော ကလျာဏမိတ္တကိုရ၍ သာမညဖလသုတ်ကို မြတ်စွာဘုရားအထံမှ နာကြားရသော်လည်း ရေမှမလွတ်ခဲ့။ (သီလက္ခန်-ဋ္ဌ)

တမ္ဗဒါဌိက ခိုးသူသတ်ယောက်ျားသည် အရှင်သာရိပုတ္တရာ ဟူသော ကလျာဏမိတ္တကိုရ၍ ငရဲမှလွတ်ပြီး တုသိတာနတ်ပြည်သို့ လားရောက်ရသည်။ (ဓမ္မပဒ)

(ဗုဒ္ဓဓမ္မလောက)

---

## ၆၉–ဒွန်ကမ္မဝါစာ ကေဝုစ် ဗဟုဝုစ်

(အတွဲ-၁၀၊ အမှတ်-၃၄၊ ရွှေထီးလူနွံရာ၏ သမေးကိုဖြေဆိုသည်။)

၁။ (က)ပရိပုဏ္ဏသ စ အသ စ-ဟု အသပုဒ်ကို ဝါကျ ဒွန်ပြု၍ရေးသားထားသော ပဒေသာတိုက်ရိုက် ဘုရားကြီးမူသည် ဝိမတိဒီကာနည်းကိုမှီး၍ ကေဝုစ် ရေးသားထားတော်မူခြင်း ဖြစ်သည်။

(ခ)ပရိပုဏ္ဏိမေသံ၌ သေံ-ဟူသောပုဒ်သည်လည်း....

အထက်ပါ အသ စ အသ စ-ဟူသောနှင်ပုဒ်ကို ကေသသည်ပြုထားသောပုဒ်ဖြစ်၏။ ၎င်းကေသောသ် သေံပုဒ်နှင့် ပရိပုဏ္ဏပုဒ်တို့ သန္ဓိစပ်၍ ပရိပုဏ္ဏိမေသံ–ဟု ရေးသားထားသော ပိဋကတ်တော်ပြန်ပွားရေးမူသည် ပါရာဇိကကဏ်နှင့် ဋ္ဌဝါပါဠိတော်တို့၌လာရှိသော အသဇီပုနဗ္ဗသုကတို့၏ ကမ္မဝါစာက်မှီး

၍ ဗဟုဝုစ်နည်း ရေးသားထားတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် နှစ်မူလုံးပင်မှန်သည်ဟု မှတ်ယူရပါမည်။

## တုဏ္ဍိနှင့်တုဏ္ဍိ

၂။ ဝိနည်းပါဠိတော်များ၌လာရှိသော ကမ္မဝါစာများ မှာ အားလုံးပင် "တသ္မာ တုဏှီ" ဟု ဒီဃနှင့်သာ တွေ့ရပါသည်။

တုဏှီ၏ပုဒ်ရင်းမှာ တုဏှပုဒ် (အဗ္ဗာသနတ္ထ)အဿတ္ထိအနက်၌ (ဓ) ဣပစ္စည်းသက်၍ တုဏှီဟုပြီးသည်။ ဤကိုရဿပြုလျှင် တုဏှိဟုပြီးသည်။ ရင်းနှစ်ပုဒ်လုံးပင် သင့်မြတ်၏ဟု ဆရာမြတ်တို့ အမိန့်ရှိသည်ကို မှတ်သားရဖူးပါသည်။

ဤသို့....တုဏှိဟူသောဒီဃကို တုဏှိဟုရဿဖတ်ရွတ်ရာ၌ ကံမပျက်ကြောင်းကိုလည်း (ပရိဝါ-ဋ္ဌ၊ ၂၄၀–၌) ဖွင့်ပြထားပါသည်။

ထိုမှတပါး-တုဏှီတိ ပဒံ ဘိက္ခုနာတိပဒဿ ဝိသေသနံ၊ တုဏှိ-
ဣတိ ဝါတံ ကတ္တရိစာတိ သုတ္တေန နာဝိဘတ္တိ၊ သဗ္ဗ-
သမာတျာဒိနာ နာလောပေါ။ (ပါတိမောက္ခဂဏ္ဌိ-
ပါဌ်)

ဤအသက်ပါစကားရပ်များကိုထောက်သော် တုဏှိနှင့်တုဏှီ နှစ်ပုဒ်လုံးပင်မှန်သည်ဟု မှတ်ယူရပါမည်။

ဤ၌ခွဲ၍ပါရခေ၊ ဝိနယ ပါ-ဋ္ဌ–တို့၌ ရဟန်းလောင်းနှစ်ပါး-သုံးပါး တွဲ၍ဖတ်ရသောဒွန်ကမ္မဝါစာဟူ၍ တိုက်ရိုက်မတွေ့မိ

ပေ။ ဗိမ္ဘတိဋ္ဌိကာဥ္စသာ ဒွန်ကေဝုစ်တွဲပုံ အရိပ်အမြွက်မျှ တွေ့ရပါသည်။

ဤသို့ ပါ–ဠ တို့၌ ဒွန်ကမ္ဘဝါစာများ တိုက်ရိုက်မလာမရှိသော်လည်း "ကံလေးပါးအားလျော်စွာ မဂဓဘာသာစရွတ်ဖတ်နည်းဖြင့်ရွတ်ဖတ်သည်ဖြစ်စေ၊ လိုအပ်သောအနက်အဓိပ္ပာယ်ပါရှိသည်ဖြစ်စေ ဤအကြောင်းနှစ်ပါးစုံလျှင် ကမ္ဘဝါစာသမ္ပတ္တိဖြစ်၍ ကံပြီးမြောက်သည်ကို သိမှတ်အပ်သတည်း"ဟု (စူဠဝါ–သမုစ္စယခန္ဓကဥ္စလာသော မဟာသုမထေရ်နှင့် မဟာမဒုမထေရ်တို့၏ ဝါဒချင်းနှိုးနှောရာအခန်းတွင်) မိုင်းခိုင်းဆရာတော် မိန့်ကြားတော်မူသည်။ (တိပေဋက)

ထို့နောက် ၎င်းဆရာတော်သည်ပင် ဥပသမ္ပဒဒွန်ကမ္ဘဝါစာတွင်...ပရိပုဏ္ဏာယ ပတ္တစီဝရံ–၌ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ–ဟူ၍လည်းကောင်း၊ ပရိပုဏ္ဏံ အဿ စ အဿ စ ပတ္တစီဝရံ–ဟူ၍လည်းကောင်း၊ ပရိပုဏ္ဏာယ စ အဿ စ ပတ္တစီဝရံ–ဟူ၍လည်းကောင်း ရွတ်ဖတ် သင့်ကြောင်းနှင့် မဟာဓမ္မိကာရာမတိုက် စလင်းဆရာတော်ကား အဿဥ္စ တ–သဒ္ဒါသည် လွန်ပြီးသောရဟန်းလောင်းနှစ်ယောက် သုံးယောက်ကို စွဲနိုင်, ဟောနိုင်ရကား ပရိပုဏ္ဏာယ–ဟု အဿ– သဒ္ဒါတချက်တည်းဖြင့် ဖတ်သော်လည်း သင့်လျော်၏ဟု မိန့်တော်မူကြောင်းကိုလည်း (တိပေဋက ၌) ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ မူများနှင့် မတူသော မျက်မှောက်ခေတ်ကမ္ဘဝါစာများကို ဖော်ပြပါဦးမည်။ ဒွန်တွဲပုံကိုသာ ပြပါအံ့။

ကျောက်ကုန်းတောရမေဒိနီမူ၌–

အယံ စ နာဂေါ အယံ စ နာဂေါ အယံ စ နာဂေါ ။ပ။ ပရိပုဏ္ဏိမေသံ ပတ္တစီဝရံ–ဟူ၍ လည်းကောင်း၊

ပခုက္ကူမူ၌–

၁။ အယံ စ သုမနော အယံ စ ပဒုမော အာယသ္မတော သီလာစာရဿ ဥပသမ္ပဒါပေက္ခာ ။ပ။ ပရိပုဏ္ဏိမေသံ ပတ္တစီဝရံ–ဟူ၍လည်းကောင်း၊

၂။ ဣမေ သောဓမတေဇိန္ဒာ အာယသ္မတော အာစိဏ္ဏဿ ဥပသမ္ပဒါ ပေက္ခာ ။ပ။ ပရိပုဏ္ဏိမေသံ ပတ္တစီဝရံ-ဟူ၍ လည်းကောင်း၊

၃။ အယံ ဝဏ္ဏော သုမင်္ဂလော အာယသ္မတော ကုသလဿ ဥပသမ္ပဒါပေက္ခာ ။ပ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ-ဟူ၍ လည်းကောင်း တွေ့ရပါသည်။

ရှင်းမူများအတိုင်းလည်း ကံဆောင်နေကြပါသည်။ ထိုထို ဆရာတော်များသည်လည်း သာသနာတော်မှာ နေ–လ အသွင် ထင်ရှားသော ဆရာတော်များဖြစ်၍ ထိုမူများအပေါ်၌လည်း အမှား အမှန် ယုံမှားမရှိမူ၍ အမှန်များသာဟု မှတ်ယူသင့် ကြောင်း စေတနာကောင်းဖြင့် ဖော်ပြအပ်ပါသတည်း။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၉၊ အမှတ်-၁၁)

## ၇၀–ရဟန်း၊ သိက္ခာချသင့်မချသင့်

(အတွဲ-၂၀၊အမှတ်-၄၅ မှ မန္တလေးဦးကုသလ(သိမ်တိုက်) ၏ **အမေးကို** ဖြေဆိုသည်။)

အောက်၌ ဖော်ပြလတ္တံ့သော ပါဠိတော် အဋ္ဌကထာလာ ဝတ္ထုသက်သေများကိုထောက်သော်-ရဟန်းသိက္ခာ မချသင့်ပါ။ ရှေးက သိက္ခာချ သွားတော်မူကြသည့် ဂဏာစရိယ, ဂဏပါမောက္ခဆရာတော်များ ရှိခဲ့ကြောင်းကို အများသိကြပြီး ဖြစ်ပါလိမ့်မည်။ ထိုဆရာတော်များသည်....

သာပတ္တိကေန ဘိက္ခဝေ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ ဟူသော သာရတ္ထဒီပိကာဆရာ၏ဝါဒကို မှချနည်းကောက်ယူတော်မူကြပြီး အာပတ်နှင့်တကွ စုတိရလျှင် ငရဲ၊ သို့မဟုတ် တိရစ္ဆာန်ဘဝသို့ကျရရောက်ရမည်ကို ကြောက်လန့်ကြသောကြောင့်လည်းကောင်း၊ သန့်ဖြင်သော တိဿရဟန်း၊ ဧရကပတ္တနဂါးမင်း ဖြစ်သောရဟန်းတို့မှာလည်း အာပတ်နှင့်တကွ ငုတိကြ၍ ဒုဂ္ဂတိဘဝသို့ ရောက်ကြရ ဖြစ်ကြရသည်ဟု မှတ်ထင်တော်မူကြသောကြောင့်လည်းကောင်း သိက္ခာချသွားတော်မူကြခြင်းဖြစ်ဟန်တူပါသည်။

### သိက္ခာမချသင့်ကြောင်းဝတ္ထုသက်သေများ

သဋ္ဌာ-သံ-ပါ–၂၈၁၊ ၎င်း ဋ္ဌ–၁၈-၌လာသော ဆန္နရဟန်းသည် ဓားဖြင့် မိမိ၏လည်ပင်းကို မိမိကိုယ်တိုင်လှီး၍ သတ်သေခြင်းဟူသော ဒုက္ကဋ်အာပတ်နှင့်တကွပင်လျှင် ရဟန္တာ

ဖြစ်သွားသည်ကိုလည်းကောင်း၊ (သဂါထာ-သံ-ပါ-၁၂၁၊ ၎င်း ၄-၁၆၁၊ ဓမ္မ-ဋ္ဌ၊ ပ-၂၇၂-၌လာသော) ဂေါဓိက ထေရ်သည်လည်း ဆံချသောဓားဖြင့် မိမိကိုယ်ကိုသတ်သေခြင်း ဟူသော ဒုက္ကဋ်အာပတ်နှင့်တကွ ရဟန္တာဖြစ်သွားသည်ကိုလည်း ကောင်း၊ ဘေဒါနုဝတ္တက သိက္ခာပုဒ်၌လာသော ဒေဝဒတ်၏ နောက်လိုက်ရဟန်းများလည်း ထုလ္လစ္စည်းအာပတ်နှင့်တကွ ဂေါ် ဖိုလ်ကို ရသွားကြသည်ကိုလည်းကောင်း၊ ထိုမှတပါး သင်္ဂဇာ ဆရာတော်၏စကားပုံကျမ်း၌လည်း အာပတ်မသင့်လျှင် ရဟန်း မဟုတ်ချေ၊ အာပတ်သင့်သည်သာလျှင် ရဟန်းဖြစ်သည်ဟူ၍ လည်းကောင်း၊

ဒွေ ပုဂ္ဂလာ အနာပတ္တိ=ဘုရားနှင့်ပစ္စေကဗုဒ္ဓါ နှစ်ပါးသာ လျှင် အာပတ်မသင့်နိုင်ပ ။ ရဟန္တာပုဂ္ဂိုလ်ကြီးများပင် တခါ တရံ အစိတ္တကအာပတ်မျိုး သင့်ကြသေးကြောင်းကို မိန့်ကြား တော်မူသည်များကိုလည်းကောင်း ထောက်သော် အာပတ် ကြောင့်တော့ သိက္ခာမချသင့်ဟု မှတ်ယူရပါမည်။ အကယ်၍ ကြောက်လန့်ခဲ့သော် အာပတ်မသင့်အောင်နေမှုနှင့် သင့်ခဲ့သော် အာပတ်အားပျော်ရာကုစားဖို့သာ လိုပါသည်။

ရှင်းလင်းချက်။ ။အများသိနေကြသည့် သန်းပြိတ္တာဖြစ်ရသော (ဓမ္မ+ဋ္ဌ၊ပ-၂၁၈-၌လာသော)တိဿရဟန်း မှာ အာပတ်ကြောင့်မဟုတ်၊ နှမလူသောသကင်္န်း၌ စွဲလမ်းမှုဟူ သော=လောဘကြောင့် သန်းပြိတ္တာဖြင်ရသည်။ [လောဘ ကြောင့်သေ-ပြိတ္တာ ပြ (ပြည်)။-အဘိဓမ္မာ။] ရေကပတ္တနဂါး

မင်းဖြစ်ရသော (ဓမ္မ-ဋ္ဌ၊ ဒု-၁၉၄-၌လာသော) ရဟန်းမှာလည်း ပြိန်းမြက်ရှက်ကို ဖြတ်မိခြင်းကြောင့်သင့်သော ပါစိတ်အာပတ်ကြောင့်မဟုတ်၊ ၎င်းအာပတ်ကို မကုစားရသည့်အတွက် သေခါနီးတွင် နှလုံးမသာယာခြင်း နှလုံးသွင်းမှားခြင်းဟူသော ဝိပ္ပဋိသာရကြောင့် နဂါးမင်းဖြစ်ရသည်ဟု မှတ်ယူရပါမည်။ [မောဟကြောင့်သေ-တိရစ္ဆာန်ပြေး (ပြည်)။-အဘိမ္မော]

**မှာထားချက်။** ။ပဋ္ဌာနဒ္တရိယနှင့် နိယဘာမိစ္ဆာဒိဋ္ဌိ အာပတ်မျိုး အပြစ်မျိုးမရှိသူများအနေဖြင့် ဘဝကူးကောင်းဖို့ရာ စိတ်အချရဆုံးနည်းကတော့-

စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ကောဝ ပဝုစ္စတိ-ဟု မိန့်တော်မူသည့်အတိုင်း သူသူငါငါ သေခါနီးမှာ အားအကိုးရဆုံးက သမ္မာသတိပဲ။ သမ္မာသတိဖြစ်အောင် (ဝါ) ချပ်နှင့်နာမ် အမှန်သိအောင် (တရားရှာ-ကိုယ်မှာ၊ဆိုတဲ့အတိုင်း) မိမိ၏ခန္ဓာကိုယ် တနေရာရာမှာ စိတ်ကို (ဝါ) သတိကိုထားတတ်ရှာတတ်ဖို့သာလိုကြောင်း၊ စိတ်ဖြင့် (ဝါ) သတိဖြင့်ရှုတတ် မှတ်တတ်ပါလျှင် အပါယ်ဒုဂ္ဂတိဘုံသို့ ကျရ-ရောက်ရမှာကို ကြောက်စရာမလိုတော့ကြောင်း စေတနာကောင်းဖြင့် အသိပေး မှာထား ဖြေကြားလိုက်ရပါသတည်း။

မှတ်ချက်။ ။ဤအမေးကို မကြာသေးမီက သက်တော် ၉၀-ရှိ ဆရာတော်ကြီးတပါးနှင့် သက်တော် ၈၀-ကျော်ရှိ ဆရာတော်ကြီးတပါးက မေးမြန်းဖူးပါသည်။ ဆရာတော်ကြီးများ၏ စိတ်မှာလည်း ဤအဖြေမှာပါသည့်အတိုင်း

တွေးကြံထင်မှတ်ပြီး ကြောက်ရွံ့နေကြောင်း အမိန့်ရှိ၍သိရပါ သည်။

(ဗုဒ္ဓဓမ္မလောက)

## ၇၁-ဘုန်းကြီးကျောင်း၌လူများနေထိုက်ပါသလား

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၇၊ အမှတ်-၂၀၊ မြန်အောင် သုဘောသီ၏အမေးကို ဖြေဆိုသည်။)

ပစ္စတ္ထရိတ္ဗာ-ဟူသော ပါဠိတော်၏အဖွင့်၌ သံဃိကဖြစ် သည့် ညောင်စောင်း-အင်းပျဉ် (ခုတင်-ကုလားထိုင်)မှာ မိမိ ပိုင် အိပ်ရာခင်းဖြင့်ခင်း၍ အိပ်ပျော်နေသော ရဟန်းသည် အိပ် ရာခင်းတွန့်၍ လိပ်၍ တစုံတခုသော ကိုယ်အင်္ဂါ အစိတ်အပိုင်း ဖြင့် ညောင်စောင်း-အင်းပျဉ် (ခုတင်-ကုလားထိုင်)နှင့် ထိ ခိုက်မိသော် ဒုက္ကဋ်အာပတ်သင့်သည်။ အမွေးတို့ဖြင့်ထိသော် အမွေးအရေအတွက်နှင့်အမျှ ဒုက္ကဋ်အာပတ်သင့်သည် ဟူ၍လည်း ကောင်း၊ (ဝူဠဝါ ပါ-၃၂၉၊ ဋ္ဌ-၇၇။ သင်္ဂဟ ဋ္ဌ-၄၄၉)

ကဿပဘုရားရှင်လက်ထက်က ဥပါသကာတယောက်သည် ကျောင်းသို့ တရားနာသွားယင်း သံဃိကအိပ်ရာနေရာ၌ ချွေး အညစ်အကြေးတို့ဖြင့် ပေပေကျံကျံ မရိုမသေ အိပ်နေခဲ့ဖူးသော အပြစ်ကြောင့် ပြိတ္တာဖြစ်နေရကြောင်းကို သူစိလောမဘီလူး ဝတ္ထု၌ ဖွင့်ပြထားသည်ကို လည်းကောင်း၊ (သုတ္တ ဋ္ဌ၊ ဒု- ၃၇။ သဂါထာ သံ-ဋ္ဌ-၂၇၆)

ပုဂ္ဂလိကပိုင်ကျောင်း၌နေသော ရဟန်းသာမဏေသည်လည်း ကျောင်း၌နေထိုက်အောင် ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးတွင် တပါးပါးကို အားထုတ်ရသည်။ သို့မဟုတ် ကျောင်းအတွင်း- အပြင်သို့ ဝင်တိုင်း–ထွက်တိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်ရသည်။ (ပုတီးစိပ်ရသည်။) (ဝိနည်းတော်နှင့် ဝိသုဒ္ဓိမဂ်အလို။) သို့ မဟုတ် ကျောင်းဒါယကာ ဒါယိကာမများကို မေတ္တာပို့ရ သည်။ (အင်္ဂုတ္တရသုတ္တန်အလို။) အကယ်၍ ဝင်ခိုက်–ထွက် ခိုက်မှာ မဆင်ခြင်နိုင်လျှင် မေတ္တာမပို့လျှင် နောက်နေ့အရုဏ် မတက်မီအတွင်း တချိန်ချိန်မှာ ဆင်ခြင်ရမည်၊ မေတ္တာပို့ရ မည်။ အရုဏ်တက်သည့်တိုင်အောင် မဆင်ခြင်မိလျှင် မေတ္တာ မပို့မိလျှင် ၎င်းရဟန်း သာမဏေမှာ ဣဏပရိဘောဂ-ထိုက် သည်မည်၏၊ ကြွေးတင်သည်မည်၏၊ အပြစ်ရှိသည်မည်၏–ဟူ၍ ဖွင့်ပြတော်မူကြသည်။

ဤသို့ ကျမ်းဂန်များမှာလာသည်ကို ထောက်သော် ရဟန်း သာမဏေများ အနေဖြင့်ပင် အပြစ်မလွတ်အောင် ဤမျှလောက် အနေအထိုင်ကြပ်တည်း ကျဉ်းမြောင်းလှသည့် သံဃိက, ပုဂ္ဂလိက ကျောင်း အဆောက်အအုံများ၌ လောကပြစ်, သံသရာပြစ်မှ ကြောက်ရွံ့ထိတ်လန့်ကြကုန်သော လူပုဂ္ဂိုလ်များသည် မိမိ အိမ်ကဲ့သို့ အမြဲနေခြင်းငှာ မသင့်ကြောင်း စေတနာကောင်းဖြင့် ဖြေကြားအပ်ပါသည်။

(ဗုဒ္ဓဓမ္မလောက)

## ၇၂-အာဂန္တုကရဟန်းနှင့်ယာဉ်စီးမှု

**ဆရာတော် မင်းဘူးအရှင်ကဥ္စန သို့—။**

အောက်ပါ ပြဿနာကို ဖြေဆိုပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

အမေး။ ။အာဂန္တုကရဟန်းသည် သူတပါး၏ကျောင်း တိုက်တာ အရံတွင်းသို့ မော်တော်ကားဖြင့် စီးဝင်ခြင်းသည် အပ်—မအပ်၊ အထောက်အထားနှင့်တကွ ရှင်းလင်းပြတော်မူပါဘုရား။

အရှင်သီလဝံသ(စိတ္တသုခတောရ)
(ဗုဒ္ဓမ္မလောက၊အတွဲ ၂၇၊ အမှတ်—၃၁)

အဖြေ။ ။အာဂန္တုကရဟန်းသည်သူတပါးကျောင်း တိုက်တာ အရံအတွင်းသို့ ဖိနပ်စီးသောယာဉ်ကိုစီးလျက် သွားအပ် မသွားကောင်းကြောင်းနှင့် အရံပိုင်ရှင်များက ခွင့်ပြုကောင်း မပြုကောင်းကို ဆိုထိုပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ တိုက်ရိုက် (ဟော၍) ခွင့်ပြုထားသည်များကို မတွေ့မိ သေးပါ။ ရဟန်းတော် အချင်းချင်းပင် ခွင့်ပြုကောင်းသည်ကို မတွေ့ရ၍ လူဒကာ ဒကာမများအနေဖြင့် ဆိုဖွယ်ရာမရှိဖြစ်ချေသည်။

ဤကိစ္စနှင့်စပ်၍ ရှေးဆရာတော်ကြီးများပင် အငြင်းပွား၍ ဝါဒများခွဲကြသည် များကို ထိုထို ဆရာတော်တို့၏ ဝိနိစ္ဆယတို့မှ မှတ်သိရဖူးပါသည်။ သို့ပါ၍ မော်တော်ကား သည်လည်း သာဉ်ချီးတွင်ပါဝင်ရကား သူတပါးတို့၏ကျောင်း တိုက်တာ

အရံတွင်းသို့ မော်တော်ကားဖြင့် စီးဝင်ခြင်းငှာ မအပ်ဟုမှတ်ယူရပါမည်။

**သာခကတခုမှာ။** ။အဇာတသတ်မင်းသည် အခါတပါးဘုရားရှင်ထံသို့ အဖူးမြော်သွားစဉ်က ဆင်ကိုစီးလျက် သွားသော်လည်း ကျောင်းတိုက် အဝင်ဝရောက်သောအခါ ဆင်ပေါ်မှဆင်းပြီး ခြေဖြင့်သာ လျှောက်သွားကြောင်းကို (သီလက္ခန်၊သာမညဖလသုတ်၌) ဟောထားသည်ကို တွေ့ရပါသည်။

**မှတ်ချက်။** ။ဘုရားအရံ ကျောင်းအရံ တွင်းသို့ ဖိနပ်စသောယာဉ်များစီးလျက်မဝင်ရဟု အာဂန္တုကဝတ်၌ ပညတ်တော်မူခြင်းမှာ ရတနာ သုံးပါးအပေါ်၌ အဂါရဝမျိုးဖြစ်မည်စိုး၍ ပညတ်တော်မူခြင်းဖြစ်ပေသည်။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၇၊ အမှတ်-၃၁)

## ၇၃-သံဃိကသည် ပုဂ္ဂလိက ဖြစ်မဖြစ်

**အမေး။** ။သံဃိကရေစက်ချလှူဒါန်းပြီးသား ကျောင်း, အရံသည် ပုဂ္ဂလိကရေစက်ချကာ ထပ်မံ လှူဒါန်းလျှင် ပုဂ္ဂလိက ဖြစ်-မဖြစ်၊ သံဃိကပျက်-မပျက်၊ ပညာရှင်များ ဖြေကြားပါရန်။

မောင်သံဃိကကျောင်းတိုက်

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၂၀)

**အဖြေ။ ။သံဃိကသည်ပုဂ္ဂလိကမဖြစ်နိုင်ပါ။**

သံဃိကအဖြစ်ရေစက်ချပြီး လှူဒါန်းထားသည့် ကျောင်း, အရံ ဂိုမဆိုထားဘိ မဟာသင်္ဃကဖြစ်၍ ကျန်ရစ်ခဲ့သည့် လဟုဘဏ်, ဂရုဘဏ်ပစ္စည်းများအနက် သင်္ကန်း, သပိတ်စသော လဟုဘဏ်ပစ္စည်းများကိုသာ ပုဂ္ဂလိကအဖြစ်သို့ ပြောင်းလဲဝေဖန်နိုင်ခွင့်ရှိပြီး ဂရုဘဏ်ဖြစ်သည့် ကျောင်းစသောပစ္စည်းများကိုကား ပုဂ္ဂလိကအဖြစ်သို့ပြောင်းလဲပြီး ဝေဖန်နိုင်ခွင့် ပေးနိုင်ခွင့် စွန့်လှူခွင့်မရှိမှု၍ အာဂတာနာဂတစာတုဒ္ဒိသာသံဃိကအဖြစ် ဖြင့်သာ သုံးဆောင်ခြင်းငှာ ထားရှိရကြောင်းကို (မဟာဝါ ပါ-၄၂၀-၄၂၁-၌) မိန့်တော်မူသော စကားတော် ကိုလည်းကောင်း၊

သ ေစ ပန သံဃဿ ဒိန္နံ ဟောတိ၊ တံ ဂဟေတုံ န ဝဋ္ဋတိ၊

သံဃဿေဝ ဒါတဗ္ဗံ =သံဃဿဒေမ ဟု နှုတ်ဟမြွက်ဆို၍ သံဃာအားလှူပြီးသော နိပ္ပရိယာယ မုချသံဃိကဥစ္စာဖြစ်ပါမူ ကား (ပုဂ္ဂလိကအဖြစ်) မိမိခံယူခြင်းငှာ မအပ်။ သံဃာအား သာလျှင် ပေးအပ်၏ဟူ၍ (ပါရာဇိကဏ်အဋ္ဌကထာ၌) ဖွင့်ပြတော်မူသည်ကိုလည်းကောင်း၊

ထိုမှတပါး ဂရုဘဏ်ဖြစ်သည့် သံဃိကကျောင်းနှင့် ညောင်စောင်း, အင်းပျဉ်စသည့်ပစ္စည်းများကို ပုဂ္ဂလိကအဖြစ် မသုံးစွဲရပုံများကို (ဝိနယသင်္ဂဟ-ဋ္ဌ၊ ၂၉၅-၌လည်းကောင်း၊ စူဠဝါ-ဋ္ဌ၊ ပြည်-၄၃၄-၌လည်းကောင်း ဖွင့်ပြတော်မူသည်များကို) ထောက်သော် သံဃိကသည်ပုဂ္ဂလိကမဖြစ်နိုင်ကြောင်း ကောင်းကောင်းမှတ်ယူရပါမည်။

## ၇၄–ရှင်ရဟန်းပြုရာမှာ

**အမေး။** ။ရှင်ဖြစ်ခြင်းအင်္ဂါ ရဟန်းဖြစ်ခြင်းအင်္ဂါကိုသိလို ပါသည်။ ရှင်များမှာ ပရိက္ခရာပြည့်စုံမှ ရှင်ပြုရ ပါသလား၊ ရဟန်းများမှာ ပရိက္ခရာရှစ်ပါးလုံးစုံမှ ရဟန်းပြုရ ပါသလား။ ခုခေတ်မှာ ခေးအတု၊ သားရေနယ်အတုတွေနှင့် လုပ်နေကြတာ တွေ့ရပါသည်။ ပညာရှိများ ဖြေကြားတော် မူပါခင်ဗျား။

သိလိုသူ
(ဗုဒ္ဓမ္မလောက၊ အတွဲ–၁၇၊ အမှတ်–၈)

**အဖြေ။** ။ရှင်ပြုရာမှာ အင်္ဂါ ၃–ပါး။

၁။ ဆံပင်ရိတ်ခြင်း၊ (လက်နှစ်သစ်ထက်ရှည်လျှင် ပန်ကြား ပြီးမှရိတ်ရသည်။)

၂။ သင်္ကန်းဝတ်ပေးခြင်း၊ (ကိုယ်ပိုင်မရှိလျှင် ခင်မင်သူထံ မှ ငှား၍ ယူ၍ဝတ်နိုင်သည်။)

၃။ သရဏဂုံပေးခြင်း၊ (ရှင် လောင်းနှင့်ဆရာ နှစ်ပါးလုံး ဌာန်, ကရိုဏ်း ကျနု ပီသရမည်။)

(ဝိ၊ မဟာဝဂ္ဂခန္ဓက)

ရဟန်းပြုရာ အင်္ဂါ ၅–ပါး။

၁။ ဝတ္ထု၏ပြည့်စုံခြင်း၊ (ရဟန်းလောင်း အသက် ၂၀– ပြည့်ရမည်။)

၂။ သိမ်၏ပြည့်စုံခြင်း၊ (အောင်မြင်စွာသမုတ်ထားအပ်သောသိမ်ဖြစ်ရမည်။)
၃။ ပရိသတ်၏ပြည့်စုံခြင်း၊ (မဇ္ဈိမမှာ ၁၀-ပါး၊ ပစ္စန္တရစ်မှာ ၅-ပါး၊ အနည်းဆုံးရှိရမည်။)
၄။ ဉတ်၏ပြည့်စုံခြင်း၊ (ဉတ်ကို ဌာန်, ကရိုဏ်း ကျနစွာဖတ်နိုင်ရမည်။)
၅။ ကမ္မဝါစာ၏ပြည့်စုံခြင်း၊ (ကမ္မဝါစာကို ဌာန်, ကရိုဏ်း ကျနစွာ ဖတ်နိုင်ရမည်။) (တပါးပါးချွတ်ယွင်းလျှင် ရဟန်းမဖြစ်။)

ပရိက္ခရာ။ ။ရှင်လောင်းမှာ သင်းပိုင်, ကိုယ်ရုံ, ဒါးပန်းကြိုး, သပိတ်အားဖြင့် အနည်းဆုံး လေးပါးရှိရပါမည်။
ရှိမှုဖြစ်သည်။

ရဟန်းလောင်းမှာ မိမိပိုင်သည့် သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, ဒါးပန်းကြိုး, သပိတ်အားဖြင့် အနည်းဆုံး ငါးပါးရှိရပါမည်။
ရှိမှုဖြစ်သည်။

ပရိက္ခရာသဒ္ဒါသည်–

၁။ အလင်္ကာရ = တန်ဆာ၊
၂။ ပရိဝါရ = အသုံးအဆောင်, အခြံအရံ၊
၃။ သမ္ဘာရ = အဆောက်အဦဟူသော အနက်သုံးပါးကို ဟောပါသည်။

ထို့ကြောင့် အောက်ပါ ၄-တို့၌လည်း အောက်ပါအတိုင်း ၁၂-ပါးထိ ဖွင့်ပြထားပါသည်။

၁။ သင်းပိုင်၊
၂။ ကေသိ (ကိုယ်ရုံ)၊
၃။ ဒုကုဋ် (၂–ထပ်)၊
၄။ သပိတ်၊
၅။ ခါးပန်းကြိုး၊
၆။ သင်မုန်းဓား၊
၇။ အပ်နှင့်အပ်ချည်၊
၈။ ရေစစ်၊
၉။ အိပ်ရာခင်း၊
၁၀။ နိသီဒိုင် (သားရေနယ်)၊
၁၁။ တောင်ဝှေး (သို့မဟုတ်) ဆီကုည်ဗူး၊
၁၂။ ထီး (သို့မဟုတ်) ဖိနပ်–များဖြစ်သည်။ (ပါရာဇိက–ဌ။ မူလပဏ္ဏာသ ပါ–ဌ။ အင် ၄–ဌ။ ဗုဒ္ဓဝံသ–ဌ။ ဇာတက–ဌ)

ပရိက္ခာရ်ဆိုသည့်အတိုင်း အပြည့်အစုံလှူဒါန်းပါလျှင်အပြည့်အစုံအကျိုးခံစားရပါမည်။ မပြည့်မစုံနှင့် အတူအာလှူဒါန်းပါလျှင် မပြည့်မစုံနှင့် အတုအပအကျိုးလောက်သာ ခံစားရပါမည်ဟု မှတ်သားရာသတည်း။

(ဗုဒ္ဓဓမ္မလောက)

## ၇၅-လက်ဖက်ရည်ကြမ်းအပ်-မအပ်

**အမေး။** ။ရဟန်း, သာမဏေ, ယောဂီများ နေလွဲသော အခါ လက်ဖက်ရည်ကြမ်း သုံးဆောင်ရာ အပ်-မအပ်၊ ပညာရှင်များ ဖြေကြားပေးပါရန်။

ဦးမောင်စိန် (ဆားဖိုကုန်း၊ ဝေါမြို့နယ်)
(ဗုဒ္ဓဓမ္မလောက အတွဲ-၁၇၊ အမှတ်-၃၆)

**အဖြေ။** ။လက်ဖက်ရည်ကြမ်းကိုအချို့ကအာဟာရကိစ္စမပြီး-ဟု ဆိုကြပါသည်။ အချို့က အာဟာရကိစ္စပြီးသည်-ဟု ဆိုကြပါသည်။ အာဟာရကိစ္စမပြီး-ဟုယူလျှင် လက်ဖက်ခြောက်ကို ဝိနည်းတော်လာ ကာလိကလေးပါးတို့တွင် ယာဝဇီဝိကဌ် သွင်းယူရပါမည်။ အာဟာရကိစ္စပြီးသည်-ဟုယူလျှင် ယာဝကာလိကဌ် သွင်းယူရပါမည်။ ယာဝဇီဝိကမျိုးကို နေလွဲသောအခါ၌ မွတ်သိပ်ဆာလောင်ခြင်း တည်းဟူသော ပိပါသ-အကြောင်း၊ မကျန်းမမာ ဖျားနာခြင်းတည်းဟူသော ဂေလည-အကြောင်းရှိလျှင် သုံးဆောင်အပ်ပါသည်။ အကြောင်းမရှိလျှင် မသုံးဆောင်အပ်။ အကြောင်းမရှိပဲ သုံးဆောင်လျှင် သုံး ဆောင် တိုင်း-သုံး ဆောင် တိုင်း (သောက်တိုင်း-မျိုတိုင်း) ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။ ရှင်သာမဏေမှာ ဒဏ်ဆိုက်သည်။ လူဥပုသ်သည်မှာ သီလညစ်နွမ်းသည်။ (ပါစိတ်-ပါ၊ ခုဒ္ဒသိက္ခာဋီကာ)

ယာဝကာလိကမျိုးကို (ပိဏ္ဍပါတဖြစ် ယံ ကိဉ္စိ အာဟာရံ (ဝိသုဒ္ဓိမဂ်) အဆာပြေစေတတ်သည့် ခါဒနီယ ဘောဇနီယ-

စသော အလုံးစုံမျှိအပ်သော အစာအာဟာရဟူသမျှကို ဆွမ်း၌ရေတွက်သည်။ ၎င်းကို ယာဝကာလိက ဟုမှတ်။)

ရဟန်း, သာမဏေ, လူဥပုသ်သည်တို့အနေဖြင့် ဆာလောင်မှုအကြောင်း၊ နာဖျားမှုအကြောင်း၊ ရှိရှိ–မရှိရှိ မသုံးဆောင်အပ်။ သုံးဆောင်လျှင် သုံးဆောင်တိုင်း (မျှိတိုင်း) ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။ ရှင်သာမဏေမှာ (မဟာဝါပဗ္ဗဇ္ဇ–က္ခန္ဓက–လာ) ဒဏ်ထိုက်သည်။ သမ္မောဟဝိနောဒနီ ၌–တို့၌ သာမဏေများမှာ သိက္ခာပုဒ်တပါးပျက်လျှင် ဆယ်ပါးလုံးပျက်သည်။ ပျက်သည့်သိက္ခာပုဒ်အတွက် ကံထိုက်သည်–ဟု ဖွင့်ပြတော်မူသည်ကို ထောက်သော် လိင်ကျသည်။ လူဥပုသ်သည်များမှာ ဝိကာလဘောဇန သိက္ခာပုဒ်ပျက်သည်–ဟု မှတ်ယူရပါမည်။

## ယူဆချက်

ဤစာရေးသူအနေဖြင့် ဆွမ်းစားခါနီးအချိန်မှာ လက်ဖက်ရည်ကြမ်းတခွက်နှစ်ခွက် သောက်မိလျှင် ဆွမ်းစား၍မကောင်းတော့သည်ကို အကြိမ်များစွာ ကိုယ်တွေ့သိရသဖြင့် လက်ဖက်ရည်ကြမ်းကို ယာဝကာလိကတွင် သွင်းယူမှတ်သားထားပါသည်။

---

## ၇၆–ရှင်သာမဏေနှင့်ပရိက္ခရာ

**အမေး။** ။ရှင်သာမဏေပြုရာမှာပရိက္ခရာရှစ်ပါးစုံမှ သာမဏေဖြစ်ပါသလား၊အဲဒါကို ပညာရှင်များ အားများသိရ

**အောင် ပါဠိ,အဋ္ဌကထာ-စသောကျမ်းများ၌ ပါသောအတိုင်း ဖြေကြားပေးပါရန်။**

**ဦးမောင်ကျော် (ဖျာပုံမြို့)**

**အဖြေ။** ။ပရိက္ခာရ သဒ္ဒါသည် အလင်္ကာရ–တန်ဆာဟူသော အနက်၊ပရိဝါရ-အသုံးအဆောင်,အခြံအရံဟူသော အနက်၊ သမ္ဘာရ–အဆောက်အအုံ ဟူသော အနက် သုံးပါးကို ဟောပါသည်။ ထို့ကြောင့် ပရိက္ခာရာသည် ၈-ပါးသာမဟုတ် အောက်ပါ ပါ,ဠ-တို့၌လည်း အောက်ပါအတိုင်း ၁၂-ပါး အထိ ဖွင့်ပြထားပါသည်။

၁။ သင်းပိုင်၊ ၂။ ကောသိ (ကိုယ်ရုံ)၊ ၃။ ဒုကုဋ္ဌ (၂-ထပ်)၊ ၄။ သပိတ်၊ ၅။ ခါးပန်းကြိုး၊ ၆။ သင်မှုန်းဓား၊ ၇။ အပ်နှင့်အပ်ချည်၊ ၈။ ရေစစ်၊ ၉။ အိပ်ရာခင်း၊ ၁၀။ နိသီဒိုင် (သားရေနယ်)၊ ၁၁။ တောင်ဝှေး၊သို့မဟုတ်-ဆီကျည် ပူး၊ ၁၂။ ထီး၊ သို့မဟုတ်-ဖိနပ်များဖြစ်သည်။

(ပရိက္ခာရာရှစ်ပါးပြ ပါ,ဠ-များကား....ဝိ ၁–ဋ္ဌ၊ ပ၂၀၅။ အံ ၄၊ ဋ္ဌ ၃၀၀။ ပဏ် ၁–ဋ္ဌ–၊ ဒု–၁၁၆။ ဇာတက ဋ္ဌ၊ ပ-၇၆။ ဗုဒ္ဓ–ဋ္ဌ၊ ၃၃၃။ အပ–ဋ္ဌ၊ ပ–၇၀။ မဟာနိ-ဋ္ဌ၊ ၄၀၉။ ပရိက္ခာရာ ကိုးပါး, ဆယ်ပါး, ဆယ့်တပါး, ဆယ့်နှစ် ပါးပြ ပါ, ဋ္ဌ–များကား ပဏ်–၁၊ ပါ–၂၃၀။ ပဏ်–၁ ဋ္ဌ၊ ဒု–၁၁၆။ အံ–၄ ဋ္ဌ၊ ၃၀၀။ ဒီ–၁ ဋ္ဌ၊ ၁၀၄-၁၀၅။)

ပရိက္ခရာဆိုသည့်အတိုင်း အပြည့်အစုံလှူဒါန်းပါလျှင် အပြည့်အစုံခံစားရပါမည်။ မပြည့်မစုံလှူဒါန်းလျှင် မပြည့်မစုံနှင့် အတူအပအကျိုးမျှလောက်သာ ခံစားရမည်ဟု မှတ်သားရပါမည်။ ရဟန်းပြုရာ ရှင်ပြုရာမှာ ပရိက္ခရာဘယ်နှစ်ပါးရှိမှ ရဟန်းဖြစ်သည် ရှင်ဖြစ်သည်ဟု ပါဠိ၊ ဋ္ဌ-တို့၌ အတိအကျဖော်ပြထားသည်ကို မတွေ့မိပါ။ ရဟန်းပြုရာ၌ ကိုယ်ပိုင် သပိတ်, သင်္ကန်းဖြင့်သာပြုရမည်။ ရှင်ပြုရာ၌ ကိုယ်ပိုင်မရှိလျှင် ငှား၍ပြုနိုင်သည်-ဟုသာ တွေ့နိုင်ပါသည်။

ထို့ကြောင့် ယခုအခါ ရှင်ပြုရာ-ရဟန်းခံရာမှာ ပရိက္ခရာကို အင်္ဂါအနေဖြင့် မသတ်မှတ်မူ၍ ရှင်လောင်းမှာ—

၁။ သင်းပိုင်၊

၂။ ကိုယ်ရုံ၊

၃။ ခါးပမ်းကြိုး၊

၄။ သပိတ်-

အားဖြင့် အနည်းဆုံး ၄-ပါးဖြင့်၊ ရဟန်းလောင်းမှာ ဒုကုဋ္ဌ်တို့၌ ၅-ပါးဖြင့်သာ ရှင်, ရဟန်းပြုနေကြသည်ကိုထောက်သော် ပရိက္ခရာရှစ်ပါးမစုံသော်လည်း ၄-ပါးဖြင့်လည်း ရှင်သာမဏေဖြစ်သည်ဟု မှတ်ယူရပါမည်။ ကျမ်းဂန်များ၌ ရှင်သာမဏေဖြစ်ဖို့ရာ အင်္ဂါအားဖြင့် သတ်မှတ်ထားသည်မှာ အောက်ပါအတိုင်း ၃-ပါးရှိပါသည်။

၁။ ဆံပင်ရိတ်ခြင်း၊ (လက်နှစ်သစ်ထက်ရှည်လျှင် ပန်ကြား ပြီးရိတ်ရသည်။)

၂။ သင်္ကန်းဝတ်ပေးခြင်း၊ (ကိုယ်ပိုင်မရှိလျှင် ငှားယူ၍ ဝတ်နိုင်သည်။)

၃။ သရဏဂုံပေးခြင်း၊ (ရှင်လောင်းနှင့်ဆရာ နှစ်ပါးလုံး ဌာန်ကရိုဏ်း ကျ-နု-၍ ပီသ-ရမည်။) ဝိ ၃-ပါ-၌၊ ပဗ္ဗဇ္ဇကထာ။)

ထို့နောက် ဝိမတိဝိနောဒနီဋီကာ ဒု၊ ၉၄-၌ ဆံချခြင်း, သင်္ကန်းဝတ်ခြင်း, သရဏဂုံပေးခြင်းဟူသောသုံးပါးကို ပဗ္ဗာ-ဇေဟီတိ ဣဒံ တိဝိဓမ္ပိ သန္ဓာယ ဝုတ္တံ-ဟူ၍လည်း မိန့်ဆိုထားပါသည်။

မှတ်ချက်။ ။၁၃၃၃-ခု နတ်တော်လဆန်း ၈-ရက်နေ့ထုတ် ဤစာစောင်အတွဲ-၁၇၊ အမှတ်-၂၅၊ ၌လည်း သိလိုသူ၏အမေးကို အထက်ပါအတိုင်းလိုလိုပင် ဖြေခဲ့ဖူးပါပြီ။

(ဗုဒ္ဓဓမ္မလောက စာစောင်၊အတွဲ-၂၀၊ အမှတ်-၂၈)

---

## ၇၇-ပါရာဇိကကျသောသာမဏေ

**အမေး။** ။ကိုရင်သာမဏေများ ပါရာဇိကကျလျှင် ရဟန်းခံလို့ မရ-ဆိုသောစကားသည် မှန်-မမှန်ကို ရှင်းလင်းဖြေကြားပေးတော်မူကြပါ။

အရှင်ကောဏ္ဍည (မော်ကျွန်း)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ ၂၈၊ အမှတ် ၄၀)

**အဖြေ။** ။၁။ ရဟန်း၏အသွင်အရောင်ကိုပြသော် သံဝါသထေနက ဖြစ်သကဲ့သို့ သာမဏေအယောင် ဟူသော

သာမဏေရာလယကို ပြုသောသူသည်လည်း သံဝါသဋ္ဌေနက ဖြစ်သည်။ ဒီပဲယင်းမြို့သား ဇောတမည်သော သာမဏေသည် ပထမပြန်စာပြန်ပွဲနီးသောအခါ လိင်ပြန်၍ ထမင်းစားနေစဉ် စံကျောင်းဆရာတော်ဘုရားကြီးက ကိစ္စရှိ၍ လူငယ်တယောက် စေလွှတ်ခေါ်၍ အလိုအလျောက်(မိမိဘာသာ) သင်္ကန်းကို ပြန်ဝတ်ပြီးဆရာတော်ထံသို့ရှင်သာမဏေဝတ်အသွင်နှင့်လာသည်ကို နောက်မှဆရာတော်သိရာ အဲဒါမျိုး ထေယျသံဝါသက (သာမဏေပါရာဇိက) ဟု မိန့်တော်မူသောကြောင့် "လူထွက်ရသတည်း"ဟု မဟာဝါဂကျိုသစ် (၁၂၄)၌ မိန့်ဆိုထားသည် တချက်၊

၂။ ပါရာဇိကကျသော ရဟန်းသည် သာမဏေအဖြစ်၌နေခွင့်ရသေး၏။ လိင်္ဂထေနက ဖြစ်ပြီးသူ(ပါရာဇိကကျပြီးသူ) ကား သာမဏေအဖြစ်၌မျှ နေခွင့်မရတော့ပေ-ဟု အရှင်ဇနကာဘိဝံသ၏ ပါတိမောက်ဘာသာဋီကာ(၁၀)၌မိန့်ဆိုထားသည်တချက်၊

ဤ(၂) ချက်ကိုထောက်သော် ရဟန်းဝံလို့မရဟု မှတ်ရပါမည်။

၁။ သာမဏေသည် ပါဏာတိပါတစသောအမှုကို တကြိမ်တခါ(သို့မဟုတ်) အကြိမ်များစွာပြုပြီးနောက် သရဏဂုံ မယူပဲနေသည်ကို ဆရာဥပဇ္ဈာယ်တို့သိ၍ သုံးကြိမ်တိုင်တိုင် မသုံးမမိဝတ်မြဲတိုင်းပင် သရဏဂုံပေးရမည်။ သုံးကြိမ်တိုင်တိုင် ဆုံးမပါလျက်နှင့် မကြဉ်မရှောင် နေမှသာလျှင် အသွင်ကို ဖျက်ဆီး၍ သရဏဂုံ ပေးရမည်-ဟူသော တေရသကဏ္ဍဋီကာလာ စကား

ကိုထောက်၍ အသွင်ကိုဖျက်ဆီးသည်ကိုရည်၍ နှင်ထုတ်အပ်၏ ဟု အဋ္ဌကထာဆရာ မိန့်ဆိုသည်ကို သိအပ်၏။

တေရသကဏ္ဍဋီကာလာ စကားသည်-

ပုန သံဝရေ ဌာတုကာမော ဟောတိ လိင်္ဂနာသနကိစ္စံ နတ္ထိ ဟု မိန့်အပ်လတ္တံ့သော အဋ္ဌကထာစကားနှင့် ညီမျှ၏ဟု မဟာဝါဂဏ္ဌိသစ် (၁၁၀)၌ မိန့်ဆိုထားသည်တချက်၊

၂။ လိင်ထိုက် (လိင်ကျ) (ပါရာဇိကကျ)၍ ဝါပြတ်ပြီးသော သာမဏေသည် ဝါဆိုလပြည့်ကျော် ၂-ရက်နေ့မှစ၍ ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့တိုင်အောင် ကုန်လွန်ခဲ့သော နေ့တို့တွင် အမှတ်မရှိတနေ့နေ့၌ သရဏဂုံယူ၍ ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ပစ္ဆိမဝါကပ်သည်ရှိသော် ပစ္ဆိမဝါ၌ဖြစ်သော ဝါဆိုသင်္ကန်းကို ရလတ္တံ့-ဟူလို သတည်းဟု (မဟာဝါဂဏ္ဌိသစ် (၁၁၀)၌ပင် မိန့်ဆိုထားသည်တချက်၊

၃။ သာမဏေတို့အား ပါရာဇိကကို ပါဒဖြင့်ပိုင်းခြား၍ မဆုံးဖြတ်အပ်ဟု ဝိနယသာရ(၂၈၂)၌မိန့်ဆိုထားသည်တချက်၊

ဤအထက်ပါ ၃-ချက်ကိုထောက်သော် ရဟန်းခံလို့ရသည်ဟု မှတ်ယူရပါမည်။

**အမှာစကားချုပ်။** ။ဤသို့ အဆိုအမိန့် ၂-ဝါဒကွဲနေသည့် ဝိနည်းအရာ၌ ဂရုနှင့်လဟု ဂရုကိုလေးစားလိုက်နာရမည်ဟု အဆိုအမိန့်ရှိသောကြောင့် ရဟန်းခံလို့

မရသည့်ဘက်က အလေးထား စဉ်းစားလိုက်နကြမှ သင့်လျော်ကြပေမည်ဟု အဖြေရှင်က ဆန္ဒပြုမိပါကြောင်း။

(ဗုဒ္ဓဓမ္မလောက)

---

## ၃၈-သိမ်ထပ်ခြင်း

**အမေး**။ ။ ၁။ သိမ်ထပ်ခြင်း (သို့မဟုတ်) ကံထပ်ခြင်းသည် ဘယ်အချိန်ကစပြီး ပေါ်လာပါသနည်း။

၂။ သိမ်ထပ်လျှင် စင်ကြယ်သည်ဆိုတာ ဟုတ်ပါသလား။

၃။ သိမ်ထပ်၍ မည်သည့်အကျိုး-အပြစ် ရရှိနိုင်ပါသနည်း။

၄။ သိမ် မ ထပ် လျှင်လည်း မည်သည့်အကျိုး-အပြစ် ဖြစ်နိုင်ပါသနည်း။

၅။ မြတ်စွာဘုရားက အဘယ်အရာကို အလိုရှိ၍ အဘယ်အရာကိုပြုလုပ်စေလိုပါသနည်း။

ဤအမေးတို့ကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်းပေးကြပါရန် ရှိသေစွာတောင်းပန်ပါသည်။ နှစ်သိမ့်အဖြေ၊ အလျော်အဖြေများကို မဖြေစေလိုပါ။ ဓမ္မဝိနယနှင့်ညီညွတ်စွာ မြတ်စွာဘုရားမျက်နှာတော်ကို ထောက်ထားပြီး ပြတ်ပြတ်တောက်တောက် ဖြေဆိုစေလိုပါသည်။

မင်းဘူးအရှင်ကဥ္စနာ၊တည်တောဆရာတော် (ရွှေထီးဂူနေ့ရာ)၊ ပါဠိသိင်္ဂိဆရာတော်စသော အရှင်မြတ်တို့ဘုရား....တိတိကျကျ ဖြေဆိုပေးတော်မူပါဘုရား။

သာသနမာမက ရဟန်းတော်

အဖြေ။ ။ဤသိမ်ထပ်ခြင်း ကိစ္စမှာ ဓမ္မဝိနယနှင့်အညီ တိတိကျကျ ကိုးကားဖြေဆိုရန် မတွေ့မသိရသေး၍ ရှေးကပင် ဟိုမှသည်မှမေးလာကြသည်များကို အဖြေမပေးပဲ နေခဲ့ရပါသည်။ ယခုတော့ စာစောင်မှ အမည်ကိုဖော်ပြ၍ မေးထားသောကြောင့် ဓမ္မဝိနယနှင့် တိကျသည်ဟု မဆိုနိုင်သော်လည်း မျက်မှောက်ခေတ်သာသနာတော်မှာ နေ-လ-အသွင် ထင်ရှားတော်မူကြသော ဆရာတော်အရှင်မြတ်များ၏ မိန့်ခွန်းသံ ရေးသားဟန်တို့မှလည်းကောင်း၊ သမိုင်းရာဇဝင်တို့မှလည်းကောင်း၊ သိသမျှစုပေါင်း၍ဖြေဆိုပါအံ့။

မဝေးလှသေးသော မျက်မှောက်ခေတ်ဟုဆိုထိုက်သည့် မန်လည်ဆရာတော်၊ လယ်တီဆရာတော်၊ပထမ ရွှေကျင်ဆရာတော်တို့ခေတ်မှာ "မန်လည်ဆရာတော်သည် အသက်-၂၀ မပြည့်မီ ရဟန်းခံမိသည်ကို တဝါရရှိပြီးမှသိ၍ ဒုတိယအကြိမ် သိမ်ထပ်တော်မူရသည်" ဟူ၍ လည်းကောင်း၊ "သက်တော် ၂၁-နှစ် အရောက် သက္ကရာဇ် ၁၂၂၅-ခုနှစ် နှစ်ဦးလောက်မှာ ပထမ အကြိမ်ရဟန်းခံသည်။ ထို့နောက် ရဟန်းခံရာ ခဏ္ဍသိမ်သည် သိမ်နှင့်မလွှာပ် ဆက်စပ်နေသည်ကို သံသယရှိ၍ ထို ၁၂၂၅-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့မှာ ဒုတိယအကြိမ် မဇ္ဈာ

မြစ် ရေသိမ်မှာ သိမ်ထပ်ရသည်''ဟူ၍လည်းကောင်းဆရာတော်၏ အဖိုးတန်မန်လည်စာပေမှ ဖတ်ကြားမှတ်သားရ ဖူးပါသည်။

ထို့ပြင်(မမှတ်မိတော့သော) စာတန်းစာအုပ်ငယ်တခု၌ မန်လည်ဆရာတော် သိမ်ထပ်ခံသည်နှင့်စပ်၍ ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးက (သိက္ခာတင်ပဍ္စဂ်) အင်္ဂါ ၅-ပါး ရှိနေ၍ ''ရဟန်းအဖြစ်၌ စိတ်ချရအောင် ၂-ကြိမ် ၃-ကြိမ်လောက်တော့ သိမ်ထပ်သင့်ပါတယ်''လို့ မိန့်ကြားတော်မူသည်ကိုလည်း ဖတ်ကြားမှတ်သားရ ဖူးပါသည်။

ယခုမျက်မှောက်ခေတ်မှာ သင်ရှားလှသည့် ဆရာတော်အရှင်ဇနကာဘိဝံသသည်ပင် ၃-ကြိမ် ၃-ခါ သိမ်ထပ်ကြောင်းနှင့် ၄-ကြိမ်မြောက်သိမ်ထပ်ရန် ဒကာများက လျှောက်ထားတော့ ''သိမ်ထပ်တယ်ဆိုတာဘာမှထူးတာမဟုတ်ပါဘူး''လို့ မိန့်ကြားပယ်မြစ်တော် မူသည်ကို (ဆရာတော်၏ တဘဝ သံသရာမှ) သိရပါသည်။

တိပိဋကာ အရှင်နေမိန္ဒသည်လည်း ၃-ကြိမ် ၃-ခါထက် မနည်း သိမ်ထပ်ခံသည်ကို ကြားသိရပါသည်။ ထိုဆရာတော်များကား လာဘသက္ကာရကြောင့်မဟုတ်။ မိမိတို့ကိုယ်တိုင်ကလည်း ပရိယာယ်, ကထာ, ဩဘာနိမိတ်, အရိပ်အရောင် စကားများကိုလည်း ပြုကြမည့် ပြောကြမည့်ဆရာတော်များမဟုတ်လောက်ပါပေ။ ဒကာဒကာမတို့၏ သဒ္ဓါတရားကို ငဲ့၍သော် လည်းကောင်း၊ မိမိတို့၏သိက္ခာကို''မြဲရာသံပတ်'' ဆိုစကားလို စိတ်ချရသည်ထက် စိတ်ချရအောင်သော်လည်းကောင်း ၂-ကြိမ် ၃-

ကြိမ် သိမ်ထပ် ခံယူတော်မူခြင်းဖြစ်ပါလိမ့်မည်။ သို့သော် အချို့သော လောဘသင်္ကာရ အစွန်းထွက်သော ဓမ္မကထိကများ၊ ဂိုဏ်းဆရာများ၊ ဆေးဆရာများ၊ ဗေဒင်ဆရာများလည်း အကြိမ်ကြိမ်အထပ်ထပ် သိမ်ထပ်ခံယူကြသည်များကို ကြားသိတွေ့ကြုံနေရသည့်အတွက် သာသနာရေးကို အလေးအနက်ထား၍ စဉ်းစားကြသူများအဖို့ (မရောင်ရာ ဆီလိမ်းတဲ့ သဘောမျိုးမို့) ဘဝင်မကျစရာကိစ္စတရပ်လို ဖြစ်နေပါချေသည်။ ဝိနည်းကံနှင့်စပ်၍(ဝိ ၃-ပါ၊ ဘေသဇ္ဇက္ခန္ဓကဌ်) ဘုရားရှင်က မဟာပဒေသ ၄-မျိုး ဟောကြားခဲ့ရာတွင် အောက်ပါအချက်လည်း တချက်ပါဝင်လေသည်။

> ''ရဟန်းတို့ .... ဤအရာသည်အပ်၏ဟု ငါဘုရားခွင့်မပြုရသေး။ ထိုအရာသည် အကယ်၍အပ်၍နေငြားအံ့။ မအပ်သောအရာနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်၍နေငြားအံ့။ ထိုအရာသည် သင်တို့အားအပ်၏'' ဟု နည်းပေးညွှန်ပြတော်မူခဲ့ပေသည်။

ဤအချက်ကိုပင်အဋ္ဌကထာဆရာတို့က ရဟန်းအဖြစ်၌ သံသယကုက္ကုစ္စပျောက်ကင်းအောင် ဆေးရှိပါသည်။ ထိုဆေးကား အခြားမဟုတ်ပါ ထိုသံသယကုက္ကုစ္စဖြစ်နေသော ရဟန်းတော်များအား ၎င်းသံသယကုက္ကုစ္စကင်းသည်အထိ သိက္ခာပြန်ယူစေခြင်း၊ သိက္ခာပြန်ထပ်ခြင်းပင်ဖြစ်သည်ဟု ဖွင့်ပြတော်မူကြောင်းကို ပထမရွှေကျင် ဆရာတော်ဘုရားကြီးက လက်ာသာသနဝိသုဒ္ဓိကထာကျမ်း စာမျက်နှာ ၂၀၉-မှ ၂၁၅-၌ လာသည်များကို ချုံး၍ဖော်ပြပါသည်။

ရာဇဝင်သမိုင်းနှင့်စပ်၍–

၁။ ဟံသာဝတီခေတ် မုတ္တမမြို့ကျောင်းစားဧဉ်က မိဖုရားကြီးကိုးကွယ်သော ဗုဒ္ဓဝံသထေရ်နှင့် မဟာနာဂထေရ်တို့သည် သီဟိုဠ်ကျွန်းသို့ကူး၍ မဟာဝိဟာရဝါသီအဆက်အနွယ် အရှင်တို့ထံ သိက္ခာထပ်ပြီးမှ မုတ္တမသို့ပြန်ကြွလာကာ သာသနာပြုတော်မူသည် ဟူ၍လည်းကောင်း၊

၂။ ထို့ပြင် မုတ္တမမြို့ ဆင်ဖြူရှင်ဘွဲ့ခံ ဘုရင်ဗညားဦး၏ မယ်တော် သီရိသုဘဒ္ဒါဒေဝီကိုးကွယ်သော မေဓင်္ကရာမထေရ်သည် သီဟိုဠ်ကျွန်းသို့ကူး၍ တောကျောင်းနေမထေရ်ကြီးတို့ထံ သိက္ခာထပ်တင်ပြီးမှ မုတ္တမသို့ပြန်လာကာ သာသနာပြုသည်ဟူ၍လည်းကောင်း၊

၃။ သုဝဏ္ဏသောဏထေရ်သည်လည်း သီဟိုဠ်ကျွန်းသို့သွား၍ ကလမ္ဗုရေအိုင်တွင် ရေသိမ်၌ ဝနတနသံဃာ့ရာဇာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်ပြီး မုတ္တမသို့ပြန်ကြွကာ သာသနာပြုသည်ဟူ၍လည်းကောင်း၊ (၁) သာနာလင်္ကာရစာတန်း (၆၀) ၌လည်းကောင်း၊ (၂) သာသနဗဟုသုတပ္ပကာသနီ (၁၆၃) ၌လည်းကောင်း ဖော်ပြထားသည်ကိုဖတ်ရှုရပါသည်။ (၃) ထိုနောက် ရာဇာဓိပတိဘွဲ့ခံ မွေစေတီမင်းသည် သက္ကရာဇ် ၈၃၇-ခုနှစ်တွင် နန်းတက်တော်မူသည်။ ထိုမင်းလက်ထက် ပထမအကြိမ် မောဂ္ဂလာန်ထေရ်အမှူးရှိသော ရဟန်း ၁၁-ပါး၊ သာမဏေ ၁၁-ပါးတို့ကိုလည်းကောင်း၊ ဒုတိယအကြိမ် အရှင်သောမထေရ်အမှူးရှိသော ရဟန်း ၁၁-ပါး၊ သာမဏေ ၁၁-

ပါးတို့ကိုလည်းကောင်း သီဟိုဠ်ဘုရင် ဘုဝနေကဗာဟုမင်း လက်ထက်၌ သီဟိုဠ်ကျွန်းသို့ကြွစေကာ ကလျာဏီမြစ် ရေသိမ်၌ သန့်စင်သော မဟာဝိဟာရနယ်ဝင် အရှင်တို့ဖြင့် ရဟန်းအသစ် ထပ်မံခံယူစေသည်။ ပြန်ကြွလာသောအခါ ပဲခူးမြို့၌ ကလျာဏီ သိမ်ကြီးကိုသမုတ်၍ ကျန်ရှိနေသည့် ရာမညတိုင်းသား ရဟန်း များကိုလည်း ထိုရဟန်းအသစ်တို့ဖြင့် ထပ်မံရဟန်းခံစေ၍ သာသနာကိုချီးမြှောက်လေသည်-ဟူ၍လည်းကောင်း၊

၁။ သာသနာလင်္ကာရ (၆၄)၊ ၂။ သာသနဝံသပ္ပဒီ- ပိကာ (၄၀)၊ ၃။ သာသနဗဟုသုတပ္ပကာသနီ (၁၅၄)တို့ ၌ ဖတ်ကြားမှတ်သားရသည်များကို ကိုးကား၍ အမေးရှင် သိလိုသော....

၁။ သိမ်ထပ်ခြင်းအစ၊
၂။ သိမ်ထပ်၍စင်ကြယ်ခြင်းအကျိုး၊
၃။ သိမ်ထပ်လွန်းပါက ရရှိနိုင်သည့် ပရဝမ္ဘနအပြစ်၊
၄။ အင်္ဂါ ၅-ပါးမပြည့်စုံပဲ သိမ်ထပ်လျှင် ရဟန်းမဖြစ်နိုင် သည့်အပြစ်၊
၅။ မြတ်စွာဘုရားက ရဟန်းအဖြစ်၌ သံသယကုက္ကုစ္စကင်း အောင် သိမ်ထပ်စေလိုခြင်း ဆန္ဒတော်ရှိကြောင်း မဟာပဒေသ ၄-ပါး၌ ဟောတော်မူခဲ့သည့် အချက် အလက်တို့ကို မှတ်သိရသမျှ စုပေါင်း၍ ဖြေဆိုလိုက် ပါသတည်း။

(ဗုဒ္ဓမမ္မလောက)

## ၇၉-ကမ္ဗဝါရွတ်ဖတ်ပုံ

**အမေး။** ။ ၁။ အန္တရာယ်ကင်း၊ ဘေးရန်ရှင်းလတ်၊ သဒ္ဓါ
ခတ်ဖြင့်၊ ရွတ်ဖတ်ကမ္ဗဝါ၊ ရှိလေရာတွင်၊
တင်ပျဉ်ခွေထိုင်၊ ကမ္ဗဝါကိုင်ကာ၊ ဖတ်တာ
မျိုးရှိပါသည်။

၂။ တချို့ဒေသ၊ ဆောင့်ကြောင့်ထိုင်၍၊ ကိုင်
သကမ္ဗဝါ၊ ရွတ်ဖတ်ပါ၏၊ ကျမ်းမှာမည်သို့
ရှိမည်နည်း။

၃။ တခါတလေ၊ သာမဏေများ၊ ဝင်ဖတ်ပြား
က၊ အပ်သလားဖြေပါ၊ သိလိုပါ၏။

၄။ တပါးနှစ်ပါး၊ ဖတ်လေငြားက၊ အပ်သလား
ဖြေပါ၊ သိလိုပါ၏။

၅။ လေးပါးငါးပါး၊ ဆယ်ပါးအထိ၊ ဖတ်လေ့
ရှိ၏၊ မည်သည့်ခြင်းရာ၊ အမှန်ပါဟု၊ ကျမ်း
စာရှု၍၊ ငွဲမှုသနား၊ မြင်မမှားအောင်၊ ဖြေ
ကြားပေးတော်မူကြပါ။

အမှန်ကိုလိုလားသူ၊ အရှင်ပညာဝံသ (ရွှေဖြူးမြေ)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၀၊ အမှတ်-၅၂)

အမေး၌ပါသောအချက် ၅-ချက်ကို အစဉ်အတိုင်း ဖြေ
ဆိုပါအံ့။

**အဖြေ။** ။၁-၂။ ကမ္ဗဝါရွတ်ဖတ်ရာတွင် အချို့တင်ပျဉ်ခွေ၍
ရွတ်ဖတ်သည်ကို ပညာရှိတို့ မနှစ်သက်ကြပေ။

အကြောင်းကား....ထိုဆိုဝိနည်းကျမ်းတို့မှာ ပါရှိသည့် ဥပုသ်ကံ

စသော ကမ္မဝါစာများ၌"ပလ္လင်္ကံ အာဘုဇိတွာ" စသည်ဖြင့် မပါရှိမူ၍ "ဥတ္တိယာ ထပိတာယ ထေရေန ဘိက္ခုနာ ကောသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ" စသည်ဖြင့်သာ ပါရှိလေသောကြောင့် မေ့ဂါရဝ ဖြစ်အောင် ဆောင့်ကြောင့် ငုတ်တုတ်ထိုင်၍ ကံပြုသည်ကိုသာ ပညာရှိတို့ နှစ်သက်တော်မူကြသည်။

၃။ ကံဆောင်မဟုတ် အန္တရာယ်ကင်း ဘေးရန် ရှင်းအောင် ရွတ်ဖတ်ရာ၌ ရှင်သာမဏေများသာမဟုတ် လူဒါယကာများပါ ရွတ်ဖတ်နိုင်ပါသည်။

၄။ တပါးနှစ်ပါးသာမဟုတ် သုံးပါးအထိအတူတကွတပြိုင်နက် ရွတ်ဖတ်နိုင်ပါသည်။

၅။ လေးပါး, လေးပါးထက်အလွန် အတူတကွ တပြိုင်နက် ရွတ်ဖတ်ခြင်းငှာ မအပ်ပါ။

အကြောင်းအကျယ်သော်ကား....ကမ္မဝါစာအရာ၌"သုဏာတု"ဟု ရွတ်အပ်လျက်"သုတု"ဟု ရွတ်ဖတ်ခြင်းသည် အက္ခရာကို ယုတ်စေသည်မည်၏။

"သုဏာတု မေ ဘန္တေ သံဃော"ဟု ရွတ်အပ်လျက် "သုဏာတု မေ သံဃော"ဟု ရွတ်ခြင်းသည် ပုဒ်ကိုယုတ်စေသည်မည်၏။

"သုဏာတု"ဟု ပထမအက္ခရာဖြင့်ရွတ်အပ်လျက် "သုဏာထု"ဟု ဒုတိယအက္ခရာဖြင့်ရွတ်ခြင်းသည် မကောင်းသဖြင့် ရွတ်ခြင်းမည်၏။

ဤအလုံးစုံကိုလည်း ကမ္မဝါစာသုံးကြိမ်တို့တွင် တကြိမ်၌ပင် ခွဲ၍တပ်ယှဉ်းစေအံ့၊ ကမ္မဝိပတ္တိဖြစ်၏။ ထို့ကြောင့် ကပဝိပတ္တိမှ လွတ်စိမ့်သောငှာ ရှေးမထေရ်မြတ်တို့သည် ကမ္မဝါစာကို နှစ်ပါးသုံးပါး တပြိုင်နက် ရွတ်ကုန်၏။

(သာဓက) ပေါရာဏာကမဟာထေရာ ကမ္မဝိပ္ပတ္တိပရိဟာရ-
ဏတ္ထံ ဒွိဟိ တီဟိ ဧကတော အနုဿာဝနံ
ကရောန္တိ။

ဤမျှလောက်သာ လက်သန်းရှင်တို့ မိန့်သည်ကိုထောက်ပါ။

ယခုကာလ ဆရာအချို့ကား ရှေးမဟာထေရ် မြတ်တို့၏ ဒိဋ္ဌာနုဂတိသို့ မှန်ကန်အောင် မလိုက်တော့ပဲ လေးပါး တပြိုင်နက် ကမ္မဝါစာကို ရွတ်စေကုန်၏။ ဝိပ္ပတ္တိဖြစ်ခြင်း၏အကြောင်းသာ၊ မသင့်အနေတည်း။ မသင့်ကြောင်းကို မဟာခန္ဓကဋ္ဌ မိန့်ဆိုသည်မှာ....

"ကမ္မဝါစာဆရာကိုအလွန်အားဖြင့် သုံးယောက်ကိုသာ အဋ္ဌကထာ, ဋီကာဆရာတို့ ခွင့်ပြုတော် မူသောကြောင့် လေးယောက်, လေးယောက်ထက် အလွန် ကမ္မဝါစာကို မရွတ်အပ်"ဟု မှတ်အပ်၏။

ကေစိဆရာတို့ကား....များတိုင်း ကောင်း၏ဟု ယူ၍ လေးယောက်, လေးယောက်ထက်အလွန် ကမ္မဝါစာကို ရွတ်ကုန်၏။ အဋ္ဌကထာ, ဋီကာတို့၌ ဥက္ကဋ္ဌအားဖြင့် သုံးပါးကိုသာ ခွင့်ပြုတော်မူ သောကြောင့် လည်းကောင်း၊

ဝိနယဝိနိစ္ဆယ၌ "တီဟိ အာစရိယေဟေဝ ကေတော အနုဿာဝနံ သြာသာရေတွာ ကတံ ကမ္မံ န စ ကပ္ပတိ" ဟု ဆရာဗုဒ္ဓဒတ်သည် သုံးပါထက်အလွန်ကိုမြစ်၍ မိန့်တော်မူသောကြောင့်လည်းကောင်း၊

ဝိနယဝိနိစ္ဆယဋီကာ၌ "ပေါရာဏဝိနယဓရထေရာ ကမ္မဝိပတ္တိသင်္ကာပရိဟာရတ္ထံ ဒွိဟိ ဝါ တီဟိ ဝါ ကေတော ကမ္မဝါစံ သာဝယန္တိ" ဟု မိန့်မှာတော်မူသောကြောင့်လည်းကောင်း ထိုကေစိဆရာတို့၏ ဝါဒသည် မသင့်၊ အတ္တနောမတိမျှသာတည်းဟု (ဝိနယသာရ-၂၉၇-၌) မိန့်တော်မူသောကြောင့်ပါတည်း။

---

၈၀-ဝိနည်းဆိုင်ရာပြဿနာ

**အမေး။** ။ဝိနည်းနှင့်ပတ်သက်၍ လျှောက်ထားပါရစေဘုရား။

၁။ **ကထိန်သံဃိကသည်** အဘယ်သံဃိက ဖြစ်ထိုက်ပါသနည်း-ဘုရား။

သမုခီဘူတသံဃိက၊

အာရာမဋ္ဌသံဃိက၊

စာတုဒ္ဒိသာသံဃိက၊

အာဂတာနာဂတသံဃိက - အားဖြင့် လေးပါးရှိရာတွင် ဝိမတိဝိနောဒနီဆရာတော် အဆုံးအဖြတ်ကတမျိုး၊ ညောင်ရမ်း ဝိနိစ္ဆယကဘဖုံ၊ ပခုက္ကူကလည်းတမျိုး များသောအားဖြင့် လဟု

ဘာကြောင့်ကထိန်သင်္ကန်းကို အာဂတာနာဂတစာတုဒ္ဒိသာ ဆုံးဖြတ်နိုင်ပါသလား—ဘုရား။ မိုးနန်ကုန်းဆရာတော်ကလည်း ကွဲကွဲပြားပြားမရှိ၍ မှန်ကန်သောဝိနိစ္ဆယ ပေးသနားတော်မူပါရန် ရှိသေစွာလျှောက်ထား ဝန့်ပါသည်။

၂။ **ကထိန်သင်္ကန်းကို ကထိန်ခံပြီးပုဂ္ဂိုလ်မပါပဲနှင့်သင်္ကန်းကြီးကိုသာ သက်သက် ကမ္မဝါဖတ်ခြင်းသည် ကထိန်ခင်းထိုက်—မခင်းထိုက်၊ ခင်းကောင်း—မခင်းကောင်း။**

ရေနံချောင်းမြို့နယ် မိုင် ၂၀—အကွာခရီး ရွာတရွာမှာ သင်္ကန်းသက်သက် ဖတ်နေကြပါသည်။

မကွေးမြို့ တဝဂ္ဂုမှာ ကထိန်သင်္ကန်းကြီးသက်သက် သင်္ကန်းကိုခင်းနေကြပါသည်-ဘုရား။

သို့အတွက် ပါဠိတော်နည်း, အဋ္ဌကထာဋီကာနည်း ကိုက်-မကိုက်၊ ဟုတ်-မဟုတ် အဆုံးအဖြတ်ချ ပေးသနားတော်မူပါဘုရား။

၃။ **ကထိန်ခင်းသောအခါ သံဃာမည်မျှနှင့် ခင်းရမည်နည်း၊ ကထိနသာ ကေ မူလံ သံဃော—ဟူသော ပါဠိတော်အရ အဘယ်သံဃာကို ယူရမည်နည်း-ဘုရား။**

ပင့်သံဃာကိုပဲ ယူရမည်လား၊
သို့မဟုတ် ပုရိမဝါသား သံဃာကိုပဲယူရမည်လား၊
လက်ခံသံဃာကိုပဲ ယူရမည်လား၊
ကမ္မပ္ပတ္တသံဃာကို ယူရမည်လား၊
မျက်မှောက်သံဃာကို ယူရမည်လား-ဘုရား။

၄။ **ညှောင်စောင်းကွက်နုတ်သော သိမ်နုတ်အစီအစဉ်သည် ဘယ်မင်းလက်ထက်ကစ၍** ပေါ်ပေါက်ခဲ့ပါသနည်း-ဘုရား၊ တကွက်လျှင်လေးပါး, ငါးပါး နုတ်နည်းကို သဘော ပေါက်ပါသည်ဘုရား။ သံဃာများသော ရန်ကုန်/မန္တလေးမြို့များမှာ အကွက်၅၀–လျှင် တကွက်ကို ၅-ပါး ထိုင်ခဲ့သော် ၁၀-ကွက်ဖြစ်သောအခါ သံဃာ ၅၀–ကျ တပြိုင်နက်ကမ္မဝါ ဖြစ်ခဲ့သော် ၎င်းသိမ်မှာ နုတ်သောကံသည်၊ ကျွတ်–မကျွတ်၊ ဝိနည်းဒေသနာတော်အရ ဟုတ်–မဟုတ် အဆုံးအဖြတ် ပေးသနားတော်မူပါရန် ရှိသေစွာလျှောက်ထားအပ်ပါသည်။

ဦးဃောသိတ (ဇီးဖြူကုန်း)

**အဖြေ**။ ။(ဤ ၁-နံပါတ်အမေး ပြဿနာသည် ယခုအခါ အရပ်ရပ်၌ ဝါဒကွဲများရှိ၍ အတန်ငယ်ချဲ့၍ ဖြေခွင့်ပြုပါရန်။)

၁။ **ကထိန်သံဃိက** သည်-အာဂတာနာဂတ စာတုဒ္ဒိသာ-သံဃိက-သာဖြစ်ထိုက်ပါသည်။

ချဲ့ဦးအံ့....ဤ ကထိန်အရာမှာ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟုဆို၍ လှူရာ၌ သံဃဿ-အရကို စာတုဒ္ဒိသာသံဃာကိုသာ အလိုရှိအပ်၏။ ဂဏ, ပုဂ္ဂလတို့ကို အလိုမရှိအပ်ပေ။ထိုကြောင့်–

(ဝိ-၂ ဌ၊ ၃၀၉-၌) ကထိနံ ပန ကေန အတ္ထရိတဗ္ဗံ၊ ယဿ သံဃော ကထိနစီဝရံ ဒေတိ-ဟူ၍ လည်းကောင်း၊

(၎င်း ဌ၊ ၃၉၁-၌) ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ-ဟူ၍လည်းကောင်း၊

(ဝိနယာ ဋီ-၂ ပြည်-၉၃ ၌) ယော စ တတ္ထ စီဝရပ္ပါ-ဒေါ ။ပ။ အာဂတာနာဂတဿ သံဃဿ သန္တကံ ဟောတိ- ဟူ၍လည်းကောင်း၊

(ၝင်းဋီ၊ ၆၉-၇၀-၌) ဝေံ ဣမသ္မိံ ကာလေ။ပ။ အနာ-ဂတံ ဟောတိတိ ဒဋ္ဌဗ္ဗံ-ဟူ၍လည်းကောင်း မိန့်အပ်၏။

ထိုပါဠိတို့တွင် “ယဿ သံဃော ကထိနစီဝရံ ဒေတိ” ဟူသောပါဠိဖြင့် တပါးသာရှိသော ကျောင်း၌ တိုက်တပါးမှ သံဃာသည် ကထိန်သင်္ကန်းကို ကထိန်ခင်းသောရဟန်းအား ပေးသည်ကိုပြသော အဋ္ဌကထာဆရာသည် ၎င်းကထိန်သင်္ကန်းသည် တိုက်တပါး သံဃာ၏လည်း သန္တကဖြစ်ကြောင်းကို ပြတော်မူ၏။ ထိုသို့ပြခြင်းဖြင့် ကထိန်သင်္ကန်းသည်“စာတုဒ္ဒိသာသံဃိက” ဖြစ်ကြောင်းကိုပြတော်မူ၏။

“ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ” ဟူသော ပါဠိဖြင့်လည်း ကထိန်သင်္ကန်းနှင့် ရောစပ်၍လှူအပ်သော ဖျာ-သင်ဖြူး စသော ဂရုဘဏ်ကို မဝေဖန်အပ်ကြောင်းကိုပြသော အဋ္ဌကထာဆရာ သည် ဂရုဘဏ်နှင့်တကွလှူအပ်သော သင်္ကန်းသည်လည်း “စာ-တုဒ္ဒိသာသံဃိက”ဖြစ်ကြောင်းကိုပင် ပြတော်မူ၏။

ထိုစကားသင့်စွ၊ ဖျာ-သင်ဖြူး စသောဘဏ္ဍာသည် ဂိုဏ်း, ပုဂ္ဂိုလ်တို့၏ သန္တကဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် အလိုရှိတိုင်း ဝေဖန်အပ်, ပေးအပ်, စွန့်အပ်၏။ စာတုဒ္ဒိသာသံဃိက ဖြစ်သော်သာ မဝေဖန်အပ်, မပေးအပ်, မစွန့်အပ်။ သို့

ဖြစ်၍ မဝေဖန်အပ်ဟု ဆိုကာ "စာတုဒ္ဒိသာသံဃိက"ဟု သိအပ်၏။ ထို့ကြောင့် (ဝိမတိ ဋီ ၂-၃၅) ပါဠိယံ အဝိသဇ္ဇိကံ ။ပ။ အနုဇာနာမိတိ အတ္ထော-ဟု မိန့်အပ်၏။ ယော စ တတ္ထ စီဝရုပ္ပါဒေါ-စသောပါဠိတို့ဖြင့် တိုက်တပါး သံဃာ၏ သန္တကဖြစ်သော်လည်း အသီးတိုက်နေပုဂ္ဂိုလ်အား ဘုရားခွင့်ပြုတော်မူအပ်သည်ဖြစ်၍ သင်္ကန်းသာ ရောက်လာတိုင်းသော သံဃာ၏ သန္တကဖြစ်ကြောင်းကို ပြတော်မူသော ဋီကာဆရာသည်လည်းကောင်း၊ ဆွမ်းဆန် စသည်နှင့် တကွ လှူအပ်သော သင်္ကန်းသည် "စာတုဒ္ဒိသာသံဃိက" ဖြစ်ကြောင်း ပြတော်မူ၏။

"ဧဝံ ဣမသ္မိံ ကာလေ။ပ။ ဉတ္တိကမ္မဝါစာရဟံ နဟောတိ" စသောပါဠိဖြင့် ဂိုဏ်း, ပုဂ္ဂိုလ်၏သန္တကဖြစ်သောသင်္ကန်းသည် ဉတ်ကမ္မဝါစာဖြင့် ပေးခြင်းငှာမထိုက်ကြောင်း၊ သံဃသန္တကဖြစ်သောသင်္ကန်းသည်သာ ဉတ်ကမ္မဝါစာဖြင့်ပေးခြင်းငှာ ထိုက်ကြောင်း၊ အာနိသင်ငါးပါးကိုလည်း ဖြစ်စေတတ်ကြောင်း၊ သံဃာအားလှူအပ်သောသင်္ကန်းသည်သာ မဟပ္ဖလဖြစ်၏ဟု ပြောကြား၍ ဒါယကာတို့ကို သံဃိကဖြစ်မြောက်အောင် လှူဒါန်းစေခြင်းငှာ တိုက်တွန်းသင့်ကြောင်း၊ ဒါယကာတို့ လှူခြင်းငှာ မသိလျှင် မိမိကခံယူ၍ သံဃာအားလှူသင့်ကြောင်း၊ ၎င်းသံဃာအား စွန့်လှူခြင်းသည်သာ "သံဃေ တွံ ဂေါတမိ ဒေဟိ"စသော စကားတော်နှင့်လျော်ကြောင်း ပြတော်မူသော ဋီကာဆရာသည် ၎င်းကထိန်သင်္ကန်းသည် "စာတုဒ္ဒိသာသံဃိက"သာ ဖြစ်ကြောင်းကိုပင် ပြတော်မူ၏။

သည်သာမကသေး၊ (ဝိ ၁၊ ပ-၄-၃၃၆-၌ လည်း)....

မဟာပစ္စရိယံ ပန သခေ်ပဋ္ဌကထာယဉ္စ အဝိသေ-
သေန ဝုတ္တံ။ ဆဋ္ဌိတဝိဟာရေ ပန ဖလာဖလံ ထေယျ-
စိတ္တေန ပရဘုဉ္ဇတော န ပါရာဇိကံ၊ ကသ္မာ အာဂတာ-
နာဂတာနံ သန္တကတ္တာတိ'' ဟူ၍လာ၏။

ဤအဋ္ဌကထာ၌ သံဃာသည်စွန့်အပ်သောကျောင်း သာမည
ဖြစ်ပါလျက် လှူပုံကိုအထူးမပြုပဲ ''အာဂတာနာဂတာနံ သန္တ-
ကတ္တာ''ဟု အစိုးရဉစ္စာရှင်သံဃာကိုသာ အထူးထုတ်၍ပြခြင်း
ဖြင့် ''အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ'' ဟု
အထူးဝိသေသအားဖြင့် ဆို၍လှူသော်လည်းကောင်း၊ ''သံဃဿ
ဒေမ'' ဟု သာမညဖြင့်ဆို၍ လှူသော်လည်းကောင်း ဒထူး
အခြားမရှိ။ စာတုဒ္ဒိသာ အာဂတာနာဂတသံဃိကဖြစ်ကြောင်း
ပြတော်မူသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌—

အာဂတာနာဂတာနံ သန္တကတ္တာတိ စာတုဒ္ဒိသဿ
သံဃဿ ဒေမီတိ ဒိန္နတ္တာ ဝုတ္တံ၊ ဧဝံ အဝတွာ သံဃဿ
ဒေမီတိ ဒိန္နမ္ပိ တာဒိသမေဝ-ဟု မိန့်အပ်၏။

ဤသို့ သံဃဿ ဒေမ-ဟုဆို၍လှူခြင်းကြောင့် စာတုဒ္ဒိသာ
သံဃိကဖြစ်ခဲ့လျှင် တိုက်တပါးနေသောပုဂ္ဂိုလ်တို့သည် အဘယ်
ကြောင့်သံဃာ့လာဘ်ကို အဖို့ဘာဂခံ၍ မယူရပါသနည်း-ဟူမူ
(ဝိ-၃၊ ပါ-၄၂၁-၌)-

ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ တံ သမ္မုခီဘူတေန
သံဃေန ဘာဇိတုံ-စသည်ဖြင့် ဟောတော်မူအပ်သော မြတ်စွာ

ဘုရား၏စကားတော်ကြောင့်သာ သန္တကရှင်ဖြစ်ပါလျက် (ဆိုင်သာဆိုင် မပိုင်သောကြောင့်)တိုက်တပါးကနေ၍ အဖိုဘာဂကို မခံရသည်ဟူပေ။ ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌–

တထာပိ ဟိ ဗဟိ ဌိတော လာဘံ န လဘတိ၊
ဘာဂဝတော ဝစနေနာတိ ဝေဒိတဗ္ဗံ–ဟု မိန့်အပ်၏။

ဤသို့ပြဆိုခဲ့ပြီးသော ပါရာဇိကဏ် ပါ–ဋ္ဌ–။ဝဇိ၊ ဝိမတိ၊ ဝိနယာ–ဋီကာတို့၏အဆိုအမိန့်ကိုထောက်၍လည်း "ဣမံ ကထိ-နစီဝရံ သံဃဿ ဒေမ" ဟု ဆို၍လှူအပ်သောကထိန်သင်္ကန်း၏ စာတုဒ္ဒိသာသံဃိကအဖြစ်သည် အလွန်ပင်ထင်ရှားလှ၏။

ဤကထိန်နှင့်ဆိုင်ရာ ပါ–ဋ္ဌ–ဋီတို့၌ပင် အစုံအညီလာသော အဆိုအမိန့်များကြောင့် ၎င်းကထိန်အရာ၌ "အာရာမိက-လော၊ ဂဏိက-လော၊ ပုဂ္ဂလိက-လော၊ တွေးတောဒွိဟ သံသယကိုမဖြစ်ကြစေပဲ စာတုဒ္ဒိသာအာဂတာနာဂတသံဃိက ဖြစ်ကြောင်းကိုသာ သက်ဝင်ယုံကြည်အပ်သည်ဟု တိပိဋက ပကိဏ္ဏကဒီပနီ ၆၂–၌ မိန့်ဆိုသည်များကိုတင်ပြဖြေဆိုအပ်ပါသတည်း။

၂-နံပါတ်အဖြေ။ ။ကထိန်သင်္ကန်းကို ကမ္မပတ္တသံဃာသည် ကထိန်ခံမည့် ပဋ္ဌိဂ္ဂါဟက ရဟန်းအား ဉတ်ကမ္မဝါစာဖြင့် "သံဃာသည် ဤကထိန်သင်္ကန်းကို ကထိန်ခင်းဖို့ရန် ဤမည်သော (တိဿမည်သော) ရဟန်းအား ပေးရာ၏၊ ပေး၏"ဟု အဆိုအမိန့်ရှိသော ကမ္မဝါစာကိုထောက်၍ ပဋိဂ္ဂါဟက ပုဂ္ဂိုလ်မပါပဲ သင်္ကန်းချည်းသက်သက် ကမ္မဝါစာ

ဖတ်ခြင်းသည် (ရဟန်းလောင်းမပါပဲ ရဟန်းခံကမ္မဝါစာကို ဖဘ်ဘိသကဲ့သို့ ဖြစ်ခြင်းကြောင့်)ကထိန်မမည်ပေ။ ကမ္မဝါစာ ဖြင့် အပေးမခံရသူ ပုဂ္ဂိုလ်တပါးပါးက ခင်းသော်လည်း အခင်း မမြောက်နိုင်ပေ။ ပါဠိတော် အဋ္ဌကထာ-ဋီကာတို့၌လည်း မလာ မရှိပေ။

**မှတ်ချက်**။ ။ ဤမျှလောက် ပရိယတ်သာသနာ ထွန်းကား နေခိုက်မှာပင် ဤအဖြစ်မျိုးရှိနေသည်မှာ ဝမ်း နည်းစရာဟုပင် မှတ်ချက်ချရပါတော့သည်။

**၃-နံပါတ်အဖြေ**။ ။၃ (က) ကထိန်ခင်းသောအခါ ကထိန် ခင်းသောရဟန်းတပါးနှင့် အနုမောဒနာ ပြုသောရဟန်း ၄-ပါး၊ ပေါင်းအနည်းဆုံး ရဟန်း ၅-ပါး ရှိမှ ကထိန်ကံမြောက်ပါသည်။

**မှတ်ချက်**။ ။တပါးတည်း ဝါဆိုသောကျောင်း၌ ကထိန် ခင်းပါက အခြားကျောင်းမှ ၄-ပါးပင့်၍ ခင်း ရမည်။ ကထိန်အာနိသင်ကိုတော့ ကျောင်းရှိ သံဃာတပါးသာရ၏။ ပင့်သံဃာများ မရပေ။

(ခ) ကထိနဿ ကေ မူလံ သံဃော-ဟူသော (ဝိ ၅-၃၀၆) စကားတော်သည် ရှင်းစာမျက်နှာမှာပင် ရှေ့နားက "ကထိနဿ ကတိ မူလာနိ" ဟူသော အမေးစကားတော်၏ အဖြေစကားတော်ဖြစ်သည်။ အဓိပ္ပာယ်ကား "အထိန်၏ အရင်းမူလတို့သည် အဘယ်မျှတို့နည်း၊ ကထိန်၏အရင်းမူလသည် သံဃာဟူသော တပါးသာတည်း" ဟု အမေးနှင့် အဖြေကို ပြ

တော်မူခြင်းဖြစ်သည်။ ၎င်းကိုထောက်သော် ကထိန် ထ-မြောက်ရေးမှာ သံဃာသာ မူလဘူတဖြစ်ကြောင်း၊ သံဃာမပါလျှင် ကထိန် မဖြစ်နိုင်ကြောင်းကို ပြတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် သံဃော-အရ ကမ္မပတ္တသံဃာကိုသာ ယူရပါမည်။ ၎င်း ဌ-၌ အထူးဖွင့်ပြတော်မမူပါ။

၄-နံပါတ်အဖြေ။ ။ (က) ညောင်စောင်းကွတ်နတ်သော သိမ်နှုတ်အစီစဉ်သည် ရာဇာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းလက်ထက်၊ ၎င်းမင်းကိုယ်တိုင် စီစဉ်ခဲ့ရာမှ စ-တင်ပေါ်ပေါက်ခဲ့ပါသည်။ (ကလျာဏီကျောက်စာ မြန်မာပြန် ၉၇-၉၈)

(ခ) သိမ်နှုတ်သည်ဆိုရာမှာ သိမ်သမုတ်မည့်နေရာ၌ ဤဘုရားသာသနာ တည်ထွန်းဖူးရာ ရှေးအခါက သမုတ်ခဲ့ကြသော ဗဒ္ဓသိမ်ဟောင်းများရှိချေသော် သီမသမ္ဘေဒ, အဇ္ဈောတ္ထရဏ မဖြစ်ရအောင် ပခုံးခြင်း, လက်ရုံးချင်း, သက်နံ်းစွန်းချင်း, မထိစေပဲ ထိုင်နေ, ရပ်နေ၍ သိမ်နှုတ်ကမ္မဝါစာကို သံဃာကုန်ဖြစ်စေ၊ တပါးခြား, နှစ်ပါးခြားဖြစ်စေ သံဃာများ တပြိုင်နက် ရွတ်ဖတ်၍ နှုတ်အပ်၏။ သိမ်ဟောင်းရှိရာ၌ သံဃာနှင့် ကမ္မဝါစာကျလျှင် တသိမ်လုံး တပြိုင်နက်ကျွတ်၏။ တနေရာက နှုတ်လိုက်လျှင်လည်း တသိမ်လုံး တခါတည်းကျွတ်တော့သည်။

သို့ပါလျက် နှင်းရာထိုင်ရာ၌သာကျွတ်သကဲ့သို့ ညောင်စောင်းကွက်ရေးသား၍ သံဃာနည်းနည်းပါးပါးနှင့် ရက်ရှည်လ-များ ညောင်စောင်းကွက်တိုင်းစေ့အောင်ထိုင်၍ တထိုင်ကို

ရဟန်း ၃-ပါးသာဖြစ်၍ သိမ်နုတ်ပုံကိုစီရင်ထားသော ဝိမတိ, ဝိနယာလင်္ကာရ-ဋီကာဆရာများကား နှောင်လာနောက်သား ပင်ပန်းဆင်းရဲ ယုံမှားစဲအောင် အနဲနဲဉာဏ်ရှာတတ်ကြပေသည်။

သိမ်ဟောင်းချင်း မကူးမစပ်ရအောင် မလျှပ်က နွား မဆောက်ခင်နုတ်၊ တပင်တိုင်ထီးဖြူရုံကိုသော်လည်း ဆောက် လုပ်၍နုတ်၊ သမုတ်မည့်သိမ်ရာပတ်လည် ၁၀-တောင်ကွာ, ၉-တောင်ကွာရောက်အောင်နုတ်။ ဤသိမ်နုတ်ကမ္မဝါကို သံ ဃာကုန်ဖြတ်လျှင် ''သံဃော-အရ နာသူကတ္တားဘယ်မှာနည်း'' ဟူမူ လေးပါးသံဃာ့ဥပုသ်ပြုရာ၌ ဥတ်ထားသောပုဂ္ဂိုလ်သည် ''သံဃော-ကတ္တား'' ၌ ပါဝင်သကဲ့သို့ မိမိပါသံဃာကုန် နာသူကတ္တားဖြစ်၏။ အချို့ကား....န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ-ဟူသည်ကို ရောယောင်လျက် သုံးပါးထက်ပို ၍ မဖြတ်ကောင်းဟူ၍ အမှတ်မှား အယူမှားကြ၏။ ကျမ်းဂန် တို့၌ တပါးသာကမ္မဝါဖြတ်သည်ဟု လာ၏။ အထပ်ထပ်ဖြတ် မူကား ကံအောင်ပြီးဖြစ်လျှင် ဒုက္ကဋ်ကမ္မ၊ မအောင်သေးလျှင် ကံအောင်၏ဟု အဋ္ဌကထာဆိုသကဲ့သို့ အားလုံးပီသလျှင် ဒုက္ကဋ်ကမ္မ၊ အချို့မပီသလျှင် မပီသသူအတွက် ကံမပျက်ခြင်း၊ သိမ်နုတ်ရာ ၌ ပြီးလွယ်စပ်လွယ်၍ သံဃာများချမ်းသာခြင်း စသော အကျိုးကြီးလှသောကြောင့် သုံးပါးသာမက ၁၀-ပါး၊ ၉-ပါး၊ အများအားလုံးပင် ကမ္မဝါစာဖတ်ရွတ်ခြင်း၌ ယုံမှား ကင်းစွာ မှတ်ယူရမည်ဟူသော (ဝိသုဒ္ဓါရုံအဆုံးအဖြတ် ပ-၃၃၆) စကားရပ်ဖြင့် ယုံမှားသံသယကင်းပပါစေသော်။

## ၈၁—ယာမကာလိကနှင့်သတ္တာဟကာလိက

အမေး။ ။ ၁။ ဘိလပ်ရည်ကို အချို့က ယာမကာလိက၊ အချို့က သတ္တာဟကာလိက ယူကြ၏။

၂။ ရှောက်သီးကို အချို့က ယာဝကာလိက၊ အချို့က ယာဝဇီဝိက ယူကြ၏။ ဘယ်သင်းကမှန်သည်ကို ဖြေတော်မူကြပါ။

၃။ ကျောက်ကောင်းပါသော နာရီကို ရဟန်းသာမဏေအလှူခံ၍ သုံးဆောင်အပ်–မအပ်၊ မအပ်လျှင် မည်သည့်ဝိနည်း ဖြစ်ရှိသည်ကို အထောက်အထားနှင့်တကွ ပညာရှိများဖြေကြားတော်မူကြပါရန်။

အရှင်သီလဝံသ (မုဒုံ၊ စိတ္တသုခတောရ)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၈၊ အမှတ်-၃)

အဖြေ။ ။ ၁။ ဘိလပ်ရည်သည် (ရေအေးဖြင့်) ရေစိမ်းဖြင့် ပြုလုပ်ထားလျှင်–ယာမကာလိက။ ကြာရှည်ခံအောင် မီးဖြင့်ကျိုချက် ပြုလုပ်ထားလျှင်–ယာဝကာလိက၌ သွင်းယူရပါသည်။ (ဝိ-၂၊ ၄၁-၁၀၀–၁၀၃) သတ္တာဟကာလိက–တော့ မဖြစ်နိုင်ပါ။ အကြောင်းကား ဘေသဇ္ဇသိက္ခာပုဒ်၌ ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲ၊ ငါး ၅–ပါးကိုသာ အာဒိသဒ္ဒါမပါပဲ တိတိကျကျ သတ္တာဟကာလိက–ဟု ဟောထားတော်မူသောကြောင့်ပါတည်း။

၂။ **ချောက်သီးမှာ** အရေသည် ပကတိအားဖြင့် ယာမကာလိက။ လက်သုပ်ဟင်းလျာအဖြစ် သုံးဆောင်လျှင် ယာဝကာလိက၊ အခွံရင့်စသည်ကို ဆေးအဖြစ်သုံးဆောင်လျှင် ယာဝဇီဝိက-ဟု မှတ်ယူရပါမည်။ (ဝိ-၂၊ ၄-၁၀၀-၁၀၃)

၃။ **ကျောက်ကောင်းပါသောနာရီကို** ရဟန်းတော်များ အလှူခံ၍ကိုင်သော်, သုံးသော် အပြစ်မရှိ၊ အပ်၏ဟု မှတ်ယူရပါမည်။ အကြောင်းကား ယာဝကာလိကဖြစ်သော ဟင်းလျာထဲ၌ ယာဝဇီဝိကဖြစ်သော ဆား, ချင်း, ငရုတ်, ကြက်သွန်-စသည်တို့ကို ထည့်ချက်သော်လည်း ငင်းဆားစသည်သည် ဟင်းလျာ၏အဆင်တန်ဆာ အဆာမျှသာဖြစ်ဘိသကဲ့သို့ ထို့အတူပင် နာရီထဲမှာကျောက်ကောင်းများ ထည့်ထားသော်လည်း နာရီ၏အထည်ကို ပဓာနမဟုတ်။ နာရီ အချိန်မှန်အောင် ထည့်ထားသော အဆင်တန်ဆာမျှသာ ဖြစ်သောကြောင့်ပါတည်း။

---

## ဂ၂—ခမတိ-ခမ္မတိ

**အမေး**။ ။ယခုအခါ ကမ္မဝါစာရွတ်ဖတ်ကြရာ၌-

၁။ အချို့က ခမတိ၊ အချို့က ခမ္မတိ ဟူ၍လည်းကောင်း၊

၂။ အချို့က တုဏှိ၊ အချို့က တုဏှိ ဟူ၍လည်းကောင်း၊

၃။ အချို့က နိဂ္ဂဟိတ်မှာ တခေါက်သာ၊ အချို့က သုံးခေါက်ရွတ်ဖတ်ကြပါသည်။ ဤသို့ရွတ်ဖတ်ကြရာ၌

အများအမှန် ကိုးကား ဝေဖန်၍ အဖြေပေးတော်မူပါရန်။

သိလိုသူ-ဦးဣန္ဒဝံသ (ပြည်)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၆၊ အမှတ်-၃၄)

**အဖြေ**။ ။၁-ခမတိတွင် မ-အက္ခရာ တလုံးတည်းနှင့် ခမတိ၊ မ-အက္ခရာ ၂-လုံးဆင့်လျက် ခမ္မတိ၊ ၂-ချက်ပင်ရှိသင့်၏ဟု ဝိမတိဒ္ဒီကာဆရာ မိန့်မှာတော်မူ၏။ မန်လည်ဆရာတော်ကသည်း ခမတိ-ပုဒ်ကို ပုစ္ဆာလုပ်၍ အမေး ထုတ်တော်မူသည်မှာ–

" ကမ္မဝါပါဋ္ဌိ၊ ခမတိပုဒ်အနေ၊ စာတွေက လွန်များ၊ မ-ဒွေးဘော်၊ ရှိ မဲ့ လျှော် မလျှော်လို့၊ ရှေ့ကိုယ်တော် သဒ္ဒါတတ်ကယ်၊ ဆုံးဖြတ် ပါလား"

ဟူသတည်း။

၎င်းမေးခွန်းကို မင်းကွန်းအလယ်တောရဆရာတော်က–

မ-ဒွေးဘော်၊ ရှိမှပင်လျော်မည်ဟု၊ ရှေ့မြို့တော်သဒ္ဒါတတ်ကယ်တို့၊ ဆုံးဖြတ်ကြသား"ဟု အဖြေစကား ရေးသားတော်မူ၏။

၎င်းဝိသဇ္ဇနာကိုကြည့်လျှင် ခမ္မတိဟု မ-ဒွေးဘော်နှင့် ရွတ်ဖတ်သင့်၏။ သို့သော်လည်း ၎င်း ၂-နည်းအတွက် ကံပျက်မှုမဟုတ်၍ ၂-ပုဒ်လုံးပင် ရွတ်လိုရာနှင့်ရွတ်နိုင်၏။ လိုရင်း မှာ ပထမာနှင့်တတိယာ ၂-ဖြာသော ကတ္တား ဝုတ္တ-အဝုတ္တ မလွဲမမှားရအောင် ခွဲခြား၍ဖဘ်တတ်မှတ်တတ်ဖို့သာတည်း။

၂။ **တုဏှိ**–သဒ္ဒါ ဤဒီဃနှင့်သာရှိသင့်ကြောင်း ကောင်းကောင်းသိဖို့ရန် သာခကမှာ မာဂဓအဘိဓာန် ဂါထာ ၄၂၉-၌ မောနမဘာသနံ တုဏှိဘာဝေါ-ဟူ၍လည်းကောင်း၊ ၁၁၄၉-၌လည်း တုဏှိ တု မောနေ-ဟူ၍ လည်းကောင်း စကားမပြော ဆိတ်ဆိတ်နေခြင်းအနက်ကို ဟောသောနိပါတ်ပုဒ် တုဏှိနှင့် တုဏှိ**ဘာဝ**သဒ္ဒါကိုပြဆို၏။ရင်းပုဒ်အဖွင့်အဘိဓာန်ဋီကာ၌–

တုဏှော မောနံ ဧတဿ အတ္ထီတိ၊ တုဏှိ တဿ ဘာဝေါ တုဏှိဘာဝေါ၊ တုဏှဿ ဝါ တုဏှိဘာဝနံ တုဏှိဘာဝေါ၊ အထဝါ **တော**ဟတီတိ တုဏှိ။ တုဟ အဒ္ဒနေ၊ အဒနံ ဟိံသာ၊ ဏိပစ္စယော၊ ဝဏ္ဏဝိပရိယာယော။ တုဏှိနော ဘာဝေါ တုဏှိဘာဝေါ-ဟု ဖွင့်ပြ၏။

ဤအလို တုဏှိသဒ္ဒါနှောင် ဒဏ္ဍာဒိတော ဣက ဤ-သုတ်ဖြင့်(ဤ) ဤပစ္စည်းသက်၍ တုဏှိ။ တနည်း တုဟ-ဓာတ်နှောင် ဏိပစ္စည်းသက်၍ ဟ-နှင့်ရှေ့နောက်ပြန်ပြီး တုဏှိ။ ထို့နှောင် ဘာဝ သဒ္ဒါနှင့်တွဲယှဉ်သောအရာ၌လည်း ၂ဘူဓာတ်၏အယှဉ်ဖြစ်၍ အဘူတဘာဗ္ဗာဝေ ကရာသဘူယောဂေ ဝိကာရာဓိ-ဟူသော သုတ်နှင့်ညီစွာ အဘူတတဗ္ဘာဝအနက်၌ ဤ(ဤ) ပစ္စည်းသက်၍ တုဏှိဘာဝဟူ၍ (ဤ)ဤဒီဃနှင့်ချည်း ပြီး၏။ သို့ဖြစ်၍ ကမ္မဝါစာတို့၌''တုဏှိ''ဟု (ဤ)ဤဒီဃနှင့်ရှိမှ(ရှတ်ဖတ်မှ) သုဒ္ဓိတ, သုရုတ္တာဖြစ်မည်ကို သတိပြုကြကုန်ရာသတည်း။

ထိုမှတပါး ကမ္မဝါစာနိဂုံး၌ ဓာတုတ္တိဟူ၍ လည်းကောင်း။ တုတ္တိဟူ၍လည်းကောင်း-ရဿနှင့်ဒီဃ ၂-မျိုးရှိရာတွင် "တုတ္တိ" ဟု ရဿနှင့် ရွတ်ခြင်းကား နိဂ္ဂဟီတကို ဝိမုတ္တ၊ ဝိမုတ္တကိုနိဂ္ဂဟီတ၊ သိထိလကို ဓနိတ၊ ဓနိတကို သိထိလ-ဟူသော ကံပျက်ခြင်းအင်္ဂါ ၄-ပါးသို့မဝင်မပါ၍ ကံကားမပျက်၊ ဒုရုစ္စာရဏဒုက္ကဋ် အာပတ်သင့်သည်။ "တုတ္တိ" ဟု ဒီဃနှင့်ရွတ်ဖတ်ခြင်းသည်သာ ဝဇိရဗုဒ္ဓိဋီကာ၌ ထုတ်ဆောင်၍ပြအပ်သော ဥဒါဟရဏ်နှင့် ညီညွတ်နိုးနှောမိလေသောကြောင့် သင့်မြတ် မှန်ကန်ပေသည်ဟု ဝိနယသမုဟ ၌ မှတ်ချက်ချတော်မူသည်ကို တွေ့ရပါသေးသည်။

၃။ ကမ္မဝါစာနိဂုံး၌ နောက်ဆုံးဝါကျကို ၃-ခေါက် ရွတ်ဖတ်ခြင်းကားအပိုသာ။ တခေါက်နှင့်ပင် ပြီးကောင်း၏။ အဋ္ဌကထာတို့၌ မလာ။ ဝဇိရဗုဒ္ဓိဋီကာတို့၌လည်း မပါ။ ဋီကာတို့တွင်လည်း ဝဇိရဗုဒ္ဓိဋီကာသည် အဦးအစ ပထမဖြစ်သည်။ ဤအဆုံးအဖြတ် အရာကို နောက်ဋီကာဆရာတို့ကအယုတ္တဖြစ်အောင် ဆိုရာမရှိဖြစ်၍ အတ္ထာပန္န အားဖြင့် ဋီကာအများပင် လာသည်ဟု ဆိုသင့် ဆိုထိုက်ပေသည်။ (ဝိနယသမုဟ-ဝိနိစ္ဆယ ပ-၄၉၂)

---

## ၈၃-ထိုပုဂ္ဂိုလ်-ရဟန်းခံအပ်-မခံအပ်

**အမေး။** ။လက်ချောင်း, ခြေချောင်း နှစ်ချောင်း, သုံးချောင်း တိုနေသောသူကို ရဟန်းခံကောင်း-မခံ

ကောင်း၊ ထိုပုဂ္ဂိုလ်ရဟန်းခံလျှင် ရဟန်းဖြစ်–မဖြစ်၊ ထိုပုဂ္ဂိုလ်ကိုရဟန်းခံပေးလျှင် ဥပဇ္ဈာယ်ဆရာမှာ အပြစ်ရှိ-မရှိ။

ရှင်ဩဘာသ (မေမြို့)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၇၊ အမှတ်–၃၉)

**အဖြေ။** ။ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်တွင် အပါအဝင်ဖြစ်သော အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်တို့ကား လက်ခြေမပြတ်သော်လည်း ရဟန်းမခံကောင်း၊မခံအပ်။အကြိမ်တထောင်ပင် ရဟန်းခံသော်လည်း ရဟန်းမဖြစ်။ ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာနှင့် ကာရကသံဃာတို့မှာလည်း အပြစ်အာပတ်မှမလွတ်။

**အဘဗ္ဗပုဂ္ဂိုလ်တို့တွင်မပါဝင်သောပုဂ္ဂိုလ်ကို** လက်–ခြေပြတ်သော်လည်း ရဟန်းခံကောင်း၏၊ ရဟန်းဖြစ်၏။ ထိုသူ၌အပြစ်ဆိုဖွယ်မရှိ။ သို့သော် ရဟန်းခံပေးသောဥပဇ္ဈာယ်ဆရာနှင့် ကာရကသံဃာတို့မှာတော့ အာပတ်မှမလွတ်၊ **အားလုံးအာပတ်သင့်သည်**ဟု မှတ်ယူရပါမည်။

**သာဓက။** ။သဟာဃကစ္ဆိတ္တမ္ပိ ဥပသမ္ပာဒိတော အနုပသမ္ပန္နော ဟောတိ ။ပ။ န ကောစိ အာပတ္တိတော မုစ္စတိ။ ။(ဝိ–၃၊ ဋ္ဌ–၄၂၉)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ–၁၉၊ အမှတ်–၇)

## ၇၄–ပါရာဇိကကျသောရဟန်း

**အမေး။** ။ရဟန်းဝတ်မှ ပါရာဇိကသိက္ခာပုဒ် ၄–ပါးတို့တွင် တပါးပါးကျူးလွန်၍ ပရိသုဒ္ဓ-ပြု လူဝတ်လဲလိုက်ပါသည်။ ၎င်းပုဂ္ဂိုလ်သည် လူအဖြစ်နှင့် (ဝိပဿနာ) တရားအလုပ်ကို အားထုတ်ပါက ယခုပစ္စုပ္ပန်ဘဝတွင် မဂ်တရား, ဖိုလ်တရားတို့ကို ရထိုက်ပါသေးသလား။

ဦးစောလေး (ပုသိမ်)

**အဖြေ။** ။ရဟန်းတော်တို့မှာ အာပတ် ၇-ပုံ ရှိသည့်အနက် ပါရာဇိကအာပတ်သည် လူထွက်မှ (ပရိသုဒ္ဓပြုမှ)၊ သို့မဟုတ် သာမဏေဝတ်နှင့်နေမှ စင်ကြယ်ပါသည်။ လူဝတ်နှင့် ဖြစ်စေ၊ သာမဏေဝတ်နှင့်ဖြစ်စေ ဒါန, သီလ, ဝိပဿနာ ဘာဝနာတရားအလုပ်ကို အားထုတ်ပါက လူ့ပြည်နတ်ပြည်သို့ရောက်နိုင်သည့်အပြင် ဘာအထုံပါရမီရှိခဲ့ပါမူ ယခုပစ္စုပ္ပန်ဘဝမှာပင် မဂ်ဘာရား, ဖိုလ်ဘာရားတို့ကို ရထိုက်ပါသည်။ ရနိုင်ပါသည်ဟု မှတ်သူရပါမည်။

**သာခက။** ။အယဥ္စိ ယသ္မာ ပါရာဇိကံ အာပန္နော၊ တသ္မာ ဘိက္ခုဘာဝေ ဌတွာ အဘဗ္ဗော။ပ။ တသ္မာဿ ဂိဟိအာဒိဘာဝေါ ဝိသုဒ္ဓိ နာမ ဟောတိ။ (မာတိကာ-အဋ္ဌကထာ)

---

## ဂ၅-မိုးရေခံသင်္ကန်း

**အမေး။** ။(ဝဿိကသာဋိကစီဝရ) မိုးရေခံသင်္ကန်းဆိုသည်မှာ ဘယ်လို သင်္ကန်းမျိုးပါနည်း။ ရဟန်းတိုင်း သုံးခွင့်ရှိပါသလား။ ဘယ်အချိန်အခါမျိုးတွင် သုံးခွင့်ရှိပါသလဲ။ ယခုအခါတွင် အဘယ့်ကြောင့် မသုံးစွဲကြပါသလဲ။ ဗုဒ္ဓသာသနာဝင်များ သိသာရန် ဖြေကြားပေးကြပါရန် အထူး လေးစားစွာ တောင်းပန်အပ်ပါသည်။

ဦးအောင်လေး၊ ပင်စင်စား (ပုသိမ်)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၉၊ အမှတ်-၂)

**အဖြေ။** ။အမေး၌အချက် ၄-ချက်ပါ၍ ၄-ပိုင်းခွဲ ဖြေပါမည်။

**၁-အဖြေ။** ။မိုးအခါ၌ ဝဿိကသာဋိကာ-ဟူသော အမည်ဖြင့် အဓိဋ္ဌာန်တင်၍ တပါးသောအခါ၌ ဝိကပ္ပနာပြု၍ဖြစ်စေ၊ ပရိက္ခာရစောဠအဓိဋ္ဌာန် တင်၍ဖြစ်စေ ဆောင်အပ်, ထားအပ်သော သင်္ကန်းကို (မိုးရွာသောအခါ-ယခုခေတ် ရေသနုပ်ခေါ် ရေလဲသင်းပိုင်ကဲ့သို့ဝတ်၍ မိုးရေကိုခံကြရ, ချိုးကြရသောကြောင့်) မိုးရေခံသင်္ကန်းဟု ခေါ်သည်။

**၂-အဖြေ။** ။ရဟန်းတော်တိုင်း သုံးခွင့်ရှိပါသည်။

**၃-အဖြေ။** ။ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ၄-လအတွင်း ဝတ်ရုံသုံးစွဲခွင့်ရှိပါသည်။ ချုပ်ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒုထိုး

ခြင်းလည်း ၄-လအတွင်းမှာ လုပ်နိုင်ပါသည်။ ဆိုး-ဆိုသော် လည်း အဆင်းပျက်ရုံ တကြိမ်မျှဆိုးသော်လည်း အပ်ပါ၏။ (ကခ်ါ-၄၁)

**၄-အဖြေ။** ။ယခုကာလ မသုံးကြသည်မှာ-မသုံးလျှင် အပြစ် အာပတ်သင့်စေ....ဟူသော ပညတ်ချက်(ပါ-၄၁) တို့၌ အဆိုအမိန့်မရှိသောကြောင့် လည်းကောင်း၊ မိုးရေခံသင်္ကန်း ၏ပမာဏသည် မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ ရှိရမည်ဟု ဆိုသောကြောင့် ယခုလူတို့ ၏အထွာဖြင့် အလျား ၂၇-ထွာ၊ (၁၃-တောင်ထွာ)မျှ ရှိနေ ပါ၍ အလွန်ကြီးနေသောကြောင့် လည်းကောင်း၊ သိက္ခာပုဒ် ပညတ်စဉ်ခေတ်ကလို တောထဲမှာသစ်ရွက်မိုးကျောင်းငယ်ဖြင့်နေ ကြသည်မဟုတ်၍ မိုးရေခံစရာလဲ မလိုတော့သောကြောင့်လည်း ကောင်း၊အန္တရဝါသကခေါ် သင်းပိုင်ကို ရေသနုပ်ရေလဲလုပ်၍ ရေချိုးနိုင်သောကြောင့် လည်းကောင်း မသုံးစွဲကြတော့ဟု- မှတ်ယူရပါမည်။ မိုးရေခံသင်္ကန်းနှင့် စပ်၍ အကျယ် သိလိုမူ ကခ်ါ-၄၁၊ ၎င်းသိက္ခာပုဒ် အဖွင့်နှင့် ဝိ-၂၊ ဝိ-၃၊ ပါ-၄၁- ဋီ၊ ၎င်းအဖွင့်တို့မှာကြည့်ပါလေ။

(ဗုဒ္ဓဓမ္မလောက)

---

၈၆-ရှင်ရဟန်းနှင့်ခင်ဗျားကျွန်တော်

ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၆၊ အမှတ်-၂၇ မှ ဝိနည်းတော် နှင့်ညီမညီ အရှင်ဝါသဝ၏အမေးကို ဖြေသည်။

အဖြေ။ ။ရှင်ရဟန်းတို့၏ စကား အသုံးအနှုန်း, အခေါ် အဝေါ် ဝေါဟာရတို့သည် လူတို့နှင့် တသီးတခြား တပါးစီဖြစ်သောကြောင့် လူတို့အသုံးအနှုန်း အခေါ်အဝေါ် ဝေါဟာရစကားတို့ဖြင့် ရှင်ရဟန်းတို့ မသုံးအပ်, မသုံးကောင်းပါ။ သုံးလျှင်ဘုရားရှင်အလိုတော်မကျ၊ ဝိနည်းတော်နှင့်မညီဟု မှတ်ယူရပါမည်။

**ပုံစံကား။** ပစ္စည်းလေးပါးတို့တွင် ဆွမ်းကို "ဆွမ်း" ဟူသော ဝေါဟာရဖြင့် ပင့်ဖိတ်မှသာ စားကောင်းပြီး "ထမင်း" ဟူသော လူတို့ ဝေါဟာရဖြင့် ပင့်ဖိတ်သော် မစားကောင်း၊ စားသော် အပြစ်အာပတ်မှမလွတ်သည်ကိုလည်းကောင်း။

ကျောင်းကိုလည်း ရဟန်းတော်များ အိမ်သို့ကြွလာသည့် အခါ အိမ်ရှင်ဒါယကာက လွတ်လပ်စွာ သီတင်းသုံးနိုင်ရန် ဤ အိမ်ကို ကျောင်းအမှတ် သီတင်းသုံးပါဘုရားဟု လျှောက်ထား သော်လည်း တကယ်အပိုင်လှူသည်မဟုတ်၍ အိမ်ဟူသောဝေါ ဟာရမှ ကျောင်းဟူသောဝေါဟာရသို့ မပြောင်းသောကြောင့် ဝိနည်းတော်အရ အထူးလွတ်လပ်ခွင့် မရနိုင်သည်ကို(ဝိမတိဋီကာ ၌)မိန့်မှာထားသည်ကိုလည်းကောင်း ထောက်သော်....ရှင်ရဟန်း ဖြစ်ပါက စကားပြောရမှာ လူတို့ကဲ့သို့ ခင်ဗျား-ကျွန်တော် စ သည်ဖြင့်သုံးခြင်းသည် အပြစ်အာပတ်မှမလွတ်နိုင်ရာ။ ဘုရားရှင် ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်တော်များ သည်လည်း လူတို့၏ အပြုအမူကြောင့် ရဟန်းဖြစ်ပါလျက် လူတွေလိုပါပဲ လားဟု လူတို့၏ ကဲ့ရဲ့ခြင်း တည်းဟူသော အကြောင်းကြောင့်

ပညတ်တော်မူရသည့် သိက္ခာပုဒ်တွေများစွာပါရှိနေကြောင်းကို ဝိနည်းတော်သင်ကြားဖူးသူတိုင်း အသိပင်ဖြစ်ပါသည်။

တနည်း ဖြေဆိုရသော်....ရဟန်းဖြစ်လျက် ရဟန်းတို့၏ အသုံးအနှုန်း ဝေါဟာရတို့ကို မသုံးတတ်ခြင်း, မသုံးခြင်းသည် ဆရာကောင်းတပည့်မပီသသူ (သို့မဟုတ်)ဆရာကောင်းတို့နှင့် အတူတကွမ နေရသူများ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ အကြောင်းကား-မိဘနှင့်အတူတကွမကြီးပြင်းရလျှင် အဟိတ်တိရစ္ဆာန် ဖြစ်သော ကြက်သည်ပင်လျှင် အချိန်မှန်အောင်မတွန်တတ်ကြောင်းကို(ဇာတကၤ၊ပ-အုပ်၊ပါ-၂၀၊ ဋ္ဌ-၄၆ ဋ္ဌ) မိန့်ဆို ထားသောကြောင့်ပါတည်း။

(ဗုဒ္ဓမ္မလောက)

---

## ၀၇-ရဟန်းနှင့်လူအတူအိပ်သည့်အခါ

**အမေး။** ။၁။ ရဟန်းများသည် လူယောကျ်ား, သာမဏေများနှင့် တမိုး တရံတည်းသောကျောင်း၌ သုံးညဥ့်ထက်အလွန်အိပ်ပြီး အရုဏ်မတက်မီ အိပ်ရာမှထသော် အပ်-မအပ်၊ မအပ်ပါက အဘယ်အာပတ်သင့်ပါသနည်း။

၂။ ရဟန်းများသည် လူယောကျ်ား, လူမိန်းမရောနှော၍ တမိုးတရံတည်းသောကျောင်း၌ တညဥ့်မျှအိပ်သော် အပ်-မအပ်နှင့်၊ တညဥ့်ထက်လွန်ပြီးအိပ်သော် အပ်-မအပ်။ မအပ်ပါက အဘယ်အာပတ်သင့်ပါသနည်း။

ဦးသောဘဏ (အနန်းပင်)
(ဗုဒ္ဓမ္မလောက၊ အတွဲ-၂၂၊ အမှတ်-၁၃)

အဖြေ။ ။၁။ ရဟန်းများသည် လူယောကျ်ား, သာမဏေ
များနှင့် တမိုးတရံတည်းသောကျောင်း၌ သုံး
ညဥ့်ထက်လွန်၍ မအိပ်ရ၊ အိပ်လျှင် လေးရက်မြောက်သောနေ့
၌ နေဝင်သောအခါ လူ, သာမဏေများနှင့် အတူပင်အိပ်အံ့....
ဟူသော နှလုံးသွင်းခြင်း ဦးခေါင်းကိုချလိုက်သည်နှင့် ဝပြိုင်
နက် ပါစိတ်အာပတ်သင့်၏။

ထိုကျောင်း၌ များစွာသောသာမဏေတို့ ရှိကုန်အံ့....ရဟန်း
သည် တပါးတည်းဖြစ်အံ့....လူ, သာမဏေတို့ အရေအတွက်ရှိ
သလောက် ပါစိတ်အာပတ်သင့်၏။ ထိုသာမဏေတို့ ထ တိုင်း
အိပ်တိုင်း၊ ပယောဂတိုင်းမှာ ပါစိတ်အာပတ်သင့်၏။ ရဟန်း
သည် ထမှု, အိပ်မှုပြုအံ့ ပြုတိုင်းပြုတိုင်း ပါစိတ်အာပတ်သင့်၏။

သာမဏေတပါးတည်းကလည်း ရဟန်းများစွာကို အထက်
ပါအတိုင်း အာပတ်ကိုသင့်စေနိုင်ပါသည်။ (ဝိ-၂၊ ဋ္ဌ-၁၂)

၂။ ပဌမသဟသေယျသိက္ခာပုဒ်၌ လေးရက်မြောက်နေ့မှ
အာပတ်သင့်၏။ ဤ ၂-နံပါတ်အမေး ဒုတိယသဟ
သေယျ၌ကား မာတုဂါမနှင့် အိပ်စ-နေ့၊ အိပ်အံ့....ဟူသော
နှလုံးသွင်းခြင်း ဦးခေါင်းချလိုက်သည်နှင့် ဝပြိုင်နက် ပါစိတ်
အာပတ်သင့်တော့၏။

ထို့ကြောင့် ဋ္ဌ-၌

ပဌမသိက္ခာပဒေ စတုတ္ထဒိဝသေ အာပတ္တိ။
ဣဓ ပဌမဒိဝသေပိ-ဟု မိန့်တော်မူသည်။

(ဗုဒ္ဓဓမ္မလောက)

## ၈၈ – ဘုန်းကြီးဝယ်သောပစ္စည်းအပ်မအပ်

**အမေး။** ။ဒါနပြုလိုသူဒကာတဦးသည် သ က်န်း စသော လှူဖွယ်ဝတ္ထုပစ္စည်းများကို အသိဘုန်းကြီးအား ဝယ်ယူစေပြီး ထိုဝတ္ထုပစ္စည်းတို့ကို ရဟန်းတော်များအား လှူဒါန်းပါလျှင် အပ်-မအပ်၊ နိဿဂ္ဂိယဝတ္ထု ဖြစ်-မဖြစ် သိလို ပါသည်။

အရှင်နန္ဒိယ (ကျောက်ဖြူ)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၉၊ အမှတ်-၃)

**အဖြေ။** ။ဤအမေးသည် မေးသင့်မေးထိုက်သောအမေး ဖြစ်ပါသည်။ အကြောင်းကား....ယခုအခါဝိနည်း အရာ၌ မလိမ္မာကြကုန်သော များစွာသောဒကာဒကာမတို့ သည် မိမိတို့အလှူဒါနပြုလုပ်ရာ၌ လှူရန်ဝတ္ထုပစ္စည်းများကို မိမိတို့ကိုးကွယ်ရာ, ကြည်ညိုရာ ရဟန်းတော်ဘပါးပါးကို ဝယ် ပေးဖို့ရန် လွှဲအပ်လျှောက်ထားတတ်ကြသောကြောင့်ပါတည်း။ ထိုသို့ လွှဲအပ်ခံရသောရဟန်းတော်သည် ဝိနည်းအရာ၌မလိမ္မာ ပါမူ ဆိုဖွယ်ရာပင်မရှိတော့ပေ။ အကယ်၍ ဝိနည်းအရာ၌ လိမ္မာပါသော်လည်း –

(က) ပတ္တစတုက္က၌လာသော "ဒုဗ္ဗိစာရိတ" အပြစ်မျိုးမှ လွတ်အောင် ဝယ်ယူဖို့ရန်မလွယ်ကူလှပေ။ ဒုဗ္ဗိစာရိတ-မဖြစ်ရ အောင် ရဟန်းတော်က ကပ္ပိယဝေါဟာရစကားများကို သုံး နှုန်းပြောဆိုပြန်သော် ဈေးသည်က ဝိနည်းအရာ မသိမလိမ္မာ ၍ အပ်စပ်သောအဝယ်အရောင်း မဖြစ်နိုင်ပေ။ ရဟန်း

ဘော်ချွးအနေဖြင့် ကယဝိက္ကယ=အဝယ်အရောင်းပြုလုပ်ရာတွင် အကပ္ပိယဝတ္ထုဖြစ်သည့် ရွှေငွေများနှင့်မဆိုထားဘိ ကပ္ပိယဝတ္ထုဖြစ်သည့် အဝတ်အထည်ချင်း လဲလှယ်(ဝယ်-ရောင်း)ရာ၌ပင် သီတင်းသုံးဖော်ငါးဦးမှတပါး အခြား လူ, ပရိဗိုဇ်တို့နှင့်၊ ယုတ်စွအဆုံး အမိအဖနှစ်ပါးတို့နှင့်ပင် မအပ်ကြောင်းကို (ပါရာဇိက ဌ၊ ဒု-၂၇၇-၈-၉ ၌) ဖွင့်ပြတော်မူသည်။

(ခ) ဝယ်ခြင်း-ရောင်းခြင်းပြုရာ၌ ဆွေမျိုးတော်သူ-မတော်သူနှစ်ဦးလုံး၌ပင် နိဿဂ္ဂိယဖြစ်သင့်ကြောင်းကို ဝိနယ-သာရဂဏ္ဌိဆရာတော်က "ဉာတိနာ ဉာမံ ဒေဟီတိ ကယဝိက္ကယံ အာပဇ္ဇနတော နိဿဂ္ဂိယံ"ဟူသော (ပါရာဇိက ဌ၊ ဒု-၂၇၉-၌လာသည့်) စကားရပ်ကို ကိုးကားပြတော်မူသည်။

(ဂ) ဒုဗ္ဗိစာရိတ-ဖြစ်အောင် ဝယ်ခြင်း-ရောင်းခြင်းပြုသောရဟန်းအား ထိုပစ္စည်းမအပ်။ မူလက ငွေကိုအလှူမခံခဲ့၍ ကြွင်းသောရဟန်းများ အပ်၏။ ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့်ဆုံးဖြတ်သော် ထိုသပိတ်စွန့်အပ်၏။ ရဟန်း ပါစိတ်သင့်၏။ မစွန့်ပဲသုံးဆောင်မူ သုံးဆောင်တိုင်း ဒုက္ကဋ်သင့်၏ဟူ၍ (ဝိနယာလင်္ကာရဋီကာ-၈၃ ၌) ဖွင့်ပြတော်မူသည်။

(ဃ) လူတို့ပိုင်ဆိုင်သောရွှေငွေကိုပင် ရဟန်းတော်များအနေဖြင့် ယူလော့၊ သိမ်းဆည်းထားလော့၊ မည်သည့်အဖိုးအခပေးလိုက်လော့-ဟု ပြောဆိုစီမံခြင်းမပြုအပ်ကြောင်းကိုလည်း (သာရတ္ထဒီပနီဋီကာ ဒု-၄၂၂ ၌)ဖွင့်ပြတော်မူသည်။

အသက်ပါ အဋ္ဌကထာ, ဋီကာစကားရပ်တို့ကိုထောက်၍ ဖြေဆိုရသော်....ဘုန်းကြီးဝယ်သောပစ္စည်းသည် ဝယ်သော ဘုန်းကြီးအား မအပ်၊ နိဿဂ္ဂိယထိုက်၏။ ပါစိတ်အာပတ်သင့် ၏။ မစွန့်ပဲသုံးဆောင်မှု သုံးဆောင်တိုင်း ဒုက္ကဋ်သင့်၏။ မူလက ငွေကိုအလှူမခံပဲ ဈေးသို့ကပ္ပိယနှင့်အတူသွား၍ ဈေးသည်ထံ ကျမှ ရဟန်းကဈေးဆစ်၍ဝယ်ခြင်းစသော ဒုဗ္ဗိစာရဏာ= မကောင်းသဖြင့်စီမံခြင်းပြုရုံမျှပြုသော် အခြားတပါးသော ရဟန်းတော်များအား အပ်ပါသေး၏။ မူလက ငွေကိုအလှူခံ ခဲ့၍ အစိုးတရ ကိုယ်ပိုင်ကိုယ်တိုင်ဝယ်ယူပါမူ အခြားတပါး သောရဟန်းတော်များအားလည်း မအပ်၊ နိဿဂ္ဂိယဝတ္ထုဖြစ် ၏။ သုံးဆောင်တိုင်းလည်း ဒုက္ကဋ်အာပတ်သင့်၏....ဟူ၍ပင် ဖြေဆိုရပါမည်။

**မှတ်ချက်။** ။အချို့သော ဝိနယဂရုကဆရာတော်များသည် ရဟန်းချင်းချင်းပေးလှူသည့် သပိတ်, သင်္ကန်း စသော ပစ္စည်းများကို နိဿဂ္ဂိဖြစ်နေအံ့စိုး၍ အလှူခံတော်မမူ ကြ။ အလှူတခု၌ ရဟန်းတော်တပါးပါးကဦးဆောင်၍ စီမံ နေမှန်းသိလျှင်လည်း ဒကာဒကာမတို့၏သဒ္ဓါတရားကို စောင့် ရှောက်သောအားဖြင့်သာ အလှူခံပြီး ထိုပစ္စည်းများကို ကိုယ် တိုင်ဝတ်ရုံသုံးဆောင်တော်မမူကြသည်ကို တွေ့သိရဖူးပါသည်။

(ဗုဒ္ဓဓမ္မလောက)

## ၇၉–မှောင်ခိုပစ္စည်းနှင့် ရဟန်းတော်များ

**အမေး။** ။အစိုးရခွင့်မပြုသောပစ္စည်းများ (ဝါ) မှောင်ခိုသွင်းလာသောပစ္စည်းများကို ရဟန်းတော်များ သုံးသင့်–မသုံးသင့်၊ ဖြေကြားပေးပါရန်။

ဦးသုမန (တောင်ကြီးမြို့)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ–၁၈၊ အမှတ်–၂၃)

**အဖြေ။** ။ရဟန်းသည် အစိုးရခွင့်ပြုသည့်ပစ္စည်းကို ကိုယ်တိုင်ဝယ်ယူသုံးစွဲလျှင်ကယဝိက္ကယသိက္ခာပုဒ်ဖြင့်နိဿဂ္ဂိယပါစိတ်အာပတ် သင့်သကဲ့သို့၊ အစိုးရခွင့်မပြုသည့် မှောင်ခိုပစ္စည်း (ဝါ) ခိုးသွင်းသည့်ပစ္စည်းကို ကိုယ်တိုင်ဝယ်ယူသုံးစွဲလျှင်လည်း ပဌမ-ကယဝိက္ကယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။ ဒုတိယ-သူခိုးအားပေးသူ၊ သူခိုးလက်ခံသူဖြစ်သည်။

လောက၌ သူခိုးလက်ခံသူများကို အစိုးရသိလျှင် အနည်းဆုံး သူခိုးထံမှဝယ်ယူထားသည့်ပစ္စည်းကို အသိမ်းခံရသည်။ **အရေး**ကြီးသော အလွန်များသောပစ္စည်းများဖြစ်ပါမူ လူကိုပါဖမ်း၍ ဒဏ်ရိုက်ခြင်း, ထောင်ချခြင်း-စသည်များပြုသည်ကိုထောက်သော် ကြီးလေးသော လောကပြစ်သင့်ပါသည်။ လောကုတ္တရာပြစ်အားဖြင့်လည်း သေးငယ်လှမည်မဟုတ်ပေ။ သို့သော် ယခုအခါမှာကား စီးပွားဖြစ်မဟုတ်ပဲ အိမ်သုံး, ကျောင်းသုံးအဖြစ် မှောင်ခိုပစ္စည်းများ အိမ်တိုင်း, ကျောင်းတိုင်းမှာလိုလိုပင် ရှိနေ

သည်များကို အစိုးရအနေဖြင့်သိလျက်နှင့် အရေးမယူတော့သည်ကိုထောက်သော် လောကပြစ်အားဖြင့် မကြီးလေးလှတော့ပေ။ လောကုတ္တရာပြစ်အားဖြင့်လည်း မိမိပိုင်ဝတ္ထုငွေဖြင့် ကိုယ်တိုင်ဝယ်ယူသုံးစွဲပါမူ နိဿဂ္ဂိယပါစိတ်အာပတ်သင့်ရာသည်။ ဒကာ-ဒကာမများက ဝယ်ယူလှူဒါန်းပါမူ တက်ထရှန်သက်န်းစသော (ရဟန်းတော်တို့အားအပ်စပ်သော) ပစ္စည်းများကိုသုံးစွဲသော်လည်း အပြစ်အာပတ်မသင့်ဟု မှတ်ယူရပါမည်။

ဥပမာ– အသားစားသောရဟန်းသည် ကိုယ်တိုင်လည်း မသတ်၊ သတ်အောင်လည်း သူတပါးအားမတိုက်တွန်း၊ မညွှန်ပြသော် ထိုအသားကိုစားသော်လည်း အပြစ်အာပတ်မှလွတ်သကဲ့သို့ မှတ်ယူသင့်ပါသည်။ သို့သော် ဝိနယဂရုက၊ သိက္ခာကာမ၊ လဇ္ဇီပေသလဖြစ်လိုလှသည့် အချင်ကောင်း အရှင်မြတ်တို့ကား ဘုရားရှင်နှင့် အုပ်ချုပ်သူအစိုးရတို့ ခွင့်မပြုသည့်အမှုကိစ္စဟူသမျှကို ရှောင်ကြဉ်ကြမြဲဖြစ်ပါသတည်း။

(ဗုဒ္ဓဓမ္မလောက)

---

### ၆၀–ပုစ္ဆာ (၄) ချက်အမေးထွက်

**အမေး။** ။၁။ ရဟန်းတပါးသည် သူ၏စိတ်၌ အစိုးရခွင့်လွှတ်သည်ထင်သော ပိတ် ၂-ဂိုက်ကို (ခိုးလိုသောစိတ်မပါ) အသုံးလို၍ ဝယ်ယူပြီးသုံးလျှင် အဘယ်သိက္ခာပုဒ်ဖြင့်အဘယ်အာပတ်သင့်သည်။

၂။ မှောင်ခိုလုပ်သောရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်သည်။

၃။ စိတ်မပါပဲ အသက်အန္တရာယ်ကြောင့် ဆေးနှင့်ရောပြီး အရက်ကိုသောက်သောရဟန်းနှင့်လူတို့အား သုရာမေရယကံထိုက်-မထိုက်။

၄။ သိ၍မိုက်သောပုဂ္ဂိုလ်နှင့် မသိ၍မိုက်သောပုဂ္ဂိုလ်တို့တွင် အဘယ်သူကအပြစ်ကြီးပါသနည်း။

ထွန်းရှိန်-ဆင်မင်းအိုင် (ခေတ္တရှမ်းပြည်)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၆၊ အမှတ်-၄၇)

အဖြေ။ ။၁။ ရဟန်းသည် သူ၏စိတ်၌ထင်သည့်အတိုင်း အစိုးရ ခွင့်လွှတ်သည့်ပိတ်ကို ဝယ်၍သုံးလျှင် ကာယဝိက္ကယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။ အကယ်၍ အစိုးရခွင့်မလွှတ်သည့်(ဝါ)မှောင်ခိုသည့် (ဝါ)ခိုးယူလာသည့်ပိတ်မှန်းသိလျက် ဝယ်၍သုံးလျှင် ပဌမ-ကာယဝိက္ကယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။ ဒုတိယ-သူခိုးအား အားပေးသူ၊သူခိုးလက်ခံသူဖြစ်သည်။လောက၌သူခိုးလက်ခံသူများကို အစိုးရသိလျှင် အနည်းဆုံး သူခိုးထံမှဝယ်ယူထားသည့်ပစ္စည်းများကို အသိမ်းခံရသည်။ အရေးကြီးသောအလွန်များသော ပစ္စည်းဖြစ်ပါက လူကိုပါဖမ်း၍ ထောင်ချသည်များကိုထောက်သော် လောကပြစ်မှာ ကြီးလေးလှသည်။ လောကုတ္တရာပြစ်အားဖြင့်လည်း သေးငယ်လှသည် မဟုတ်ပေ။ သို့သော်ဤအမေးမှာကား ရဟန်းက ဝတ္ထုငွေဖြင့်ပေးဝယ်ရ၍

နိဿဂ္ဂိယပါစိတ်အာပတ်မှတပါး အခြားအာပတ်ဖြင့် တပ်ဖို့ကား မဖြစ်နိုင်ပေ။

ဒုတိယပါရာဇိကဥလာသော ထေယျသင်္ခါတံပုဒ်အရ ရိုးရိုးသားသားစိတ်ထားဖြင့်ယူခြင်းမဟုတ်ပဲ ခိုး၍, တိုက်၍, လိမ်၍, ညာ၍,လုည့်ပတ်၍ယူလိုသောစိတ်၊ ကျသင့်သောနှုန်းထားမပေးရအောင် ရှောင်လွှဲဖုံးကွယ်လိုသောစိတ်ဟူသမျှကို ယူရမည်ဟု မိန့်ဆိုသည်ကိုလည်းကောင်း၊ ရဟန်းသည် သူ့ဥစ္စာကို ကိုယ့်ဥစ္စာမှတ်၍ (မှား၍) ယူမိလျှင် အပြစ်မရှိ။ သို့သော် သူ့ဥစ္စာမှန်းသိသည့်အချိန်မှာ ပြန်ပေးရမည်၊ မပေးသော် ဘဏ္ဍာစားထိုက်၏။ ပစ္စည်းတန်ဖိုးအလိုက် အာပတ်သင့်၏ဟု မိန့်ဆိုသည်ကိုလည်းကောင်း ထောက်သော် ဝိနယဂရုကပုဂ္ဂိုလ်သည် မှောင်ခိုပစ္စည်းမှန်းသိသည့်အချိန်မှာ ပြန်၍လဲသင့်ပေးသည်၊ ပေးသင့်သည်၊ စွန့်သင့်သည်။

ဝိနယဂရုက၊ သိက္ခာကာမ၊ လဇ္ဇီပေသလဖြစ်လိုလှသည့် အရှင်ကောင်းအရှင်မြတ်တို့ကား ဘုရားရှင်နှင့် အုပ်ချုပ်သူအစိုးရတို့ခွင့်မပြုသည့် အမှုကိစ္စဟူသမျှကို ရှောင်ကြဉ်ကြမြဲဖြစ်ပါသတည်း။

၂။ မှောင်ခိုလုပ်သောရဟန်းအား ပဌမ-ကယဝိက္ကယ-သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။ ဒုတိယ-ဝိသမလောဘကြောင့် လုပ်သောအလုပ်ဖြစ်၍ ပစ္စည်းတခုကို မိမိဝယ်စဉ်က ပေးရသည့်အဖိုးကို လျော့မည်မဟုတ်၊ ပို၍သာပြောမည်။ တိုက်ရိုက်မပြောသော် ပရိယာယ်ဖြင့်ပြောမည်မှာ

သေချာသည်ဖြစ်သောကြောင့် ဒုတိယပါရာဇိကနှင့် အလွန်နီး စပ်သည့်အတွက် ပစ္စည်းတန်ဖိုးအလိုက် အာပတ်ဖြင့် ဆုံးဖြတ် သင့်သည်ဟုသာ ဖြေဖို့ရှိပါသည်။ (ထေယျသစိတ်ဖြင့် တမတ် - တမတ်တန်အထက်ကိုယူလျှင် ပါရာဇိက၊ တပဲအထက် တမတ်အောက်ယူလျှင် ထုလ္လစ္စည်း၊ တပဲအောက်ယူလျှင် ဒုက္ကဋ်- အာပတ်သင့်သည်။)

၃။ ဆေးနှင့်ရောပြီး အရက်ကိုသောက်သောရဟန်းနှင့် လူတို့အား (အခြားကံဘာပါးကိုမကျူးလွန်လျှင်) ပဋိသန္ဓိဇနက ကံမသိုက်၊ ပဝတ္တိဇနကကံကားသိုက်၏။

မှတ်ချက်။ ။ရဟန်းမှာ အရက်မှန်းမသိသော်လည်း သောက်မိ ပါက ပါစိတ်အာပတ်သင့်သကဲ့သို့ လူများမှာ စိတ်မပါသော်သည်း အရက်မှန်းသိလျက်နှင့် သောက်လျှင် အကုသိုလ်ဖြစ်မှုမလွတ်ပါ။

(အဋ္ဌသာလိနီ၊ မူလဋီကာ-အနုဋီကာများနှင့် ဆူးခါးဆရာ တော်၊ မဟာဝိသုဒ္ဓါရုံဆရာတော်တို့၏ အဆိုအမိန့် အဆုံး အဖြတ်များကို မှီးသည်။)

၄။ မသိ၍မိုက်သောပုဂ္ဂိုလ်က ပို၍အပြစ်ကြီးသည်။

(မိလိန္ဒပဉှာလာ မီးခဲကိုင်သည့်ဥပမာကို မှီးသည်။)

(ဗုဒ္ဓဓမ္မလောက)

## ၉၁-ရဟန်းသာမဏေများ နေလွဲသောအခါ ချင်း ကြက်သွန်ကို စားအပ်-မစားအပ်

**အမေး။** ။ယခုကာလမှာ အချို့သောရဟန်း သာမဏေများသည် နေလွဲသောအခါ၌ ချင်းကိုလည်းကောင်း၊ ကြက်သွန်ကိုလည်းကောင်း ဓားဖြင့်လှီး၍ ဆီဆားတို့နှင့်သုပ်ပြီး သုံးဆောင်နေကြသည်ကို မကြာမကြာတွေ့မြင် နေရပါသည်။ ဤသို့ သုံးဆောင်ခြင်းမှာ ရဟန်းသာမဏေများ အပ်-မအပ်ကို သိလိုပါသည်။ ထို့ကြောင့် တွေးဆမြော်မြင်တတ်သော ပညာရှင်ပုဂ္ဂိုလ်များ ဖြေကြားတော်မူပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ဆန်းမြင့်စန္ဒာ (သလ္လာမြေ)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၁၄)

**အဖြေ။** ။ချင်း, ကြက်သွန်, ဆားတို့သည် ယာဝဇီဝိက၊ ဆီက သတ္တာဟကာလိကဖြစ်၍ သာမန်အားဖြင့်ကြည့်သော် နေလွဲသောအခါ၌ သုံးဆောင်အပ်၏ဟုပင် ယူဆရပါမည်။ သို့သော် ယခုအခါ သုံးဆောင်ကြသည့် ချင်းသုပ်, ကြက်သွန်သုပ်တို့မှာ မကောင်း–ကောင်းအောင် ဆီ, ဆားတို့ဖြင့် သုပ်လုပ်ထားသောကြောင့် ဟင်းလျာတမျိုးကဲ့သို့ဖြစ်နေ၍ ယာဝကာလိကခဲဖွယ်ဘွင် ပါဝင်နေသည်ဟု ယူဆပြီး အချို့သောဝိနယဂရုက ဆရာတော်များ သုံးဆောင်တော်မမူကြပါ။ မကောင်း-ကောင်းအောင် သုပ်လုပ်ထားသည့်အဘွက် ယာဝကာလိကတွင် မပါဝင်စေကာမူ ထိုချင်းသုပ်,

ကြက်သွန်သုပ်ကိုစားမှ ပျောက်ကင်းချမ်းသာမည့် အနာရောဂါ ဝေဒနာရှိမှသာ သုံးဆောင်ကောင်းသည်။ ထိုသို့မဟုတ်ပဲ အကြောင်းမဲ့ဖြစ်စေ၊ ဆာလောင်မှုပ်သိပ်၍ဖြစ်စေ သုံးဆောင်လျှင် အာပတ်မှမလွတ်နိုင်ပေ။ အကပ်ခံလျှင် ဒုက္ကဋ်၊ သုံးဆောင်လျှင်၊ မျိုလျှင်၊ သုံးဆောင်တိုင်း, မျိုတိုင်း ဒုက္ကဋ်အာပတ်သင့်၏။

(ဝိကာလဘောဇန သိက္ခာပုဒ်၊ ပါစိတ်-၁၁၆။ ၎င်းအနာပတ္တိပါဠိ-၁၁၆။ ၎င်းသိက္ခာပုဒ်အဖွင့် ကခ်ါ-၄။ မဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက-ပါ။ ခုဒ္ဒသိက္ခာ-၎င်း၏ဋီကာတို့၌လည်း အလားတူပင် မိန့်ဟဖွင့်ပြတော်မူကြပါသည်။)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၃၀)

---

## ၆၂-ရဟန်း သာမဏေနှင့်ရွှေသွား

**အမေး။** ။ရဟန်းသာမဏေများသည် ရွှေသွား, ငွေသွားများတပ်ပါက အမြဲနိဿဂ္ဂိယထိုက်-မထိုက်၊ **အာပတ်**သင့်-မသင့် သံသယကင်းအောင် ကျမ်းကိုးကား၍ ဖြေကြားပါရန်။

ဦးကောဗ္ဗည (ရန်ကုန်)
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၇၊ အမှတ်-၂၇)

**အဖြေ။** ။ရူပိယသိက္ခာပုဒ် (ပါ) ၌ "အကြင်ရဟန်းသည် ရွှေ, ငွေကို ကိုယ်တိုင်ခံယူငြားအံ့၊ မိမိဖို့ သူတပါးကိုမူလည်း ခံယူစေငြားအံ့၊ အနီးမျက်မှောက်၌ လာရောက်အပ်နှံ

လူဒါန်းအပ်သော ရွှေ, ငွေကို ကိုယ်နှုတ်နှစ်ပါးတွင် တပါးပါး ဖြင့်မပယ်မြစ်ပဲ လက်ခံသာယာငြားအံ့။ ထို ရွှေ, ငွေများ နိဿဂ္ဂိယထိုက်၍ ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်စေ” ဟု ပညတ်တော်မူချက်ကိုလည်းကောင်း၊

ရွှေ, ငွေကို မိမိဖို့မဆိုထားဘိ စေတီစသည်တို့အကျိုးငှာ “အရှင်ဘုရားတို့ခံယူထားပါကုန်လော့” ဟု လျှောက်ထားလာ သောအရာ၌ပင် “ငါတို့အား ခံယူခြင်းငှာမအပ်” ဟု ပယ်မြစ်ရ မည်ဟူ၍ ရာဇသိက္ခာပုဒ် (၄) ၌ ဖွင့်ပြတော်မူသည်ကို လည်း ကောင်း၊

ရဟန်းများအနေဖြင့် ကိုယ်ပိုင် ရွှေ, ငွေကိုမဆိုထားဘိ လှူဒါ ယကာများပိုင်သည့် ရွှေ, ငွေကိုပင် ကိုယ်တိုင်မသိမ်းဆည်းပဲ သူတပါးအား “ယူလော့၊ သိမ်းထားလော့၊ မည်သည့်ပစ္စည်း အတွက်ပေးလိုက်လော့”စသည်ဖြင့် စီမံခြင်းအမှုကိုပင် မပြုအပ် ကြောင်းကို သာရတ္ထ (ဋီ)၊ ဘေရသကဏ် (ဋီ)၊ ဝိမတိ (ဋီ) တို့၌ ဖွင့်ပြထားတော်မူကြသည်ကိုလည်းကောင်း ထောက်သော် ပါးစပ်ထဲတွင် သိမ်း ဆည်း ထား အပ် သော ရွှေသွားသည် “မအပ်၊ အမြဲနိဿဂ္ဂိယထိုက်၍ ပါစိတ်အာပတ်သင့်နေမည်” ဟူ၍သာ ဖြေဆိုစရာရှိပါသည်။

မှတ်ချက်။ ။ထို့ကြောင့်ပင် ဤစာရေးသူ၏ကျေးဇူးတော် ရှင်များဖြစ်ကြသည့် ပခုက္ကူနိကာယ၊ ရေနံ ချောင်းတွင်းကုန်း ပုဗ္ဗာရုံပထမဆရာတော်ကြီး၊ ရင်းတိုက်အုပ်

ဆရာတော် ဦးဇဋ္ဌိလသဘာ၊ ပခုက္ကူဆရာတော် ဦးပညာ၊ ညောင်ဦး ဆရာတော် ဦးနန္ဒဝံသ၊ ရန်ကုန်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဦးကောသလ္လ-စသော ဆရာတော်ကြီးများက ရဟန်းများဆေးလိပ်သောက်မှု ရွေသွားစိုက်မှုနှင့် အင်္ကျီလက်ပြတ်ပုံ (ပခုံးတဘက်ပေါ်) အံသကိုက်ဝတ်မှုကို အလျဉ်းသင့်တိုင်း မကြာခဏဆိုသလို ပြစ်တင်ရှုတ်ချ ဆုံးမတော်မူလေ့ရှိသည်များကို နာခံမှတ်သားရဖူးပါသည်။

(ဗုဒ္ဓဓမ္မလောက)

---

## ၄၃–ပါရာဇိကပြဿနာ

**အမေး။** ။၁။ စာမေးပွဲတွင် ခိုးချ၍အောင်မြင်သော ရဟန်းသည် ပါရာဇိကသိက္ခာပုဒ်ဖြင့် ငြိစွန်းပါသလား။

၂။ ပါရာဇိကကျပြီးသောရဟန်းများသည် (က) ရှင်သာမဏေပြုပေးခြင်း၊ (ခ) ရဟန်းခံပေးခြင်းများတွင် ဥပဇ္ဈာယ်ပြု၍ဆောင်ရွက်ပါလျှင် သာမဏေ,ရဟန်းဖြစ်မြောက်ပါမည်လော။

မောင်ရွှေမြ

(ဗုဒ္ဓဓမ္မလောက)

**အဖြေ။** ။၁။ စာမေးပွဲတွင် ခိုးချ၍အောင်မြင်သောရဟန်းသည် ခိုးချရုံမျှဖြင့် ပါရာဇိကသို့မရောက်သေး။

ဆိုငြေ၊ သို့မဟုတ် ဆုအဖြစ်ပစ္စည်းတခုခုကို လက်ခံရယူသော

အခါမှာ ပစ္စည်းတန်ဖိုးအလိုက် အာပတ်သို့ရောက်ရသည်။ ယခု အခါစာမေးပွဲများ၌ ဆုအဖြစ် ပေးလှူချီးမြှင့်ကြသောတန်ဖိုးမှာ ပါရာဇိကသို့ရောက်နိုင်သည်သာ များသည်။

ဤနေရာ၌ အချို့က လူအများတို့ကိုးကွယ်ပူဇော်ရာ ဘုရားဆင်းတုတော် စေတီတော်သည် သိမ်းဆည်းစောင့်ရှောက်အပ်သော တစုံတယောက်သောသူ၏ ကိုယ်ပိုင်ဥစ္စာစစ်စစ်မဟုတ်၍ ဘုရားဆင်းတုတော် စေတီတော်ကိုခိုးလျှင် အပြစ်မရှိသကဲ့သို့ တရားကို(စာကို) ခိုးလျှင်လည်း အပြစ်မရှိနိုင်ဟု ယူဆကြသည်။ (ဤစာရေးသူအရှင်သည် ၁၃၀၃–ခု၊ စစ်ကိုင်းစာဖြေဌာန၌ ပထမကြီးတန်းဖြေဆိုစဉ်က ထို အ ယူ အဆနှင့်ထိုအပြောမျိုး ပြောပြီး စာအုပ်ထဲမှကူးချသူများ တဦးနှင့်တဦး မေးကြပြော ကြသူများကို တွေ့ခဲ့ရဖူးပါသည်။ ခဲတန်ချွန် (အမည်ခံ) တော်တော်ကြီးကြီးမောင်းချမားများကို စာရေးစားပွဲထောင့်စွန်း၌ စိုက်ထောင်ထားကြ၍ စောင့်ကြပ်သူပညာအုပ်များကလည်း ပြောဝံ့ဟန်မတူပေ။

၂။ (က)ပါရာဇိကကျပြီးသောရဟန်းက ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုပေးရာ၌ ရှင်သာမဏေမဖြစ်နိုင်ပါ။ အကြောင်းကား သွားကျိုးနေသော (ရဟန်းစစ်) မထေရ်က ရှင်လောင်းကို သရဏဂုံချပေးရာ၌ မပီသ၍ အနီးရှိ ဗျတ္တဖြစ်သောသာမဏေက ရှင်လောင်းကို ပီသအောင်ဆိုစေရာ၌ပင် မအောင်ဟူ၍ (ဝဇိရဗုဒ္ဓိဋီကာ ဒု၊ ဇမ္ဗူ-၉၆-၌) မိန့်ဆိုထားသောကြောင့် တည်း။

တနည်း။ ရှင်ပြုပေးရာ၌ ဆရာတပည့် "ဥဘတောသုဒ္ဓိ" ဖြစ်ရမည်ဟု ဆိုသောကြောင့်တည်း။

(ခ) ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးရာတွင် (အခြားအင်္ဂါများပြည့်စုံပါက) ရဟန်းအဖြစ်သို့ ရောက်နိုင်ပါသည်။ အကြောင်းကား....ဥပဇ္ဈာယ်မယူပဲ သို့မဟုတ် ယူကားယူ၍၊ သိမ်ထဲမှာဥပဇ္ဈာယ်မရှိပဲရဟန်းခံလျှင် ရဟန်းဖြစ်၏ဟူ၍ (ဝဇိရဗုဒ္ဓိဋီကာ ဒု၊ ဇမ္ဗူ.-၁၁၃ ၌) မိန့်ဆိုသောကြောင့်တည်း။

(ဗုဒ္ဓဓမ္မလောက)

---

## ၉၄-ဝါပန်ခြင်းနှင့်စပ် အမေး (၃) ရပ်

**အမေး။** ။၁။ ယခုအခါ ဝါပန်ကြသောပါဠိသည် ပါဠိ၊ အဋ္ဌကထာတို့၌လာသော ပါဠိလား၊ သို့မဟုတ် ဘယ်ကျမ်းမှလာသောပါဠိပါနည်း၊ ပြည့်ပြည့်စုံစုံ သိလိုပါသည်။

၂။ နဝင်မိခေါ်သောစကားအဓိပ္ပာယ်နှင့် နဝင်မိသွားသောရဟန်း ဝါပြတ်မပြတ်၊ အာပတ်သင့်မသင့်။

၃။ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးသောရဟန်းသည် ထိုနေ့မှာပင် ခရီးသွားပါက ဝါပန်ပြီးမှသွားရသည်ဟု ပြောသူရှိနေပါသည်။ ဝါကျွတ်၍ ပဝါဏာပြုပြီးဖြစ်ပါလျက် ဝါပန်ပြီးမှ သွားရသည်ဆို

သောစကား ဟုတ်—မဟုတ်၊ မှန်-မမှန် သိလို ပါသည်။

သိလိုသူ (တောကျောင်း)

**အဖြေ**။ ။၁။ အန္တောသတ္တာဟေ ပဋိနိဝတ္တေဿာမိ....ဟူသော ယခုအခါ ဝါပန်ကြသည့်ပါဠိကို ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ မတွေ့မိပေ။ (ဝိမတိဝိနောဒနီဋီကာ ၁၇၅-၌) အန္တောသတ္တာဟေ အာဂစ္ဆိဿာမိတိ အာဘောဂံ ကတွာ ဂန္တုံ ဝဋ္ဋတိ။ (ခုနစ်ရက်အတွင်း ပြန်လာအံ့-ဟု နှလုံးသွင်းခြင်းကိုပြု၍ သွားခြင်းငှာအပ်၏) ဟူသော ပါဠိကိုသာ တွေ့မိပါသည်။ ထိုထိုပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ မလာမရှိသော်လည်း ဋီကာလာစကားကိုမှီး၍ ၎င်း ဝါပန်သောပါဠိကို ရှေးဆရာတော်များ စီရင်၍ထားခဲ့ကြောင်းကို (ဝိသုဒ္ဓါရုံဝိနိစ္ဆယ၊ ပ-၂၀၃-၌ မိန့်ဆိုထားသည်ကို) တွေ့ရပါသည်။

၂။ သီတင်းမကျွတ်မီ ၇-ရက်အလို သီတင်းကျွတ်လဆန်း ၉—ရက်နေ့ကို နဝမနေ့—နဝမီနေ့ဟု ခေါ်သည်။ ၎င်း ၉-ရက်နေ့မှအစပြု၍ သတ္တာဟကရဏီယဖြင့် ဝါကိုပန်၍ သွားလျှင် ၇—အရုဏ်မြောက် သီတင်းကျွတ်လပြည့်နေ့မှာ ဝါကျွတ်ပြီဖြစ်၍ ဝါတွင်းမဟုတ်တော့ပြီ။ ၎င်း ၇—ရက်ကိုပင်လွန်၍ ၈—ရက်မြောက်အရုဏ် တက်သော်လည်း ကပ္ပိယခေတ်သို့ ရောက်လေသောကြောင့် ဝါလည်းမပြတ်၊ အာပတ်လည်း မသင့်တော့ပါ။ (ဝိ-၃၊ ၄-၃၅၅)

၃။ ဝါကျွတ်၍ ပဝါရဏာပြုပြီး ဖြစ်ပါလျက် ဝါပန်ပြီး မှသွားရမည်ဆိုသော စကားသည် ဟုတ်ပါပေ၏။ မှန်ပါပေ၏။

ခ၍ဦးအံ့...နဝမိမှစ၍ လပြည့်နေ့ပဝါရဏာကို ပြု၍ပြီးသည် တိုင်အောင် တရက်ရက်၌ အကြောင်းရှိ၍ ခရီးသွားလိုသော ရဟန်းသည် သတ္တာဟကရဏီယဖြင့် ဝါပန်၍သာသွားအပ်၏။ (ဝိမတိဋီကာ—၁၇၉)

ပဝါရဏာပြုပြီးဖြစ်လျက် အဘယ်ကြောင့် ဝါပန်ပြီးမှသွား ရပါသနည်း။ ဝါကျွတ်ပြီမဟုတ်တုံလော။ ဝါကျွတ်သော ကြောင့်ပင် ဝဿံဝုတ္ထာနံ ပဝါရေတုံ—ဟူ၍ ဝါကျွတ်သော ရဟန်းတို့အား မြတ်စွာဘုရားသည် ပဝါရဏာကိုပြုခြင်းငှာ ခွင့်ပြုတော်မူအပ်သည် မဟုတ်တုံလော—ဟု စောဒနာငြားအံ့၊ ဝါဆိုသောအခါက တေမာသံ ဝဿံ ဥပေမိ—သုံးလပတ်လုံး နေအံ့ဟူ၍ ဝါသို့ကပ်၍နေလာခဲ့သည်။ ၎င်းတေမာသလည်း သီတင်းကျွတ်လပြည့်နေ့ အရုဏ်တက်သည်က အစပြု၍ ပြည့်ဆဲ သာဖြစ်၍ တဖို့သာပြည့်သေးသည်၊ အလုံးစုံကား မပြည့်သေး။ ၎င်းတေမာသပြည့်သော တစိတ်တဖို့ကိုစွဲ၍ မြတ်စွာဘုရားသည် ဝဿံဝုတ္ထာနံ ပဝါရေတုံ—ဟူ၍ ဝါကျွတ်သောနေ့ ရဟန်းတို့ အား ပဝါရဏာပြုခြင်းကို ခွင့်ပြုတော်မူသည်။ အလုံးစုံဝါ ကျွတ်ပြီ ဖြစ်သောကြောင့် ခွင့်ပြုတော်မူသည်မဟုတ်။ အလုံးစုံ ဝါကျွတ်ခြင်းသည်ကား သီတင်းကျွတ်လပြည့်နေ့ကုန်၍ လပြည့် ကျော်တရက်နေ့သို့ ကျရောက်သောအခါမှ သာလျှင် ကျွတ်

သည်။ ထို့ကြောင့် ၎င်းလပြည့်နေ့၌ အလုံးစုံဝါမကျတ်သေး၊ တစိတ်သာကျွတ်သေးကြောင်းနှင့် လပြည့်ကျော် တရက်နေ့မှ အလုံးစုံအကုန်ကျွတ်ကြောင်းကိုလည်း "ဝဿံဝုတ္ထာတိ ပုရိမိကာ ဥပဂတာ မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒဒိဝသတော ပဋ္ဌာယ ဝုတ္ထဝဿာတိ ဝုစ္စန္တိ" ဟူ၍ (ဝိ ၁၊ ပ–၂၄၉ ၌) ဖွင့်ပြထားပါသည်။

---

## ၉၅–ဝါကျွတ်နေ့

မင်းဘူးဆရာတော်....သို့၊

ရိုသေစွာ လျှောက်ထားပါသည်။ တပည့်တော်များသည် လွန်ခဲ့သည့်နှစ်က ဗုဒ္ဓမ္မလောက-စာစောင်မှ ဝါကျွတ်သည့်နေ့ အဖြေများကိုဖတ်ရသည်မှာ နှစ်ဝါဒဖြစ်နေ၍ ဘဝင်မကျ ဖြစ်ခဲ့ရပါသည်ဘုရား။ သို့ပါ၍ အရှင်ဘုရားက တပည့်တော်များ ဘဝင်ကျအောင် ယုတ္တိဆောင်၍ ထင်မံပြီးအဖြေပေးတော်မူပါ ရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဘဒ္ဒန္တဥတ္တမ (တပ်ပေါက်ကလေးကျောင်းတိုက်၊ စကုမြို့)

အဖြေ။ ။ယခင်နှစ်က သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့မှာ ဝါကျွတ်ကြောင်းကို ပါဠိတော်ကိုး၍ ဖြေခဲ့ပါသည်။ ယခု အဋ္ဌကထာနှင့် ဋီကာများကိုကိုး၍ ဖြေဆိုပါအံ့။

သာရတ္ထဒီပနီဋီကာ၊ ဒု-အုပ်၊ ဒု-သိက္ခာပုဒ်အဖွင့် (၁၀၉) မှာ ပဝါရဏာနေ့အရုဏ်တက်လျှင်ပင် ဝါမှထပြီဟုမိန့်၏။ ဝဇိရဗုဒ္ဓိဋီကာ၊ ပ–အုပ်၊ ဒု-သိက္ခာပုဒ်အဖွင့်(၁၁၃)မှာလည်း-

ပဝါရဏာဒိဝသဿ အရုဏုဂ္ဂမနသ္မာ သမနန္တရမေဝ
ဝုတ္တဝဿာတိ ဝုစ္စတိ၊ ဥက္ကံသနယေန ပါဋိပဒဒိဝသတော
ပဋ္ဌာယာတိ ဝုတ္တံ–ဟု မိန့်ဆို၏။

ဝိမတိဋီကာ၊ ပ–အုပ် (၁၅၅) မှာကား အထွက်တရက်နေ့မှာမှ ဝုတ္ထဝဿဖြစ်ကြောင်းကို များစွာမိန့်ဆိုထား၏။ ဆရာမြတ်တို့ကား သာရတ္ထနှင့် ဝဇီရဋီကာတို့၏စကားကို နှစ်သက်တော်မူကြသည်။ အများသိနေကြသည့် ယုတ္တိကိုဆောင်၍ပြရသော်–မြတ်စွာဘုရားသည် ၆–ဝါအလွန်၊ ၇–ဝါမြောက်မှာ ''မယ်တော်မိနတ်နို့ဖိုးဆပ်တရား'' ဟောကြားတော်မူရန် တာဝတိံသာ နတ်ပြည်ဝယ် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဝါကပ်တော်မူစဉ် လူများအပေါင်းက အရှင်အနုရုဒ္ဓါအား မြတ်စွာဘုရားဘယ်အခါ၌ လူပြည်သို့ ပြန်ကြွတော်မူလာပါမည်နည်းဘုရား-ဟု လျှောက်ထားရာတွင် သီတင်းကျွတ်လပြည့်၊ မဟာပဝါရဏာနေ့၌ ပြန်ကြွသတ္တံ့–ဟု မိန့်တော်မူ၏။ ထို့နောက် ့သေချာသထက်သေချာအောင် လူများအပေါင်းက အရှင်မဟာမောဂ္ဂလာန်မထေရ်ထံသို့ချဉ်းကပ်ပြီး အရှင်ဘုရားမောဂ္ဂလာန်...မြတ်စွာဘုရား လူ့ပြည်သို့ပြန်ကြွမည့်နေ့ရက်ကိုသိအောင် ပြုပေးတော်မူပါရန် လျှောက်ထားတောင်းပန်ကြသည့်အတွက် အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ တာဝတိံသာ သို့ကြွသွားတော်မူပြီးမြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ''ရှင်တော်မြတ်ဘုရား.... ရှင်တော်မြတ်ဘုရားတို့သည် လူ့ပြည်သို့ အဘယ်အခါအဘယ်

ကာလ၌ ပြန်ကြွသက်ဆင်းတော်မူပါအံ့နည်း–ဘုရား.... ” ဟု လျှောက်ထားလတ်သော် “ချစ်သား–မောဂ္ဂလာန်... သင်၏ နောင်တော်ကြီး သာရိပုတ္တရာသည် အဘယ်အရပ်၌ဝါကပ် ဘိသနည်း” ဟု မေးတော်မူလျှင် “သင်္ကဿနဂိုရ်ပြည်၌ ဝါကပ် ပါသည်ဘုရား” ဟု လျှောက်ထား၏။ ထိုအခါမြတ်စွာဘုရား က “ချစ်သား–မောဂ္ဂလာန်....ငါဘုရားသည် ဤနေ့မှ ၇–ရက် မြောက်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သင်္ကဿနဂိုရ်ပြည် မြို့တံခါးဝသို့ သက်ဆင်းပေအံ့” ဟု မိန့် တော်မူ၏။

(ဓမ္မပဒ ဋ္ဌ–ဒု၊ ဗုဒ္ဓဝဂ်၊ ဒေဝေါရောဟနဝတ္ထုမှ)

(ဗုဒ္ဓဓမ္မလောက)

---

## ၉၆–ပဝါရဏာရွတ်ဆိုပုံ

အမေး။ ။၁။ ယခုအခါ သံဃပဝါရဏာပြုကြရာမှာ အချို့ က “ဝဒတု မံ သံဃော” ဟုဆို၍ အချို့က “ဝဒန္တု မံ အာယသ္မန္တော” ဟု ဆိုနေကြပါသည်။ ထိုနှစ်မျိုး ဘယ်ဟာကမှန်၍ ဘယ်ဟာကမှားသည်ကို ပါဠိအကိုးအကား များဖြင့် တိတိကျကျ သိပါရစေ။

၂။ နောက်တခုက ပဝါရဏာပြုရာမှာလည်း အချို့က “ဒုတိယမ္ပိ သံဃံ ဘန္တေ၊ တတိယမ္ပိ သံဃံ ဘန္တေ” ဟုဆိုကြ၍ အချို့ကတော့ “ဒုတိယမ္ပိ ဘန္တေ သံဃံ၊ တတိယမ္ပိ

ဘန္တေ သံဃံ''ဟု ဆိုကြပါသည် ဤအချက်ကိုလည်း အမှားအမှန် သိလိုပါသည်။ ဖြေကြားပေးတော် မူကြပါရန်။

သိလိုသူ-ဦးဝိသုဒ္ဓ
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၆၊ အမှတ်-၃၆)

အဖြေ။ ။၁။ ''ဝဒန္တု မံ အာယသ္မန္တော''ကား- (ဝိ ၃၊ ပါ-၂၂၃ ၌) တိုက်ရိုက်ပြထားသော စကားတော်ဖြစ်ပါသည်။ ''ဝဒတု မံ သံဃော''ကား (ပါ-၌ တို၌) တိုက်ရိုက်ပြထားသောစကား မဟုတ်ပါ။ ပဝါရဏာကိုဆောင်လာသော ရဟန်းက သံဃာအား လျှောက်ထားသည့်အရာမှာ ''ဝဒတု တံ ဘန္တေ သံဃော''ဟု (ဝိ ၃၊ ၌-၃၅၇-၌) ဖွင့်ပြထားသည်ကိုသာ တွေ့ရပါသည်။ ဝဇိရဗုဒ္ဓိဋီကာ ၄၇၄-၌ ''သံဃော၊ အာဝုသော''ဟု ရှေ့ပိုင်းမှာ ဧကဝုစ်နှင့်ရှိ၍ နောက်ပိုင်းမှာ ''ဝဒတု မံ သံဃော''ဟု ရှိသင့်ကြောင်းကိုပြပြီး တဖန်တဆက်တည်းမှာပင် သံဃာ၌ ထေရ, နဝ, မဇ္ဈိမအားလုံး အကျုံးဝင်သည်ဖြစ်၍ ''ဝဒန္တု မံ အာယသ္မန္တော''ပဲရှိသင့်ကြောင်းကို ဗဟုဝုစ်နှင့်ဖွင့်ပြထားပြန်ပါသည်။ ခုဒ္ဒသိက္ခာ၌လည်း ပါဠိတော်အတိုင်းပင်လာရှိပါသည်။ မူလသိက္ခာ၌''ဝဒတုမံ သံဃော''ဟု ရှိသည်မှာ ပါဌ်ဟောင်းမဟုတ်ဟု (ဆရာတော်ဦးဗုဓ်ရေး ခုဒ္ဒသိက္ခာနိဿယ (၂၄၀)၌ မိန့်ဆိုထားပါသည်။

ဝိနည်းကံနှင့်စပ်၍ အာစရိယဝါဒ ရထားဖူးသည်မှာ....
တပါးသွာ၊ ၂-ပါး န္တာ၊ ၃-ပါးမှာ န္တော၊ ၄-ပါး ဃော-ဟူသတည်း။ အဓိပ္ပါယ်ကား- တပါးကနေ ကျန်တပါးကို

ကြားရာမှာ အာယသ္မာ၊ တပါးကနေ ၂-ပါးကိုကြားရာမှာ အာယသ္မန္တာ၊ တပါးကနေ ၃-ပါးကိုကြားရာမှာ-အာယသ္မန္တော၊ တပါးကနေ ၄-ပါးကိုကြားရာမှာ သံဃော-ဟု ကြားရမည်ဟု ဆိုလိုသည်။

အသက်ပါသဒ္ဒါစည်းကမ်းကိုလိုက်၍ အချို့က ဝဒတု မံ သံဃောကို သဘောကျလက်ခံ၍လိုက်နာကျင့်သုံးနေကြကြောင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ မှားသည်ဟုတော့ မဆိုသာပါ။ အချို့ကလည်း ပုဂ္ဂလပဝါရဏာပြုရစဉ်က ဝဒတု မံ အာယသ္မာ ဟုဆိုခဲ့ရသည်ကို သံဃပဝါရဏာကျတော့ ဝဒတု မံ သံဃော လို့ ပြင်၍ဆိုလိုက်လျှင် အမှန်ပဲလို့ယူဆပြီး ဆိုနေကြတာလည်း ရှိကောင်းရှိပါလိမ့်မယ်။ အကောင်းဆုံး အမှန်ဆုံးကတော့ ပါဠိတော်မှာလာရှိသည့်အတိုင်း "ဝဒန္တု မံ အာယသ္မန္တော" က ပို၍ကောင်း ပို၍မှန်ကန်ပါသတည်း။

၂။ သဒ္ဒါတတ်သိ ပညာရှိများက အာလုပ်ပုဒ်တို့မည်သည် ဝါကျတခု၌ ရှေ့ဆုံးနာမ်ပုဒ်တခု၏နောက်၌ ကပ်လျက်ရှိရမည်ဟု မိန့်တော်မူကြသည်ကိုထောက်သော် "ဒုတိယမ္ပိ ဘန္တေ သံဃံ၊ တတိယမ္ပိ ဘန္တေ သံဃံ" က သဒ္ဒါစည်းကမ်းကျ၍ မှန်ကန်သည်ဟု ဆိုရပါမည်။

**မှာထားချက်။** ။ပဝါရဏာနှင့်စပ်၍ အပြည့်အစုံသိလိုပါက (ဝိ ၃၊ ပါ-၂၂၃-မှ၊ ၂၃၀-အထိ ကြည့်တော်မူကြပါ။)

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၂၆၊ အမှတ်-၄၂)

## ၉၇–ပစ္စ ါရဏာနှင့်ပါတိမောက်

**အမေး။** ။သံဃပစ္စ ါရဏာပြုကြရာတွင်–

၁။ အချို့ဆရာတော်များသည်အမေးအဖြေပြုလုပ်၍ ပစ္စ ါရဏာဉ တ်ကိုထားပြီး ပစ္စ ါရဏာပြုကြပါသည်။

၂။ အချို့ဆရာတော်များသည် အမေးအဖြေပြုလုပ်၍ ပါတိမောက်ပြပြီး ပစ္စ ါရဏာဉ တ်ထားကာ ပစ္စ ါရဏာပြုကြပါသည်။

မည်သည့်နည်းက ကျမ်းဂန်နှင့်ညီသည်ကို ကျမ်းအကိုး အကားပြပြီး ပညာရှိများဖြေကြားပေးစေလိုပါသည်။

မောင်သိချင်

(ဗုဒ္ဓဓမ္မလောက၊ အတွဲ–၁၈၊ အမှတ်–၂၁)

**အဖြေ။** ။ဣဒါနိ ဥပေါသထံ ကရိဿတိ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿတိ၊အာဂမေ ဇုဏှေ ကောမုဒိယာ စာတု- မာသိနိယာ ပစ္စ ါရေဿတိ။

(မဟာဝဂ္ဂ ပါ–၂၆၂)

ယခုအခါ (သီတင်းကျွတ်လပြည့်နေ့) ၌ ဥပုသ်ပြုအံ့၊ ပါတိမောက်ပြအံ့၊ ကုမုဒြာကြာပွင့်ချိန် မိုးလေးလအဆုံး လာမည့် တန်ဆောင်မုန်းလပြည့်နေ့၌ ပစ္စ ါရဏာပြုအံ့ဟူသော ဤ (သံဃ ပစ္စ ါရဏာသင်္ဂဟ ဉ တ်ကမ္မဝါစာ) စကားရပ်ကိုထောက်သော် ဥပုသ်ပြု-ပါတိမောက်ပြလျှင် ပစ္စ ါရဏာပြုရန်မလို၊ ပစ္စ ါရဏာ

ပြုလျှင် ဥပုသ်ပြု-ပါတိမောက်ပြရန်မလိုသည်ကို ပြတော်မူသောစကားရပ်ဖြစ်သည်။

နောက်တမျိုးကား....

(က) ပဝါရိတေဝ သံဃမှိ၊
ပါရိသုဒ္ဓိ ဥပေါသထံ။
ကရေယျ ဆိန္နဝဿော ဝါ၊
အဝုတ္ထော ဝါ နုပါဂတော။

(ခ) စာတုမာသိနိယာ စာပိ၊
ကတေ သံဃေနုပေါသထေ။
ဝုတ္ထဝဿာ ပဝါရေယျုံ၊
သစေ အပ္ပတရာ သိယုံတိ။ (ခုဒ္ဒသိက္ခာ)

(က) ဝါပြတ်သော ဝါမကျတ်သေးသော ပစ္ဆိမဝါသား၊ ဝါမကပ်သောရဟန်းများသည် ပဝါရဏာ ပြုပြီးသော ပုရိမဝါသား ရဟန်းတို့ထံ၌ သာလျှင် ပါရိသုဒ္ဓိဥပုသ် ပြုရမည်။

(ခ) တန်ဆောင်မုန်း လပြည့်နေ့၌ ပစ္ဆိမဝါမှ ထသော ရဟန်းများသည် ပုရိမဝါသား ရဟန်းများ ဥပုသ် ပြုပြီးမှ ၎င်းတို့ထံမှာ ပဝါရဏာ ပြုရမည်။ များပါမူကား ပဝါရဏာကို အလျှင်ပြုရမည်။ နောက်မှ ပုရိမဝါသား ရဟန်းများ ဥပုသ်ပြုရမည်-ဟူလို။ (ဤစကားရပ်များဖြင့်လည်း သိသာနိုင်ပါသည်။)ဤခုဒ္ဒသိက္ခာလာစကားရပ်များသည်လည်း မဟာဝါ ပဝါရဏာက္ခန္ဓကလာ ပါ-ဠိ-စကားတို့သာတည်း။

**မှတ်ချက်။** ။ဤစာရေးသူ အရှင်သည် အထက် အောက်ရှိ ထင်ရှားသော သုဓမ္မာနှင့် ရွှေကျင် တိုက်ကြီးများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရာတွင် သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့တွင် ပဝါရဏာသာပြုကြရသည်ကို တွေ့ဖူးပါသည်။ ဥပုသ်ရော ပဝါရဏာပါပြုကြသည်ကို မတွေ့ရဖူးပေ။

(ဗုဒ္ဓဓမ္မလောက အတွဲ-၁၈၊ အမှတ်-၂၁)

---

## ၉၈ – ဝါပန်သောရဟန်းနှင့်ကထိန်

**အမေး။** ။ဒါနဋ္ဌ ဒါတုံ၊ ဓမ္မဋ္ဌ သောတုံ၊ ဘိက္ခူ စ ပဿိတုံ- ဟူသောသုံးချက်နှင့် မညီပဲ ဝါပန်၍ခရီးသွားသော ရဟန်းအား ကထိန်ခံထိုက်-မခံထိုက်၊ ဝါဆိုသောနေ့မှာပင် ဝါပန်၍သွားသောရဟန်းအား ဝါကျိုး-မကျိုးကို ပညာရှင်များ ဖြေကြားတော်မူပါ။

**ဦးဥက္ကဋ္ဌ(မြစ်ငယ်)**

**အဖြေ။** ။တုံသုံးချက်နှင့်မညီပဲ (သီတင်းသုံးဖော် ငါးဦးနှင့် မိဘနှစ်ပါးတို့ မကျန်းမမာမှုအတွက်မဟုတ်ပဲ) ဝါပန်၍ ခရီးသွားသောရဟန်းအား ဝါကျိုး-ဝါပျက်သည် ဟုဆိုရပါမည်။ ဝါကျိုးဝါပျက်သော ရဟန်းသည် ကထိန်ခံခြင်းငှာ မထိုက်ပါ။ ခံသော်လည်း ကထိန်မမြောက်ပါ၊ကထိန်မမြောက်

သောကြောင့် ကထိန်အာနိသင် ငါးမျိုးကိုလည်း ဆရာဒကာ နှစ်ဦးလုံး ခံစားရမည်မဟုတ်ပါ။ အကြောင်းပြသာဓကကား-

ပုရိမဝါမှ မကျိုးမပျက် ထမြောက်ပြီးသောရဟန်းတို့အား သာ ကထိန်ခင်းမှုကို ဘုရားရှင် ခွင့်ပြုတော်မူခဲ့ သောကြောင့် ပါတည်း။ (ဝိ ၃၊ ပါ-၃၅၁) ဝါဆိုပြီးသည့်နေ့မှာပင် တအ ရုဏ်မျှမရသေးပဲ ဝါပန်၍ခရီးသွားကောင်းပါသည်။ ခုနစ်ရက် အတွင်းပြန်လာသော် အာပတ်မသင့်ပါ။ ဝါမပြတ်-မပျက်ပါ။

**ကိုးကားချက်**

ဝဿံ ဥပဂန္တွာ ပန အရုဏံ အနုဋ္ဌာပေတွာပိ တဒဟေဝ သတ္တာဟကရဏီယေန ပက္ကမန္တဿပိ အန္တော-သတ္တာဟေ နိဝတ္တန္တဿ အနာပတ္တိ။
(ဝိ ၃၊ ဋ္ဌ ၃၅၅၊ ဝိသင်္ဂဟ၊ဋ္ဌ ၂၁၆ )

ဝိမတိဋီကာဆရာကတော့ အရုဏ်မတင်မှီ ဆောက်တည်ရာ၌လည်းကောင်း၊ ပရိဝါသ်နေရာ၊ မာနတ်ကျင့်ရာ၊ အဗ္ဘာန်သွင်းရာတို့၌လည်းကောင်း၊ သဟသေယျသိက္ခာပုဒ်အရာ၌လည်း ကောင်း၊ စီဝရဝိပ္ပဝါသ စသည်တို့၌လည်းကောင်း အရုဏ် တက်မှသာ အရုဏ်ယူပြီးမှသာ အင်္ဂါလုံလောက်ကြောင်းကို ပြတော်မူ၍ အညထာစကားရပ်ဖြင့် တအရုဏ်မှမရမီ ဝါပန် ၍သွားသောရဟန်းအား ဝါကျိုးပြတ်ဟန်ကို ၁၇၇-၌ပြ တော်မူထားပါသေးသည်။

**မှတ်ချက်။** ။ဋီကာဆရာတို့၏ဝါဒထက် အများအားဖြင့် အဋ္ဌကထာဆရာတို့၏ဝါဒကို အလေးမူရာ၏ဟူ၍ ဆရာမြတ်တို့မိန့်ဆိုတော်မူကြသည်။

(ဇုဒ္ဓဓမ္မလောက)

---

## ၉၉–အင်္ဂါရှစ်ပါးမပြည့်စုံသောရဟန်းနှင့်ကထိန်

**အမေး။** ။ရှိသေစွာဖြင့် တပည့်တော်နှင့်တပည့်တော်ကဲ့သို့ စာမသင်ဖူးသောရဟန်းတော်များအတွက် အရေးကြီးသော အောက်ပါအချက်များကို မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူပါရန် လျှောက်ကြားဝံ့ပါသည်ဘုရား။

၁။ အင်္ဂါရှစ်ပါးနှင့်မပြည့်စုံသောရဟန်း ကထိန်ခံထိုက်–မခံထိုက်၊ ခံလျှင် အာပတ်သင့်–မသင့်၊ကထိန်မြောက်–မမြောက်နှင့်–

၂။ ကျေးပစာရ ပုရိမပဿံဝုတ္ထ ဝုစုတရပုဂ္ဂိုလ်ရှိလျက် မထေရ်ငယ်က ကထိန်ခံထိုက်-မခံထိုက်၊ခံလျှင် အာပတ်သင့်-မသင့်၊ ကထိန်မြောက်-မမြောက်။

မေးလျှောက်သူဘိက္ခုဝိသုဒ္ဓ (အရည်ဝါသီ)

**အဖြေ။** ။၁။ အင်္ဂါရှစ်ပါးနှင့်မပြည့်စုံသောရဟန်း ကထိန်မခံထိုက်။ မခံထိုက်မှန်းသိလျက်နှင့် မိမိအင်္ဂါရှစ်ပါးမပြည့်စုံကြောင်းကို သံဃာတော်များအား မလျှောက်ထားပဲခံမူ ဝစီဒွါရ၌ အကိရိယသမုဋ္ဌာနဒုက္ကဋ်အာပတ်သင့်၏။ သံဃာတော်က မေးစစ်သောအခါ မိမိမှာအင်္ဂါမပြည့်စုံမှန်းသိ

လျက် ကထိန်သင်္ကန်းကိုရလိုသောကြောင့် ပြည့်စုံပါ၏ဟု လျှောက်ထားလျှင် **မုသာဝါဒပါစိတ်အာပတ်သင့်၏။** ထို ပုဂ္ဂိုလ်သည် ကထိန်သင်္ကန်းကို ခံခြင်းငှာလည်းမထိုက်၊ မထိုက် **သော**ကြောင့် ထိုသူခင်းသောကထိန်သည်လည်း **ကထိန်မမြောက်** ဟု မှတ်ယူရပါမည်။

(**သာဓက**) အဋ္ဌဟဂ်ေဟိ သမန္နာဂတော ပုဂ္ဂလော **အဘဗ္ဗော** ကထိနံ အတ္ထရိတုံ။ (ဝိ-၅၊ ပါ-၃၀၇)

ခွဲဦးအံ့ ၊ ဤပါဠိတော်မြတ်ပါဠ်ဝယ် အဘဗ္ဗော-ဟူသော ပုဒ်၏ အဓိပ္ပာယ်သော်ကား....ပဉ္စင်းခံခြင်းငှာမထိုက်ဟူ၍ ဟော တော်မူအပ်သော အဘဗ္ဗပုဂ္ဂိုလ်ကို ပဉ္စင်းပင်ခံ၍ပေး**သော်** လည်း ထိုပုဂ္ဂိုလ်ကား အဘဗ္ဗပုဂ္ဂိုလ်ဖြစ်၍ ပဉ္စင်းမဖြစ်သကဲ့သို့ ထို့အတူ အင်္ဂါရှစ်ပါးနှင့်မပြည့်စုံသောပုဂ္ဂိုလ်လည်း ကထိ**န်** သင်္ကန်းကိုခံယူခြင်းငှာမထိုက်သော အ ဘ ဗ္ဗ ပု ဂ္ဂိုလ် ဖြစ်၍ ထိုပုဂ္ဂိုလ်ကိုသံဃာတော်တို့က ဉ တ် က မ္မ ဝါ စာ ဖြင့် ပေး၍ ကထိန်ခင်းစေသော်လည်း အဘဗ္ဗပုဂ္ဂိုလ်သည် ခင်းအပ်သော ကထိန်ဖြစ်၍ ကထိန်မမြောက်ပေ။ ထို့ကြောင့် မိမိတို့က ကထိ**န်** အရာ၌လိမ္မာလျှင် လိမ္မာသောဆရာများကို ပင့်ဆောင်၍ **နား** လည်အောင် သင်ကြားပြီးမှ ကထိန်ခံ၍ခင်းရာ၏။

(**သာဓက**) သစေ ပုရိမိကာယ ဥပဂတာ-စသည်ဖြင့် (ဝိ-၃၊ ၄၅-၃၈၈-၃၉)မိန့်သည်။

၂။ ကျေးပစာရ ဝုဇ္ဈတရ ကထိနတ္ထာရဟ ပုဂ္ဂိုလ်ရှိလျက် မထေရ်ကြီးအား ထိုက်သောလာဘ်ကို မထေရ်ကြီးက

ခွင့်မပြုပဲ ပေးသောသံဃာကလည်း မပေးထိုက်။ ခံသောပုဂ္ဂိုလ်ကလည်း မခံထိုက်။ ပေးသောပုဂ္ဂိုလ်များမှာ မိမိတို့အစိုးတရ ပြုလုပ်၍ပေးအံ့၊ ထုလ္လစ္စဥ်းအာပတ်သင့်၏။ အပ်၏ဟုမှတ်ထင်၍ပေးလျှင် ပေးသူမှာအပြစ်မရှိ။ ခံသူမှာသာ အပြစ်ရှိသည်။

(သာဓက) သေနာသနတ္ထာယ နိယမိတံ ဂ္ဂဃရဝတာယ ဒဒတော ထုလ္လစ္စယံ။ (ဝိ-၁၊ ဒု၊ ဋ္ဌ-၂၀၉)

ခံသောရဟန်းမှာ မိမိအားမရောက်မှန်း သိလျက်ခံမူ ဒုက္ကဋ်အာပတ်သင့်၏။

(သာဓက) န ဘိက္ခဝေ အညတြ ဝဿံဝုတ္ထေန အညတြ စီဝရဘာဂေါ သာဒိတဗ္ဗော။ ယော သာဒိယေယျ၊ အာပတ္တိ ဒုက္ကဋဿ။

(ဝိ-၃-ပါ-၄၁၆)

ငင်းသည် ဒုက္ကဋ်အာပတ်ပင် ဖြစ်သော်လည်း ငင်းသင်္ကန်းကို ပြန်၍ပေးထိုက်၏။ မပေးပဲသုံးဆောင်၍ ဆွေးမြေ့သော်လည်းကောင်း၊ ပျောက်၍သွားသော် လည်းကောင်း အစားပေးခြင်းငှာထိုက်၏။ ကထိနတ္ထာရဟာဖြစ်သော မထေရ်ကဘောင်းသော် ပေးရ၏၊ မဘောင်းသော် ခုရနိက္ခေပပြုသောအခါ ဘဏ္ဍဂ္ဂဖြင့်ဆုံးဖြတ်ရ၏။

(သာဓက) ယော သာဒိယေယျ ။ပ။ ဘဏ္ဍဂ္ဂေန ကာရေတဗ္ဗော။

(ဝိ-၃၊ ဋ္ဌ-၄၁၃)

၎င်းသင်္ကန်းသည် ပြန်ပေးထိုက်သော သင်္ကန်းဖြစ်၍ ခေတ္တသာရသောသင်္ကန်းဖြစ်သည်။ ၎င်းခေတ္တသင်္ကန်းဖြင့် ကထိန်ခင်းမူ ကထိန်မပြောက်ပါ။

(သာဓက) န ကုက္ကုကတေန အတ္ထတံ ဟောတိ ကထိနံ။
(ဝိ-၃၊ ပါ-၃၅၂။ ဝိ ၅၊ ပါ-၃၀၂)

ကုက္ကုကတေန၊ ခဏခေတ္တ အငှားရသောသင်္ကန်းဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းခြင်းသည်။ န ဟောတိ၊ မဖြစ်။

ကထိနတ္ထာရဟပုဂ္ဂိုလ် မထေရ်ကြီးကခွင့်ပေး၍ ခံသော်လည်းကောင်း၊ မထေရ်ကြီးရှိသော်လည်း မထေရ်ကြီးသည် အင်္ဂါမပြည့်စုံခြင်း စသည်ဖြင့် ကထိနတ္ထာရဟ ပုဂ္ဂိုလ်မဟုတ်၍ မိမိသို့ကျ၍ခံသော်, ခင်းသော် မထေရ်ငယ်မှာအပြစ်မရှိ၊ ကထိန်လည်းပြောက်၏။

(သာဓက) သစေ ဝုဍ္ဎော န သက္ကောတိ၊ နဝကတရောပိ သက္ကောတိ၊တဿ ဒါတဗ္ဗံ။ (ဝိ-၃-၄-၃၇၉)
(ဗုဒ္ဓဓမ္မလောက)

---

၁၀၀-ကထိန်အမေးအဖြေ (၃)

အမေး။ ။၁။ ကထိန်ကာလ၌ ကထိန်ဥတ်သင်္ကန်းကို "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟုဆို၍ လှူဒါန်းပြီးနောက် အာနိသင်သင်္ကန်းတို့ကို "ဣမာနိ ကထိနာနိသံသစီဝရာနိ သံဃဿ ဒေမ"ဟု ဆို၍ လှူဒါန်းကြရာတွင် ကထိန်

မခင်းမီကပင် အာနိသင်သက်နိုးတို့ကို ရရာရောက်နေပါသည်။ ရောက်သည့်အလျောက် အချို့မှာ ကထိန်မခင်းမီကပင် ဝေဖန်နေကြသည်ကို တွေ့သိနေရပါသည်။ ဤကဲ့သို့ လျှတိုက်-မလျှ ထိုက် ဝေဖန်ထိုက်-မဝေဖန်ထိုက်။

၂။ ကထိန်ကိုနုတ်ပြီး နောက်ထပ်ခင်းအပ်-မခင်းအပ်။

ဤအထက်ပါအချက်နှစ်ရပ်ကို မေတ္တာရှေ့ထား၍ ဖြေကြား ပေးတော်မူပါမည့်အကြောင်း တောင်းပန်အပ်ပါသည်။

ဘိက္ခုဝိသုဒ္ဓ (အရည၀ါသီ)

အဖြေ။ ။၁။ ကထိန်မခင်းမီအာနိသင်သက်နိုးတို့ကို လျှထိုက် ပါသည်။ လျှကောင်းပါသည်။ သို့သော် ကထိန်ခင်း ပြီးမှ ဝေဖန်ရ၏။ ကထိန်မခင်းမီ မဝေဖန်အပ်။ အဘယ့်ကြောင့် ဆိုသော်‘‘အာနိသံသ’’ဟုဆိုခြင်းကြောင့် ကထိန်မခင်းဖြစ်လျှင် ၎င်းသက်နိုးတို့ကို သံဃာတို့မဝေဖန်ထိုက်။ ရလည်းမရ။

ဥပမာကား....နေ့ကာလ‘‘ဝဿာဝါသိကံ ဒေမ’’ဟု ဆို၍လှူရာ ၌ ၎င်းသက်နိုးတို့ကို မဝေဖန်သေးပဲ ထား၍ ဝါတွင်းအခါ ဝါဆိုပြီးမှဝေဖန်ရသကဲ့သို့ ဝါမဆိုသောရဟန်းတို့သည် (ရဟန်း တို့အား) မဝေဖန်ထိုက်၊ ရလည်းမရထိုက် သကဲ့သို့တည်း။ ထို ကြောင့် စီဝရက္ခန္ဓက၊ ၄၅-၃၉။

သစေ အနာဂတေ စ ဝဿာဝါသိကံ ဒမ္မီတိ ဝဒတိ၊ တံ ၄ပေတွာ ဝဿူပနာယိကာဒိဝသေ ဂဟေတဗ္ဗံ-ဟု မိန့် အပ်၏။

၂။ တေန ခေါ ပန သမယေန အညတရော ဥပါသကော သံဃံ ဥဒ္ဒိဿ ဝိဟာရော ကာရာပိတော ဟောတိ ။ပ။ အနုဇာနာမိ ဘိက္ခဝေ ကထိနံ ဥဒ္ဓရိတုံ-ဟူသော ပါဠိတော်စကားအရ အဓိပ္ပာယ်ကျကောက်ယူသော် ကထိန်ခင်း၍ ထားသော တိုက်၌ တန်ဆောင်မုန်းလပြည့်ကျော်၍ တပေါင်းလပြည့်တိုင်အောင် သင်္ကန်းကာလထိုက်၍ နေသည်။ ၎င်း ၄-လ အတွင်း၌ သံဃဿဒေမ ဟု သာမညလှူအပ်သော သင်္ကန်းများကို(ကာလသင်္ကန်းဖြစ်၍) ကထိန်အာနိသင်ရသော သံဃာများသာ ဝေဖန်၍ယူကြကုန်ရာသည်။

ဤအထက်ပါ ပါဠိတော်၌လာရှိသော ဒါယကာ၏ အလိုမှာမူကား တိုက်တွင်းရှိ ကထိန်၏အာနိသင်ကို ရသော သံဃာတော်များသာ ဝေဖန်၍ ယူစေလိုသည်မဟုတ်။ လာလာ သမျှသော သံဃာတော်အားလုံး ဝေဖန်၍ယူစေလိုသည်။ သို့ယူစေလို သော်လည်း ကထိန်မနုတ်ခဲ့လျှင် သင်္ကန်းကာလလည်း မပျက်မစီး တည်နေခြင်းကြောင့် သံဃိကသာမညလှူအပ်သော သင်္ကန်းများလည်း ကာလသင်္ကန်းပင်ဖြစ်၍နေပြန်ဦးမည်။ သို့ဖြစ်၍ ကထိန်ကို နုတ်မှ အကာလဖြစ်မည်၊ အကာလဖြစ်မှ သံဃိက သာမညလှူအပ်သောသင်္ကန်းများကို ရောက်လာသမျှသော သံဃာတော်တို့ ဝေဖန်၍ ယူကြရကုန်လိမ့်မည်ကို အသေအချာသိ နားလည်သော ဒါယကာက အကာလသင်္ကန်းကိုလှူလိုသည်ဖြစ်၍ အကာလဖြစ်စေခြင်းငှာ ကထိန်ကို နုတ်ခြင်းကို တောင်းပန် ကြောင်းကို မှတ်ယူအပ်၏။

ဤပါဠိတော်၌ အကာလသကၤန်းကိုလှူလိုသည်ဖြစ်၍ ဂ.ထိန် နုတ်ခြင်းကို တောင်းပန်သည် ဆိုသောကြောင့် ကထိန်ကိုနုတ် လျှင် အကာလဖြစ်သည်ဟု ဆိုရာရောက်၏။ ထိုသို့ရောက်လေ သောကြောင့် ၎င်းကထိန်နုတ်ခြင်းကို တန်ဆောင်မုန်းလပြည့် ကျော်မှ နုတ်ကြောင်းကို သိအပ်၏။ ထိုသို့သိသဖြင့် ဂ.ထိန် နုတ်အပ်ပြီးသော်လည်း ကထိန်ခင်းရာ ခေတ်ကာလမဟုတ်သော ကြောင့် ကထိန်ကိုနုတ်ပြီးလျှင် တ.ဖန်ထပ်၍မခင်းအပ်ကြောင်း ကို သိအပ်၏။

အချို့ကား ၎င်းပါဠိတော်၌ ကထိန်နုတ်ခြင်းကို ခွင့်ပြု တော်မူသောကြောင့် ကထိန်နုတ်လျှင် ကထိန်မရှိ၊ ကထိန်မရှိ လျှင် တဖန်ထပ်၍ခင်းကောင်းသည်ဟူ၍ မိမိတို့၏အထင်မျှဖြင့် ကထိန်ကိုနုတ်ပြီးလျှင် တဖန်ထပ်၍ခင်းကြကုန်၏။ ထိုပုဂ္ဂိုလ်၏ အသိဉာဏ်ကား ပါဠိတော်စာအသွားနှင့် အလွန်ကွာခြား၍ နေလေ၏။

ကထိန်နုတ်အပ်ခြင်း၏ အကြောင်းတခုမှာလည်း ဤသို့ဆို အပ်လတ္တံ့သောနည်းဖြင့် သိအပ်ပါသေး၏။

> အထ ခေါ သော ဥပါသကော ဘိက္ခုနိုသံဃံ ဥပ-
> သင်္ကမိတွာ ကထိနုဒ္ဓါရံ ယာစိ။ပ။ ကထိနုဒ္ဓါရံ န
> ဒဿန္တိ။ (ပါဠိတော်)
>
> ကထိနုဒ္ဓါရံ န ဒဿန္တိ ကီဒိသော ကထိနုဒ္ဓါရော
> ဒါတဗ္ဗော။ပ။ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗော၀။ (၎င်း
> အဖွင့်-ဋ္ဌ)

ငှင်းပါ-၅-တို့၏ အဓိပ္ပာယ်ကား ရှေးကထုံးစံမှာ ကထိန် ဒါယကာများ ကထိန်ကိုခင်း၍ပြီး လျှင် မိမိတို့၏ကထိန်သင်္ကန်းကို ခံယူသောတိုက်၌ ကထိန်ကာလကုန်အောင် ဆွမ်း, သင်္ကန်း စသည်တို့ကို မပြတ်လှူလေ့ရှိကြကုန်၏၊ မိမိတို့၏ကထိန်ကို နုတ်၍ဖြစ်လျှင်လည်း ကထိန်ပျက်သွားပြီ ဖြစ်သောကြောင့် ငှင်း အာနိသင် နောက်ဆက်အလှူတို့ကို မလှူကြတော့ကုန်။

သို့ဖြစ်၍ ရပြီးသောလာဘ်မဟုတ်၊ ရလတ္တံ့သောအာနိသင် လာဘ်ကများ၍ နုတ်၍လှူလတ္တံ့သော အကာလလာဘ်ကနည်း လျှင် မနုတ်အပ်ကြောင်း။ ထိုသို့မဟုတ် နုတ်၍လှူလတ္တံ့သော အကာလလာဘ်ကများ၍ မူလအာနိသင်လာဘ်က နည်းပါးမူ နုတ်အပ်ကြောင်းကို မှတ်ယူရာ၏။ (ဝိနယဂဏ္ဌိ-၁၂၄)

နောက်တမျိုးကား ရှေးခင်းပြီးကထိန် ဒါယကာအလှူနှင့် တူမျှ-ထို့ထက်ပိုလွန်သောလာဘ်ကိုရခဲ့မူ ပုရိမိက, ပစ္ဆိမိက၊ ဝါ ကျိုး, ဝါပျက်အားလုံး လာဘ်လာဘမျှအောင် လှူလိုပါသည်။ ရှေးကခင်းပြီးကထိန်ကို နုတ်ပေးတော်မူပါဟု ဒါယကာတို့ တောင်းပန်လာလျှင် နုတ်ရကြောင်းကိုသာ "ယာ ပန ဘိက္ခုနိ ဓမ္မိကံ ကထိနုဒ္ဓါရံ ပဋိဗာဟေယျ" ဟူသော သိက္ခာပုဒ်အဖွင့် ၄-၌-

ယဿ ပန အတ္ထာရမူလကော အပ္ပေါ၊ ဥဗ္ဘာရမူလ- ကော မဟာ၊ဝေရူပေါဒါတဗ္ဗော။ သမာနာနိသံသော- ပိ သဒ္ဓါပရိပါလနတ္ထံ ဒါတဗ္ဗောဝ-ဟုလာသည်။

ကခ်ါ၌သည်း နည်းတူလာသည်။ ရဟန်းယောကျ်ား၌လည်း နည်းတူပင်လာသည်။ ထပ်၍ခင်းဖူးကြောင်း သက်သေလည်း မရှိ။ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌လည်း မမိန့်, မဆို။ ထပ်၍ခင်းပြန်လျှင်လည်း ထပ်တုံတလဲလဲ လာဘ်မများမြဲ၊ မများပဲဖြစ်နေချေမည်။

စံကျောင်းဆရာတော်ကြီး အမိန့်ရှိဖူးသည်ကား....

ငါတို့ငယ်စဉ်က ရွှေကျင်တိုက်၌လည်း နန်းတော်ကကထိန်ခင်းပြီးနောက် အာဋ္ဌဝိလမ်း သဌေးတန်းဒါယကာတို့က ကထိန်လှူလိုကြောင်းနှင့်လျှောက်ထားလာရာ “ထပ်၍လည်းကောင်း၊ နုတ်၍သည်းကောင်း၊ မခင်းကောင်းပြီ”ဟု ငါတို့ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး လက်မခံ၊ ပယ်လှန်တော်မူသောကြောင့် သက်သက်လှူ၍သာ ဒါယကာတို့ပြန်သွားရဖူးသည်ဟူသတတ်။

ထိုနောက် ဝိနယာလင်္ကာရဋီကာကိုစီရင်တော်မူသော တောင်ဖီလာဆရာတော်လည်း ဘောရဆောက်တည်စဉ်အခါ ကထိန်ဒါယကာ ၁၁ ဆယ့်တစ် (၁၁)ဦး များပင် ဆိုင်၍လျှောက်ထားသည်ကို ရှေးရှေးကထိန်ကိုနုတ်၍နုတ်၍ နောက်နောက်ကထိန်ကိုခင်းပဲ ရက်ချင်းတူအောင်အခါပေးလျက် တရက်တည်းတပေါင်းတည်းစု၍ လာဘ်များသူသက်န်းဖြင့် ကထိန်ခင်းကြောင်းကို ၎င်းဆရာတော်စီရင်တော်မူသော ဝိနယာလင်္ကာရဋီကာကျမ်းတွင် မိန့်ဆိုထားသတတ်။

သို့ဖြစ်၍ ခင်းပြီးကထိန်နုတ်ပစ်လျက် ကထိန်သစ်ထပ်မံခင်းသင့်-မခင်းသင့် ဝိဝါဒကား မကျယ်မပွားစေမူ၍ ပိပြားသေဝင်

၍အဆုံးအဖြတ်ကို တညီတညွတ်တည်း လိုက်နာကြရမည်ဟု (ဝိသုဒ္ဓါရုံအဆုံးအဖြတ် ၄၂-၃) မိန့်ဆိုဆုံးဖြတ်ထားသည်။

## ၁၀၁-ကထိန်အာနိသင်သက်န်းနှင့်သာမဏေ

**အမေး**။ ။၁။ ကရဏသန္နိဋ္ဌိ၊ နိစယသန္နိဋ္ဌိ ၂-ပါးဖြစ်ပုံနှင့် မဖြစ်ပုံ၊ ကထိန်မလှူမီ သင်္ကန်းကို ကထိန်ခင်းမည့်တိုက်တွင်းသို့ ၂-ရက်၊ ၃-ရက်စသည် ကြိုတင်၍သွင်းထားအပ်-မထားအပ်။

၂။ ရဟန်းတော်များအနေဖြင့် မိမိတို့တိုက်တာမှာရှိရင်းဖြစ်သော ပုဂ္ဂလိက, ဂဏိက, သံဃိက-သင်္ကန်းဖြင့် ကထိန်ခင်းအပ်-မခင်းအပ်။

၃။ ကထိန်အာနိသင်သင်္ကန်းကို ဝေဖန်ရာ၌ သာမဏေများမှာ ရဟန်းတော်များနှင့် အဖို့တူရထိုက်-မရထိုက်။

ဘိက္ခုဝိသုဒ္ဓ (အရည်ဝါသီ)

**အဖြေ**။ ။၁။ သံဃာသည် ယနေ့ဒါယကာတို့က လှူဒါန်း၍ရသော ကထိန်လျာ ပိတ်ဖျင်ကို ယနေ့ပင် ကထိန်ခင်းတတ်သောရဟန်းအား ပေးအပ်သည်ဖြစ်လျက်နှင့် ယနေ့ချုပ်ခြင်းအစရှိသော ကိစ္စကိုမပြုမူ၍ နက်ဖြန်ကာမှပြုခြင်းသည် **ကရဏသန္နိဋ္ဌိ**မည်၏။

သံဃာကသည်း ယနေ့ဒါယကာတို့ကလှူဒါန်း၍ ရအပ်သော ကထိန်လျာ ပိတ်ဖျင်ကို နက်ဖြန်ခါမှ ကထိန်ခင်း တတ်သော ရဟန်းအားပေးခြင်းသည် **နိစယသန္နိဋ္ဌိ** မည်၏၊ ဖြစ်၏။

သံဃာအားမလှူဒါန်းအပ်သေး၊ လှူဒါန်းအံ့ဟု ညွှတ်ကာမျှ ပရိဏတသာဖြစ်သော ကထိန်သင်္ကန်းလျာပိတ်ဖျင်ကို ကထိန်ခင်းရာတိုက် ဥပစာရသိမ်တွင်း၌ အသွင်းခံ၍ ထိုနေ့မချုပ်သေးပဲ နေ့ကိုလွန်စေသော်လည်း ကရဏသန္နိဓိ နိစယသန္နိဓိ မဖြစ်။ (၂-ရက် ၃-ရက်စသည် ကြိုတင်၍သွင်းထားအပ်၊ သွင်းထားနိုင်၏။ထားသည့်အတွက်) ကထိန်ပျက်လက္ခဏာနှင့်ပေ၍ စိုးစဉ်းမျှ အပြစ်မရှိ။သင့်လျော်လျောက်ပတ်၏ဟု (မဟာဝါ ဂဏ္ဌိသစ် ၃၂၉-၃၁) မိန့်ဆိုသည်ကိုလည်းကောင်း၊

ထို့ပြင်-ကထိနံ ကေန ဒိန္နံ ဝဋ္ဋတိ၊ယေန ကေနစိ ဒေဝေန ဝါ မနုဿေန ဝါ ပဉ္စန္နံ ဝါ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ-ဟူသော အဋ္ဌကထာပါဠိနှင့်အညီ သိတင်းသုံးဖော် ငါးယောက်လည်း ကထိန်ဒါယကာတွင်ပါဝင်သည်ဖြစ်၍ တိုက်တွင်းရှိနေသော ရဟန်း သာမဏေတို့က လှူဒါန်းလိုသောအခါ မလှူမီ တနှစ်၊ကိုးလစသည့်က ရရှိထားသော သင်္ကန်းကို ကျောင်းတိုက်ပြင်ပသို့ ထုတ်ထားဖွယ်မလို။ ထုတ်ထားရမည် ဆိုသော ပါဠိ, အဋ္ဌကထာ, ဋီကာ–အရိပ်အမြွက်မျှ မရှိချေ။ ကထိန် လှူခင်သင်္ကန်းကို ကျောင်းတိုက်အတွင်းသို့ မသွင်းကောင်းဟု ယူကြသောသူတို့ကား ကထိန်ခင်းသော ရဟန်းတို့အတုကိုနည်းယူ၍ ယခုအခါလူတို့သည် မြတ်စွာဘုရားကို ပူဇော်ရန် ကြိုးပမ်းကြသော မသိုးသင်္ကန်းယက်လုပ်ပုံကိုမြင်သောကြောင့် အထင်နှင့် ယောင်မှားဟန် ရှိချေသည်ဟု (ဝိသုဒ္ဓါရုံဝိနိစ္ဆယ၊ ပ-၄၆-၅၁) မိန့်ဆိုသည်ကိုလည်းကောင်း ထောက်သော် မလှူရသေးသော သင်္ကန်းကို ကထိန်ခင်းမည့် တိုက်တွင်းသို့ ၂-ရက် ၃-ရက်စ

သည် ကြိုတင်၍သွင်းထားအပ်၊ သွင်းထားနိုင်သည်ဟု မှတ်ယူကြရာ၏။

၂။ ပဉ္စန္နံ သဟဓမ္မိကာနံ-ဟူသော အဋ္ဌကထာ စကားကို ထောက်၍ ပုဂ္ဂလိက, ဂဏိကသက်န်းဖြင့် ခင်းသင့်, ခင်းအပ်သည်ကို သိအပ်၏။ ထို့အတူပင် သံဃာကပေးလျှင် သံဃိကသက်န်းလည်း ခင်းသင့်, ခင်းအပ်ရာသတည်း-ဟူ၍ (မဟာဝါ ဂဏ္ဌိသစ်, ၃၁၅-၌) မိန့်အပ်သည်။ ၎င်းကိုထောက်၍ မိမိတို့မှာ ရှိရင်းဖြစ်သော ပုဂ္ဂလိက, ဂဏိက, သံဃိက-သက်န်းဖြင့် ကထိန်ခင်းအပ်ကြောင်း သိအပ်၏။

၁။ ကထိနသမယ၌ဖြစ်သော ကာလသက်န်းကို သာမဏေတို့အား ရဟန်းတော်များနှင့် အဖိုတူ ပေးထိုက်-ရထိုက်ကုန်၏။ အောက်၌ဖော်ပြလတ္တံ့သော သာဓကပါဠိတို့ကို သတိမမူကြ၍လားမသိ ယခုအခါ အချို့အချို့သောကျောင်း ကျောင်းတိုက်များမှာ ကထိန်အာနိသင်များကို ဝေဖန်ရာမှာ သာမဏေတို့အား ထက်ဝက်မျှသောအဖို့ကိုသာ ပေးကြရကြသည်ကိုသာတွေ့သိနေကြရပါသည်။ (သို့သော်ဤစာရေးသူတိုင်ယ်စဉ်ကလောက်တော့ မများတော့ပေ။ အဖိုတူပေးကြသည်က များလာသည်ကို တွေ့နေရပါပြီ။)

**သာဓကပါဠိ**– ဘဏ္ဍာဂါရေ ဥပိတဥ္စ အကာလစီဝရမေဝ သာမဏေရာနံ ဥပစ္စပဋိဝီသံ ကတွာ ဒါတဗ္ဗံ၊ ဝဿာဝါသိကကထိနာနိသံသာဒိကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ။ (ဝိနယာလင်္ကာရဋီကာ၊ ၉၃-ပြည်)

ဣမဍ္စ ပိဋ္ဌိသမယေ ဥပ္ပန္နေန ဘဏ္ဍာဂါရေ ဌပိတေန အကာလစီဝရေနေဝ ကထိတံ၊ ကာလစီဝရံ ပန သမက မေဝ ဒါတဗ္ဗန္တိ။ (ဋင်းဋ္ဌိ၊ ၉၄။)

---

## ၁၀၂-ကထိန်အကျိုးရ-မရ

**အမေး**။ ။ကထိန်ကာလတွင် လူတယောက်သည် ဆွမ်းခံကြွနေသော ရဟန်း ၅-ပါးကို ထိုမှုဍ္စ မိမိအိမ်သို့ ပင့်ပြီးလျှင် သင်္ကန်းတထည်ကို "ဘန္တေ သံဃာရဝန္တဒုက္ခတောမောစနတ္ထာယ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ" ဟုရွတ်ဆို၍ ကပ်ပါသည်။ ရဟန်းများမှာ တကျောင်းတိုက်မှုမဟုတ်ပဲ ကျောင်းအသီးသီးမှဖြစ်၍ အချို့ကျောင်းတွင် ကထိန်ခင်းပြီး၍အချို့ကျောင်းဘွင် ကထိန်မခင်းရသေးပါ။ ထိုကဲ့သို့ကပ်လှူခြင်းသည် ထိုပုဂ္ဂိုလ်အား ကထိန်အကျိုးရနိုင်ပါမည်လား။

(သိလိုသူ)

**အဖြေ**။ ။ကထိန်သင်္ကန်းအလှူခံကြရသည့် ရဟန်းတော်များက၊ သို့မဟုတ် တပါးပါးက-အလှူခံရသည့်နေ့မှာပင် ကထိန်မခင်းရသေးသော ကျောင်းတိုက်တခုမှာရှိသော သံဃာအားလျှောက်ထား၍ သံဃာကပုဂ္ဂိုလ်အား ဥတ္တိဒုတိယကမ္မဝါစာဖြင့်ပေးခြင်း၊ အပေးခံရသူပုဂ္ဂိုလ်က မိမိ၏ဝါကပ်ရာကျောင်း တိုက်ဘာဥပစာရသိမ်အတွင်းမှာ ကထိန်ခင်းခြင်းပြုပါက ကထိန်သင်္ကန်းလှူဒါန်းသောဒါယကာအား နေယျတ္ထအားဖြင့် အကျိုးငါးပါးကိုရနိုင်ပါသည်။

**ရှင်းလင်းချက်။** ၁။ ဒါယကာက သံဃာအား ကထိန်သင်္ကန်း
လှူရမည့်ဌာန။
၂။ သံဃာကပုဂ္ဂိုလ်အားပေးရမည့်ဌာန။
၃။ ပုဂ္ဂိုလ်က ကထိန်ခင်းရမည့်ဌာန - ဟူ၍
သုံးမျိုးရှိရာ....

၂။ **သံဃာကပုဂ္ဂိုလ်အားပေးရာမှာ-** ထိုပုဂ္ဂိုလ်၏ဝါကပ်ရာကျောင်း တိုက်တာဥပစာအတွင်းမှာ ခဏ္ဍသိမ်, နဒီသိမ်စသည်ရှိလျှင် ထိုသိမ်မှာ၊ မရှိလျှင်တပါးသောသိမ်မှာ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရမည်-ဟူ၍လည်းကောင်း၊

၃။ ပုဂ္ဂိုလ်က **ကထိန်ခင်းလျှင်-**မိမိ ဝါကပ် ရာ ကျောင်း တိုက်တာဥပစာရအတွင်းမှာသာ ခင်းရမည်ဟူ၍လည်း ကောင်း သတ်မှတ်ချက် ဟောကြားချက်ရှိပါသည်။

၁။ **ဒါယကာက ကထိန်သင်္ကန်းကို သံဃာအားပေးလှူရာ၌ကား** ...အိမ်မှာ, ကျောင်းအရံမှာသာစသည်ဖြင့် လှူရမည့်နေရာဌာန သတ်မှတ်ချက် ဟောကြားချက်ကို ပါဠိတော်အဋ္ဌကထာတို့၌ မတွေ့မိပါ။ သို့မတွေ့မိသောကြောင့် အိမ်မှာကပ်လှူခြင်းသည်လည်း ကထိန်ကံမြောက်နိုင်သည်ဟု မှတ်ယူရပါမည်။

ထိုမှတပါး(ဝိ-၃၊ဝိ-၅၊ ပါ-ဌ-တို့၌)အဋ္ဌကထာ ၁၇-ပါးတို့ကိုပြရာမှာလည်း "ပံ့သကူပုဆိုးဖြင့်ခင်းသော ကထိန်ခင်းသည်မည်၏။ အိမ်စျေးကရသောပုဆိုးဖြင့်ခင်းသော ကထိန်ခင်းသည်မည်၏" စသည်ဖြင့် မိန့်ဆိုထားသည်များကို ထောက်သော်

ကထိန်သင်္ကန်းကို ကျောင်း တိုက်တာအရံတွင်းမှာသာ လှူနိုင်သည်၊ လှူရသည်မဟုတ်။ အိမ်, စျေး, တော-စသောဌာနတို့မှာလည်း လှူနိုင်သည်၊ လှူရသည်-ဟု မှတ်ယူရပါမည်။ သို့သော် ရှေးအခါကစ ယခုအခါကျဆောင် အများအားဖြင့် ကျောင်းတိုက်တာအရံတွင်းသို့ သွားရောက်လှူဒါန်းကြပါသည်။ ထိုသို့ သွားရောက်၍လှူဒါန်းခြင်းက ပို၍ကောင်းပါသည်။

အကြောင်းကား ကထိန်ခင်းမှုကို ဘုရားခွင့်ပြုတော်မူခဲ့သည်မှာလည်း တ ပည့် ရဟန်း များ သ င်္ကန်း နွမ်း ပါး မှု ကို ငဲ့ ၍၊ အကြောင်းပြု၍ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ထို့ကြောင့် ကထိန်မည်သည် သင်္ကန်းနွမ်းရှိသောရဟန်းအား သံဃာကပေးအပ်ရ၏။ သင်္ကန်းနွမ်းရှိသောရဟန်းမရှိမှ မထေရ်ကြီးအားပေးအပ်ရ၏။ အဘယ့်ကြောင့်ဆိုသော် ကထိန်သင်္ကန်းသည် သံဃိကဖြစ်၍ သံဃိကမည်သည်ကိုလည်း သိတင်းကြီးအစဉ်အတိုင်း မမြစ်အပ်သောကြောင့်ပါတည်း။

တနည်းဆိုသော် ကထိန်မည်သည် ကျေပစာရသိတင်းကြီးရှိလျက် သိဘင်းငယ်က ကထိန်ကိုမခံအပ်။ ခံသော် သိတင်းကြီးကမကျေနပ်လျှင် ဘဏ္ဍာစားထိုက်၏။ သိတင်းကြီးကခွင့်ပြုမှသာ သိဘင်းငယ်က ကထိန်ကိုခံအပ်သောကြောင့်ပါတည်း။

(ဝိ–၃၊ ဝိ–၅၊ ပါ-၄၁၊ ဝိနယသာရဂဏ္ဌိ)

(ဗုဒ္ဓမမ္မလောက)

## ၁၀၃–သိမ်ပြဿနာ

**အမေး။** ။ယခုအစိုးရမင်းများသည် တမြို့နယ်အား ဥက္ကဋ္ဌ (မြို့နယ်ကောင်စီ) တယောက် အုပ်ချုပ်စေပါသည်။ ၎င်းမြို့ကို ၁-ရပ်ကွက်၊ ၂-ရပ်ကွက်၊ ၃-ရပ်ကွက် စသည်ဖြင့် ခေါ်ဝေါ်စေပါသည်။

၎င်းမြို့သည် ဥက္ကဋ္ဌတယောက်တည်း အုပ်ချုပ်သောမြို့ဖြစ်သောကြောင့်—

၁။ ၎င်းရပ်ကွက်များကို ဝိသုံဂါမပြုလုပ်၍ ရ-မရ။

၂။ မြို့နယ်အတွင်း ကျောင်းတိုက် အရံချင်းစပ်လျက်ရှိသော ဂိုဏ်းမတူသောသံဃာအား သိမ်းမရ၍ သိမ်သမုတ်သော် အပ်-မအပ်။

၃။ မူလကပင် ကျောင်းတိုက်ဖြစ်နေသောကြောင့် အစိုးရမင်းများထံ ဝိသုံဂါမအဖြစ် မတောင်းခံပဲ မိမိဘာသာ ဝိသုံဂါမပြုလုပ်၍ ရ-မရ။

ပညာရှိများ ဖြေကြားပေးတော်မူကြပါရန် တောင်းပန်အပ်ပါသည်။

ရွှေဘုန်း (ပန်းတနော်)

**အဖြေ။** ။၁။ ဝိသုံဂါမပေးသည်ကို ဖွင့်ဆိုသောအဋ္ဌကထာ၌ "ရာဇာ ကဿစိ ဒေတိ" ဟုမိန့်ဆိုသောကြောင့် ရှေးခေတ် ရွာစား (သို့မဟုတ်) သူကြီး၊ ယခုခေတ် ဥက္ကဋ္ဌ တယောက်အုပ်ချုပ်သော (ရွာများ)ရပ်ကွက်များကို ဝိသုံဂါမ ပြုလုပ်၍ ရပါသည်။

၂။ ရွာစား (သို့မဟုတ်) သူကြီး (သို့မဟုတ်) ဥက္ကဋ္ဌ တ ယောက် အုပ် ချုပ် ရ သည့် နယ် မြေ အတွင်း ရှိ ဂိုဏ်းဂဏ တူ-မတူသောသံဃာများ သိမ်းမရလျှင် သိမ်သမုတ်သော် မအပ်ပါ။ (ဝိ ၃၊ ဋ္ဌ-ပ ၃၃၂-၃)

၃။ ပကတိဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်မြေအရပ်၏ အတွင်း၌ တခုသောအရပ်ကို နယ်လေးရပ်သတ်မှတ်ပိုင်းခြား၍ "ဤမြေအရပ်သည် ရှေး ပကတိဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်မှ အသီးအခြား တပါးသော ရွာသီးခြားဖြစ်စေ" ဟူ၍ဆိုပြီးလျှင် အစိုးရသော အာဏာပိုင်မင်းက တစုံတယောက်သောသူအား ရွာစားပေး၏၊ သူကြီးခန့်၏၊ ဥက္ကဋ္ဌခန့်၏။ ထိုမင်းသည် ပေးအပ်။ ခန့်အပ်သော နယ်မြေအရပ်သည်လည်း ဝိသုံဂါမသိမ်မည်၏။ ထိုဝိသုံဂါမသိမ်သည်လည်းကောင်း၊ ပကတိဂါမ, နိဂမ, နဂရသိမ်သည် လည်းကောင်း ဗဒ္ဓသိမ်နှင့် တူသည်သာလျှင်ဖြစ်၍ ၎င်းသိမ်တို့၌ ဥပုသ်, ပဝါရဏာအစရှိသော သံဃာ့ကံများကို ပြုခြင်းငှာ အပ်၏ဟူ၍ (ဝိ-၃၊ ပ-ဋ္ဌ-၃၃၃ ၌) အဆိုအမိန့်ရှိသည်ကို လည်းကောင်း၊

ဝိသုံဂါမ ပေးသည်ဆိုသော အထက်ပါ ဋ္ဌ-၌ "ရာဇာ ကဿစိ ဒေတိ" ဟု သာမည လာရှိသောကြောင့် သဒ္ဓါပြည့်ဝသော ရှေးမြန်မာမင်းအချို့ ကျောင်းဆောက် ဘုရားတည်ပြီး ထိုကျောင်း, ဘုရား, စေတီတို့အား ဝတ်မိုးဝတ်မြေလှူထားသော ဝတ္ထုကံမြေ၊ အစိုးရမင်းတို့ မသိမ်း-မယူ စွန့်လှူပယ်

ထားသော ဘုရားမြေ, ကျောင်းမြေများ ကဿစိ ဒေတိ– တွင်ပါဝင်၍ ဝိသုံဂါမဖြစ်ဖို့ရာရှိ၏။ သာသနာလင်္ကာရကျမ်း၌လည်း ဝတ္ထုကံမြေကို ဝိသုံဂါမဟုဆို၏။ ဤသို့လျှင် ယခုအခါ အစိုးရမင်းများလက်ထက် မသိမ်း–မယူ စွန့်လှူထားသောမြေ၌ သိမ်သမုတ်သည်များကို နဂိုကပင် ဝိသုံဂါမသက်၍နေသည့်အတွက် အမိန့်မခံ အမိန့်မရသော်လည်း သံသယကုက္ကုစ္စမရှိသင့်ပြီဟု နှလုံးပြု၍ ထိုထိုဂိုဏ်းဆရာ ပညာရှိကြီးများ ရဲရင့်စွာသိမ်သမုတ်ကြသည်ဟု မှတ်ယူရမည်ဟူ၍ တ္တာဒိဝိနိစ္ဆယ ၁၆၆-နှင့် ဝိသုဒ္ဓါရုံအဆုံးအဖြတ် ပ-၃၂၇-တို့၌ အကျယ် ဝေဖန်ဆုံးဖြတ် ထားသည်များကို လည်းကောင်း ထောက်သော်....

မိမိဘာသာ ဝိသုံဂါမပြုလုပ်၍ရပါသည်။ တနည်းဆိုရသော် အထက်ပါ အဋ္ဌကထာ စကားတော်အရ မိမိက ဝိသုံဂါမပြုလုပ်ရန်၊ သို့မဟုတ် တောင်းခံနေရန်မလိုပါ။ အစိုးရမင်းများက တစုံတယောက်သောသူအား ရွာစား၊ သူကြီး၊ ဥက္ကဋ္ဌခန့်အပ်လိုက်သည်နှင့် တပြိုင်နက် ထိုသူအခွန်တော် ကောက်ခံပိုင်ခွင့်ရှိသော နယ်မြေသည် ဝိသုံဂါမဖြစ်ပါတော့သည်။

မှာထားချက်။ ။ဝိသုံဂါမနှင့်စပ်၍ ထိုထက် အကျယ်သိလို၊ ကြည့်လိုပါမူ....ဝဇီရဗုဒ္ဓိဋီကာ ၄၅၉–၌ လည်းကောင်း၊ တိပိဋကပကိဏ္ဏကကျမ်း၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်း၊ တောင်ဖီလာဆရာတော်နှင့် ဆရာတော်ဦးဖုင်တို့၏

ဝါဒအသုံးအဖြတ်များပါသည့် တ္တာဒိဝိနိစ္ဆယကျမ်း ၁၅၇-၈-တို့၌ လည်းကောင်း ကြည့်ရှုတော်မူကြပါကုန်။

(ဗုဒ္ဓဓမ္မလောက)

---

## ၁၀၄–ဒိုင်နယ်သိမ်း သိမ်သမုတ်လျှင် အပ်-မအပ်

**အမေး။** ။ယခုခေတ် သိမ်သမုတ်လိုကြသော သံဃာတော် အရှင်သူမြတ်တို့သည် မိမိနယ်ပယ်တွင် **ဝိသုံဂါမ သိမ်** သမုတ်လို၍ အစိုးရမင်းတို့ထံ သိမ်မိန့်ခံတောင်းရာ ၃-နှစ် ၄-နှစ် စသည်ကြာခြင်း၊ သိမ်မိန့်ကျသော်လည်း ပေးပုံပေးနည်း ပြတ်သားမှုမရှိခြင်းစသော ဝိနည်းအရာတွင် အခက်အခဲရှိနေပါသည်။ သို့ဖြစ်၍ မိမိတို့ဒိုင်နယ်ရှိ သံဃာအားလုံးကိုသိမ်းယူပြီး ဒိုင်နယ်သိမ်း၍ သိမ်သမုတ်ကြပါသည်။ ထိုသို့သမုတ်ခြင်းကို အစိုးရကပေးသော ဝိသုံဂါမသိမ်များမဟုတ်၍ အချို့ပုဂ္ဂိုလ်တို့က ထိုသိမ်မအောင်မြင်သလိုလို မနှစ်သက်သလိုလို ပြောဆိုဝေဖန်ကြပါသည်။

အစိုးရကဝိသုံဂါမ မပေးသည်ကို ဒိုင်နယ်သိမ်း သိမ်သမုတ်ပါက "အစိုးရမြေကို ခိုးယူသည်နှင့် တူသည်" ဟု အချို့ကဆိုကြပါသည်။ မြေခိုးမှုဖြစ်–မဖြစ်သိလိုပါသည်။

၁။ ဒိုင်နယ်သိမ်း သိမ်သမုတ်လျှင် အပ်သလော၊

၂။ မြေခိုးမှုဖြစ်နိုင်သလော။

ပိဋကပညာရှင်တို့ ကျမ်းအကိုးအကားဖြင့် ဖြေကြားစေလိုပါသည်။

မင်းတုန်း-ဦးကောဝိဒ
(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၈၊ အမှတ်-၄၁)

**အဖြေ။** ။**ဒိုင်နယ်သိမ်းသိမ်သမုတ်ရပုံ**

၁။ တခုသောပကတိဂါမခေတ် (သူကြီးတဦးပိုင်ဒိုင်နယ်) အတွင်း၌ သိမ်သမုတ်လိုကြကုန်သော ရဟန်းတို့သည် ၎င်းဂါမခေတ် အတွင်းရှိ ဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့အထံသို့ "ဤယနေ့ သိမ်သမုတ်ကြကုန်မည် ဖြစ်၍ မိမိ မိမိတို့ဗဒ္ဓသိမ် အပိုင်းအခြားမှ ပြင်ပသို့မထွက်ကြပါကုန်လင့်"ဟု တမန် စေခိုင်းပြောကြားခြင်း ဟူသော **ဗဟိဏရဏသီမာဝိသောဓန**-နယ်သိမ်းခြင်း။

၂။ အဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ကို သိမ်သမုတ်ရာဌာနသို့ပင့်၍ တပေါင်းတည်း စည်းဝေးစေခြင်း ဟူသော **ဟတ္ထပါသာနယနသီမာဝိသောဓန** နယ်သိမ်းခြင်း။

၃။ သိမ်သမုတ်ရာ ဂါမခေတ်အတွင်းရှိဆန္ဒာရဟ ရဟန်းတို့၏ ဆန္ဒကိုဆောင်ယူစေခြင်းဟူသော ဆန္ဒာရဟသီမာဝိသောဓန နယ်သိမ်းခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်အောင် နယ်သိမ်း၍ တခုသောပကတိဂါမခေတ်တစိတ်၌ သမုတ်အပ်သော သိမ်သည် **ဒိုင်နယ်သိမ်းသိမ်မည်၏။**

**မှတ်ချက်။** ။ယခုအခါ စိတ်ချရအောင်ဟတ္ထပါသ်သို့ပင့်ခြင်း၊ ဆန္ဒဆောင်ခြင်းတို့ဖြင့် သမုတ်ကြသည်။ ဤသမုတ်နည်းကို ပခုက္ကူ ဆရာတော်ကြီး များနှင့်

ဂုဏ်းတို့၏ အဆက် အနွယ်ဂိုဏ်းဝင် ဆရာတော်များ သမုတ်ကြသည်။

**အထောက်သာဓက**

သစေ ကောသိ ဂါမခေတ္တေ သိမံ ဗန္ဓိတုကာမာ ။ပ။ ဆန္ဒော အာဟရာပေတဗ္ဗော။ (ပါစိတ်-ဋ္ဌ-ပ၊ မဟာဝဂ္ဂ-၃၂၂)

**ဝိသုံဂါမ။** ဝိသုံဂါမအမိန့်ခံယူခြင်းသည် မြေပိုင်ရအောင်ခံယူခြင်းမဟုတ်ပေ။ မူလက ကျောင်းမြေဖြစ်လျှင် ကျောင်းမြေပင်ဖြစ်သည်။ မူလက အစိုးရမြေဖြစ်လျှင် အစိုးရမြေပင်ဖြစ်သည်။ ဝိနည်းစည်းကမ်းအရ သိမ်သမုတ်၍လွယ်ကူသက်သာစေရန် (နယ်မသိမ်းရပဲ၊ ဆန္ဒမဆောင်ရပဲ သမုတ်နိုင်ရန်) အာဏာပိုင်မင်းတို့ထံမှ (အနိမ့်ဆုံးအဆင့် အရေးပိုင်ထံမှ) အမိန့်ခံယူရခြင်းဖြစ်သည်။ ထို့ကြောင့် ခိုးမှုနှင့်မဆိုင်၊ မြေခိုးမှုမဖြစ်နိုင်ပေ။

**အထောက်သာဓက။** ယမ္ပိ ကောသိ ယေဝ ဂါမခေတ္တေ ။ပ။ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။ (ပါစိတ်-ဋ္ဌ-ပ-၃၃၃)

**မှာထားချက်။** ။ဤအဖြေမျှဖြင့် သဘောမကျ မနှစ်သက်ပါသေးလျှင် ပခုက္ကူဆရာတော်ရေး သီမာဝိနိစ္ဆယကျမ်းနှင့် ညောင်လွန့်အရှင်သောဘိတာစာရေး သိမ်မျိုးစုံဘာသာဋီကာတို့မှာ ကြည့်ရှုပါလေ။

(ဗုဒ္ဓဓမ္မလောက၊ အတွဲ-၁၉၊ အမှတ်-၁၂)

## ၁၀၆–ရေသိမ်နှင့်စိတ်ဒွိဟ

**အမေး။** ။ရဟန်းတပါးဖြစ်ပုံ....

ရဟန်းတပါးသည် ရေသိမ်တခု၌ ရဟန်းအဖြစ်ကို ခံယူ၏။ လေးဝါရပြီးနောက် ခဏ္ဍသိမ်တခု၌ ရဟန်းထပ်တက်၏။ ငါးဝါမြောက်တော့မှ မူလပထမ ရဟန်းခံခဲ့သော ထိုရေသိမ်မှာ ရေသိမ်မမြောက်ဟုသိရ၏။ ထိုရဟန်း၏ဝါကို မည်သို့ရေတွက်မည်နည်း။ ထိုရေသိမ်၌ရဟန်းခံခဲ့သည့် မူလပထမဝါမှစ၍ ရေတွက်ရမည်လော၊ သို့တည်းမဟုတ် လေးဝါရပြီးနောက် ခဏ္ဍသိမ်၌ရဟန်းထပ်တက်၍ ငါးဝါမှအစပြု၍ ပထမဝါအဖြစ်ဖြင့် ရေတွက်ရမည်လော၊မဆုံးဖြတ်တတ်ပါ။ ပညာရှင်များ ရှင်းလင်းပြပါရန် တောင်းပန်ပါ၏။

(ထိုရဟန်း၏ကိုယ်စား)

(ဗုဒ္ဓမမ္မလောက၊ အတွဲ–၂၆၊ အမှတ်–၄၂)

**အဖြေ။** ။ရဟန်းခံရာ လူထွက်ရာ တို့၌ ကံမြောက်အောင်ဆောင်ရွက်တတ်ဖို့ရာ ဂုဏ်အင်္ဂါတို့ကို ကျမ်းဂန်များနှင့်အညီ ရှေးဆရာတော်များက အကျဉ်းချုပ်လင်္ကာစီခဲ့သည်မှာ (သိက္ခာတင်-ပဥ္စင်္ဂ၊ သိက္ခာချ-ဆဋင်္ဂါ) တဲ့။

အဓိပ္ပာယ်ကား....ရဟန်းခံရာ၌—

၁။ ရဟန်းလောင်း၏ ရဟန်းခံထိုက်သောအင်္ဂါနှင့်ပြည့်စုံခြင်း၊ (ဝတ္ထုသမ္ပတ္တိ။)

၂။ ရှေ့ဦးစွာသိစေအပ်သော ဉတ် ၏ ပြည့် စုံခြင်း၊ (ဉတ္တိသမ္ပတ္တိ။)

၃။ ဗျဉ္ဇနဗုဒ္ဓိ ၁၀–ပါးနှင့် အညီ ရွတ်ဖတ်ခြင်း၊ (ကမ္မဝါစာသမ္ပတ္တိ။)

၄။ ဝိပတ္တိသိမ် ၁၁–လုံးမှလွန်မြောက်ခြင်း၊ (သီမာသမ္ပတ္တိ။)

၅။ အနည်းဆုံးရဟန်း ၅–ပါးရှိခြင်း၊ (ပရိသာသမ္ပတ္တိ။)

ဤအင်္ဂါ ၅–ပါးနှင့်ပြည့်စုံမှ ရဟန်းဖြစ်၏ဟု ဆိုလိုသည်။ **အမေး၌** ရင်း–အင်္ဂါ ၅–ပါးတို့တွင် ပထမအကြိမ် ၄–နံပါတ်အင်္ဂါ ရေသိမ်ပျက်ကွက်သည်ဟုဆိုသောကြောင့်– ရဟန်းမဖြစ်၊ ရဟန်းမဖြစ်သောကြောင့် ရဟန်းဝါကိုလည်းရေတွက်ခြင်းငှာမအပ်ဟု မှတ်ရပါမည်။ ဒုတိယအကြိမ် ခဏ္ဍသိမ်မှာတက်သောရဟန်းဝါကိုသာ စတင်ရေတွက်ရပါမည်။

(အလားတူပုံစံတခုမှာ) တိုင်းသိပြည်ကျော် မန်လည်ဆရာတော်သည်လည်း အသက် (၂၀) မပြည့်မီ ရဟန်းပြုခဲ့မိသည်ကို (၁–နံပါတ်အင်္ဂါပျက်ကွက်သည်ကို)တဝါရပြီးမှသိရ၍ ဒုတိယအကြိမ် ရဟန်းခံရ သိမ်ထပ်ရကြောင်းနှင့် ဒုတိယအကြိမ်မှ ရဟန်းဝါကိုစတင်ရေတွက်ရကြောင်း ထိုဆရာတော်၏ထေရုပ္ပတ္တိမှာ ဖတ်ကြားမှတ်သားရဖူးပါသည်။

(ဗုဒ္ဓဓမ္မလောက)

# ဘာသာရေးပြဿနာ
# အဖြေလွှာများ

ပြီးပြီ။

မဇ်ဈတူး- အရှင်ကဥ္စန

၏

# ဘာသာရေး ပြဿနာ အဖြေလွှာများ

## စာအုပ်တွင်

၁။ ဒါနပြုရာ၌ စိပသာနာ ရှိသင့်,မရှိသင့်။
၂။ ရဟန်းသာမဏေများ မိဘကိုရှိခိုးထိုက်သလော။
၃။ ဇမ္ဗူပတိချွတ်ခန်း။
၄။ လူသေလျှင် ပရိတ်ရွတ်။
၅။ မာရ်နတ်ဘာကြောင့်ဖျက်။
၆။ မိန်းမများ သင်္ကန်းဝတ်ထိုက်,မဝတ်ထိုက်။
၇။ မယ်တော်မာယာနှင့် နိဗ္ဗာန်။
၈။ မှောင်ခိုပစ္စည်းနှင့် ရဟန်းတော်။
၉။ ရဟန်းသိက္ခာ ချသင့်,မချသင့်။
၁၀။ ဝါကျွတ်နေ့။
၁၁။ ဝါပန်သောရဟန်းနှင့် ကထိန်။
၁၂။ သိမ်ပြဿနာ။
၁၃။ ဇူဇကာနှင့် မဒ္ဒရီယတရားကို မည်သည့်မဂ်က ပယ်သတ်။
၁၄။ ဆင်္ဂဇာမဂ် (သို့) အင်္ဂဇာမဂ်။
၁၅။ ဖလသမာပတ်....စသော ဘာသာရေး ပြဿနာပေါင်း (၁၀၀)ကျော်ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ မှနေ့ကာက်၍ ရှင်းလင်းတိကျစွာ ဖြေဆိုရေးသား ထားပါသည်။